www.burmeseclassic.com



# မောင်ညိုမှိုင်း(သန်လျင်)

စီစဉ်သော

# မရွှေစာလင်တစ်ကျိပ်
# ကိုတရုတ်ဖြူနောက်ဆုံးပိတ်

အပါအဝင်

## ဂမ္ဘီရဝတ္ထုတိုများ

မောင်ညိုမှိုင်း(သန်လျင်)၊ မကြွေးညိုစိမ့်၊ ကျော်မင်းနိုင်၊ ထောင်မှူးကြီးသိန်းဝင်း၊ လွန်ကျော်ဦး
နန်းထိုက်စိုး(နိုင်ငံခြားဘာသာသိပ္ပံ)၊ မောင်မြင့်မား(မိုလ်ကလေး)၊ စိုးယဉ်ထွန်း၊ ညဗိသ

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ □ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် □ ၂၀၁၆၊ ဒီဇင်ဘာလ
အုပ်ရေ □ ၅၀၀
မျက်နှာဖုံး □ မြတ်မင်းဟန်
ကွန်ပျူတာစာစီ □ *Maw Maw (New Idea)*
အတွင်းဖလင် □ *Eagle*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန်
(ဖြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ) (၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅ ၊ ၈၃

ညီမှိုင်း၊ မောင်(သန်လျင်)
မရွှေစာလင်တစ်ကျိပ်ကိုတရုတ်ဖြူနောက်ဆုံးပိတ်အပါအဝင်
ဂမ္ဘီရဝတ္ထုတိုများ/မောင်ညီမှိုင်း(သန်လျင်)။ -ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၆။
၂၀၄-စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) မရွှေစာလင်တစ်ကျိပ်ကိုတရုတ်ဖြူနောက်ဆုံးပိတ်အပါအဝင်ဂမ္ဘီရဝတ္ထုတိုများ

www.burmeseclassic.com


www.burmeseclassic.com

# မာတိကာ


| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မရွှေစာလင်တစ်ကျိပ်ကိုတရုတ်ဖြူနောက်ဆုံးပိတ်<br>မောင်ညိုမှိုင်း(သန်လျင်) | ၁ |
| ၂။ | ဒေဝဒတ်လို အမေနဲ့ အဇာတသတ်လို သား<br>မကြေးညိုစိမ့် | ၃၈ |
| ၃။ | ဝေ့ဝေ့ဝါးဝါး<br>ထောင်မှူးကြီးသိန်းဝင်း | ၅၇ |
| ၄။ | အရှင်ထွက် အသေထွက်<br>ကျော်မင်းနိုင် | ၇၅ |
| ၅။ | သန်းခေါင်ယံကကြိုး<br>နန်းထိုက်စိုး(နိုင်ငံခြားဘာသာသိပ္ပံ) | ၁၀၇ |
| ၆။ | မိဂဒါမာယာ<br>ဇလွန်ကျော်ဦး | ၁၃၇ |
| ၇။ | နားရွက်ပဲ့<br>မောင်မြင့်မား(ဗိုလ်ကလေး) | ၁၆၀ |
| ၈။ | အနုကြမ်းစီးသူ<br>ညြမိသ | ၁၇၂ |
| ၉။ | ထန်းညိုရိပ်ကချစ်သူမျှော်<br>စိုးယဉ်ထွန်း | ၁၉၁ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

ကိလေသာရောဂါလို့ ခေါ်ရမှာလား၊ တဏှာတပ်မက်စိတ် ပြင်းပြ...
ရောဂါတော့ ရောဂါပဲ။

ဆေးပညာမှာတော့ ကာမလွန်ရောဂါလို့ ခေါ်လေရဲ့။

သို့သော် သူက HIV ရောဂါလည်း မရခဲ့ဘူး။

A.I.D.S ရောဂါလည်း မဖြစ်ခဲ့ဘူး။

သို့သော် လင်အများကြီး ယူခဲ့ဖူးတယ်။ အိမ်ထောင်ဘက်များတယ်။

အချို့က သူမကို လင်တစ်ယောက် ခဏပဲပေါင်းတဲ့ မိန်းမတဲ့။ ...
တွေ့ရင် ရှူးလျှင်ရှူး၊ မရှူးလျှင် နောက်ကောက်ပဲတဲ့။

အချို့ အိမ်ထောင်ရှင် မိန်းမသားများက သူတို့လင်ယောက်ျား ခင်...
အမျိုးသားကို ရွှေစာနဲ့စကားပြောတာ လုံးဝမကြိုက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့လဲဆိုတော့ ...

မယားရှိတဲ့ လင်ယောက်ျားအချို့ မရွှေစာနောက်ကို ပါသွားပြီး အိမ်က မိန်းမ မျက်ရည်လည်ရွဲနဲ့ ကျန်ရစ်ခဲ့ဖူးတဲ့ အတ္တုပ္ပတ္တိများ လတ်လတ်ဆတ်ဆတ် ရှိခဲ့ဖူးလို့၊

ပြောမယ်ဆိုလည်း ပြောစရာပဲ။

မရွှေစာ မျက်စတစ်ချက်ပစ်ရင် ယောက်ျားတစ်ယောက် ကြွေကျကျန်ရစ် ရတာပဲ။

အချို့က ...

သူမကို ... ကလီယိုပက်ထရာတဲ့။

အချို့က ...

သူမကို ... သီရိမာတဲ့။

အချို့က ...

သူမကို စိတ္တရလေခါတဲ့။

သူမက ရက်စက်တာ မဟုတ်ဘူး။ ညို့ချက်ပြင်းတာ၊ ယစ်မူးအောင် ကို ဆွဲဆောင်နိုင်တာ။ မရွှေစာရဲ့အသံကို ကြားလိုက်ရတာနဲ့ အဲဒီအသံကြားမှာ မျက်တောင် စင်းကျသွားခဲ့ကြတာ။

အချို့ကဆို ရက်ရက်စက်စက် ပက်ပက်စက်စက် ကဲ့ရဲ့ရှုတ်ချတာ။

ဘယ်လို ပြောကြမှတ်လို့လဲ။

ရွှေစာက မိန်းမပျက်တဲ့။

အမှန်က မရွှေစာက ကလီယိုပက်ထရာလည်း မဟုတ်ဘူး။ အလွန်ကို ချောမောလှပတဲ့ ဘုရားရှင်လက်ထက်က ပြည့်တန်ဆာမ သီရိမာလိုလည်း တစ်ညအိပ်လျှင် အသပြာတစ်ထောင်မယူဘူး။ ဆရာကြီး ပါရဂူရေးတဲ့ စိတ္တရလေခါလို မာယာနဲ့ကစားတဲ့ မိန်းမမျိုးလည်း မဟုတ်ပါဘူး။

ခက်တာက မရွှေစာ လင်များတယ်။

တစ်ယောက်မကြိုက်ရင် နောက်တစ်ယောက်ကို အချိန်မဆိုင်းဘူး ယူတယ်။ လင်များတာနဲ့ပဲ ရောမက မိန်းမပျက်ဆိုပြီး ဘာသာပြန်ဝတ္ထု စာအုပ်တစ်အုပ်က ဓာတ်ကောင်မိန်းမနှင့် နှိုင်းလိုက်ကြသေးရဲ့လေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

တစ်နေ့ ကျွန်တော့်ထံကို ကိုတရုတ်ဖြူဆိုတဲ့လူတစ်ယောက် ရောက်လာခဲ့တယ်။ အဲဒီတုန်းက ကျွန်တော် စာရေးစားပွဲမှာထိုင်နေချိန် ...

"ဆရာဦးညိုမှိုင်း ... ရှိပါသလားခင်ဗျား"

"ဟုတ်ကဲ့ ... ရှိပါတယ်။ ဘာကိစ္စရှိလို့ပါလဲ"

"ဆရာမှိုင်းခင်ဗျာ ... ဆရာ့ကို ကျွန်တော် အလွန်ထူးဆန်းတဲ့ မိန်းမတစ်ယောက်အကြောင်း ပြောပြချင်လို့ပါခင်ဗျား"

"အပေါ်ကို ကြွပါ။ ဒါနဲ့ ခင်ဗျားနာမည်က ..."

"ကိုတရုတ်ဖြူလို့ ခေါ်ပါတယ်ဆရာ"

သူ့နာမည်ကို ကြားရတော့ ကျွန်တော် ရယ်ချင်တယ်ဗျာ။ ဘာလို့လဲဆိုတော့ ကပ္ပလီရှုံးအောင်မည်းတဲ့ အသားအရေနဲ့လူက သူ့နာမည်ကို ကိုတရုတ်ဖြူလို့ ပြောလို့ခင်ဗျ။

"နာမည်အရင်းပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . အမေပေးတဲ့ နာမည်ပါဆရာ"

"ခင်ဗျားက ကုလားလား၊ ကပ္ပလီလား၊ ဘာလူမျိုးလဲ"

"မြန်မာစစ်စစ်ပါဆရာ"

"ဟုတ်ရဲ့လားဗျာ"

"ဘုရားစူး . . . ကျိန်ဆို ကျိန်ပါ့မယ်ဆရာ။ ကျွန်တော်က ရောဝတီမြစ်ဝကျွန်းပေါ်ကပါ။ မြောင်းမြမှာ မွေးပါတယ်ဆရာ။ အမေပြောတာက ကျွန်တော်က လူဝင်စားလို့ပြောတာပဲ ဆရာ။ ကျွန်တော့်အမေက ကရင်စာဖြူ၊ အဖေက အညာသားမြန်မာပါ။ အဖေနဲ့အမေ အိမ်ထောင်ကျပြီးတော့ သုံးနှစ်လောက်မှာ ကလေးမရဘူးတဲ့ဆရာ။ အဲဒါ အိမ်မဲမြို့က သားဆုပန်ညောင်ပင်မှာ သားဆုပန်ပြီး ပြန်လာတဲ့ညမှာပဲ အိပ်မက်ပေးသတဲ့။ အိပ်မက်ထဲမှာ အလွန်မည်းမှောင်နေတဲ့ ကပ္ပလီလိုကောင်လေးက အမေသားရောက်လာပြီလို့ ပြောသတဲ့ဆရာ"

ဒါနဲ့ ကျွန်တော့်အမေက မေးတယ်။

"ဟဲ့ . . . ကောင်လေး နင့်ကို ဘယ်သူက ခေါ်လို့တုံးဟဲ့"

"အမေတို့ပဲ နေ့ခင်းတုန်းက အဘိုးရုက္ခစိုးညောင်ပင်မှာ သားဆုပန်ခဲ့တာလေ။ အဲဒါ အခု အဘိုးက လိုက်သွား၊ သွားနေတော့ဆိုလို့ အမေတို့ဆီကို လာခဲ့တာ"

"အမလေးလေး . . . . ဒီလို မည်းမည်းသည်းသည်း ကပ္ပလီလိုကလေးမျိုး ငါမလိုချင်ဘူးဟဲ့။ ငါလိုချင်တာက ဖြူဖြူဖွေးဖွေး တုတ်တုတ်ခဲခဲ ချစ်စရာကောင်းတဲ့ ကလေးမျိုး၊ လိမ္မာရေးခြားရှိတဲ့ ကလေးမျိုးကို လိုချင်တာ။ နင့်လို မည်းမည်းတူးတူးကို မလိုချင်ဘူး။ သွား . . . သွား"

"ကျွန်တော် သွားလို့မဖြစ်ဘူး အမေ၊ အဘိုးရုက္ခစိုးက အမေနဲ့ အတူနေရမယ်။ အမေတို့ကို လုပ်ကိုင်ကျွေးမွေးရမယ်လို့ အသေအချာ ပြောလိုက်တာ။ ကျွန်တော် လုံးဝ ပြန်လို့မဖြစ်ဘူး။ အမေတို့နဲ့ပဲ အတူနေမှာပဲ"

"ဟဲ့ကောင်လေး . . . နင်က ဖွတ်တရွတ်ပါလား၊ ခုသွား . . . ထွက်သွား . . . သွား"

"မသွားဘူး . . . . အမေတို့နဲ့ အတူနေမယ်"

"နင်မသွားဘူးပေါ့ . . . ဟုတ်လား"

"မသွားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲဒါဆို ငါ့အကြောင်းကို သိရမယ်ပေါ့"

အဲဒီလို ကြိမ်းဝါးပြီး ကျွန်တော့်ကို ဆွဲထုတ်မလို့လုပ်ရော။ အ...ေ ...ယောက်ျား (ကျွန်တော့်အဖေဖြစ်လာမည့်သူက) ကျွန်တော့်ကို သနားလို့ဆိုပြီ...ချို့လို့ အိမ်နောက်ဖေးကို ခေါ်သွားချိန်မှာပဲ အမေ အိပ်ရာက လန့်နိုးခဲ့သတဲ့...ဒီမှာ အိပ်မက်ရဲ့အကြောင်းကို အဖေ့ကို ပြောပြတယ်။

"ဒါဆို အဘိုးရှက္ခစိုးများ တစ်ခါတည်း ထည့်လိုက်ရောလား မသိဘူး..."

"မည်းမည်းပြောင်ပြောင်နဲ့ ကောင်လေးပါရှင်"

"ချစ်စရာကောင်းရဲ့လား"

"ဟွန်း ... အသားက သပိတ်ရောင်အတိုင်းပဲ"

"ကိုင်း ... မိန်းမ၊ ဒါအိပ်မက်၊ စွဲလမ်းမနေနဲ့။ အိပ်တော့"

"အိပ်လို့မရတော့ဘူး။ မျက်လုံးကြောင်နေပြီ"

"ကဲ ... ဒါဆို မောင့်အနားကိုတိုး"

"အို ... အို ... ကိုသိန်းဝင်း ... ရှင်နော် ... ရှင်နော် ... အ...င့်"

"တိုတိုပြောကြပါစို့ ဆရာ။ ကျွန်တော့်ကို သန္ဓေရတယ်။ ကိုးလလွယ်...မွေးတယ်။ မွေးတော့ အမေအိပ်မက် မက်ခဲ့တဲ့အတိုင်း ခုလို သပိတ်ရောင်ထ...နေ...ကျွန်တော့်ကိုမွေးခဲ့တယ်။ နောက်ဆုံး အမေနဲ့အဖေ ကျွန်တော့်ကိုချစ်ခဲ့တယ်၊ ...ရွှေ...ရောင်တရုတ်ဖြူလို့ နာမည်ပေးခဲ့သတဲ့ခင်ဗျ။ အရွယ်ရောက်တော့ စာသိပ်တော်...တယ်...ဒီတနှစ်ပါးလည်း ရန်ကုန်ကို ပြောင်းခဲ့ကြတယ်။ ရန်ကုန်မှာ ဝပ်ရှော့လုပ်ငန်း...သော...ခင်း ကြီးပွားချမ်းသာခဲ့တယ်။ ကျွန်တော် ကိုယ်ပိုင်ကားစီးနိုင်တဲ့ လူတစ်ယောက်ဖြ...ပြီး နောက် မရွှေစာဦးဆိုတဲ့ အမျိုးသမီးချောတစ်ဦးနဲ့ အိမ်ထောင်ကျခဲ့တယ်"

"ဂမ္ဘီရဇာတ်ပဲဗျ။ နည်းနည်းစင်းနေသလားလို့"

"ပြောမယ်ဆရာ။ ဆရာ့အတွေ့အကြုံမှာ မိန်းမတစ်ယောက်ဟာ လ...ည်မျှယူတာကို တွေ့ဖူးသလဲဆရာ"

"နှစ်ယောက် သုံးယောက်ပေါ့ဗျာ"

"ကျွန်တော့်ဇနီး မရွှေစာဦးက လင်ဆယ်ယောက် ယူခဲ့တယ် ဆရာ"

"များလှချည်လားဗျ ... ကိုတရုတ်ဖြူရဲ့ ဟုတ်ကောဟုတ်ရဲ့လား...ခင်ဗျား ... ဦးနှောက်ကောင်းပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မရူးပါဘူးဆရာ။ ကိုယ့်မိန်းမအကြောင်း ကိုယ် ဒီလိုပြောပြရတာဟာ ရူးလို့မဟုတ်ပါဘူး၊ ချစ်လို့ပါ။ ပြီး အံ့ဩစရာ ကောင်းလွန်းလို့ပါ။ ကျွန်တော်တို့ဝန်းကျင်မှာ စာချိုးတစ်ခုတောင် ပေါ်ခဲ့တယ်ဆရာ"

"ဘယ်လိုစာချိုးများတုန်း ... ကိုတရုတ်ဖြူ၊ ပြောပါဦး"

"စာချိုးက မရွှေစာလင်တစ်ကျိပ် .. ကိုတရုတ်ဖြူ နောက်ဆုံးပိတ်တဲ့"

"ဒီစာချိုးအတိုင်းဆို ခင်ဗျားက မရွှေစာဦးရဲ့ (၁၀) ယောက်မြောက် နောက်ဆုံးပိတ်လင်ပေါ့"

"ဟုတ်တာပေါ့ ဆရာရယ်"

"အခု ခင်ဗျားအကြောင်းကို ပြောပြချင်တာလား၊ ခင်ဗျားမိန်းမအကြောင်းကို ပြောပြချင်တာလား ... ကိုတရုတ်ဖြူ"

"ကျွန်တော့်မိန်းမအကြောင်းပါ ဆရာ"

"သူကရော လက်ခံမှာလားဗျ"

"သူမ မရှိတော့ဘူးဆရာ"

"ဘယ်ကိုရောက်သွားလို့တုံး ... ကိုတရုတ်ဖြူ"

ဒီမှာပဲ ကိုတရုတ်ဖြူဆိုသူ အသက် (၃၀) ကျော်ခန့် လူရွယ်က သူ့လက်ဆွဲအိတ်ထဲမှ ဒိုင်ယာရီ နေ့စဉ်မှတ်တမ်း စာအုပ်နှစ်အုပ်နှင့် ရောင်စုံဓာတ်ပုံ ပုံ (၃၀) ခန့် အယ်လ်ဘန်ကိုထုတ်လို့ ကျွန်တော့်လက်ထဲကို အပ်တယ်။

"ရော့ ... ဆရာ။ ဒါ ကျွန်တော့်ဇနီး မရွှေစာဦးရေးခဲ့တဲ့ နေ့စဉ်မှတ်တမ်းပါ။ ဟောဒါက ကျွန်တော့်ဇနီးရဲ့ ဓာတ်ပုံတွေပါ။ သူမ ရေးခဲ့တဲ့ နေ့စဉ်မှတ်တမ်းကို ဖတ်ကြည့်စမ်းပါဆရာ။ ဖတ်လို့ပြီးရင် ဆရာစာရေးလို့ ရနိုင်မလား၊ ရနိုင်ရင်ရေးစမ်းပါ ဆရာရယ်။ ကျွန်တော် သူမကို ချစ်တယ်ဆရာ။ ဒါနဲ့အတူ သူမရဲ့ ဖြတ်သန်းခဲ့ရတဲ့ဘဝကိုလည်း အံ့ဩခဲ့ရတယ်။ ဒါဟာ မိန်းမသားတစ်ယောက်ရဲ့ ရင်ဖွင့်ချက်လို့ ခေါ်ရမလား၊ အဖွဲ့တွတ်ပြပွဲလို့ ခေါ်ရမလားမသိဘူး၊ လောကမှာ ဒါမျိုးမရှိဘူးလို့ ထင်ခဲ့ပေမယ့် ကျွန်တော်တို့ လူ့လောကဝန်းကျင်မှာ အဲဒီလိုဘဝမျိုးရှိခဲ့ဖူးတယ်။ ဘာကြောင့် အဲဒီလိုဖြစ်ရတာလဲ ကျွန်တော်မသိဘူး၊ အတိတ် ကုသိုလ်ကံ အကုသိုလ်ကံရဲ့ အကျိုးပေးပဲလား၊ ဒါမှမဟုတ် မိန်းမတစ်ယောက်ရဲ့ အလိုရမ္မက် ရောဂါလား၊ ဒါမှမဟုတ် အချစ်စိတ္တဇရောဂါလား၊ ကာမစိတ္တဇရောဂါလား၊ ဆရာတို့ပဲ စဉ်းစားသုံးသပ် ဆုံးဖြတ်ပေးပါဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုတရုတ်ဖြူဆိုတဲ့လူ သူ့ကားလေးကို မောင်းပြီး ပြန်သွားတော့မှ စာရေးတော့ဘဲ ဦးစွာသူ့ဇနီး မရွှေစာဦးရဲ့ဓာတ်ပုံများကို တစ်ပုံချင်း စေ့စေ့စပ်စပ် ကြည့်လိုက်ရော ...

ဟုတ်ပါ့ဗျာ။

ချောပုံလှပုံကတော့ ရက်ရက်စက်စက်ကို ချောပေလှပေသကိုး။ ဖြူဖြူ ဖောင့်တောင့် အရပ်အမောင်း ကောင်းကောင်းထဲကပါဗျား။

ခါးသေးသေးကျဉ်ကျဉ် အောက်ကဖွံ့ကားနေတဲ့ တင်ပါး မို့မို့မောက် မောက် ဝိုင်းဝိုင်းကျယ်ကျယ်ကလည်း ဖိုသတ္တဝါများ ရင်တုန်ချင်စရာပါပဲဗျာ။

ရင်နှစ်ဖွင့် စွင့်မောက်ပြီး ချီထားပုံက လိမ္မော်သီးနှစ်လုံး အပြင်ကို ကန် ထွက်သည့်အတိုင်းပဲ။

မျက်ခုံးထူ၊ မျက်လုံးဝိုင်းဝိုင်း နှာတံစင်းပြီး အဖျားမချွန်မလုံးလေးကလည်း တစ်မျိုးကို ကြည့်ကောင်းတာပဲ။

နှုတ်ခမ်းထူထူနှစ်ခုရဲ့ မပြုံးတပြုံး ပြုံးတုံးတုံးခနဲ့တဲ့တဲ့ ဟန်အမျိုးမျိုးကို ဓာတ်ပုံများမှာ တွေ့ရတော့ ...

သူမရဲ့ မျက်လုံးနဲ့ နှုတ်ခမ်းထူထူနှစ်လွှာဟာ ပုရိသများကို စပါးကြီးမြွေ ညှို့သလို၊ ညှို့အားနိုင်စွမ်းရှိပုံပဲဗျ။ အပြင်မှာများ အနီးကပ်မြင်ရရင် စာဖွဲ့လို့ကောင်း ထိုက်မည့် ဖြစ်ခြင်းဗျာ။

သူမ ဘာကြောင့် လင်(၁၀)ယောက် ယူခဲ့ရတာလဲဆိုတဲ့ နိဒါန်းကိုတော့ ဓာတ်ပုံများရဲ့ အက်ရှင်အနေအထား အမျိုးမျိုးကိုကြည့်ပြီး ပဏာမ အကဲဖြတ် ခန့်မှန်းလို့ ရနိုင်တယ်။

ဒါနဲ့ သူမရဲ့ ဘဝဖြစ်စဉ်ကို သိချင်စိတ်က ပြင်းပြလာတယ်။ ဒီနေ့စဉ် မှတ်တမ်းများက သူမရဲ့ ဘဝဆိုလည်းဟုတ်တယ်။ လောကဓံတိုက်ပွဲက ဒဏ်ရာ များဆိုလည်း ဟုတ်တယ်။ ခံစားချက်များရဲ့ ရုပ်ကြွင်းဆိုလည်း မှန်နိုင်တယ်။ ဒါ သူမရဲ့ ဝန်ခံချက်ပဲလေ။

ဒါကြောင့် အသေးစိတ်သိချင်လို့ တစ်ရွက်ချင်း လှန်ဖတ်လိုက်တော့မှ မိန်းမတစ်ယောက်ရဲ့ ခံစားချက်ကို သွားတွေ့ရတယ်။

မိန်းမတစ်ယောက်ရဲ့ ခံစားချက်ကို ပြောတာနော်။

မိန်းမသားတိုင်းရဲ့ တူညီသော ခံစားချက်လို့ ပြောတာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဖြစ်ဖြစ်၊ ယောကျ်ားပဲဖြစ်ဖြစ် ခံစားချက်တွေ၊ အာသီသတွေ၊ လိုအင်ဆန္ဒတွေဟာ တစ်ဦးနဲ့တစ်ဦး မတူညီဘူး။

သူ့ခံစားချက်၊ သူ့အာသီသက သူ့အနေအထားနဲ့သူပဲ။ ကိုယ့်ခံစားချက် ကိုယ့်အာသီသက ကိုယ့်အနေအထားနဲ့ကိုယ်ပဲ။ မှားတာတို့ မှန်တာတို့ဆိုတာ ပတ်ဝန်းကျင်ပေါ်မှာ မူတည်တယ်။ လက်ခံနိုင်ရင်မှန်တယ်။ လက်မခံနိုင်လျှင် မမှန်ဘူး။

မရွှေစာဦးရဲ့ ဘဝဖြစ်စဉ် ဒိုင်ယာရီကိုဖတ်ပြီး နောက်ပိုင်း စဉ်းစားကြည့်တယ်။ ကိုယ့်ဘဝကိုယ်လျှောက်တဲ့အခါ ကိုယ့်ယုံကြည်ချက်နဲ့ ကိုယ်လျှောက်ရမှာလား၊ သူများစီရင်ထားတဲ့ လူ့စည်းကမ်းယဉ်ကျေးမှု ပြဋ္ဌာန်းချက်နဲ့ လျှောက်ရမှာလား။

ဘဝရဲ့ လွတ်လပ်ခွင့်ဆိုတာ ဘာကိုပြောတာလဲ။

ဘယ်အတိုင်းအတာအထိကို ပြောတာလဲ။

တစ်ခါ ကာမေသုမိစ္ဆာစာရကံပေါ့။

သူတစ်ပါး အိမ်ရာအိမ်ထောင်ကို ဖျက်ဆီးခြင်းကံ။ ကောင်းပြီ . . . သူ့အိမ်ထောင်ကို မဖျက်ဆီးဘူး။ သို့သော် အိမ်ထောင်ရှိသူက သူ့ကိုယ်သူ အိမ်ထောင်မရှိပါဘူး။ လူလွတ်ပါဆိုပြီး လိမ်ညာလှည့်ဖျား ကာမကိုအရယူ။

အဲဒါကို မသိလို့ ယုံမှတ်ပြီး ပေါင်းသင်းမိ၊

ပေါင်းသင်းမိပြီးမှ မယားရှိလင် ဖြစ်နေမှန်းသိရော။ ပြဿနာက ရှင်းမရဖြစ်ကုန်ပြီး ရှုပ်ကုန်ရော . . . .

အဲဒါ ကိုယ်က ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်တာလား။ သူ လိမ်ညာဖန်တီးခဲ့လို့ ကိုယ်က အဲဒီပြဋ္ဌာန်းချက် စည်းရိုးထဲဝင်သွားရတာလား။

ဒါဆို အပြစ်က ဘယ်သူ့ဆီမှာရှိလဲ။

လိမ်ညာလှည့်ဖြားသူ ယောကျ်ားသားမှာ အပြစ်ရှိသလား၊ လူလွတ်လို့ ယုံမှတ်ပြီး ပုံအပ်မိသူသည်သာ ထိုပရကံကို ကျူးလွန်တယ်ဆိုပြီး ငရဲကို သွားရမှာလား။

ကိုင်း . . . စဉ်းစား၊

ပြီးတော့ ရှိသေးတယ်။

မိန်းမတစ်ယောက်သည် ယောကျ်ားတစ်ယောက်ကို ကြိုက်နှစ်သက်ရင် ချစ်ရေးဆိုခွင့်ရှိနိုင်လား၊ မရှိနိုင်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



မရှိနိုင်တာ ဘာကြောင့်လဲ။

အဲဒါ လူ့ယဉ်ကျေးမှု အစစ်အမှန်ပဲလား။

အဲဒါ သေချာလား။

ဒါဆို လူ့အခွင့်အရေးကိစ္စများ အိမ်ထောင်ရေး၊ အချစ်ရေး၊ လက်ထပ်ထိမ်းမြားခွင့်၊ မိန်းမသားတစ်ယောက်မှာ ငြိုးခြံနေရမှာလား။

သူခေါ်မှ မော်ကြည့်ရမည့် ပဒေသရာဇ်ယဉ်ကျေးမှု အိမ်ထောင်ရေး အတိုင်း ပိပိပြားပြား နေသွားရမှာလား။

အဲဒါ ယဉ်ကျေးမှု စစ်မှန်သလား။

အဲဒါ မှန်ကန်သည့် အချစ်ရေးပဲလား၊ ကိုယ်က မိန်းမသား၊ ရည်းစားစကား ကိုယ်က မပြောနဲ့။

ဘုရား မကြိုက်ဘူး။

နတ် မကြိုက်ဘူး။

မိဘဘိုးဘွား ဆရာသမား မကြိုက်ဘူး။

ယောကျ်ားလေးဘက်က ချစ်စကားကြိုက်စကား ပြောတာကိုစောင့်၊ သိမသာ ရေလာမြောင်းပေး မိန်းမမာယာပရိယာယ်ကို တစ်ကွက်ချင်းပြ၊

မကြိုက်ရင် မကြိုက်ဘူးပြော ...

ချစ်ရင် ချစ်တယ်ပြော ...

အဲဒါ လူ့ယဉ်ကျေးမှု၊

တစ်နည်း မိန်းမတစ်ယောက်ရဲ့ မိရိုးဖလာယဉ်ကျေးမှု၊

ကိုင်း ...

အဲဒီ မိရိုးဖလာယဉ်ကျေးမှုကရော ပြီးပြည့်စုံတဲ့ လူ့ယဉ်ကျေးမှု စစ်စစ် မှန်မှန် ဟုတ်ပါပြီလားဗျာ။ ဟင် ...။

မိန်းမသားတစ်ယောက်က ...

သူမ နှစ်သက်သူကို စတင်ချစ်ခွင့်ပန်ခွင့် မရှိဘူးလားဟင်။

အဲဒီလို မိန်းမသားဘက်က စတင်လိုက်တာ ယဉ်ကျေးမှုကို သစ္စာဖောက် တာတဲ့လား၊

မိရိုးဖလာ ယဉ်ကျေးမှုကို တော်လှန်ဆန့်ကျင်တာလား၊

မချစ်မနှစ်သက် ...



www.burmeseclassic.com

www.burmeseclassic.com



ရွံ့ရှာစက်ဆုပ်ဖွယ်ကောင်းသူ၊
ယုတ်မာရိုင်းပျသူ၊
ကောက်ကျစ်စဉ်းလဲသူ၊
ပညာမဲ့သူ၊
အရုပ်ဆိုး အကျည်းတန်သူ၊

အဲဒီလို လူတစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်က ကိုယ့်မိန်းကလေးကို လိုက်ပြီး ရည်းစားစကားပြောမယ်။ ချစ်ခွင့်ပန်မယ်၊ ကလွှြေပျက်အောင် စတင်ပြုလုပ်မယ်။

အဲဒါကော လူ့ယဉ်ကျေးမှု အစစ်အမှန်ပဲလား။

ကိုယ်က အဲဒီစတင်မှုကို ငြင်းဆန်လို့ သို့မဟုတ်၊ မနှစ်သက်လို့ မချေမင်ပြန်ပြောရင် ပြဿနာဖြစ်ခဲ့ရင်းက ကျော်မကောင်း ကြားမကောင်းဖြစ်ရင် ...

မိန်းမတစ်ယောက်ရဲ့ ဖြစ်ရပ်သတင်း ကျော်ဇောရခြင်းကရော အဲဒါ ဘာကြောင့် ဖြစ်ရတာလဲ။

ယောကျ်ားလေးဘက်က စတင်ရမည်ဆိုတဲ့ အချစ်ရေး၊ အိမ်ထောင်ရေး တစ်ဖက်သတ် ယဉ်ကျေးမှုအမှားကြောင့် ဖြစ်ရတဲ့ ရလဒ်ပဲ။

ဒါကြောင့် ...

မိန်းမသားတစ်ယောက်အနေနဲ့ သူနှစ်သက်မြတ်နိုးသူကို သူ စတင်ချစ်ရေးဆိုခွင့်ရှိတယ်။

ဒါ သိက္ခာကျတဲ့ အလုပ်မဟုတ်ဘူး။

မိန်းမတစ်ယောက် ဒါမှမဟုတ်၊ လူတစ်ယောက်ရဲ့ မွေးရာပါ ရပိုင်ခွင့်လူ့အခွင့်အရေးပဲ။

မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကို စတင်ချစ်ရေးဆိုလို့ ဒါမှမဟုတ် မိန်မသားများက ယောကျ်ားသားများကို စတင်ချစ်ရေးဆိုလို့ လက်ထပ်ခွင့်တောင်းလို့၊

ကမ္ဘာကြီး ေစာင်းလည်းမသွားဘူး။
ရွံ့လည်း မသွားဘူး။
ပုံလည်း မသွားဘူး။
ရွေ့လည်း မသွားဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိစ္စကြောင့် ဘယ်တော့မှလည်း ကမ္ဘာပျက်မှာ မဟုတ်ဘူး။

မြန်မာမှာပဲ ကြည့်ကြည့်၊ ကမ္ဘာမှာပဲ ကြည့်ကြည့်၊

အချစ်ရေး အိမ်ထောင်ရေးမှာ ယောကျ်ားတွေကြောင့် ဓားတစ်ပ ဘ်၊ ဘဝတစ်ပျက် ဖြစ်ရတာချည်းပဲ။

မိဖုရားစောဥမ္မာရဲ့ ဘဝကိုကြည့်၊

ဥမ္မာဒန္တီရဲ့ ဘဝကိုကြည့်၊

ဘုရင်မကြီး ရှင်စောပုရဲ့ ဘဝကိုကြည့်၊

မိဖုရားစောလုံရဲ့ ဘဝကိုကြည့်၊

ဆင်ဒိုးမလေးရဲ့ ဘဝကိုကြည့်၊

စုဖုရားကြီးရဲ့ ဘဝကိုကြည့်၊

လင်သားယောကျ်ားတွေကြောင့် ပြေးရလွှားရ အနိုင်ကျင့်ခံရ ဥပေက္ခာပြု ခံရ အသတ်ခံရတာ။

အဲဒီလို အဖြစ်ဆိုးဘဝဆိုး မျက်ရည်မိုးတွေအောက်က ရုန်းထွက်ရမှာ ပဲ ...

နိုင်ငံအချို့မှာ ဘာသာရေးကို အလေးပြုပြီး မိန်းမသားများဘဝ လွတ် လပ်ရေး မရရှာကြဘူး။

ကိုယ်ကြိုက်တဲ့သူ ကိုယ်ယူခွင့်မရှိဘူး။

မိန်းမသားဖြစ်လို့ဆိုပြီး ပညာသင်ခွင့်မရဘူး။

မိန်းမဆိုတာ လင့်အလိုကျ အသုံးတော်ခံပေးဖို့ပဲတဲ့ ...

မိန်းမဖြစ်နေလို့ အားငယ်ခွင့် မရဘူး။

တစ်ယောက်တည်း သွားခွင့် မရဘူး။

အဲဒီလို ဘဝမျိုး၊ အခြေအနေမျိုးမှာ မိန်းမလာဖြစ်ရတာ ဘာအရေးသာ မှာလဲ ဘယ်လိုလုပ်ပြီး လူဖြစ်ကျိုးနပ်မှာလဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

ကျွန်မရဲ့အမည်က မရွှေစာဦးပါ။ လူစဖြစ်ကတည်းက ချောလိုက်လှ
လိုက်တာလို့ လူတိုင်းရဲ့ ချီးမွမ်းခြင်းကို ခံရပြီးနောက် . . .

လူလားမြောက်၊ အရွယ်ရောက် ပညာစုံ၊ ဥစ္စာလည်းစုံရော ကျွန်မရဲ့
အလှဟာ ယောကျ်ားတိုင်းရဲ့ ပါးစပ်ဖျားမှာ ခံတွင်းမြိန်တဲ့အလှ ဖြစ်ခဲ့ရတယ်။

ယောကျ်ားအတော်များများက ကျွန်မကို ရည်းစားစကား လိုက်ပြောကြ
တယ်။ နေ့စဉ်နေ့တိုင်းပဲ အပြင်ရောက်တိုင်းပဲ။

သူတို့ချင်း ပြိုင်ပွဲဝင်နေသလိုပဲ . . . .

ကျွန်မရဲ့ ခန္ဓာကိုယ်ကာယ အလှအပကလည်း ယောကျ်ားတိုင်း စွဲမက်
ချင်စရာ၊ ရင်ခုန်ချင်စရာ၊ ရင်ဖိုချင်စရာ မှင်သက်အံ့သြ ရှုမောမဆုံး ဖြစ်ချင်စရာ
ပဲကိုး။

ရေချိုးခန်းထဲမှာ ရေချိုးရင်း ကျွန်မရဲ့ တစ်ကိုယ်လုံးအလှကို ကျွန်မ
စိတ်ကြိုက်မှန်ရှေ့မှာ စစ်ဆေးတယ်။ ကိုင်တွယ်ပွတ်သပ်ကြည့်တယ်။

ကျွန်မရဲ့အလှကို ကျွန်မ တပ်မက်လို့ မဆုံးဘူး။

ကျွန်မ တစ်ဖက်သတ် ကြိုက်နှစ်သက်သူတစ်ဦး ရှိနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမည်က ကိုမင်းလက်ျာတဲ့။
မင်းကြီး မဟာဗန္ဓုလ မျိုးရိုးပဲလား၊
မင်းတုန်းမင်းတရားကြီး မျိုးရိုးပဲလား၊
မြဝတီမင်းကြီးဦးစ မျိုးရိုးပဲလား မသိဘူး။

နာမည်က ရှေးဆန်ဆန် မင်းလက်ျာတဲ့။ အရပ်မြင့်မြင့်၊ အသားဖြူဖြူ ရင်အုပ်လက်မောင်းကြွက်သား တင်းတင်းရင်းရင်းနဲ့ ယောက်ျားပီသတဲ့ ယောက်ျား ဆိုတာ မြင်ရုံနဲ့ သိသာတယ်။ ကျွန်မ သူ့ကိုမြင်ရင် ငေးမောကြည့်မိတယ်။

သို့သော် သူက ကျွန်မရဲ့အလှကို ဥပေက္ခာပြုတယ်။ အရေးမစိုက်ဘူး နေ့စဉ် ယောက်ျားပေါင်းများစွာ အလိုရှိနေတဲ့ ကျွန်မရဲ့အလှကို သူအရေးမစိုက် လေ၊ ကျွန်မ သူ့အပေါ် အာရုံကျလေပဲ။

ဘယ်လိုပဲ ကျွန်မက မသိမသာလေး ပြုံးပြ၊ လှုပ်လီနွဲ့လီ လုပ်ပြသည် သူက အရေးမစိုက်ဘူး၊ ခပ်တည်တည်ပဲ။

တုံးလွန်းတဲ့ ယောက်ျားပဲလားမသိဘူး၊ မတုန်မလှုပ်ဘဲ။

ကျွန်မရဲ့ညစဉ် အိပ်မက်ခရီးမှာ သူ (ကိုမင်းလက်ျာ)နဲ့ ကျွန်မ အချစ်ရည် လူးခဲ့ကြတယ်။

ငပလီသောင်ခုံပေါ်မှာ . . . . .
အပျော်စီးသင်္ဘောပေါ်မှာ . . . . .
တိတ်ဆိတ်ငြိမ်သက်နေတဲ့ တောအုပ်အလယ်က
သစ်လုံးအိမ် မီးရောင်ပျပျအောက်မှာ . . .

ကျွန်မတို့ နှစ်ကိုယ်တူ အချစ်လှိုင်းစီးခဲ့ကြတယ်။ သူ့ရဲ့ဖွံ့ထစ်နေတဲ့ ခွဲ့အုံ ကိုယ်ကြီးထဲမှာ ဦးခေါင်းကိုဝှက်ပြီး သူရဲ့ ပူနွေးနွေးရင်ခုန်သံကို နားစွင့်ရတာ ကျွန်မရဲ့ ထူအမ်းအမ်း နှုတ်ခမ်းနဲ့ကပ်ပြီး စုပ်ယူခဲ့ရတာ တကယ်သုခချမ်းသာပဲ။

သို့သော် စီးမျောအိပ်မက် ရစ်မူးဝေသီ အိပ်မက်ကနိုးရင် စောစောဘုန်း ဘ အချစ်တွေဟာ တကယ်မဟုတ်ဘဲ . . .

အတုအယောင်တွေပါလားလို့ သိလိုက်ရရင်

ရင်မောခဲ့ရတာပဲ။ အဲဒီအိပ်မက်တွေဟာ ကျွန်မရဲ့ရင်မှာ အကြိမ်ပေါင်း များစွာ . . .

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

မကြာပါဘူး။ အလွန်အပြောကောင်းတဲ့ အဆိုတော်လေးတစ်ဦးနဲ့ ကျွန်မ ရင်းနှီးပြီး သူနဲ့ပဲ ညားခဲ့ရတယ်။

အဆိုတော်လေးရဲ့နာမည် ကိုဥက္ကာရွှေလှိုင်တဲ့။

သွယ်သွယ်နွဲ့နွဲ့ ချစ်စရာ ကောင်လေးပါ။ ပြောရရင် သူလေးကလည်း အပျိုပေါက်လေးတွေ၊ ခေတ်ပေါ်ကောင်မလေးတွေ ပိုင်းပိုင်းလည်နေတဲ့ နာမည်ကျော် အဆိုတော်လေးပေါ့ရှင်။

သူနဲ့ စတင်ခဲ့ရတဲ့ မင်္ဂလာဦးညဟာ ကျွန်မဘဝမှာ ပထမဦးဆုံး ပန်းဦး ကြွေတဲ့ညပေါ့။

အဲဒီမှာ အချစ်နဲ့ ကာမဂုဏ်ဆိုတာ ခေါင်းနဲ့ပန်းမှန်း သိခဲ့ရတယ်။ တစ်ခါ တစ်ခါ အချစ်မေတ္တာက တိုင်ထိပ်ကို ရောက်ရောက်သွားသလို၊ တစ်ခါတစ်ရံ ကာမ ဂုဏ်စည်းစိမ်အရသာက မိုးကောင်းကင်ကို ထိုးတက်သွားတာကလည်း ရှိခဲ့ တယ်။ ညားပြီး တစ်လနှစ်လမှာ ကြည်နူးစရာ၊ ပျော်ရွှင်စရာပါပဲလေ။

သိပ်မကြာလိုက်ပါဘူး ...

ကိုဥက္ကာရွှေလှိုင်ဘက်က စပြီး ခြေလှမ်းပျက်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့အတူ ခေတ်ပေါ် စကတ်တိုကောင်မလေးတွေ အိမ်ကို ပါပါလာ ဘယ်။ နောက် သူတို့နဲ့အတူ အပျံစားကားကြီးပေါ် ပါပါသွားတယ်။

ပန်ကေတွေ၊ နားကွင်းတွေ၊ စကတ်တွေ၊ ဖင်ကျပ်တွေ၊ ရင်ကွဲတွေ၊ ကြိုးသိုင်းတွေနဲ့ အတူသွားရ နေရစားရတာကို ကိုဥက္ကာရွှေလှိုင် ပျော်ရွှင်ကြည်နူး ခဲ့တယ်။

နောက်တော့ အိမ်ပြန်လာချင်မှ ပြန်လာတယ်။

မပြန်လာတဲ့ရက်တွေ များလာတယ်။

မေးရင် မြန်းရင် သူက မကြိုက်ဘူး။ သူ့ရဲ့လွတ်လပ်ခွင့်ရယ် ကိုယ်ရေး ကိုယ်တာ ကိစ္စရယ်ကို မနှောင့်ယှက်ပါနဲ့ ...

မစပ်စုပါနဲ့တဲ့ ...

ရှင်နဲ့ကျွန်မ လင်မယားလေလို့ပြောတော့ ...

လင်မယားဆိုတာ အိပ်ရာထဲမှာ အတူအိပ်မှ လင်မယားတဲ့။ တစ်ယောက် တစ်နေရာစီ နေရင်သွားရင် သူတစ်စိမ်းပဲတဲ့။

ဒါဖြင့် ရှင့်ရင်ထဲမှာ အချစ်တို့ သံယောဇဉ်တို့ သမုဒယတို့ မရှိဘူးလား လို့ မေးတော့ ...

အဲဒါတွေက စာရေးဆရာတွေ ချဲ့ကားမွမ်းတင်နေတဲ့ စိတ်ကူးယဉ်မှုတွေ တဲ့။

ဒါဆို ရှင့်သီချင်း စာသားတွေက အချစ်ဖွဲ့ စကားလုံးတွေရဲ့ အဓိပ္ပာယ် ကရောလို့မေးတော့ ...

အဲဒါ လွတ်လပ်သော အချစ်များရဲ့ ပျံသန်းနေတဲ့ တောင်ပံခတ်သံတွေ တဲ့။

နောက်ဆုံး ကျွန်မနဲ့ ကိုဥက္ကာရွှေလှိုင်တို့ လမ်းခွဲလိုက်ကြတယ်။

ရင်ထဲမှာ နင့်ခနဲ တစ်ချက်ခံစားလိုက်ရတယ်။

ဒဿနတစ်ခုတော့ ရလိုက်တယ်။

သူ့ပါးစပ်က ချစ်တယ်လို့ပြောခဲ့ဖူးတဲ့ အချစ်ဟာ အိပ်ရာတွေ တွန့်ကြေ သွားပြီးရင် အရောင်ပြောင်းသွားတယ်ဆိုတာပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၅]

❑

ဘဝမှာ အိမ်ထောင်ရေးအတွေ့အကြုံ ရှိသွားခဲ့ပြီလေ။

ပထမတန်းအဆင့်ကို ကျော်ခဲ့သလိုပေါ့။

ကျွန်မဘဝလည်း လွတ်လပ်သွားခဲ့တယ်။ ပေါ့ပါးသွားခဲ့တယ်။ ကျွန်မ မှာ အလုပ်အပ ရှိတယ်။ ဥစ္စာနေရှိတယ်။ တစ်နေ့ ကိုယ်နဲ့ထိုက်တန်တဲ့သူ ရှိုးမှာလို့ ယုံကြည်ပြီးသားပဲ။

သည်မှာ ကျွန်မ ကျောင်းဆရာလူပျိုကြီး ကိုထွန်းတောက်ကြယ်နဲ့ ဖူးစာ ကံ ဆုံရပြန်ပါရောလေ။

ကျောင်းဆရာဆိုတော့ ရိုသေလေးစားထိုက်သူရယ်လို့ ယူခဲ့တာပါ။

သူကလည်း တစ်မျိုးပဲ။

ကျောင်းဆရာဆိုတော့ ကျွန်မကို နေ့စဉ် ဆုံးမပဲ့ပြင်တယ်။ ကျွန်မ ဝတ်တာစားတာကို ဆင်ခြင်ဖို့ ပြောတယ်။ ကျွန်မ သွားတာလာတာကို လျှော့ ပြောတယ်။ ကျွန်မရဲ့ ယောကျ်ားလေး မိတ်ဆွေတွေဆို မသက်သာဘူး။ ဘယ်သူလဲ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာနေလဲ၊ ဘယ်လိုလဲ။ အဲဒါ လိုက်စုံစမ်းတယ်၊ မေးမြန်းတယ်။ သူ့အချစ်ကျတော့ သဝန်တိုတဲ့အချစ်ပဲ။

ညဘက် အိပ်မပျော်မချင်း ဆုံးမဩဝါဒစကားလုံးတွေကို ပုံတိုပတ်စကားတွေနဲ့ရော၊ ကဗျာလင်္ကာ ဆုံးမစာသံပေါက်တွေနဲ့ရော၊ နားငြီးအောင် ကြားပြီးမှ ကျွန်မ အိပ်ပျော်ခဲ့ရတယ်။

နောင်တော့လည်း ငါလည်း သူ့တပည့်မဟုတ်ဘူး။

နောက်ပြီး ငါ အခြားယောကျ်ားတစ်ယောက်နဲ့ တိတ်တိတ်ဖောက်ပြန်နေတာလည်း မဟုတ်ဘူး။ ဒါပေမဲ့ သူက မသင်္ကာဘူး။ နောက်ဆုံး နှစ်ဦးသဘောတူ လမ်းခွဲလိုက်ရပြန်ပါရောလေ။

✿ ✿ ✿

[၆]

❑

"နင် အိမ်ထောင်ရေး ကံမကောင်းပါလား ရွှေစာရယ် ဟင်"

"ဟုတ်တယ် ... ဘာညှိနေလည်း မသိဘူး"

"နင်က ယောကျ်ားကို ပျော်အောင်လုပ်မထားဘူးလား ... ရွှေစာ"

"ပျော်အောင် ထားပါတယ်ဟာ ... တစ်ယောက်က မျက်နှာများတယ်၊ နောက်တစ်ယောက်ကျတော့ သဝန်တိုတယ်။ ဘယ်လိုမှ အတူနေလို့ မရဘူး။"

"ဗေဒင်လက္ခဏာလေး မေးမြန်းကြည့်ပါလားဟယ်"

"ငါတစ်ခါမှ အဲဒါမျိုး မလုပ်ဖူးဘူး"

"လိုက်ပို့ပေးမယ်။ လာ ..."

ဒါနဲ့ လက္ခဏာဗေဒင် မနောပညာရှင်ဆရာကြီး ဦးမိုးဝေလျှံဆိုသူသီကို ရောက်ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



မွေးသက္ကရာဇ်ကို မေးတယ်။ နေ့နံစားတယ်။ ပြီး လက္ခဏာလည်း ကြည့်တယ်။

''ဗုဒ္ဓဟူးသမီး''

''ဟုတ်ကဲ့ရှင့်''

'' (၅) ဂဏန်းဖြစ်တယ်''

''ဟုတ်ကဲ့''

''အထွန်းဖွား။ လူချစ်လူခင်များမယ်။ ရွှေမရှား ငွေမရှားဘူး။ စိတ်တိုတတ်တယ်။ ဒါပေမဲ့ ရိုးသားတယ်၊ ပွင့်လင်းတယ်။

''အိမ်ထောင်ရေးဟောပါဦး . . . ဆရာကြီး''

''အိမ်ထောင်ရေး ကံမကောင်းဘူး။ နှလုံးသားလမ်းကြောင်းမှာ ကျွန်းတွေခံနေတယ်။ အိမ်ထောင်ဆက်များမယ်''

''ဘယ်နှစ်ဆက်ရှိတာ မြင်ပါသလဲ ဆရာကြီး''

''များတယ်''

''ရှင် . . . .''

''သမီးက (၅) ဂဏန်းဖွား။ အဲဒီ (၅) ဂဏန်းဖွားများဟာ အိမ်ထောင်ရေးမှာ စိတ်တိုင်းမကျ ဖြစ်လေ့ရှိတယ်။ ပြီး တင်းတိမ်ရောင့်ရဲလေ့မရှိဘူး။ အချစ်ရေး အိမ်ထောင်ရေး အမြဲကံခေတတ်တယ်။ ပေါင်းရရင် တစ်ခဏပဲ။ ပေးဆပ်ရတာများမယ်။ နောက်ဆုံးမှာ ကိုယ့်စိတ်ကြိုက် အိမ်ထောင်ဖက်ကို မုချရလိမ့်မယ်''

''အဲဒီကျရင် မြဲမှာလား ဆရာကြီး''

''မမြဲပြန်ဘူး''

''ရှင် . . . ဘာဖြစ်လို့လဲဟင်''

''အဲဒီလို အချိန်ရောက်တော့ နောင်တတွေ တရားတွေရပြီး ဘဝအသစ်တစ်ခုကို ပြောင်းရွှေ့ရဦးမှာ''

''ဟို . . . ဟို . . . သေမယ်လို့ ပြောတာလားဟင် ဆရာကြီး''

''မသေပါဘူး . . . အသက်က ရှည်နေဦးမှာပါ''

''ဟူး . . . တော်ပါသေးရဲ့''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၇]

❑

ဒီလိုနဲ့ အိမ်ထောင်ဆက်တွေ များလာလိုက်တာ ကိုယ့်စိတ်ကြိုက်တို့ ဘဲ အိမ်ထောင်ရေးက ပြိုကွဲရင်း ပြိုကွဲခဲ့ရတယ်။

တတိယမြောက် အိမ်ထောင်ရယ်။

လူကောင်ထွားထွားကြီးပဲ၊ ခန့်ခန့်ကြီး။ နှုတ်ခမ်းမွေးစစနဲ့။ သို့သော် က လူကောင်သာကြီးထွားတာ ကာမဂုဏ်ကိစ္စထက် အရက်အကောင်းစားကို ရေ သောက်စားပြီး ဖြစ်သလို မူးမူးရူးရူးနဲ့ ဆက်ဆံပြီး အိပ်တာပဲ။

တိုင်ပင်လို့လည်း မရဘူး။

စီးပွားရေးအကြောင်း ဘာမှမဝေဖန်ဘူး၊ မလုပ်ဘူး။

အသောက်သမားသက်သက်ပဲ။

နောက်ဆုံး သူ့ကို ငွေအမ်းလို့ ကွာခဲ့ရတယ်။

စတုတ္ထမြောက်ယောကျာ်း။

လူကောင်က သေးသေးပဲ။ ကြည့်လိုက်ရင် သန့်နေတာပဲ။ စာရေး လိုလို၊ ကဗျာဆရာလိုလို၊ ဒဿနဆရာလိုလိုနဲ့ ပြောလိုက်ရင် ကဗျာနဲ့ သီချင်း ရယ်စရာ ပုံတိုပတ်စနဲ့။



www.burmeseclassic.com

www.burmeseclassic.com



လူက ကြည့်လိုက်ရင် စတစ်ကော်လာလက်တိုလေးနဲ့။
မီးပူတိုက်ပုဆိုးနဲ့၊ ရေမွှေးရနံ့က သင်းနေတာပဲ။
အရပ်ပုပုလေး၊ စမတ်ကတော့ အလွန်ကို ကျတဲ့လူ။
လူကြီးလူကောင်းတွေနဲ့လည်း သိကျွမ်းရင်းနှီးတယ်။ အချို့က သူ့ကို 'ဆရာ' လို့ လေးလေးစားစား ခေါ်ကြတယ်။
သူ့အမည်က ကိုသစ်လွင်စိုးတဲ့။
အရင်တုန်းက အရာရှိလုပ်ခဲ့ဖူးသတဲ့။
ခုတော့ ကားပွဲစားလုပ်ဆိုပဲ။ သူ့ဆီလာတဲ့ လူတွေက လူရည်သန့်တွေ၊ ဂုဏ်သရေရှိတွေ။
ကိုသစ်လွင်စိုးက ကျွန်မကို အရမ်းဂရုစိုက်တယ်။ သူက ကားကို အမျိုးမျိုး ပြောင်းစီးနေတာ။
တိုတိုပြောရရင် သူနဲ့ညားပါရော။
ညားပြီး မကြာပါဘူးရှင်၊ သူ့ကိုလက်လန်ပြီး နောက်ဆုံး ပြန်ပါတော့လို့ ပြောခဲ့ရတယ်။
တယ်ပြီး ရာဂစိတ်ပြင်းထန်တာပဲကိုး။
ကြာရင် ကိုယ့်အသက် တိုသွားနိုင်တယ်။
ခက်တာက ကျွန်မပဲ။
အနီးမှာ ယောက်ျားသားမရှိရင် မနေတတ်ဘူးဖြစ်နေတယ်။ တိုင်ပင်ပေါ် တိုင်ပင်ဖက်ကို လိုချင်တယ်။
အယုယခံချင်တယ်။
အကြင်နာခံချင်တယ်။
သင့်တင့်တဲ့ ကာမဂုဏ်ကို ခံစားချင်တယ်။
ရန်သူငါးပါးရဲ့ရန်က ကာကွယ်ဟန့်တားပေးမည့်သူ အလိုရှိတယ်။
စိတ်ကောက်ပြန်ချော့၊ အဲဒါမျိုး ခံစားချင်တယ်။
မိန်းမဖြစ်ရတာ ရင်နာစရာကောင်းတာတွေ အများကြီးပဲ။
ကိုယ်ကြိုက်တဲ့ ချစ်တဲ့သူကို ကိုယ်ကစပြီး ရည်းစားစကား၊ ချစ်စကား ပြောခွင့်မရှိဘူး။ အပေါစားလို့ ထင်မှာစိုးလို့တဲ့။
လူ့ယဉ်ကျေးမှုတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝက ကိုယ်ကြိုက်တာ ကိုယ်မရဘဲ သူကြိုက်တာကို ကံစမ်းမဲ နှိုက်သလို ကံစမ်းပြီး ယူနေရသလို ဖြစ်နေတယ်။

အလွဲလွဲ အချော်ချော်တွေဖြစ်ပြီး

ခုတော့ အိမ်ထောင်ပျက်ဘဝနဲ့ လူကဲ့ရဲ့ခံရတယ်။

ကလီယိုပက်ထရာတဲ့ ...။

သီရိမာတဲ့ ...။

ပြည့်တန်ဆာတဲ့ ...။

ပိုင်းလုံးတဲ့ ...။

အမျိုးမျိုး ပြောဆိုရှုတ်ချကြတယ်။ လင်တစ်ယောက်ကို တစ်လ နှင့်လ သုံးလေးလပဲပေါင်းတဲ့ မိန်းမတဲ့။

ဟတ္တနီမိန်းမတဲ့ ...။

✿ ✿ ✿

[ ၈ ]

❑

ကျွန်မ ပိုင်းလုံးမဟုတ်ပါဘူးရှင်။

နံပါတ် (၇) ယောက်မြောက်ယောက်ျားက အငြိမ်းစားအရာရှိကြီးပါ။ ဆိုးဖိုလို့ သိရတယ်။

သူကလည်း ကျွန်မ အိမ်ထောင်ရေး ကံမကောင်းတာကိုသိတယ်။ ကျွန်မ ကိုလည်း ညီမလေးလို ချစ်သတဲ့။

သားကြီးသမီးကြီးရှိလို့ ကျွန်မက မချစ်ရဲဘူး။

သူက သူ့သားသမီးတွေ လက်ခံပါတယ်တဲ့။ ကျွန်မမှာ စည်းစိမ်ဥစ္စာရှိတော့ သူ့သားသမီးများက သဘောကျကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်က သူတို့အဖေ အငြိမ်းစားကြီးကို တိုက်ပေါ် အိမ်ပေါ် တင်မကျွေး ချင်တာ အဓိကပဲ။ အဲဒါ အားလုံးကို အမွေခွဲဝေပေးပြီး သူရတဲ့ အချိုးအစားငွေထုပ် နဲ့ ကျွန်မဆီကို ရောက်လာခဲ့တယ်။

ကျွန်မကလည်း လူပြောသူပြောလွတ်အောင် အရပ်လူကြီးတွေ ဖိတ်ကြား ပြီး အကျိုးအကြောင်း ပြောပြတယ်။

လူကြီးများကလည်း ကျွန်မကို ဆုံးမသြဝါဒပေးကြတယ်။ မယားဝတ္တရား ငါးပါးကို ရပ်ကွက်ဥက္ကဋ္ဌဖြစ်တဲ့ အဘဦးစိန်အောင် (မောင်စိန်လှိုင်ဥသဘ) ဆိုသူ စာရေးဆရာကြီးက ရှင်းပြတယ်။ အစ်ကိုကြီး ကိုသိန်းဝင်းကျော်ကိုလည်း ကိုယ့်နှမ လေးလို သဘောထားပြီး စောင့်ရှောက်ဖို့ ဆုံးမဖို့ မေတ္တာရပ်ခံတယ်။

နောက်နေ့ ဘုန်းကြီးငါးပါးပင့်ပြီး မင်္ဂလာဆွမ်းကပ်တယ်။ အိမ်နီးနားချင်း များကလည်း မရှေ့စာလင်ရလို့ ဝမ်းသာကြတယ်။ လင်လုပ်သူက ရုံးတစ်ရုံးက အငြိမ်းစား ဒုညွှန်မှူးဆိုလို့ ပိုဝမ်းသာကြ၊ လေးစားကြပေါ့။

ဒီလိုညားပြီး (၇) ရက်မြောက်နေ့မှာ ခေါင်းမူးတယ်၊ ရင်အောင့်တယ်လို့ ပြောရင်း ကုလားထိုင်ပေါ်မှာပဲ အစ်ကိုကြီးကိုသိန်းဝင်းကျော် အသက်ပျောက်သွား ခဲ့ရတယ်။ အမှန်က သွေးတိုးနဲ့ နှလုံးရောဂါ ရုတ်ခြည်းဖောက်လို့ ငေါက်ခနဲ သေရ တာလို့ ဆရာဝန်ကလည်း ပြောတယ်။

သို့သော် စကားတင်းဆိုစရာက မစွမ်းရင်းကလည်းရှိ ကန်စွန်းခင်းက လည်းငြိ ရှိနေတော့ ပြောစရာဖြစ်ခဲ့ရတယ်။

ကျွန်မလိုမိန်းမမျိုးနဲ့ညားရင် ဂေါ်ဇီလာတောင် သေနိုင်တယ်တို့ ဘာတို့ ပုံကြီးချဲ့ ပြောကုန်ရော။ ကျွန်မ မိန်းမသားပါ။ ကာမဂုဏ်ခံစားစိတ် အားကောင်း တုန်းပါ။ အာသဝေါကုန်နေတဲ့ လူမိန်းမမှ မဟုတ်ပေဘဲကိုး။

အသက် (၆၀) ကျော် (၇၀) လူယောကျ်ားတောင် ကာမဂုဏ်စိတ်ရှိ နေသေးရင် ကျွန်မလို ပျိုရွယ်အားကောင်းနေသူ ဘာဆန်းလို့တုံး။ အခုဆန်းသွား တာက ကျွန်မနဲ့ညားပြီး (၇) ရက်မြောက်မှာ ရုတ်တရက် ဆုံးသွားရတာကို ရောဂါ ကြောင့်လို့ မပြောကြဘဲ ...

ကျွန်မကပဲ မြန်မြန်သေအောင် ဆေးကျွေးသလိုလို၊

တက်စာပြတ်စာ ကျွေးသလိုလို၊

ပြီး ကျွန်မလို မိန်းမနဲ့ညားရင် မြန်မြန်သေမယ်ဆိုတာ အဒေါ်ကြီး ကတည်းက မစဉ်းစားဘဲယူတော့ ခုတော့ သွားပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့ပစ္စည်းလည်း ဒီမိန်းမ ရပြီပေါ့တဲ့။

ဒါကြောင့် ပြောလိုက်တယ်။ အစ်ကိုကြီးဦးသိန်းဝင်းကျော် ကျန်ရစ်ခဲ့တဲ့ ငွေနဲ့ရွှေ ကြိုက်ရာဆွေမျိုးသားချင်း လာယူလှည့်ကြ။

(၇) ရက်ပြည့်လို့မှ မယူရင် ဘုန်းကြီးကျောင်းကို လှူပစ်မယ်လို့ အိမ်ရှေ့ မှာ စာရေးကပ်ထားလိုက်တယ်။

(၇) ရက်သာပြည့်ရော ဘယ်သားသမီး၊ ဆွေမျိုးသားချင်းမှ လာမယူကြ ဘူး။ အဲဒါ အစ်ကိုကြီးနာမည်နဲ့ ငွေဆယ်သိန်း၊ ရွှေလက်ကောက်ငါးကွင်း။ လက်စွပ် တစ်ကွင်းကို သိမ်တော်ကြီးဆောက်ရာမှာ ရည်စူးကမ္ပည်းတင်ရေးထိုး လှူဒါန်း လိုက်တယ်။

ပြောပါပကောလား။ ကျွန်မကို ယူပါလို့ မတိုက်တွန်းခဲ့ဖူးပါဘူးရှင်၊

သူတို့ကိုယ်နှိုက်က ကျွန်မကိုမရရင် ရူးရမလိုလို၊ သေရမလိုလို ပြောလွန်း လို့ အားကိုးအားထားရမလားဆိုပြီး လက်ထပ်ရတာ။

လင်အရမ်းဆာလွန်းလို့ မဟုတ်ဘူး။

✿ ✿ ✿

## [၉]

❑

ကြည့်လေ (၈) ယောက်မြောက် လင်တော်မောင်လေး။

အသက်က ကိုယ့်ထက် (၁၀) နှစ်ငယ်တယ်။

ရှိလှမှ ကိုယ့်မောင်အရွယ်လေး။ ဖြူဖြူသန့်သန့် ပါးပါးလေး။ အပြော ဂျင်းဘောင်းဘီရှည်နဲ့၊ ပန့်ကနဲ့။

သူ့နာမည်က မောင်ချောထွန်းမြတ်တဲ့။

မမကို ချစ်လွန်းလို့တဲ့၊ တကောက်ကောက်လိုက်နေတယ်။ မုန့်စွန်းရှိ သွားရင် အထွက်ပေါက်ဝက စောင့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ လုပ်ငန်းခွင်ထဲကို အကြောင်းအမျိုးမျိုး ရမည်ရှာပြီး လာတယ်။ ကျွန်မက သနားလို့ မောင်လေးတစ်ယောက်လို ဆက်ဆံခဲ့တာ။ အဲဒါ သူက ကျွန်မရဲ့ အလှကိုကြည့်ပြီး ချစ်တယ်တဲ့။

"မမကို ကျွန်တော်ချစ်တယ်"

"မချစ်ပါနဲ့ကွယ်။ မမက မင်းထက် အသက်အများကြီး ကြီးတော့ မင်းငရဲကြီးလိမ့်မယ်"

"မမကိုချစ်လို့ ငရဲကြီးမယ်ဆိုရင် မဟာအဝီစိငရဲမှာ နေ့တိုင်း ငရဲကြီးရပါလို၏"

"မင်း ငါ့ကိုချစ်တာလား။ ယူမှာလား"

"တစ်သက်လုံး အောက်ကျို့ပြီး ပေါင်းမှာပါ"

"မင်း ... မမရဲ့ရာဇဝင်ကို သိပြီးပလား ... မောင်လေး"

"အကုန်သိပြီးပါပြီ။ မမကို ( ..... ) မြို့မှာမွေးတယ်။ အခု အသက် (၃၀) နှစ်ရှိပြီ။ ရင် ( ..... )လက္မ၊ ခါး ( ..... ) လက္မ၊တင် ( ..... ) လက္မ၊ အိမ်ထောင် (၇) ဆက်။ ကိုင်း ... ဘာကျန်သေးလဲ မမ"

"မင်းက ငါ့ကိုလက်ထပ်လိုက်ရင် မင်းမိဘ ညီအစ်ကိုမောင်နှမတွေက မင်းကို ပြစ်တင်ရှုတ်ချမယ်။ အမွေပြတ်ကြေညာမယ်။ ငါ့ကို ရန်တွေ့ဆဲရေးကြမယ်"

"မမလက်ခံဖို့သာ အဓိကပါ။ ကျန်တာကို ကျွန်တော်ရင်ဆိုင်ရဲတယ်"

မရဘူး။ သူက ဇွတ်ပဲ။

နောက်ဆုံး သူ့မိဘများကို ပြောပြရတယ်။ သူ့မိဘများက သူ့ကိုဆူရော၊ ကြိမ်းမောင်းရော။ ဒီလို လင်ထည်လဲပြောင်းနေတဲ့ လင်စားစုန်းမကို ဘာလို့ချစ်ရမှာလဲ၊ ယူရမှာလဲ။ နင် သေချင်လို့လား။ ရွှေစာဆိုတာ လင်ကဝေ၊ ညှို့ကဝေ စသည် ပက်ပက်စက်စက် ဝိုင်းပြောကြတယ်။

အဲဒီနေ့ကစပြီး ကောင်လေး သူ့အိမ်ကို မပြန်တော့ဘူး။

ကျွန်မအိမ်ပေါ်ကို ဇွတ်တက်လာတယ်။

ကျွန်မက သူ့မိဘများကို လာရောက်ထိန်းသိမ်းဖို့ ဖုန်းဆက်တယ်။ သူ့မိဘများ ရောက်လာပြီး ချော့ခေါ်တယ်၊ ခြောက်ခေါ်တယ်။ မရဘူး။ ကျွန်မအိမ်မှာပဲ နေမယ်တဲ့။ ဇွတ် ...။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက သူ့မိဘ ညီကိုမောင်နှမရှေ့မှာ ဖြောင်ပြောလိုက်တယ်။

"မောင်ချော . . . မင်းကို မမ မောင်ငယ်လေးလိုပဲ ခင်တာ။ ပြန်သွား ...

"ဟင့်အင်း . . . ကျွန်တော် မမကို ချစ်တယ်။ မမကို မရရင် . . . "

ကိုင်း . . . ကျွန်မပြုစားတာ လွန်နေပြီတဲ့။

သူတို့ ပြန်သွားကြတယ်။ သူ့ကိုပြန်ဖို့ မိဘစကားနားထောင်ဖို့ ကျွန်မ ... ချောင်းဖျတယ်။ မရဘူး။ မမအနီးမှာပဲ နေချင်တယ်တဲ့။

နောက်ဆုံးတော့ . . .

သူနဲ့ကျွန်မ ညားသွားရတယ်။ သနားစိတ်နဲ့ ညားရတာပါ။ သူ့ကို ကျွန်မ ... ကောင်းကောင်းမွန်မွန် ထားပါတယ်။

နှစ်လပြည့်တော့ သူ ကျွန်မအိမ်ကနေ ရုတ်ခြည်းပျောက်သွားတယ်။ ... စုံစမ်းတယ်။ ဘယ်မှာနေမှန်း မသိရဘူး။

သုံးလနေတော့ စာတစ်စောင် ရောက်လာတယ်။

မမ မောင်လေးကို ခွင့်လွှတ်ပါတဲ့။

အခု မောင်လေး မြစ်ကြီးနားမှာ ရောက်နေတယ်။

မမဘာသာ လွတ်လွတ်လပ်လပ် နေလိုက်ပါတော့တဲ့။

တော်ပါသေးရဲ့လေ။ နောင် သိရတာ သူ့ငယ်ရည်းစားနဲ့ ပြန်တွေ့ပြီး ... ငယ်သူနောက်ကို ပြန်လိုက်သွားတာတဲ့။

အချစ်ရေစီးကြောင်း ပြောင်းခြင်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

❑

တစ်ခါတစ်ခါ၊ ယောက်ျားတွေကို အရမ်းမုန်းတယ်။

တစ်ခါတစ်ခါ ယောက်ျားဆိုတာ တမ်းတသတိရတယ်။

ကျွန်မ ဘာကြောင့် အိမ်ထောင်ရေး ကံဆိုးရတာလဲ။

ပြန်စဥ်းစားတယ်။

ခန္ဓာကိုယ်မှာပါတဲ့ မွေးရာပါ မှဲ့သုံးလုံးကြောင့်လား။ ကျွန်မရဲ့ ရင်သား နှစ်မွှာပေါ်မှာ မှဲ့နက်တစ်လုံးစီ ပါနေတယ်။ တတိယမြောက် မှဲ့နက်က ကျွန်မရဲ့ မွေးရာပါ ထိပ်မှာ။

ကျွန်မ ကာလီဒါသရဲ့ ကာမသျှတ္တရကျမ်းကို ဖတ်ကြည့်တယ်။ ကျွန်မ ကအနီးမှာ ယောက်ျားမရှိရင် မနေတတ်ဘူး။

အဲဒါ ... အချစ်ရယ်၊ အားကိုးခြင်းရယ်၊ ပျော်ရွှင်ကြည်နူးခြင်းရယ်၊ အဲဒီသုံးမျိုးအတွက်ပဲ။

အတည်တကျပေါင်းချင်တာ၊ ရိုးမြေကျပေါင်းချင်တာ၊

နှစ်လွှာပေါင်းတစ်ရွက် စွယ်တော်ရွက်လို ဖြစ်ချင်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တာ ဖြစ်လို့ကိုမရဘူး။ အချစ်ကံ အိမ်ထောင်ရေးကံက ခေလွန်း နေတယ်။

တစ်ခါ မှဲ့ကျမ်းကို ဖတ်လိုက်တော့ ရင်သားနှစ်ဖက်ပေါ်မှာ မှဲ့ကိုယ်စီ ပါနေရင်၊ တစ်ခါ မွေးရာပါပစ္စည်းပေါ်မှာ မှဲ့ပါနေရင်၊

အဲဒီမိန်းမ အဲဒီယောက်ျား အိမ်ထောင်ဘက်များသတဲ့။

ကာမဂုဏ် အပျော်များသတဲ့။

မယုံချင်ပေမယ့် ဟုတ်သလိုရှိနေတော့ ဟုတ်မှာပါပဲလို့ ယူဆချင်နေ တယ်။

ကိုယ့်ကံ ပြန်ထသလား မသိဘူး။

ကိုယ်ချစ်တဲ့သူနဲ့ ရေစက်ဆုံပြီး ညားရပါရောရှင်။

ကိုမင်းလက်ျာလေ ... မှတ်မိတယ်မဟုတ်လား။

အသားဖြူ၊ ဒေါင်ကောင်းကောင်းနဲ့ ခန့်ခန့်ချောချော ဥပဓိရုပ်ကောင်း ကောင်းကြီး။ ကျွန်မကို အရေးမလုပ်သူ ဆက်ဆံသူကြီး။

သူ့ကို ကျွန်မ တစ်ဖက်သတ်ချစ်နေတဲ့အကြောင်းကို ကျွန်မရဲ့ သူငယ်ချင်း များနဲ့ဆုံတိုင်း မိန်းမသဘာဝ ရင်ဖွင့်ကြတယ်။

အခု ကိုမင်းလက်ျာနဲ့ ကျွန်မ ရေစက်ပြန်ဆုံခဲ့တယ်။

သူက လိုလိုလားလား လှိုက်လှိုက်လှဲလှဲကို ပြန်ဆက်ဆံတယ်။ ကျွန်မ အံ့သြလိုက်ရတာ။ ဝမ်းသာလိုက်ရတာ။

ကျွန်မနဲ့အတူ ရေခဲမုန့်စားကြတယ်။

တိရစ္ဆာန်ဥယျာဉ်ကို သွားကြတယ်။

တိုင်းရင်းသားကျေးရွာကို အတူသွားလည်ကြတယ်။

ဂီတဆည်းဆာညပွဲတွေကို အတူနားထောင်ကြတယ်။

ကျွန်မ သူ့ကို ရဲရဲတင်းတင်းပဲ ဖွင့်ပြောလိုက်တယ်။

"ကိုမင်းလက်ျာကို ကျွန်မချစ်တယ်"

"ကျွန်တော်သိပါတယ် ... မရွှေစာ"

"ဘယ်တုန်းကတည်းက သိနေတာလဲ ဟင်လို့"

"ဟိုး ... လွန်ခဲ့တဲ့ လေးငါးခြောက်နှစ်လောက်ကတည်းကပါ"

"အဲဒါဆို ဘာလို့ မသိချင်ယောင် ဆောင်နေတာလဲဟင် ဗျို"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ရင်ထဲမှာ အချစ်မရှိသေးလို့ပါ"

"ခုရော ရင်ဘတ်ထဲမှာ အချစ်တွေ ဖူးပွင့်ပြီလားဟင်"

"ပွင့်စပြုနေပါပြီ . . . မရွှေစာ"

"ကျွန်မ ပန်လို့ရမလားဟင်"

"သိပ်မွှေးမှာမဟုတ်ဘူး။ မရွှေစာ ပန်ချင်ရင် ပန်ပါ"

"အဲဒါ ကျွန်မက ပြောရမှာပါ . . ကိုမင်းလက်ျာရယ်။ ကျွန်မ ကိုမင်းလက်ျာ ရဲ့အချစ်ကို မျှော်လင့်နေတာ ကြာခဲ့ပါပြီ။ အခု ကျွန်မ ဆုတောင်းပြည့်ခဲ့ပြီပေါ့။

အဲဒီနေ့က ကိုမင်းလက်ျာရဲ့ ရင်ခွင်ထဲမှာ ခေါင်းဝှက်ထားရတာ လုံခြုံ နွေးထွေးလိုက်တာ . . .

ကျွန်မ သိပ်ကြီးများ အပေါ်စားဆန်သွားသလားဟင်။

မိန်းမတစ်ယောက်က ယောက်ျားတစ်ယောက်ကို ချစ်တယ်လို့ ပြော တာ ဆဲရေးတိုင်းထွာတာလည်း မဟုတ်ဘူး။

အတင်းအဓမ္မ ဗလက္ကာယလုပ်တာလည်း မဟုတ်ပါဘူးလေ။

သူနဲ့ကျွန်မ တရားရုံးမှာ နှစ်ဦးသဘောတူ လက်ထပ်လိုက်ကြတယ်။

လက်ထပ်ပြီးမှ ကျွန်မမှားမှန်း သိရတယ်။

ဘာလို့လဲ . . . ဟုတ်လား။

ကိုမင်းလက်ျာက ကျွန်မနဲ့ အတူမအိပ်ဘူး။ သူက ကျွန်မကို နမ်းတယ် ကြင်နာယုယတယ်။

ဒါပေမဲ့ ကာမဂုဏ် မဆက်ဆံဘူး။

ဒါနဲ့ ကျွန်မက မေးတယ်။

"မောင် . . . ကျန်းမာရေး မကောင်းလို့လားဟင်"

"မဟုတ်ပါဘူး"

"ဒါဖြင့် ကျွန်မနဲ့ ဘာလို့ အတူမအိပ်ရတာလဲဟင်"

"မောင် အဲဒီကိစ္စမှာ စိတ်မပါဘူး . . . ရွှေ"

"စိတ်ပါအောင် . . . ကျွန်မ စောင့်နေပေးမယ်နော်"

"အင်း . . . အင်း . . ."

သူက ဘုရားတရားအလုပ်ကို အမြဲအာရုံစိုက်လုပ်တယ်။ ပရိတ်ကြီးသဲ့ သုတ်ကို အလွတ်ရွတ်တယ်။ ဘုရားစင်ကို နေ့ခင်းလည်း ရေချမ်းကပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ရရင် ဘုရားစာအုပ်များအကြောင်း၊

မဟာဗုဒ္ဓဝင်အကြောင်း၊

ရဟန္တာအရှင်သူမြတ်များအကြောင်း ... အဲဒါတွေကို ဘုန်းကြီးတရား ဟောသလို ဟောတယ်။

ကျွန်မက သူ့ပေါင်ပေါ်မှာ ခေါင်းတင်ရင်းနားထောင်လို့ အိပ်ပျော်သွား ရတယ်။

တစ်နေ့ သူ ကျွန်မထံမှာ ခွင့်တောင်းတယ်။

"ရွှေ ... မောင် သင်္ကန်းဝတ်ချင်တယ်"

"ဘုရားရေ ..."

"ခဏလား၊ တစ်သက်လုံးလား မောင်"

"ခဏ စ,ဝတ်ကြည့်ချင်တယ်"

ဒါနဲ့ ကုသိုလ်ရတယ်ဆိုပြီး ပဌင်းအစ်မလုပ်လို့ မောင့်ကို သင်္ကန်းစည် ပေးလိုက်တယ်။ တစ်လ၊ နှစ်လ၊ သုံးလ တစ်နှစ်။

သူ သင်္ကန်းဝတ်ဘဝမှာ ပျော်ပိုက်နေပါပြီတဲ့။ မရွှေစာ သင့်ရာလူကို အိမ်ထောင်ပြုလိုက်ပါတော့တဲ့။

အဲဒီတုန်းက ကျွန်မ မျက်ရည်ပေါက်ပေါက်ကျခဲ့ရတယ်။ သူ့ကို ကယ်ရ ချစ်တာကိုး။

သို့သော် သူက အအေးသမား၊ ကိုယ်က အပူသမား။ ဆန့်ကျင်ဘက်ဖြစ် နေတယ်။

နောင်တော့ သူ ကျွန်မကို စိတ်ချမ်းသာစေချင်လို့ သူ့ဘဝကို အနစ်နာ ခံပြီး ကျွန်မကိုပေါင်းခဲ့တာ သိရတယ်။

ဩော် ... ချစ်ချင်တိုင်းလည်း ချစ်လို့မရ၊

ဖြစ်ချင်တိုင်းလည်း ဖြစ်လို့မရတဲ့ ဘဝပါလားနော်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

❑

ခု တစ်ယောက်ကတော့ ကျွန်မတိုးတာ ညံ့တာပါ။ လျှော်တာပါ။ သူ့ကိုယ်သူ လူပျိုကြီးပါလို့ပြောလို့ ယူမိတာပါ။

ယူပြီးမှ မယားကြီးရှိမှန်း သိရရော အရှက်ကွဲရော။ အိမ်ပေါ်တက်ပြီး မယားကြီးက ရန်တွေ့တာ၊ အမျိုးမျိုး စွပ်စွဲပြောဆိုတာ၊

ပိုင်းလုံးမ၊ လင်ခိုးမ၊ လင်ငတ်မ၊ လင်သတ်မ၊ ပြည့်တန်ဆာမ စုံလို့။ ပြန်လည်း မပြောတော့ပါဘူး။ ပြောရင်လည်း လူကြားရှက်ရှိတာကိုး။

သင်းကို စိတ်နာတာပါပဲ။

ကျွန်မ သူ့မယားကြီးကို တောင်းပန်ခဲ့တယ်။

ကျွန်မ ကာမေသုမိစ္ဆာစာရကံကို သိသိနဲ့ကျူးလွန်တာ မဟုတ်ဘူး။ ကျွန်မ အညာခံရတာ၊ အပတ်ခံရတာ၊ အယုံသွင်းခံရတာ။

ဒါနဲ့ ပြန်ကွာရှင်းပေးလိုက်တယ်။

တော်ပြီ ... လင်ဆိုရင် 'ဟင်' ဆိုတောင် လှည့်မကြည့်တော့ဘူး။ ငါ လင်မျိုးစုံ တွေ့ခဲ့ပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လင်မှ ငါနဲ့ ကီးမကိုက်ဘူး။ ငါ့အကြိုက်လည်း မတွေ့ခဲ့ရဘူး။ အားကိုး သို့လည်း မရဘူး။

လင်ဆိုတာ မယားအတွက် ကြည်လင်နေရမှာ။

ခုတော့ စိတ်ဆင်းရဲပြီး အာရုံနောက်ခံရတယ်။

ခုတော့ ကိုယ်က လင်ပစ်မကြီးဖြစ်လို့။

တော်ပြီဟေ့ ......

ယောကျ်ားမှန် ခြံထဲမဝင်ရ၊ စာဆွဲမယ်ဟေ့။

✿ ✿ ✿

[၁၂]

❑

စာဆွဲမလို စီစဉ်တုန်း ကိုတရုတ်ဖြူဆိုတဲ့သူနဲ့ ကြုံရတွေ့ရတာပါပဲ စိတ်ထောင်းကိုယ်ကြေပြီး အားနည်းစိတ်ကျဖြစ်ပြီး လမ်းသွားရင်းက လမ်းနံဘေးမှ မူးလဲသတိလစ်သွားတာ။

သတိရလို့ ကြည့်လိုက်တော့ ဆေးရုံပေါ်မှာ အားဆေးပုလင်း ပိုက်တန်း လန်းနဲ့။ ခုတင်နံဘေးမှာ အသားနက်ကြုတ်နေတဲ့ လူတစ်ယောက်က စိုးရိမ်တကြီး ကြည့်လို့။

"သတိရလာပြီလားဟင်"

"ဟုတ်ကဲ့"

"ခင်ဗျား လမ်းနံဘေးမှာ မူးလဲသတိလစ်သွားလို့ ကျွန်တော့်ကားနဲ့ အဲ ကုဆေးရုံကို ပို့ပေးခဲ့တာပါ။ ခုလို သတိရလာတာ ဝမ်းသာပါတယ်။ ဘာအမည်ခေါ် လဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျွန်မ မသိဘူး။ သို့သော် သူ့အသံမှာ ကြင်နာသံပါတယ်။ မျက်နှာပေါ်မှာ စိုးရိမ်စိတ်တွေ ကဲနေတယ်။

"ပြောပါ ... ဘာစားချင်လဲ"

"ကျွန်မ နွားနို့သောက်ချင်တယ်"

"ကျွန်တော် သွားရှာလိုက်ပါ့မယ်"

သူနေရာကနေ ဝေါက်ခနဲ ထသွားတယ်။ ဆရာဝန်နဲ့ သူနာပြုများ ရောက်လာလို့ မေးကြပြောကြမှ ...

"အစ်မအမျိုးသားလား ဟင်"

"ဘယ်သူ့ကို ပြောတာလဲရှင်"

"ဟို .. အသားမည်းမည်းနဲ့ အစ်ကိုကြီးကို ပြောတာ"

"အို ... မဟုတ်ဘူး။ ကျွန်မ သူ့ကို မသိဘူး"

"အဲဒီအစ်ကိုကြီးနာမည်က ကိုတရုတ်ဖြူတဲ့။ ရယ်ရတယ် သိလား။ အစ်မကို သူပွေ့ခေါ်ပြီး ယူလာတာ"

"အို ..."

"သူ့ခမျာ အစ်မကို စိုးရိမ်နေတာ သိလား။ ဘယ်လိုနေသေးလဲ မေးရတာလည်း အကြိမ်မရေနိုင်ဘူး"

"ဘာတော်လို့လဲမေးလည်း မပြောဘူး။ ကုန်ချင်သလောက် ကုန်ပါစေ ဆိုပြီး ငွေစက္ကူထုပ်တွေ ပစ်ချပေးတယ်"

"ကျွန်မတို့က မစိုးရိမ်ပါနဲ့။ အားနည်းပြီး ရှော့(ခ်)ဖြစ်သွားတာပါလို့ ပြောရတယ်။ အဲဒါ တစ်နေ့နဲ့တစ်ည ထိုင်စောင့်နေတယ်"

"ဟုတ်လား"

တိုတိုပြောရရင် ရှေးရေစက်ပါပဲလေ။ သူနဲ့ကျွန်မ ဆေးရုံတက်ရင်းက ရင်းနှီးသွားတယ်။

ကျွန်မကိစ္စအဝဝကို သူက မညည်းမညူ လုပ်ပေးတယ်။ မလုပ်ပါနဲ့ ပြောလို့မရဘူး။ စားရေးသောက်ရေး အနီးကပ်ဂရုစိုက်တယ်။ ငွေရေးကြေးရေးကိစ္စ သူ လိုက်လုပ်ပေးတယ်။

ကြာတော့ သူ့ကို ကျွန်မသံယောဇဉ် ဖြစ်လာခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက် မကြာဘူး။ သူက လက်ထပ်ခွင့်တောင်းလာတယ်။ သူကလည်း ချွေးဆိုရင် မမှားဘူး။ လူပျိုကြီး ပညာတတ်ပဲ။ ကျွန်မက ကျွန်မရဲ့ ဘဝဖြစ်စဉ် အားလုံးကို မချွင်းမချန် ပြောပြတော့ ...

သူက ကျွန်မကို သနားတယ်တဲ့။ ချစ်ပါတယ်တဲ့။

သူ့ဘဝမှာ ဒီလိုအပြစ်အနာအဆာတွေ အရေးမကြီးဘူးတဲ့။

မရွှေစာ ဖောက်ပြန်လို့ဖြစ်ရတာ မဟုတ်ဘူး။

အချစ်ကံ၊ အိမ်ထောင်ရေးကံ မကောင်းလို့ ဖြစ်ရတာပါ။ ကျွန်တော် နားလည်တယ်။ မရွံ့ဘူး၊ မမုန်းဘူး၊ မစက်ဆုပ်ဘူးတဲ့။

ရှင်နဲ့ ကျွန်မညားပြီးမှ ကွဲရင်ရောလို့မေးတော့ ...

ကျွန်တော်က မရွှေစာဦးကို လုံးဝ စွန့်ပစ်မသွားဘူး။ မရွှေစာဦးက ကျွန်တော့်ကိုစွန့်ပစ်ခဲ့ရင် မရွှေစာဦးရဲ့ဓာတ်ပုံကို ရင်မှာပိုက်ပြီး ပြန်သွားပါမယ်တဲ့။

ကြိုက်တယ် ...။ ဒီဒိုင်ယာလော့(ခ်)နဲ့တင် ကျွန်မ ကြွေသွားတယ်။ သူ့ကို ကျွန်မ လက်ထပ်လိုက်တယ်။ သူက အသားသပိတ်ရောင်နဲ့လူ။

ကျွန်မက ကြွေရုပ်လို ဖွေးဖွေးလှလှ။

အများအမြင်မှာ မလိုက်ဖက်လှပေမယ့် ကျွန်မ သူ့ကို မင်္ဂလာဦးညမှာပဲ ရွဲ့ယမ်းနှစ်သက်သွားရတယ်။

အင်း ... သူဟာ တကယ့်ယောကျ်ားကောင်း လူစွမ်းလူသန်ပဲ။ သူ့မှာ အပြစ်ဆိုစရာ မရှိပါဘူးရှင်။ သူ ကျွန်မရဲ့စိတ်အလိုကို သိနေတယ်။

ချစ်စရာကောင်းအောင်၊ ကြိုက်စရာကောင်းအောင် ပြုစုတယ်။

တစ်ညမှာ ကျွန်မ အလွန်ထူးဆန်းတဲ့အိပ်မက်ကို မက်ခဲ့တယ်။

ကျွန်မသေသွားတာ။ ကျွန်မ အလောင်းထည့်ထားတဲ့ခေါင်းကို ဦးခေါင်းမှာ ချိုနှစ်ခုပါတဲ့ ငရဲသားလို လူမည်းကြီးတွေက ထမ်းပြီး ငရဲပြည်ကို ခေါ်သွားတာတဲ့။

ဒီမှာ ကျွန်မက မသေဘဲ ခေါင်းထဲကနိုးလာပြီး အော်ပါရော။

"ကျွန်မကို ဘယ်ပို့မှာလဲ ဟင်"

"ငရဲပြည်"

"အိုး ... ကျွန်မ ငရဲပြည်ကို မလိုက်ဘူး။ လူ့ပြည်ကို ပြန်ပို့ပေး"



www.burmeseclassic.com

www.burmeseclassic.com



"မပို့ဘူး။ နင်က ကာမဂုဏ်ဥမ္မတက္ကော နင့်ကို ငရဲတောမှာ မီးမြိုက်ရမယ်။ လာ ..."

ကျွန်မ ခေါင်းထဲက ရုန်းကန်တယ်။ သူတို့က ခေါင်းကိုမ,ပြီး မီးလျှံရဲရဲ ငရဲတွင်းကို ပစ်ချတယ်။

ငရဲတွင်းက မီးတောက်မီးလျှံများက ကျွန်မကို လှမ်းဟပ်ဆွဲခေါ်နေတယ်။ ပူလိုက်တာ ... အမလေး ... အဘလေး ... မောင် ... မောင်ရေ ... အစ်ကိုရေခေါ် ... ကယ်မည့်သူ မည်သူမှမရှိဘူး။

ငရဲပြည်က အော်သံခေါ်သံတွေ ကမ္ဘာပေါင်းများစွာ ပျက်နေသလိုပဲ။ နောက်ဆုံး ပါးစပ်ကနေ 'ဘုရား ... ဘုရား' တရင်း ကိုမင်းလကျော် ပဋ္ဌာန်းတက်တုန်းက သက်န်းလှူဖူးတာလေး သတိရ။

ကိုတရုတ်ဖြူနဲ့ မန္တလေးမဟာမြတ်မုနိဘုရား ရွှေချတာ၊ ကျိုက်ထီးရိုး ဘုရား ရွှေသင်္ကန်းကပ်လှူတာ ပြေးသတိရလိုက်ပြီး ...

ဘုရား၊ တရား၊ သံဃာကို သတိရလိုက်ရော။

မီးတောက်မီးလျှံက တွန်းလိုက်သလိုဖြစ်ပြီး မိုးပေါ်ကို လွင့်စင်တက်ရာက အိပ်ရာပေါ်ပြုတ်ကျလို့ လန့်နိုးမှ အိပ်မက်မှန်းသိရပြီး တစ်ကိုယ်လုံး ချွေးစို ရွှဲနေတယ်။

ဒီမှာ အသိတရားတစ်ခုကို ရလိုက်တယ်။

ငရဲပြည်ကို ရောက်သွားတာရယ်။

နင် ငရဲကိုပဲ သွားရမယ်တဲ့။

နင်က ကာမဂုဏ်ဥမ္မတက္ကောတဲ့။

ဘုရားရေ ... အဲဒါ ကာမဂုဏ်အရူးလို့ ပြောတာပဲ။ ငါရူးနေတာလား အိုး ... ဟုတ်တယ်။ ငါ ဒီအမိုက်မှောင်အဝိဇ္ဇာနွံထဲမှာ နစ်နေတာ။ နစ်လို့နစ်မှန်း မသိဘူး။ ငါမှားပြီ။ ဒီအတိုင်းဆို ငါသေရင် ငရဲကိုသွားရမှာပဲ။ ဒါ ငါ့ကို သတိပေးနေတာ။

အဲဒီလို အသိတရားရသည့်နေ့ကစပြီး ကျွန်မ လင်သားလုပ်သူ ကိုတရုတ် ဖြူနဲ့ အတူမအိပ်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုဖြူ အရမ်းအံ့ဩနေတယ်။ ကျွန်မက ဘုရားတရားအလုပ်ကို အာ
ရိုက်ပြီး လုပ်နေမိတယ်။ အဓိဋ္ဌာန်ပုတီးစိပ်တယ်။ ဝိပဿနာတရားကို ရှုမှ
တယ်။ ဘုန်းကြီးကျောင်းကို သွားတယ်။

ကိုဖြူ ကျွန်မရဲ့ ပြောင်းလဲမှုကိုကြည့်ပြီး စဉ်းစားမရဖြစ်နေတယ်။ သူ
မအိပ်တော့ဘူးလားတဲ့။ မအိပ်ချင်တော့ဘူးလို့ ပြောတော့ သူ့ကို မုန်းလို့လား။
လို့လားတဲ့။

ကျွန်မ ကိုဖြူကို အချစ်ဆုံးပါလို့ပြောတော့ သူ ကျေနပ်တယ်။ ကျွန်
ကာမဂုဏ်တော့ ကြောက်တယ်လို့ပြောတော့ ကိုဖြူက နားလည်လက်ခံတယ်။ သူ
ကျွန်မကို တရားစခန်းတွေ လိုက်ပို့ပေးတယ်။

ကျွန်မ ကိုဖြူ့ကို ရှိသမျှ စည်းစိမ်ဥစ္စာပုံပေးပြီး ယောဂီဝတ်ဘဝနဲ့ ပုပ္ပ
တောင်ရှိရာကို သွားခဲ့လိုက်တယ်။

ကိုဖြူ မျက်ရည်ကျနေတာကို မြင်ပြီး စိတ်မကောင်းဖြစ်ရပေမယ့် ကျွန်
ရဲ့ နောင်တမလွန်ဘဝကူးကောင်းဖို့ ခုနောင်တရချိန် ကျန်းမာချိန်မှာ အားသွ
ခွန်စိုက် လုပ်ရတော့မယ်။

ကိုဖြူကို မုန်းလို့ မဟုတ်ပါဘူး။

မရွှေစာဦး လင်တစ်ကျိပ် ကိုတရုတ်ဖြူ နောက်ဆုံးပိတ်နဲ့ အဝိဇ္ဇာခေါ
ပြီး သံသရာဘီးကို ရပ်ပါရစေတော့။

မောင်ညိုမှိုင်း(သန်လျ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# [၁]

❑

"ချပေဟ့ ... ချကွ ..."

"အဲဒီညီအစ်ကိုကို မလွှတ်စေနဲ့"

"ဒီကောင်ညီအစ်ကို လူပါးဝနေတာ ကြာပြီ"

မကွေးတိုင်း ပွင့်ဖြူမြို့နယ်၊ ပွင့်ဖြူမြို့အလယ်၊ လမ်းဆုံးလျက် စစ်ရုံးရှေ့ ဖြစ်၏။ ပွင့်ဖြူမြို့ လျှပ်စစ်ရုံးနှင့် ရဲစခန်းမှာ ဓာတ်တိုင်သုံးတိုင်သာလျှင် ခြား ရန်ပွဲမှာ အကြီးအကျယ်ဖြစ်နေ၏။

ငါးယောက်နှင့်နှစ်ယောက် အရက်ဆိုင်ထဲတွင် အရက်သောက်နေကြရာ စကားပြောမှားကြပြီး ရန်ဖြစ်ကြခြင်းဖြစ်၏။

ညီအစ်ကိုနှစ်ယောက်မှာ ဆိုင်းဆရာဦးတင်စိုးနှင့် သူ၏ညီ တင်မိုးတို့ဖြစ်ပြီး ငါးယောက်မှာ ပွင့်ဖြူမြို့နယ်အတွင်းမှ လောင်းကစားဒိုင်များဖြစ်ကြသော လူထူး ခွေးသိုး၊ မျောက်ညိုနှင့် စံလင်းတို့ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com



ငင်းငါးယောက်မှာ ပွင့်ဖြူ၊ စလင်း၊ လယ်ကိုင်း၊ ကျောင်းတော်ရာနှင့် စကုမြို့နယ်အတွင်းတွင် ကျင်းပသော ဘုရားပွဲမှန်သမျှ တာဝန်ယူ လုပ်ကိုင်ကြ သူများဖြစ်ပြီး လေးကောင်ဂျင်၊ ခြောက်ကောင်၊ ကြက်ပွဲ၊ ဘော်လီဘောပွဲ၊ ကျေးရွာ ဘောလုံးပွဲနှင့် နွားအပြေးပြိုင်ပွဲများ ကျင်းပပြီး လောင်းကစားဒိုင်များ လုပ်ကိုင် စားသောက်နေသော လူမိုက်ခေါင်းဆောင်များဖြစ်ကြ၏။

ကိုတင်စိုးမှာ စိန်သရဖူဇာတ်ပွဲမှ ခေါင်းဆောင်ဆိုင်းဆရာဖြစ်ပြီး အထက်ပါ လူမိုက်များလုပ်သမျှပွဲတိုင်းတွင် စိန်သရဖူဇာတ်ကို ငှား၍ ကလေရာ ငင်းတို့ (၇) ယောက်မှာ ပြောမနာဆိုမနာသော သူငယ်ချင်းအပေါင်းအသင်းများဖြစ်ကြသော် လည်း ယခုအချိန်တွင် မည်သို့သော အကြောင်းကြောင့်မသိ။ ဓားတစ်ပြက်၊ တုတ် တစ်ပြက်သူသေ၊ ငါသေချနေကြပေပြီ။

ဆိုင်းဆရာတင်စိုးရဲ့ညီ၊ တင်မိုးဆိုသူကလည်း ခေသူမဟုတ်။ ပွင့်ဖြူနယ် တစ်ဝိုက်တွင် လူမိုက်တစ်ယောက်ဖြစ်၏။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင်လည်း ကောင်း၊ အရက်ဆိုင်တစ်ဆိုင်တွင်လည်းကောင်း၊ သောက်စားနေရင်းက ဘာရန်ငြိုး မှမရှိပါဘဲ ငင်းအား စေ့စေ့သွားကြည့်မိပါက ...

"ဘာကြည့်တာလဲ၊ ချချင်လို့လား၊ မိုက်လို့လား"

လို့မေးပြီး ခါးကြားတွင် အမြဲဆောင်ထားသော ဓားမြှောင်ဖြင့်၊ ဘာမပြော ညာမပြော ထိုးသတ်သူဖြစ်၏။

တင်မိုးအတွက် လူတစ်ယောက်အသက်သတ်ဖို့ဆိုတာ မခဲယဉ်း၊ ထောင်ကျ ပေါင်းလည်း များခဲ့ပြီး 'တင်စိုးနဲ့ တင်မိုးဟော့' ဆိုလျှင် ပွင့်ဖြူမြို့နယ်အတွင်းတွင် ဖိန့်ဖိန့်တုံအောင် ကြောက်ကြရသူများဖြစ်၏။

ယခု သူတို့ (၇) ယောက် ဗိုလ်လုကြပြီ။ ငါးယောက်က ကြံရိုးများဖြင့် တင်စိုးတို့ကို ရိုက်၏။ တင်စိုးတို့ ညီအစ်ကိုကလည်း ကြံရိုးများကို ဖမ်းပြီး လက်သီး ဖြင့် ထိုး၏။

ဗီဒီယိုဇာတ်ကြမ်းကားတစ်ကား ကြည့်ရသလို အလွန်ပင်ကြည့်ကောင်း သဖြင့် လူအများဝိုင်းအုံကြည့်၏။ မီးသတ်များ ရဲများလည်း ရောက်လာကြပြီ။

"ဟော့ ... တင်စိုးတဲ့ကွဲ၊ မှတ်ထား။ မိုက်တဲ့ကောင် ထွက်ခဲ့စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"သေချင်တဲ့ကောင် ထွက်ခဲ့စမ်း"

လူသေအလောင်း တစ်လောင်းအပေါ်တွင် မတ်တတ်ရပ်လျက် ညာဘက်လက်မှ သွေးများတစ်စက်စက်ကျနေသော ဓားမြှောင်ကိုကိုင်ပြီး ရပ်လျက် အော်နေ၏။ လူမိုက်လေးယောက် သူတို့လူဓားထိုးခံရ၍ ထွက်ပြေးသွားကြ၏။

သေဆုံးသွားသူမှာ (စံလင်း) ဖြစ်သည်။ တင်စိုး၏ ညီတင်မိုးက လူသေအလောင်းပေါ်တွင် ရပ်၍ အရူးတစ်ယောက်လိုအော်နေသော အစ်ကိုဖြစ်သူ တင်စိုး၏အနားတွင် ရပ်နေ၏။

"ဟော့ . . . တင်စိုး၊ မင်းလက်ထဲက ဓားမြှောင်ကို ချလိုက်စမ်း၊ မချရင် မင်းကို ငါ ပစ်သတ်လိုက်မယ်"

ပွင့်ဖြူနယ်ထိန်း၊ ဒုလုံခြုံရေးမှူး၊ ကိုဇော်ဇော်က ခြောက်လုံးပြူးဖြင့် ချိန်ပြီး ပြော၏။ ထိုင်းဆရာ ကိုတင်စိုးနှင့် ညီတင်မိုးတို့က အေးအေးဆေးဆေး အဖမ်းခံလိုက်ကြ၏။ ကိုဇော်ဇော်သည် ကိုတင်စိုးတို့ ညီအစ်ကိုနှစ်ယောက်အား စခန်းသို့ ဖမ်းသွား၏။

သေဆုံးသူ စံလင်း၏အလောင်းကို ရဲတို့၏ လုပ်ထုံးလုပ်နည်းအတိုင်း ဓာတ်ပုံရိုက်ခြင်း၊ သေဆုံးနေပုံကို မြေဖြူခဲဖြင့် လဲကျနေသော ပုံသဏ္ဌာန်အတိုင်း ရေးဆွဲထားပြီး ဆေးစာရေး၍ ဆေးရုံသို့ ပို့လိုက်လေတော့သတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

## လူမိုက်ဆိုတာ ချိုနဲ့လား

❑

"ကိုညိုစိမ့်ရေ . . . ဒုက္ခတော့ ရောက်ပြီဗျ"

"ဗျာ . . ."

"ဘာဖြစ်လာပြန်တာလဲ ကိုထွန်းဝေ"

"ခင်ဗျားဆိုင်းဆရာ ကိုတင်စိုး လူသတ်မှုနှင့် အဖမ်းခံရပြီ"

"ဗျာ . . . ကိုတင်စိုး လူသတ်လိုက်တယ်"

"ဟုတ်တယ်၊ ရဲတောင် မထိန်းနိုင်တဲ့ ဟိုလူမိုက်ငါးယောက်နဲ့ ဖြစ်တာ။ လူမိုက်ခေါင်းဆောင် (စံလင်း) ကို သတ်လိုက်တယ်လေ"

"မြတ်စွာဘုရား၊ ဒုက္ခတော့ လှလှကြီး တွေ့ပါပေါ့လား"

ဩော် . . . လူတွေ လူတွေ၊ လူလို့ခေါ်ဆိုတဲ့။ ခြေထောက်နှစ်ချောင်း လက်နှစ်ဖက်နဲ့ ပခုံးနှစ်ခုကြား ခေါင်းပေါက်တဲ့လူတွေ။



www.burmeseclassic.com

www.burmeseclassic.com



သူများအပူထက် ကိုယ့်အပူကိုပဲ ပူတယ်လို့ ထင်တဲ့လူတွေ။

လူသတ်မှုနဲ့ (ထောင်ကျမလား)၊ (သေစားသေစေ) အပြစ်ခံရမလားလို့ မသိရသေးတဲ့ ကိုတင်စိုးကိုမပူဘဲ မနက်ဖြန် စလင်းမြို့အနောက်ဘက် စေတုတ္တရာ သို့သွားသော ကားလမ်းဘေးလက်ယာဘက် စလင်းမြို့နှင့် (၁၂) မိုင်အကွာ စလင်း ချောင်းအနီး (ဒပာတ်မြိုင်) အမည်ရှိရွာမှ စုပေါင်းရှင်ပြုအလှူပွဲတွင် ကျွန်တော် ၏ (စိန်သရဖူ) ဇာတ်အဖွဲ့ သွားရောက်ကပြရမည်ဖြစ်၏။

ကျွန်တော်၏ ဇာတ်တွင် ယခုလူသတ်ခဲ့သော (ကိုတင်စိုး)က ခေါင်းဆောင် ဆိုင်းဆရာ၊ သူမပါလျှင် ဆိုင်းတီးမည့်သူမရှိ။ ကျွန်တော် ဒုက္ခလှလှကြီး တွေ့ရချေ ပြီဖြစ်၏။

ကိုတင်စိုးကို ထိုရွာက ကြိုက်၍ ငှားခြင်းဖြစ်၏။ ကိုတင်စိုးသည် သူ့ဆိုင်း တီးနေချိန်တွင် (အရက်) ပုလင်းကို အဆက်မပြတ်ထောင်ပေးထားပါက ဆိုင်းကို အလင်းတီးသူဖြစ်သည်။

ယခုလာရောက်သတင်းပေးသူ (ထွန်းဝေ) ဆိုသူက ပွင့်ဖြူမြို့နယ် လျှပ်စစ် ဌာနတွင် အကြီးဆုံးတာဝန်ခံအရာရှိဖြစ်၏။

ကိုထွန်းဝေနှင့် ကျွန်တော်က ငယ်ပေါင်းကြီးဖော်များဖြစ်သည်။

မကွေး အထက(၁) ကျောင်းတွင် ကျောင်းနေဘက် သူငယ်ချင်းဖြစ် သည်။ ကျောင်းမှာ ကပွဲပြုလုပ်လျှင် သူနှင့်ကျွန်တော်က ပြဇာတ်ရေးပြိုင်ကြပြီး သူကပြဇာတ်တစ်ထုပ်။ ကျွန်တော်က ပြဇာတ်တစ်ထုပ်ရေးပြီး ကိုယ်တိုင်မင်းသား သုပ်ခါ ကကြ၏။

ကျောင်းအုပ်ကြီးမှာ ဆရာဦးညာဏ်လင်းဖြစ်သည်။ အလွန်အဆို၊ အက ဝါသနာပါ၏။ ဘောလုံးကန်ရာတွင် တိုင်းနှင့်ပြည်နယ်ပါ၏။ သဘောကောင်းပြီး ကျွန်တော်တို့ကို ချစ်၏။

ကျွန်တော်၏ ဇနီး အမာစိန်သည် ထိုစဉ်က ကျွန်တော်တို့နှစ်ယောက်ရေး သော ပြဇာတ်များတွင် မင်းသမီးလုပ်၏။ ပြဇာတ်မှာ တစ်ထုပ်ပြီးမှ တစ်ထုပ်က လေရာ နှစ်ထုပ်လုံးကို အမာစိန် မင်းသမီးလုပ်၏။

အမာစိန်၊ ထွန်းဝေနှင့် ကျွန်တော်တို့မှာ တစ်အူထုံ့ဆင်းမောင်နှမ အရင်း သို့ချစ်ကြသည်။ အမာစိန်သည် သီချင်းဆိုလည်း ကောင်း၏။ စာလည်း တော်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ၏မိခင်ဖခင်တို့မှာ မကွေးမြို့တွင် (ဦးစောမောင် + ဒေါ်အေးသောင်) ရွှေပန်းထိမ် ပိုင်ရှင်ဆိုလျှင် မသိသူ ရှားပါသည်။ အတော်ချမ်းသာသော မိသားစုဖြစ်ပါသည်။

အမာစိန်သည် ကျောင်းစာတော်သည်။ (၇)တန်းမှ (၉)တန်းထိ စကောလားရှပ် ရရှိပြီး အစိုးရထောက်ပံ့ကြေးဖြင့် ကျောင်းတက်နေသူဖြစ်၏။

တစ်နေ့ ထွန်းဝေနှင့် အမာစိန်တို့ သမီးရည်းစားဖြစ်သွားကြပြီး ချစ်သူ များ ဖြစ်သွားကြပြီဟု သိသောအခါမှ ကျွန်တော်က အမာစိန်ကို ချစ်မိနေမှန်းသိသွား လေ၏။

သွားအတူ၊ စားအတူ ကျောင်းတက်လည်း အတူသုံးယောက်သား အတူတူ တက်နေရာ ဤသို့လင်ချစ်၊ မယားချစ်၊ ရည်းစားချစ်၊ ချစ်နေမှန်း ကျွန်တော်မသိ။ ချစ်တော့ချစ်သည်။ ဘယ်လိုချစ်သည် ကျွန်တော်မသိ။

ထွန်းဝေနဲ့ အမာစိန်ချစ်နေပြီဆိုတော့ ကျွန်တော် မနာလိုဖြစ်ရပြီ၊ ဒီကောင် လူပါးဝလို့ ငါ့အပေါ် ဒီလိုလုပ်လို့ ဘယ်ရမလဲဟု မခံချင်စိတ်ဖြစ်မိ၏။

ပြဇာတ် က,ပြီးသွားသောအခါတွင် အမာစိန် ငါနဲ့လိုက်ခဲ့ဟု ပြောပြီး ကျွန်တော့် မိဘများရှိရာ နတ်မောက်မြို့သို့ ခေါ်သွား၏။

ထိုစဉ်က ကျွန်တော်၏အဖေ လူဆိုးထိန်းမောင်ကြီးသည် နတ်မောက်မြို့ ဌာနအုပ်ဖြစ်၏။

သူငယ်ချင်းက ခေါ်သဖြင့် အမာစိန်မှာ ဘုမသိ၊ ဘမသိလိုက်ပါ၏။

နတ်မောက်မြို့သို့ ရောက်သော် ...

"အဖေနဲ့အမေ၊ ကျွန်တော် မိန်းမခိုးလာပြီ"

ဟုပြောကာ အမာစိန်ကို အဖေတို့ထံ ထိုးအပ်ခဲ့ပြီး ကျွန်တော်က မကွေး ကျောင်းတွင် ကျောင်းပြန်တက်ခဲ့၏။

"ဟေ့ကောင် ... ထွန်းဝေ၊ မင်းရည်းစားကို ငါခိုးသွားပြီး ငါ့အဖေဆီ အပ်ခဲ့တယ်"

ဟု ထွန်းဝေကိုပြောရာ ထွန်းဝေ တော်တော်ကလေး စိတ်ဆိုးခဲ့သော် လည်း ညီအစ်ကိုမောင်နှမလို ချစ်ကြလေရာ အပြစ်မတင် ချစ်ခင်စွာဖြင့် သုံးယောက် ဆက်လက်ပေါင်းသင်းခဲ့ပါသည်။

သံယောဇဉ်ကြိုးမှာ မမြင်ရသော်လည်း အလွန်ခိုင်မြဲသောကြိုးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဝေသည် လျှပ်စစ်အရာရှိကြီး ဖြစ်နေပါသော်လည်း ကျွန်တော်စာတ်ထောင်သောအခါ ပြဇာတ်များရေးသားပြီး ကျွန်တော်၏ဇာတ်တွင် သူကိုယ်တိုင် ဝင်ကနေလေ၏။

အစိုးရအရာရှိဖြစ်သော်လည်း ညတွင် ကျွန်တော်၏ဇာတ်၌ ညကပြီး နံနက်တွင်းချင်း ပွင့်ဖြူသို့ပြန်ကာ ရုံးအလုပ်ဆက်၍လုပ်၏။

ကျွန်တော်၏ ဇာတ်ကလည်း ဝေးဝေးသွားမကရ။ ပွင့်ဖြူမြို့ ပတ်ဝန်းကျင်အနီးချင်းပြန်၍ ရသောနေရာများဖြစ်၍ ကျွန်တော်တို့ သုံးယောက်မှာ ငယ်ငယ်လေးကလိုပင် နေကြ၊ ထိုင်ကြ၏။

ယခု ကျွန်တော်၏ဇာတ်က မနက်ထွက်ရမည်ဖြစ်ရာ ဆိုင်းဆရာ မပါ၍မဖြစ်၊ ထို့ကြောင့် ပူပင်ကြောင့်ကြများဖြင့် ကျွန်တော့်ထံလာရောက် သတင်းပေးခြင်းဖြစ်၏။

"ကိုင်း . . . ထွန်းဝေ၊ လာမဲ့ဘေး ပြေးတွေ့တာပဲ ကောင်းတယ်။ ရှင်တို့သုံးယောက် ပွင့်ဖြူတရားသူကြီး ဒေါ်သူဇာဆီသွားပြီး ကိုတင်စိုးကို အာမခံပြီး ထုတ်ကြ"

လို့ ကျွန်တော့်ဇနီးက ပြောသည်။

"အေး . . . ဟုတ်တယ် အမာစိန်၊ နင်ပြောမှ ငါသတိရတယ်"

ဟု ထွန်းဝေက အားရဝမ်းသာပြောသည်။

"အောင်မယ်လေး . . . ဟုတ်လိုက်ကြတာ။ ငှက်ပျောသီးအခွံနွာသလောက်လွယ်တယ်မှတ်သလားဗျ"

"မသေမချင်းမှတ်ထား။ လူသတ်မှုမှာ ဘယ်တော့မှ အာမခံမပေးဘူး"

ကျွန်တော်က စိတ်ပျက်လက်ပျက် ပြောမိသည်။

"ဘယ်တော့မှ မပေးပေမဲ့ အခုပေးရမှာပေါ့"

ထွန်းဝေက ပြောပြ၏။

"နို့ . . . နေစမ်းပါဦး။ မင်းက တရားသူကြီးနဲ့ ခင်လို့လား"

ကျွန်တော်က ထွန်းဝေကို ပြောမိသည်။

"ဟော့ကောင် . . . သူ့အိမ်ကို ငါက မီတာချပေးထားတဲ့အပြင် ဧည့်သိန်းခန်းက မီးတွေ အလကားတပ်ပေး၊ ဆင်ပေးထားတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"လာ . . . မင်း ငါနဲ့လိုက်ခဲ့။ ဟိုရောက်ရင် မင်းကို မိတ်ဆက်ပေးမယ်၊ မင်းရဲ့ထောက်လှမ်းရေးကတ်လည်း ယူခဲ့"

ထိုစဉ်က ကျွန်တော် မကွေးမြို့နယ် စက်ချုပ်(သ/မ) ဥက္ကဋ္ဌ၊ စာပေနှင့် စာနယ်ဇင်း (ဥက္ကဋ္ဌ) အဖြစ် တာဝန်ယူနေသည့် အချိန်ဖြစ်သည့်အပြင် မောင်နှ စာပေနှင့် ကျားခေါင်းကားဂိတ်မှူးလည်း လုပ်နေချိန်ဖြစ်၏။

ပွင့်ဖြူမြို့နယ် လျှပ်စစ်မှူးနှင့် ထောက်လှမ်းရေးတာဝန်ခံနှစ်ယော တို့ သွားပြီး ကိုတင်စိုးအား ဤဘုရားပွဲအပြီးတွင် ဆက်ဆက်ပြန်ပို့ပါမည်ဟု တာဝ ခံခဲ့ရာ ၎င်းပွင့်ဖြူတရားသူကြီး(ဥက္ကဋ္ဌ) ဒေါ်သူဇာသည် သူ၏အမည်ဖြင့်ပင် ကိုတင်စိုး အား အာမခံပြီး (၂) ရက် လွှတ်လိုက်လေတော့၏။

✿ ✿ ✿

[၃]

**လက်ဦးဆရာ**

❑

ဒဟတ်မြိုင်ရွာသို့ ကျွန်တော်တို့ဇာတ် နံနက်(၉)နာရီတွင် ရောက်၏

အလှူမဏ္ဍပ်ထဲတွင် ဆိုင်းဆင်ပြီး တီးရာ ကလေးများသည် ပြော ဆိုမရ အလှူမဏ္ဍပ်ထဲတွင် ဆော့နေကြ၏။

အဆိုးဆုံးကလေးမှာ အလှူရှင် ဦးလှ၊ ဒေါ်စိန်တုတ်တို့၏ တစ်ဦးတည်း သော သား (၁၂) နှစ်သားအရွယ် မောင်ဖေငယ်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အသက် (၄၀) ကျော်မှကံပေါ်ပြီး ရလာသော မောင်ဖေငယ်အား ဒေါ်တုတ်သည် သူ၏အသက်ထက်ပို၍ ချစ်၏။

လယ်တွေ၊ ချောင်းတွေ၊ စပါးစက်တွေပိုင်သဖြင့် လွန်စွာ ချမ်းသာ၏။ သူတို့လင်မယားတစ်သက်တွင်သာမက၊ သူ၏ သားတစ်သက်မှာပင် စား၍မကုန်အောင် ပစ္စည်းများရှိ၏။

သားကလေးအား ချစ်လွန်းသဖြင့် မျက်စိအောက်က အပျောက်မခံ၊ ကျောင်းမထား၊ အိမ်မှာပင် ဆရာကိုခေါ်၍ စာသင်စေ၏။

ကျောင်းထားလျှင် ကျောင်းမှ သူ့ထက်ကြီးသော ကျောင်းသားများက လုပ်မှာကြောက်လို့တဲ့။

ဆရာ၊ ဆရာမများက သူ့သားကိုရိုက်မှာ ကြောက်လို့တဲ့။ ကျောင်းလုံးဝမထား။ ဘာတွေလုပ်နေနေ၊ ငွေထုပ်ပိုက်ပြီး သူ့၏သားအတွက် လျော်ဖို့ အဆင်သင့်။

"ငါ့သား . . . ဘယ်သူ့ကိုမှ ကိုယ့်အပေါ် ကတုံးပေါ်ထိပ်ကွက် မလုပ်စေနဲ့။ အလုပ်မခံနဲ့။ ကိုယ်ကသာ ဦးအောင်ထိုး၊ ဦးအောင်သတ်၊ ဦးအောင်ရိုက်"

"ငါ့သားနောက်မှာ အမေရှိတယ်။ သုံးလို့မကုန်တဲ့ ငွေတွေရှိတယ်။ ငါ့သားအတွက်ဆို အမေ့အသက်ပါပေးဖို့ ဝန်မလေးဘူး"

"ငါ့သား မခံရစေနဲ့။ ဦးအောင်သာဆော်"

ဟု လူမှန်းသိတတ်စအရွယ်မှစ၍သင်ကြားပို့ချပေးခဲ့၏။

ထို့အပြင် မြင်းကို ကြိုးတပ်ပေးလိုက်သကဲ့သို့ စလင်းမြို့မှ သိုင်းဆရာကြီးအား ညနေရောက်တိုင်း သားကို ဗန်တို၊ ဗန်ရှည်သင်တန်းများ ပို့ချသင်ယူစေခဲ့ရာ အတောက်တခေါက် သိုင်းပညာတတ်ထားသော မောင်ဖေငယ်သည် မည်သူ့ကိုမှ သူမထင်တော့။

ထစ်ခနဲ စကားမများလိုက်နဲ့။ မောင်ဖေငယ်၏လက်ချက်ကြောင့် တစ်ဖက်သူ ဆေးရုံတက်ရပြီ။

ကလေးချင်းရန်ဖြစ်၍ ခံရသည့်မိဘများက လာရောက်တိုင်တန်းသော အခါ ဒေါ်တုတ်သည် ချေချေငံငံမပြော။ ငွေလျော်ပေးပြီး သား၏ကိစ္စကို ဖြေရှင်းပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နောက်မှာ အမေနဲ့ငွေရှိတယ်"

ဆိုသည့် အသိအမှားကို လက်ဦးဆရာမိခင်က သင်ကြားပေးခဲ့သဖြင့် မောင်ဖေငယ်၏ အသိတရားတွင် ငါ ဘာလုပ်လုပ် ဖြစ်တယ်ဟူသည့် အသိအမှား ရှိနေလေ၏။ လမ်းမှားကို လမ်းမှန်ဟု ထင်မြင်ယူဆ၍ နေလေတော့၏။

မောင်ဖေငယ်၏ စရိုက်ကြမ်းတမ်းမှု၊

မောင်ဖေငယ်၏ လက်ယဉ်မှု၊

မိခင်၏ ရိုင်းစိုင်းမှု၊

မိခင်၏ ငွေဂုဏ်၊ရွှေဂုဏ်မောက်မှု၊

မိခင်၏ သားသမီးအပေါ် သွန်သင်ဆုံးမမှုများကို မကြိုက်သဖြင့် မောင်ဖေငယ်တွင် အပေါင်းအသင်းမရှိတော့။

ကစားဖော်ကစားဖက် ကလေးအပေါင်းအသင်းမရှိတော့။

ထို့ကြောင့် မောင်ဖေငယ်သည် မိမိတို့အိမ်တွင်ရှိသော သူရင်းငှား အလုပ်သမားများဖြင့်သာ ပေါင်းသင်းဆက်ဆံရတော့၏။ နွားကျောင်းသားများဖြစ်သော အိမ်မှအလုပ်သမားနှင့် နွားကျောင်းလိုက်သွားသည်။

နွားကျောင်းသွားရာတွင် နွားစားကျက်ရှိသော စလင်းချောင်း၏ ဟိုဘက်ကမ်းကို သွားရောက်ကျောင်းရ၏။

ဟိုဘက်မှာတွင် ထန်းတောကြီးရှိ၏။ ထန်းတောတွင် ထန်းရည်ဆိုင်ရှိရာ (၁၂) နှစ်သား မောင်ဖေငယ်သည် နွားကျောင်းသားသူရင်းငှား အလုပ်သမားနှင့် ခွက်လယ်ကျသောက်တတ်နေပြီဖြစ်၏။

ညနေ နွားရိုင်းသွင်းချိန်တွင် မူး၍ပြန်လာသော သားမောင်ဖေငယ်ကို ကြည့်၍ ဖခင်မှာ စိတ်ဆိုးခဲ့သလောက် မိခင်ဒေါ်တုတ်က ...

"ငါ့သား လူရည်လည်နေပြီ။ ယောက်ျားပီသလာပြီ"

ဟု ဝမ်းသာပီတိဖြစ်နေ၏။

ဒေါ်တုတ်သည် သားဖြစ်သူ မောင်ဖေငယ်အား ပုံသွင်းမကောင်းခဲ့။ ပဲ့ကိုင် မကောင်းခဲ့။ မောင်ဖေငယ်အပေါ် ချစ်ရာမရောက်၊ နှစ်ရာရောက်နေတော့၏။

ဦးလှသည် ဒေါ်တုတ်ကို ချစ်သကဲ့သို့ သားကိုလည်း ချစ်၏။ ဥချစ်မှ အမိကို ချစ်သည်ဆိုသောစကားပုံကို ပြောင်းပြန် မကိုချစ်၍ ဥကိုချစ်သော ဦးတုတ်



www.burmeseclassic.com

www.burmeseclassic.com



သည် သူ့ဇနီးလုပ်သမျှ ပြောသမျှ အမှန်ဟုတွက်ကာ ဒေါ်တုတ်၏သားအပေါ် ချစ်နေမှုမှာ အများပါဟု တစ်ချက်ကလေးမှ မပြောခဲ့။ မဆိုခဲ့။ မသိကျိုးကျွံ ခေါင်း နှုတ်ပိတ်နေလေ၏။

မောင်ဖေငယ်သည် ရွာတွင်မနေဘဲ တောထဲတွင် နွားကျောင်းလိုက် သွားသည်ကများ၏။

ထန်းရည်သောက်ရသည့်အရသာ၊ ကျွဲကြီးစီးပြီး စလင်းချောင်းကို ဖြတ်ရ သည့်အရသာကို စွဲလမ်းနေ၏။

ယနေ့ ရွာတွင် အလှူရှိသဖြင့် ကျွဲကျောင်းနွားကျောင်းမလိုက်ဘဲ အလှူ မဏ္ဍပ်ထဲတွင် မျောက်ရှုံးအောင်ဆော့နေ၏။

ကိုတင်စိုးသည် အလှူနှင့်ပတ်သက်သော သီချင်းများကို ဆိုလည်းဆို တီးလည်းတီးလုပ်နေချိန်တွင် အသံချဲ့စက်၊ စကားပြောခွက်နားသို့ မောင်ဖေငယ် လာပြီး ...

"ဟေး ... ဟေး ... ဟေး ..."

"ဝါး ... ဟား ... ဟား ... ဟား .."

ဟု လာအော်နေရာ ကိုတင်စိုး ဆိုရပြောရတီးရ အရှိန်ပျက်နေသဖြင့် မောင်ဖေငယ်ကို ဒေါပွနေ၏။

ပို၍ဆိုးသော မောင်ဖေငယ်၏ လုပ်ကွက်မှာ ရွှေချထားသော မဏ်သာ ဗန်ဆိုင်းကြီး အလှဆင်ထားသော ကျောက်များကို မိမိ၏ လက်သုံးဓားမြှောင်ဖြင့် ထိုး၍ ကလော်ပြီးထုတ်နေခြင်းဖြစ်၏။

ကျောက် ၃ လုံး ထွက်သွားပြီး ရွှေများလည်း ကွာကျလာ၏။

"ဖျောင်း ..."

"ဝုန်း ..."

"အား ..."

ကိုတင်စိုးသည် ပြောမရဆိုမရ တီးမရဖြစ်အောင်လုပ်နေသော မောင်ဖေငယ် ၏ ဇက်ပိုးကို ရိုက်ချလိုက်ရာ မောင်ဖေငယ်၏ နဖူးသည် ဆိုင်းခွေဖြင့် ဆောင့်မိပြီး နဖူးတွင် အဖုကြီးထွက်လာ၏။

"တောက် ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟင်း ... ဟင်း ..."

မောင်ဖေငယ် တောက်တစ်ချက် ပြင်းပြင်းခေါက်ပြီး ကိုတင်စိုးကို မျက်ထောက်နီကြီးဖြင့် စိန်းစိန်းကြည့်ပြီး ဒေါသကို တဟင်းဟင်းဖြင့် အံတင်းကာ မျိုချသွား၏။

ထိုသို့ ကိုတင်စိုးက မောင်ဖေငယ်၏ နားရင်းကို ခပ်ပြင်းပြင်းကလေး (အုပ်) ရိုက်ချလိုက်သည့်နောက် မောင်ဖေငယ်သည် အလှူမဏ္ဍပ်သို့ လုံးဝမလာ တော့ပေ။

ကျန်ကလေးများလည်း ကြောက်လန့်ပြီး မောင်ဖေငယ်နည်းတူ မဏ္ဍပ်ထဲ မလာကြတော့သဖြင့် ဆိုင်းကို ချောချောမောမော စိတ်ဖြောင့်ဖြောင့်ဖြင့် တီးခဲ့ရ လေတော့၏။

ထမင်းစားနားချိန် တအောင့်နားပြီး ညနေထိ ဆိုင်းကို တီးကြရပြန်၏။

ည (၆) နာရီတွင်ဆိုင်းကိုဖြုတ်ပြီး ဆိုင်းများကို ဇာတ်ခုံရှိရာသို့ ရွှေ့ကြ ရ၏။ ည (၇) နာရီတွင် ကိုတင်စိုးခေါင်းဆောင်သော ဆိုင်းအဖွဲ့မှ ဇာတ်မထွက် မီ သံရိုးတီးကြရသည်။

ပွဲခင်းကြီးထဲတွင် အလှူလုပ်သည့် ဒဟတ်မြိုင်ရွာနှင့် (၇) မိုင်ပတ်လည် ဝေးသော ရွာများမှ ပွဲကြည့်ပရိသတ်များဖြင့် ပြည့်ကျပ်နေ၏။

ကိုတင်စိုးတို့ ဆိုင်းအနီးတွင်လည်း လူများပြည့်ကျပ်နေရာ ဆိုင်းပင်ကောင်း ကောင်းတီးလို့မရ ဖြစ်နေ၏။

သံရိုးတီးသည့် အချိန်တွင် ဆိုင်းဝိုင်းကြီးထဲတွင် လက်ထောက်ဆိုင်းဆရာ ကတီးရပြီး ဆိုင်းဆရာကြီးဖြစ်သော ကိုတင်စိုးက ကြေးနောင်ဝိုင်းတွင် ဝင်ရောက် တီးခတ်ရ၏။

သံရိုးတီးချိန်တွင် ဆိုင်းဝိုင်းထဲတွင်ရှိသော ဗုံများကို သံစဉ်အဖြည့်သဘော လိုက်ပေးရပြီး ကြေးနောင်သို့မဟုတ် မောင်းဝိုင်းတို့မှ ဦးဆောင်၍ တီးပေးရသော ကြောင့်ဖြစ်၏။

ထိုသို့ ကိုတင်စိုး ကြေးဝိုင်းထဲမှဝင်၍ အလုပ်တွင် အာရုံရောက်နေစဉ် မောင်ဖေငယ်တစ်ယောက် ကိုတင်စိုးမသိအောင် ကိုတင်စိုး၏ နောက်ကျောဘက် လူ အများကြားမှ ရောက်လာပြီး ခါးကြားမှ ဓားမြှောင်ကိုထုတ်ခါ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းလားကွ၊ လူသတ်သမားတင်စိုး"

"မင်းမှတ်ထား ... ငါ့နာမည် မောင်ဖေငယ်ကွ၊ ဒီရွာမှာရှိနေတဲ့ ဂုဏ်သတင်းကို ဘယ်တော့မှ အငြိုးအနွှမ်းမခံဘူးကွ။ ဂုဏ်သိက္ခာကို အထိအခိုက်ခံဘူးကွ"

"သေပေတော့ တင်စိုး"

"စွပ်"

"အား"

"သေပါပြီဗျ"

"မောင်ဖေငယ်က ဆိုင်းဆရာကို ဓားနဲ့ထိုးပြေးပြီဟေ့"

ဟုအော်သံများ ဆူညံသွားပြီး ပွဲခင်းမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့၏။ သေလောက်သည့် ဒဏ်ရာမရ၊ ချိုင်းကြားမှ အရေပြားစုတ်ပြဲသွား၏။

ရွာမှ ဆေးမှူးရောက်လာပြီး ကိုတင်စိုးကို ဆေးထည့်ပြီး ပတ်တီးစည်းပေး၏။

မောင်ဖေငယ်၏မိခင် ဒေါ်တုတ်ရောက်လာပြီး ကိုတင်စိုးကို တောင်းပန်၏။ ငွေငါးသောင်းထုတ်ပေးလေရာ ကိုတင်စိုးသည် မည်သို့မှမဖြစ်သကဲ့သို့ ငြိမ်းချမ်းရွှင်ရွှင်ဖြင့် ငွေငါးသောင်းကို လက်ခံလိုက်ပြီး ဤကိစ္စနှင့် ပတ်သက်ပြီး ကျေအေးကြောင်း လက်မှတ်ထိုးပေးလိုက်၏။

မျက်နှာမှာ ပြုံးနေပါသော်လည်း ကိုတင်စိုး၏စိတ်ထဲကမူ 'ပျံလေတဲ့ငှက်ခါး၊ နားကာမှ သိရမှာပေါ့ကွ၊ ငါ ထောင်ကလွတ်လာတဲ့တစ်နေ့ သေဖို့သာပြင်ထားတော့ ဖေငယ်ရေ"

ဟု အငြိုးအတေး ထားလိုက်၏။

ကျွန်တော်တို့လည်း ကစရာရှိတာက၊ တီးစရာရှိတာတီးပြီး နောက်နေ့ညနေတွင် စကုမြို့သို့ ပြန်ခဲ့ကြ၏။

စကုမြို့သို့မရောက်မီ ပွင့်ဖြူမြို့သို့ရောက်သော် ဆိုင်းဆရာကိုတင်စိုးအား ပွင့်ဖြူမြို့နယ် တရားသူကြီးဦးဣန္ဒ ဒေါ်သူဇာ၏လက်သို့ အပ်လိုက်၏။

"ကိုင်း ... မောင်တင်စိုး မင်းတို့ညီအစ်ကိုနှစ်ယောက် သရုပ်ဆောင်တာ ငါးနှစ်လောက် သွားပြီးနေလိုက်ကြဦး"



www.burmeseclassic.com

www.burmeseclassic.com



"ထောင်ထဲမှာ တရားရစရာတွေကိုကြည့်ပြီး မကောင်းတဲ့စိတ်၊ တဒင်္ဂ စိတ်မိုက်တွေကို ထောင်ထဲမှာပဲထားခဲ့။ မနက်ဖြန် တရားရုံးမှာ ကျွန်မ အပြီး အမိန့်ချ လိုက်တော့မယ်"

ဟု ပြော၏။ ကိုတင်စိုးကလည်း သေစားသေစေခြင်းနှင့် နှိုင်းယှဉ်လျှင် တော်သေးသည်ဟု သဘောပိုက်လျက် အေးအေးချမ်းချမ်းပင် လက်ခံလိုက်၏။

ဤသို့ဖြင့် ကိုတင်စိုး ထောင်(၅)နှစ် ကျသွားလေတော့သတည်း။

✿ ✿ ✿

[၄]

**ဘာလဲဗျ ဂုဏ်သိက္ခာ**

❑

ဖင်ရွှေ့၊ ခေါင်းရွှေ့နှင့် (၅)နှစ်ဆိုသည့် အချိန်ကာလက ဘာမှမကြာ လိုက်။ တစ်နေ့ တစ်မနက်တွင် ကိုတင်စိုးတို့ညီအစ်ကို သရက်ထောင်မှ ပြန်လာ ကြပြီး ကျွန်တော့်မောင်နှမစာပေသို့ ဝင်လာသည်။

"ဟ ... အတော်ပဲ ကိုတင်စိုးရေ။ ကျွန်တော်လည်း ဒီနှစ် ခေါင်းဆောင် ဆိုင်းသမားမခေါ်ရသေးဘူးဗျ။ ခင်ဗျား တစ်ခါတည်း စာချုပ်သွားဗျာ"

ဟု ကိုတင်စိုးတို့ညီအစ်ကိုကို ရောက်မဆိုက်ပြောလိုက်၏။

"မဖြစ်သေးဘူး ... အာစရိရေ"

"ဘာကြောင့်တုံးဗျ"

"ကျွန်တော့် ဂုဏ်သိက္ခာကို ပြန်ဆယ်ရမယ့် လုပ်ငန်းရှိသေးတယ်ဗျ"

"ဒဟတ်မြိုင်ရွာက မောင်ဖေငယ်ကိစ္စလေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကိုတင်စိုးရယ် ... ငါးနှစ်ကြီးတောင် ကြာခဲ့ပြီပဲဗျ။ ပြီးခဲ့တာတွေ ပြီးပါစေတော့ဗျာ"

ဟု ကျွန်တော် နားချ၏။

"ကျွန်တော်တို့ လူမိုက်လောကမှာ ပြီးခဲ့တာတွေ ပြီးခဲ့လို့ မရတာတွေ အများကြီးရှိတယ် ဇာတ်ဆရာ"

"မလောက်လေး မလောက်စားကောင်က မိဘအရှိန်၊ ငွေအရှိန်နဲ့ ကျွန်တော့်ကို စော်ကားလွှတ်တာဗျ။ မြွေပွေးကို တီကောင်ကိုက်လွှတ်လိုက်တဲ့ သတင်းဟာ ကျွန်တော်တို့လောကမှာ ရှက်စရာအကောင်းဆုံးကိစ္စပဲ။ လူမိုက်ဂုဏ်သိက္ခာ ဆိုးနိုက်သွားခဲ့တာပဲ"

"သူ့ကို သတ်ပြီး ကျွန်တော့်ဂုဏ်သတင်းကို ပြန်တင်ရမယ် ... ဇာတ်ဆရာရေ့၊ ကျွန်တော် လာနှုတ်ဆက်တာ။ စလင်းကို ဒီကပဲ ဆက်သွားမလို့ သွားခွင့်ပြုဦး"

ဟု ကိုတင်စိုးတို့ ညီအစ်ကိုနှစ်ယောက်က ကျွန်တော်တို့မိသားစုကို ထပ်ပြီးနှုတ်ဆက်၏။

"ကိုတင်စိုးတို့ ထမင်းစားပြီး မသွားတော့ဘူးလား"

"စားချိန်မရဘူး ဇာတ်ဆရာကတော်၊ ဒီအချိန်သွားမှ စလင်းကို ညနေခြောက်နာရီရောက်မယ်"

"အဲဒီကနေ ဒဟတ်မြိုင်ကို သွားရဦးမှာဆိုတော့ ညခြောက်နာရီလောက်မှ ဒဟတ်မြိုင်ကို ရောက်မယ်"

"အဲဒီအချိန်ဆိုရင် ဒီကောင်ကလေး စလင်းချောင်းတစ်ဖက်ကမ်းက ဒန်းရည်ဆိုင်မှာရှိမယ်။ ဒီကောင် မူးနေတဲ့အချိန်ဆိုတော့ အလုပ်လုပ်ရတာ လွယ်တာပေါ့ ဇာတ်ဆရာကတော်ရေ့"

"ကျွန်တော်တို့ သွားလိုက်ဦးမယ်၊ ခွင့်ပြုပါဦး"

"ဪ ... ဒါနဲ့ ဇာတ်ဆရာ"

"ဗျာ"

"လိုအပ်ရင်တော့ စလင်းအချုပ်ခန်းထဲလာပြီး အာမခံနဲ့ ထုတ်ရှည်ပေါ့ ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ..."

နှစ်ယောက်သား ကျွန်တော့်အိမ်မှ ရယ်ကာမောကာ ထွက်သွားကြ၏။

သူတို့များ အဖို့တော့လည်း လူတစ်ယောက်အသက်သတ်ဖို့ လွယ်လိုက်ကြတာ။ တို့များဖြင့် ပုရွက်ဆိတ်တစ်ကောင် ခြင်တစ်ကောင် သတ်ဖို့တောင်မှ မစဉ်းစားဝံ့ပါလားဟု သူတို့နှစ်ယောက်၏ ကျောပြင်ကိုကြည့်ပြီး ရင်မောမိလေတော့၏။

✿ ✿ ✿

[၅]

**ရေ...မျို...ခြင်း**

❑

လူသတ်ဖို့သွားတဲ့ ဆိုင်းဆရာကိုတင်စိုးကိစ္စ ကျွန်တော် မေ့လျော့နေ၏။ ကျွန်တော့်မှာလည်း ဒီနှစ်က,ဖို့ ရန်ကုန်မြို့သို့ သွားရ၏။ ရန်ကုန်မှ မော်ဘီမြို့ ဓာတ်သဘင်ဥက္ကဋ္ဌ၏ သမီးများကို အငြိမ့်ကဖို့ အငြိမ့်မင်းသမီးအဖြစ် ငှားရမ်းရလေရာ အလုပ်ရှုပ်နေ၏။

မင်းသမီးများကို ကြိုသုံးငွေများပေးခဲ့ပြီး နောက်မှလိုက်ခဲ့ကြရန် မှာကြားပြီးနောက် မကွေးသို့ ပြန်ခဲ့၏။

မကွေးသို့ရောက်၍ ရေမိုးချိုးပြီး ခေတ္တနားနေခိုက် အိပ်ရာလိပ်ကြီး ထမ်းပြီး ဝင်လာသော ဆိုင်းဆရာကိုတင်စိုးကို တွေ့မြင်ရလေရာ ကျွန်တော့်မှာ ပြောမပြနိုင်အောင် ဝမ်းသာမိလေ၏။

"ဟာ ... ကိုတင်စိုး ခင်ဗျားကို စလင်းအချုပ်ခန်းမှာ အာမခံနဲ့ ထွက်ရမယ်ဆိုဗျ။ အလုပ်မဖြစ်ခဲ့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အားရဝမ်းသာမေးမိ၏။

"နေပါဦး ဇာတ်ဆရာရယ်။ ပြောမှာပေါ့ဗျာ။ အိပ်ရာလိပ်ကလေးချပြီး အမောပြေရေကလေးတစ်ခွက်တော့ သောက်ပါရစေဦးဗျ"

ဟု ပြောပြီး အိပ်ရာလိပ်ချ၊ ရေသောက်ပြီးမှ . . .

"ဇာတ်ဆရာရေ့ . . . ဖေငယ်က သူ့ဇာတ်သူ ရှင်းသွားတယ်ဗျ"

"ဟင် . . . ဘယ်လိုလဲ။ ခင်ဗျား မသတ်လိုက်ရဘူးပေါ့"

ဟု ကျွန်တော်က သိချင်ဇောအားကြီးစွာဖြင့် မေးမိ၏။

"မိဘကို စော်ကားလိုက်တာ ရေမျိုသွားပါပကောလား"

ဟု ကိုတင်စိုးက ပြော၏။

"ဟာ . . . ပေါက်ပေါက်ရှာရှာ . . . ကိုတင်စိုးရယ်။ မိဘကို စော်ကားခင် မြေမျိုတယ်ပဲ ကြားဖူးပါတယ်ဗျ။ ခင်ဗျားဟာက အခုတော့ စကားအသေန်းရေမျိုရတယ်လို့ဗျာ"

ဟု ညည်းမိ၏။

"ဖြစ်ပုံက . . . ဒီလို ဇာတ်ဆရာရေ"

"အင်း . . . ပြောဗျာ၊ နားထောင်ရအောင်"

"မောင်ဖေငယ်က ကျွန်တော်ထောင်ကျနေတဲ့ ငါးနှစ်အတွင်းမှာ အဋ္ဌာရသညာရပ်တွေ အကုန်တတ်နေတာဗျ"

ဟု အစချီ၏။

"ဘယ်လို ပညာတွေများလဲ . . . ကိုတင်စိုးရဲ့"

ကျွန်တော်က ရေလာမြောင်းပေးစကားကို ဆိုလိုက်၏။

"အရက်သောက်၊ ဖဲရိုက်၊ မိန်းမပွေ ကိစ္စတွေတစ်ဖက်ကမ်းတတ်သော့ အမေပေးတဲ့ မုန့်ဖိုးနဲ့ မလောက်တော့ဘူး"

"အဲ့ဒီတော့ သူကျောင်းနေတဲ့ နွားတွေ၊ ကျွဲတွေကို တစ်ကောင်ပြီးတစ်ကောင် ရောင်းတော့တာပဲ"

"ဒါကို အဖေက သိတော့ သူ့ကို ရိုက်တယ်တဲ့လေ"

"ငယ်ငယ်ကလေးတည်းက အလိုလိုက်ထားခံရတဲ့ကောင်က အသက် (၁၈) နှစ်အရွယ်ကျမှ အရိုက်ခံရတော့ ရှက်ပြီး အဖေ့ကို ဓားနဲ့လိုက်ခုတ်တာဘာခ်ရွာလုံး ဆူညံပွက်လောရိုက်သွားတော့တာပဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရွာအပြင် ဘုန်းကြီးကျောင်းရောက် အမေကိုမီလို့ ဓားနဲ့ခုတ်လိုက်တာ ကံကောင်းလို့ မသေတာတဲ့"

"အချိန်မီ စလင်းဆေးရုံ ပို့နိုင်လို့တဲ့။ နို့မဟုတ်ရင် သေသတဲ့"

"အဲဒါကို အမေက မလုပ်ကောင်းဘူးပြောတာ သူ့ကို ပြောရမလားဆို ပြီး အမေ့ပါးနှစ်ဖက်ကို တဖြန်းဖြန်းနဲ့ ဘယ်ပြန်ညာပြန် ရိုက်လိုက်တာ အမေ့ခမျာ သတိမေ့လဲသွားမှ ရပ်သွားသတဲ့"

"တစ်ရွာလုံးက သူ့ကို ကြောက်ကြတော့ ဘယ်သူမှ ဝင်မဆွဲရဲဘူးဗျ"

"သူ အဲသလို အမေ့ကိုရိုက်နေတုန်း တစ်မိုးလုံး မည်းမှောင်လာပြီး လျှပ်စီးတွေလက်၊ မိုးကသည်းသည်းမည်းမည်း ရွာချလာတော့ ဒီကောင့်ကို မိုးကြိုး ပစ်တော့မှာပဲဆိုပြီး သူနဲ့ဝေးရာ ရှောင်ပြေးကြသတဲ့"

"ကျွန်တော်တို့ နယ်ဘက်က အဲသလို မိုးမှောင်ကြီးကျပြီး မိုးရွာရင် မန်းချောင်း၊ မုန်းချောင်း၊ စလင်းချောင်းက ရေတန်းကျတာဗျ။ ချောင်းရေက လျှံတော့တာ"

"အဲဒီအကောင် အဇာတသတ် ငဖေငယ်က ဖဲရိုက်သွားမယ်ဆိုပြီး ရှောင်းစားဖို့ သူစီးနေကျ ကျွဲကြီးကိုစီးပြီး စကုချောင်းကို ဖြတ်ကူးတော့တာပဲ ဗျို့"

"မိုးထဲရေထဲမှာ မေ့လဲနေတဲ့ သူ့အမေကို ပြန်စောင်းတောင် လှည့်မကြည့် ဘဲ ထွက်သွားတာတဲ့ဗျာ"

"တစ်ရွာလုံးက ငွေဂုဏ်မောက်နေတဲ့ သူ့အမေကို သောက်မြင်ကပ်ကြ ပေမယ့် မျက်စိရှေ့မှာ မချိမဆန့်ခံလိုက်ရတဲ့ ဒေါ်တုတ်ကိုပွေ့ချီပြီး သတိရအောင် ပြန်လုပ်ပေးကြသတဲ့"

"ဒေါ်တုတ်သတိရလာတော့ သူ့သားအဇာတသတ် ငဖေငယ်ကို မေးတော့ တာပဲ"

"ငဖေငယ် ကျွဲစီးပြီး ချောင်းဟိုဘက်ကမ်းသွားလေရဲ့လို့ ပြောတော့ ချက်ချင်းထပြီး သူ့သားနောက်ကို လိုက်သတဲ့"

"သူတို့ ကမ်းစပ်ကိုရောက်တော့ ကျွဲကြီးနဲ့ ငဖေငယ်က ချောင်းအလယ် မှာ ရောက်နေပြီတဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"တိရစ္ဆာန်တွေမှာ လူတွေမလိုက်နိုင်တဲ့ အသိဉာဏ်တွေရှိတယ်ဆိုတာ ...တော့မှ ယုံတော့တယ် ... ဇာတ်ဆရာရေ့။ မောလိုက်တာဗျာ။ ထန်းလျက်နဲ့ချင် ...စမ်းပါဦး။ ရေလည်း တစ်ခွက်တိုက်ပါဦး" '

လို့ တောင်းလို့ ကျွန်တော်လည်း ထန်းလျက်ပုလင်းနဲ့ ရေတစ်ခွက် ချပေး ...တယ်။ ထန်းလျက်နဲ့ ရေကိုသောက်ပြီးမှ သူက စကားဆက်တယ်။

"ကျွဲကြီးက သူ့ကို ကျွဲသတ်သမားဆီရောင်းဖို့ ခေါ်သွားမှန်းသိသတဲ့ ..."

"ရေလယ်လဲရောက်ရော ကျွဲက ရေထဲတစ်ချက်ငုပ်ပြီး ငဖေငယ်ကို ...ပေါ်က ခါချလိုက်သတဲ့"

"အောင်မယ်လေးလေး ... မတွေးရဲစရာပါပဲပေါ့ဗျ"

"ဟုတ်လိုက်လေ ... ဇာတ်ဆရာရယ်။ ကျွဲကြီး ရေပေါ် ပေါ်လာတော့ ...ဖေငယ် မပါလာတော့ဘူးတဲ့"

"ကျွဲကြီးက ကမ်းစပ်ပေါ်ရောက်တော့ ချောင်းဖက်ကို ကြည့်လှည့်ပြီး ... ... နွဲ့နွဲ့' နဲ့ သူ့သခင်မကြီးဒေါ်တုတ်ကို လှမ်းအော်နှုတ်ဆက်ပြီး တောထဲ ...ပြေးတော့တာပဲတဲ့ဗျို့"

"ငဖေငယ်အမေ ဒေါ်တုတ်ရယ်လေ။ သူ့သားနောက်ကို လိုက်ပါမယ် ...ပြီး ရေထဲဆင်းမယ်လုပ်လို့ ဆွဲထားလိုက်ရတာတဲ့ဗျာ"

"သားဖောနဲ့ အကြောတွေတက်၊ ချွေးစေးတွေပျံပြီး သတိမေ့သွားလို့ ...ကို ပြန်သယ်ခဲ့ရသတဲ့ဗျာ"

"ကျွန်တော်တို့က လူသာသတ်တာဗျ။ မိဘကို ဘယ်တော့မှ ပြန်မပြော ... ဒါကြောင့် ဘာမှကြီးကြီးကျယ်ကျယ် ဒုက္ခမရောက်ခဲ့ဘူး"

"အခုတော့ ဒေဝဒတ်လို အမေမျိုးနဲ့ အဇာတသတ်လိုသားမျိုးကြောင့် ...ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို မြင်ခဲ့၊ တွေ့ခဲ့၊ ကြားခဲ့ရတော့ သံဝေဂရမိတယ် ...ဇာတ်ဆရာရယ်"

ဟု ချွဲချွဲပြစ်ပြစ် ပြောပြခဲ့၏။

"ဒါပေါ့ ကိုတင်စိုးရယ်၊ ဘယ်မိဘမဆို ကိုယ့်သားသမီးကို ချစ်ကြတာ ...ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ချစ်တတ်ဖို့တော့ လိုကြတယ်"

"ချစ်ရာမရောက်၊ နှစ်ရာရောက်သွားနိုင်တယ်"

"ဒါကြောင့် မိဘတွေ အချစ်မမှားကြဖို့ ရှေးပညာရှိတွေက ဒီလိုဆောင်ပုဒ်ကလေးထားခဲ့တာ။ ခင်ဗျား မှတ်မိသေးလား"

"ဘယ်လိုများလဲ ဇာတ်ဆရာရဲ့"

"ဒီလိုလေဗျာ"

မိဘဝတ္တရားငါးပါး

'မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်

အတတ်သင်စေ၊ ပေးဝေနှီးရင်း ...

ထိမ်းမြားခြင်းလျှင်

ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ ...'

"ပညာသင်တဲ့အရွယ်မှာ ပညာသင်ကြားနိုင်အောင်"

"အရွယ်ရောက်လာရင် ရင်းနှီးလုပ်ကိုင်စားသောက်နိုင်ဖို့ ငွေနဲ့ လုပ်ငန်းတည်ထောင်ထုတ်ပေးနိုင်ရမယ်"

"အိမ်ထောင်ရက်သား ချပေးရမယ့်အရွယ်မှာ အိမ်ထောင်ချပေးရမယ်"

"ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်အရွယ်ကတည်းက မကောင်းတာကို မကောင်းဘူးသိအောင်၊ ကောင်းတာကို ကောင်းတယ်လို့သိအောင် သင်ကြားပေးရမယ်"

"ဒါမှ ဒေဝဒတ်လို မိဘမျိုးနဲ့ အဇာတသတ်လို သားသမီးမျိုး မဖြစ်ကြမှာပေါ့ဗျာ"

စာဖတ်ပရိသတ် ဗဟုသုတ ကြွယ်ဝပါစေ ...

သဗ္ဗေ၊ အနိစ္စ၊ သင်္ခါရ

**မကြွေးညိုစိမ့်**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

၁၉၇၆–ခုနှစ်တွင် ကျွန်တော် အင်းစိန်ထောင်တွင် တာဝန်ထမ်းရှေ အမှတ် (၁) အိပ်ဆောင် အဆောင်မှူးအဖြစ် တာဝန်ထမ်းဆောင်ရသည်။ လူပျို ထောင်မှူးဖြစ်၍ အခန်းမရ။ လူပျိုထောင်မှူးများကို နေရာပေးထားသော (၇) မွေး စင်အနီးရှိ ဘူးသစ်အဆောင်မှာလည်း နေရာပြည့်နေ၍ ကျွန်တော်နေထိုင်ရာ သမိုင်း အိမ်ကြီးတွင်သာ မိဘများဖြင့်နေထိုင်ပြီး အလုပ်တက် ဆင်းရသည်။ ထောင်မှာ လူအများကို အုပ်ချုပ်ရသော အလုပ်ဖြစ်၍ မနက် (၄း၃၀) နာရီခန့်ထပြီး အင်းစိန် ထောင်ဖွင့်အမီ ပြေးရသည်။ မနက် (၅)နာရီကျော်ခန့် အင်းစိန် ဟီးနိုးဂိတ်၊ လေဟာ ပြင်ဈေးရှေ့ရောက်သည်နှင့် ရထားသံလမ်းကို ဖြတ်ကျော်ပြီး ကမ်းနားလမ်းအတိုင်း အင်းစိန်ထောင်ဝင်းအတွင်း လမ်းလျှောက်ရသည်။ (၁၅)မိနစ်ခန့် ကြာသည်။

ထောင်ဖွင့်တန်းစီချိန်မှာ မနက် (၅း၃၀)နာရီ အလေ့အကျင့်ရနေ၍ ပုံမှန် တန်းစီချိန်ကို ကွက်တိရောက်သည်။ ထောင်ဖွင့်လူပေါင်း ကိုက်သည်နှင့် မနက်



www.burmeseclassic.com

www.burmeseclassic.com



အချုပ်သား၊ အကျဉ်းသားများ အလုပ်ဆင်းသည်ကို ကြီးကြပ်ရသည်။ မနက် (၇) နာရီ နောက်တစ်ဖွဲ့ဝင်လာမှ ကျွန်တော်တို့ ထောင်ဖွင့်အဖွဲ့အနားရပြီး ထောင်ပြင် ထွက်၍ မနက်စာ စားရသည်။ ထိုစဉ်က အရာရှိများ အရပ်ဝတ်ဖြင့် ထောင်ဖွင့် ပြီးမှ မနက်စာ စားသောက်၍ ယူနီဖောင်းလဲပြီး မနက် (၈)နာရီတွင် အလုပ် ပြန်ဝင်ရသည်။

ကျွန်တော် ယူနီဖောင်းလဲ၍ ခေတ္တတည်းခိုသောအိမ်မှာ အပင်စဉ် ဒုထောင်မှူးဦးစိုးသိန်းတို့အိမ် ဖြစ်သည့် ထောင်အပြင်ဗူးဝ၊ လေးခန်းတွဲအိမ်ကြီး၏ အပေါ်ထပ် ဘယ်ဘက်အခန်း ဖြစ်သည်။ ထိုအချိန်က ကျွန်တော်တို့ သုံးဦး ထောင်မှူးများကို အကျဉ်းထောင်ရိက္ခာရုံးခန်း၌ နေ့လယ်စာ အခမဲ့စီစဉ်ကျွေးမွေး ပါသည်။

တစ်နေ့ ကျွန်တော် ရိက္ခာရုံးခန်းတွင် နေ့လယ်စာ စားပြီး နေ့လယ် ၁၂ နာရီခန့် ထောင်ပြင်ထွက်၍ ထောင်ဝင်စာဈေးတန်းတွင် လက်ဖက်ရည်သောက်ရန် ထွက်လာစဉ် ဗူးတံခါးကြီးအတွင်းရောက်သည်နှင့် ဝန်ထမ်းတစ်ဦးက ထောင်ပိုင် ကြီး ခေါ်သည်ဟုဆိုသဖြင့် ထောင်ပိုင်ရုံးခန်းပေါ်သို့တက်၍ ဆင်နားရွက်တံခါး အလေးအားဖွင့်၍ ဝင်လိုက်စဉ် ထောင်ပိုင်ကြီး မစ္စတာမဂ္ဂနန်းရုံးစားပွဲရှေ့၌ ရဲအုပ် ကြီး ဦးမြင့်မောင်နှင့် အမျိုးသမီးနှစ်ဦး၊ အကျဉ်းသားတစ်ဦးကို တွေ့လိုက်ရသည်။ ရဲအုပ်ကြီးကိုယ်တိုင် လာအပ်ခြင်းဖြစ်၍ အရေးကြီးအကျဉ်းသားဖြစ်ကြောင်း ကျွန် တော် သိလိုက်ပါသည်။

ထောင်ပိုင်ကြီးက "ဦးသိန်းဝင်းရေ . . . ဒီက အကျဉ်းသား ဦးကျော်စိမ်း ကို ပုဒ်မ–၁၄(၁)နဲ့ ရဲအုပ်ကြီးက လာအပ်တာ။ ခင်ဗျား အချုပ်ရုံးခန်းမှာ ခေါ်ထား ပြီး စောင့်ရှောက်ကြည့်ရှုပေးဗျာ"

"ဟုတ်ကဲ့ . . . ထောင်ပိုင်ကြီး"

ကျွန်တော် အပိုမပြောပါ။ ထောင်ပိုင်ကြီးအား အလေးပြုပြီး ရဲအုပ်ကြီး အား နှုတ်ဆက်၍ အကျဉ်းသားဦးကျော်စိမ်းကို ခေါ်ခဲ့ပြီး ထောင်တွင်းသို့ ပြန် ဝင်ခဲ့ရသည်။ ကျွန်တော်၏ (၁)ဆောင်ရုံးခန်းတွင် တန်းစီးခန့်ထားသော အကျဉ်း သားလှသန်းအား သေချာစွာအပ်နှံပြီး ကျွန်တော် ထောင်ပြင်သို့ထွက်ခဲ့ပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်၊ နေ့ခင်းနားချိန်ကလေး ရတုန်းရခိုက် လက်ဖက်ရည်ဆိုင်သို့ထွက်ကြပြီး အပေါင်းအသင်းများဖြင့် စကားဝိုင်းဖွဲ့ရသည်မှာ ကျွန်တော်တို့ အလုပ်ဖြစ်သည်။ လေးဘက်လေးတန် အုတ်တံတိုင်းကာရံထားသော ထောင်အတွင်းမှာထက် ထောင်အပြင်လေက ပိုလန်းသည်ဟု ထင်ပါသည်။ ပြီးမှ ဦးစိုးသိန်းအိမ်သို့ သွားပြီး ရေချိုးအလုပ်ပြန်ဝင်ရန် ဖြစ်သည်။ လက်ဖက်ရည်ဆိုင်ရောက်၍ ကျွန်တော် သူငယ်ချင်းများ စုဝေးရာစားပွဲတွင် ဝင်ထိုင်မည်အလုပ် သူငယ်ချင်းထောင်မှူး ဦးအုန်းငွေက ...

"ကိုသိန်းဝင်း ... ဒီမှာမထိုင်နဲ့၊ ဟိုထောင့်စားပွဲမှာ ခင်ဗျားကို တွေ့ချင်တဲ့ ဧည့်သည်တွေ စောင့်နေတယ်"

ကျွန်တော် လှမ်းကြည့်လိုက်တော့ အစောပိုင်းက ထောင်ပိုင်ကြီးရုံးခန်းတွင် တွေ့ခဲ့ရသော အမျိုးသမီးနှစ်ဦးဖြစ်သည်။ ထို့ကြောင့် ကျွန်တော် စားပွဲနေရာ ရွှေ့ခဲ့ရသည်။

"ဆရာ ထောင်မှူးဦးသိန်းဝင်း မဟုတ်လားရှင်"

"ဟုတ်ပါတယ် ခင်ဗျား"

"ထိုင်ပါ ... ဆရာ၊ လက်ဖက်ရည်သောက်ပါ။ ကျွန်မက ဦးကျော်စိမ်းဇနီး မနီလာပါ။ သူကတော့ ကျွန်မတူမ မဝေဝေလွင်ပါ။ ဆရာ့ကို ဦးကျော်စိမ်းကို ကြည့်ရှုစောင့်ရှောက်ဖို့အတွက် အပ်နှံပါတယ်"

"ရပါတယ်ဗျာ ... ကျွန်တော့်ရုံးခန်းမှာက ၁၄(၁)၊ ၁၅(၁) ပုဒ်မတွေနဲ့ ရောက်လာကြတဲ့ သူဌေးကြီးတွေများပါတယ်။ ထောင်ပိုင်ကြီးကလည်း ကျွန်တော့်ကို ယုံတော့ ပုံအပ်ထားပါတယ်"

"ကျွန်မတို့လည်း ဆရာ့ကို အားကိုးပါတယ်။ ကူညီပါရှင့်၊ ကျေးဇူးလည်း မမေ့ပါဘူး"

"ရပါတယ်ဗျာ။ ကြည့်ရှုစောင့်ရှောက်ကူညီရမှာ ကျွန်တော်တို့ တာဝန်ပါ။ အပန်းလည်း မကြီးပါဘူး"

"ဆရာ နေ့လယ်စာရော သုံးဆောင်ပြီးပြီလား။ ကျွန်မတို့ကတော့ ထမင်းချိုင့် ထည့်လာလို့စားပြီးပါပြီရှင့်"

အငယ်မက မေးခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟုတ်ကဲ့၊ ကျွန်တော်တို့ လူပျိုထောင်မှူးတွေကို ထော ဘွင်းရိက္ခာရုံးမှာ နေ့လယ်စာ စီစဥ်ပေးပါတယ်။ ဒါကြောင့် နေ့လယ်စာ စားပြီး အပေါင်းအသင်းတွေနဲ့ စုစုဝေးဝေးဆုံပြီး စကားပြောရအောင် ထွက်လာတာပါ"

"ဒါဆို ဆရာ့အိမ်ကရော ဒီထောင်ဝင်းထဲမှာ ပေးမထားဘူးလား"

"အိမ်ထောင်ရှိမှ အိမ်ခန်းပေးတာဗျ။ ကျွန်တော်တို့အတွက် ဟိုး (၁)ဧ င်နားမှာ လူပျိုဘားတိုက်ပေးထားပေမဲ့ လူများလို့ ကျပ်နေတာနဲ့ ကျွန်တော် သမိုင်းအိမ်ကပဲ ရုံးတက်ရုံးဆင်းလုပ်ရတာပေါ့။ အိပ်ရာက စောစောထပြီး ံးချ အိမ်ပြန်ရောက်တာပေါ့ဗျာ"

"နားရက် မရှိဘူးလား ... ဆရာ"

"ရှိပါတယ် ... ထောင်ဖွင့်အဖွဲ့ (၂)ဖွဲ့ ခွဲထားလို့ တစ်လဲစီ စ တနင်္ဂနွေ တစ်ရက်နားရပါတယ်။ နောက်ပြီး မနက်(၅း၃၀)နာရီ ထောင်ဖွင့်ဝင် အဖွဲ့က ညနေထောင်ပိတ်ပြီး ည (၇)နာရီလောက် နားရတယ်။ နောက်တစ်နေ့ တော့ မနက်(၇)နာရီမှ အလုပ်ဝင်ရပြီး ညနေ(၄)နာရီ စောစောထွက်ရပါတယ်"

"ဩော် ... ဆရာတို့ အလုပ်ကလည်း တာဝန်အလွန်ကြီးတယ်နေ"

"အသက်မရှိတဲ့ ဘဏ်လုပ်ငန်းမှာတောင် ငွေအဝင်အထွက် ကိုက် ဘဏ်ပိတ်ရသလို၊ ကျွန်တော်တို့ထောင်မှာတော့ သက်ရှိလူတွေကို အုပ်ချုပ်ရ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေး စသဖြင့် ပိုတာဝန်ကြီးတာပေါ့ဗျာ"

"ဟုတ်ပါတယ် ... ဆရာ၊ လူသားချင်းဆိုတော့ ဘဏ်ထဲက ငွေ တွေလို လုံခြုံအောင် တံခါးပိတ်ထားရုံနဲ့ မရဘူးလေ။ (၂၄)နာရီတာဝန်ရှိပြီး အ နဲ့ စောင့်ကြပ်ပေးရမှာပေါ့။ ကျွန်မတို့ သဘောပေါက်ပါတယ်"

"ကဲ ... စကားပြောလို့လည်း ကောင်းပါရဲ့။ ကျွန်တော် ခေတ္တတ အိမ်ကိုပြန်ပြီး ရေချိုး၊ အလုပ်ပြန်ဝင်ရမှာမို့ ခွင့်ပြုပါ ခင်ဗျား။ ဦးကျော အတွက်တော့ ဘာမှမပူပါနဲ့။ ကျွန်တော် လိုအပ်သလို ကူညီလိုက်ပါ့မယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဆရာ။ ဒါနဲ့ ဆရာ နေ့လယ် ရေချိုးပြီး အနားယူတဲ့ တည်းခိုအိမ်ကို ကျွန်မတို့သိထားရအောင် လိုက်ခဲ့ ရှင်"

"ဟုတ်ကဲ့ ... အစ်မကြီး ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေတ္တတည်းခိုသည့် ဦးစိုးသိန်းတို့အိမ်သို့ သူတို့ လိုက်လာကြသည်။ ဦးစိုးသိန်းနှင့် ကျွန်တော်မှာ ထောင်ဖွင့်၊ ထောင်ပိတ် အဖွဲ့မတူ၍ ထွက်ချိန် ဝင်ချိန်မတူ။ ထို့ကြောင့် သူ အိမ်တွင်ရှိမနေပါ။ သူ့ဇနီး မသင်းသင်းသာရှိနေသည်။ ကျွန်တော် ဧည့်သည်များကိုလည်း သူမက ကြိုဆိုနေရာချထားပေးပါသည်။

✿ ✿ ✿

[၂]

❑

ကျွန်တော်တို့ ဆက်တီစားပွဲတွင် နေရာယူပြီးထိုင်ကြစဉ် မသင်းသင်းက အိမ်ထဲဝင်သွား၍ ရေနွေးကြမ်းနှင့် လက်ဖက်စုံသုပ်ကို စီစဉ်နေသည်။ ဧည့်သည် အစ်မကြီးက သူ၏ တစ်ထောင်ခန့်အရှည်ရှိ ပိုက်ဆံအိတ်ဖောင်းဖောင်းကြီးကို ဖွင့်ပြီး ထိုစဉ်က အကြီးဆုံးဖြစ်သည့် ခြင်္သေ့ပုံပါ ရာတန်စိမ်းစိမ်းကြီးတစ်ထုပ်ကို ဆွဲထုတ်ပြီး စားပွဲပေါ်တင်၍ ...

"ဆရာ့ကို ကန်တော့တာပါ။ ကျွန်မ ခင်ပွန်းကိုကြည့်ရှုစောင့်ရှောက် ကူညီပေးပါနော် ဆရာ။ ကျွန်မ အပ်ပါတယ်"

ရာတန်တစ်အုပ်ဆိုတော့ ကျပ် (၁၀၀၀၀ိ/-) ရှိပါသည်။ ထိုအချိန်က ငွေတန်ဖိုးမှာ အလွန်မြင့်သည်၊ ဂျစ်ကားတစ်စီးကို (၅၀၀ိ/-) ကျပ်ခန့်သာရှိသည်။ ကျွန်တော်တို့ အရာရှိပေါက်စလစာမှာ (၂၀ိ/-) စကေး၊ ရာရှင်မန်းနီး ပေါင်းပါမှ (၃၀ိ/-) ကျပ်ခန့်သာ ရှိသည်။ သို့သော် လုံလောက်ရုံတင်သာမက ပိုလျှံနေပါသေးသည်။ ထို့ကြောင့် သူမ ပေးသောငွေမှာ အလွန်များပါသည်။

"အစ်မကြီး ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော် လက်မခံပါရစေနဲ့။ ဒီငွေတွေကို လက်မခံပေမဲ့ ကျွန်တော် ဦးကျောက်စိမ်းကို အကောင်းဆုံးကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ရောက်မှာပါ။ အရင်က ထောင်အရာရှိတွေလို ကျွန်တော်တို့ ... ခေတ်ပညာတတ်ဘွဲ့ရ လူငယ်အရာရှိပေါက်စတွေပါ"

ထိုစဉ် ကျွန်တော် သတိထားမိသည်မှာ မဝေဝေလွင်ဟူသော အမျိုးသမီးလေးက သူမ၏ ရင်ကို လက်ဖဝါးနှစ်ဖက်ဖြင့်အုပ်ပြီး ကျွန်တော့်အား တအံ့တသြ ကြည့်ရှုအံ့သြနေခြင်း ဖြစ်သည်။

ယခုမှ ကျွန်တော်လည်း သူမကို အသေအချာကြည့်မိတော့ မျက်လုံးချင်း ဆုံကြသည်။ သူမနှုတ်ခမ်းလှလှလေးနှင့် မျက်လုံးရွဲရွဲကြီးတွင် နှစ်လိုဖွယ်ရာ အပြုံးများ ထင်ပေါ်နေသည်။ သူမက အရပ်မြင့်မြင့် အသားဖြူဖြူ၊ ထိုခေတ်က ခေတ်စားသော ဆင်နားရွက် အင်္ကျီလက်တိုဖြင့် လွန်စွာချောမောလှပသူကလေး ဖြစ်သည်။

အစ်မကြီးက ...

"ကျေးဇူးတင်ပါတယ် ... ဆရာ၊ ဒီမှာက ကျွန်မတို့ အိမ်လိပ်စာနဲ့ ဖုန်းပါတ်ကတ်ပါ။ ဆရာ့အိမ်လိပ်စာလည်း ပြောပါဦး"

ကျွန်တော်က ပြောပြတော့ မဝေဝေက သူ၏ မှတ်စုစာအုပ်ကလေး ထုတ်ပြီး ကျွန်တော်၏ ဖုန်းနံပါတ်နှင့် လိပ်စာကို လိုက်ရေးပြီး ကျွန်တော်၏ ... ရက်နှင့် အလုပ်ဝင်ချိန်၊ ထွက်ချိန်ကိုပါ ရေးမှတ်သွားပါသည်။

သူတို့ပြန်တော့ ကျွန်တော်လိုက်ပို့သည်။ ကျွန်တော်တို့အိမ်ကြီး ... တုက္ကိုပင်နှင့် ပိတောက်ပင်ကြီးအောက်တွင် ရပ်ထားသော မာစီဒီး အနက်ရောင် ကားကြီးပေါ်သို့ တက်သွားကြခြင်းဖြစ်သည်။ ကျွန်တော့်ကို နှုတ်ဆက်ပြီး ... ကားကြီးထွက်သွားတော့ ကျွန်တော် အိမ်ပြန်မတက်တော့ဘဲ အလုပ်ဝင်ရန် နန်းနီး ထောင်တွင်းသို့ တန်းဝင်ခဲ့ရသည်။ ထိုနေ့က နေ့လယ်ခင်း ရေမချိုးဖြစ်တော့ ...

ထောင်တွင်းသို့ရောက်သည်နှင့် အလုပ်များက တန်းစီစောင့်ဆိုင်းနေ သည်။ ပထမဆုံး ပုံစံခန်းဝင်၍ လူသစ်ကြည့်ရသည်။ ထိုစဉ် ဦးကျောက်စိမ်း လည်း တွေ့ရသည်။ ကျွန်တော် သူ့အား ရုံးခန်းတွင် ခေါ်ထားလိုက်သည်။

ဦးကျောက်စိမ်းမှာ တရုတ်ကပြားဖြစ်ပုံရသည်။ အသားဖြူဖြူ ပိန်ပိန် မှတ်ဆိတ်ကျင်စွယ်နှင့် ခေါင်းက ဆံပင်လည်းဖြူနေပြီး အသက် (၅၀) ခန့် စီးပွားရေးသမား၊ သူဌေးဖြစ်သော်လည်း သူဌေးရုပ်နှင့် မတူပါ။ သော်က



www.burmeseclassic.com

www.burmeseclassic.com



တွေကြောင့်လည်းကောင်း၊ ထောက်လှမ်းရေးက ညှဉ်းဆဲထားၡ၍လားတော့ မသိပါ။ အတော်အိုစာပုံ ပေါက်နေသည်။ ကျွန်တော်နှင့်တွေ့တော့ ...

"ဦးကျောက်စိမ်း"

"ခင်ဗျာ"

ဒီနေရာက အကျဉ်းထောင်ဆိုပေမဲ့ အချုပ်ခန်းလို ထောက်လှမ်းစစ်ကြောရေးအခန်းတွေလို မဟုတ်ဘူး။ လွတ်လွတ်လပ်လပ် အဆောင်ဝင်းကျယ်ကြီးအထဲမှာ သွားလာလှုပ်ရှားလို့ရတယ်။ ရေတစ်ဝချိုးလို့ရတယ်။ ထမင်းအဝစား၊ ကျန်းမာရေးအတွက် လမ်းလျှောက်၊ ကျွန်တော် စီစဉ်ပေးမယ်။ ကျွန်တော်က ဒီအဆောင်မှူး၊ ဦးကျောက်စိမ်းလိုပဲ။ ကျွန်တော့်အဆောင်မှာ ဆီစက်၊ ဆန်စက်၊ လုပ်ငန်းရှင် သူဌေးကြီးတွေ အများကြီးရှိတယ်။ ဘာမှုမပူနဲ့၊ သူတို့က အဆင်ပြေအောင် လုပ်ပေးလိမ့်မယ်။ အခန်းလူကြီးက လှသန်း၊ ဦးလေး လိုတာ သူ့ကိုပြော၊ အဆင်ပြေအောင် ကူညီလိမ့်မယ်။ ကျွန်တော် မှာထားပေးမယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဆရာ။ ထောင်ကို ကျွန်တော် ကြောက်နေတာ။ အခုတော့ ကျယ်ကျယ်ဝန်းဝန်း၊ သန့်သန့်ရှင်းရှင်းနဲ့ စိတ်လွတ်လပ်ပြီး သက်သာပါတယ် ဆရာ။ ထောင်သားအချင်းချင်းလည်း ကူညီရိုင်းပင်းကြပါတယ်။ ဆရာ မှာထားလို့ ထင်ပါရဲ့။ ကျွန်တော် ကျေးဇူးတင်ပါတယ်။ အပြင်က ဇနီးသည်ကိုလည်းတွေ့ရင် အဆင်ပြေကြောင်း ပြောပေးပါ ဆရာ"

"ဟုတ်ကဲ့ ... ထောင်ဝင်စာတွေ့ရင်လည်း ပြောလို့ရပါတယ်။ ဒီကြားထဲမှာ လိုတာရှိလည်း ကျွန်တော့်ကို ပြောပါ"

"ဟုတ်ကဲ့ပါ ... ဆရာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၃]

❑

နောက်တစ်နေ့တွင် ဒေါ်နီလာနှင့် မဝေဝေတို့ ဦးကျောက်စိမ်းအား ဘောင် ဝင်စာလာတွေ့ကြရာ ကျွန်တော် အကူအညီပေး၍ လျင်မြန်စွာ တွေ့သွားပြီး အဆင်ပြေ၍ ကျေးဇူးတင်ကြောင်း ပြောသွားကြသည်။

နောက်တစ်နေ့တွင် ကျွန်တော် ညနေ (၄)နာရီ စောစောထွက်ရမည့် နေ့ဖြစ်သည်။ ညနေ (၃)နာရီခန့် မိန်းဂျေးရုံးခန်းသို့ ဖုန်းဝင်လာသည်။

"အစ်ကို မဟုတ်လား၊ ကျွန်မ ဝေဝေလွင်ပါ။ အစ်ကို ဒီနေ့ စောစော ထွက်ရမယ့်နေ့ ဟုတ်တယ်နော်"

"ဪ . . . ဟုတ်ပါတယ် မဝေဝေလွင်။ ဘာကိစ္စရှိလို့လဲ . . . ကျွန်တော် ထွက်ခဲ့ပါ့မယ်"

"ဝေလို့ပဲ ခေါ်ပါ အစ်ကိုရယ်။ အစ်ကိုနဲ့ အပြင်ခဏသွားချင်လို့ပါ။ အခု ကျွန်မ ထောင်ရှေ့ကို ရောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ... မဝေ၊ ကျွန်တော် အလုပ်လက်စသိမ်းပြီး ထွက်ခဲ့ပါ့မယ်။ (၁၅) မိနစ်လောက် စောင့်ပါနော်"

"ရတယ် ... အစ်ကို၊ ကျွန်မ စောင့်နေမယ်"

ကျွန်တော် အလုပ်လက်စသိမ်း၍ ထောင်မှူးကြီးကို ခွင့်ပန်ပြီး စောစော ထွက်လာခဲ့သည်။ မဝေက ထောင်အဝင်ဝတွင် စောင့်နေသည်။ ကျွန်တော် ခေတ္တ တည်းခိုရာ ဦးစိုးသိန်းသို့ အိမ်ပေါ်တက်၍ အရပ်ဝတ်လဲပြီး မဝေနှင့်အတူထွက်လာ ကြသည်။

"ဘယ်သွားမှာလဲ ... မဝေ"

"Main ထဲကို"

သူမ စီးလာသောကားက ကျွန်တော်တို့အား ရန်ကုန်တက္ကသိုလ် (RC) ရှေ့တွင် ချပေးပြီး ပြန်သွားသည်။ RC ရှေ့ခုံတန်း၌ အမျိုးသမီးသုံးလေးဦး စောင့် နေပါသည်။

မဝေက ကျွန်တော်နှင့် သူမ၏ အပေါင်းအသင်းများအား မိတ်ဆက်ပေး သည်။ ရူပဗေဒ၊ နောက်ဆုံးနှစ် ကျောင်းသူများ ဖြစ်ကြပါသည်။ ကျွန်တော်တို့ အဖွဲ့ အီကိုကင်တင်းဘက် လမ်းလျှောက်လာပြီး 'ယမ်းဘီလူး'ဆိုင်တွင် စား သောက်ကြသည်။ ထိုအချိန်က မဝေ၊ ကျွန်တော့်အား သူမ၏ သူငယ်ချင်းများဖြင့် မိတ်ဆက်ပေးသည်ကို ကျွန်တော် သဘောမပေါက်ပါ။ စားသောက်ပြီး ကျွန်တော် ငွေရှင်းတော့လည်း မဝေက လက်မခံပါ။ သူမ ရှင်းသည်။ အပြန်ကျတော့လည်း Taxi ငှားပေးပြီး သူမက ကားခ အတင်းပေးသွားသည်။ နောက်နေ့များတွင်လည်း သူမ မကြာမကြာ ဖုန်းဆက်ပြီး ကျွန်တော့်ကို သတိရကြောင်း ပြောသည်။

တနင်္ဂနွေနေ့ ကျွန်တော် နားရက်တစ်ရက်၊ သမိုင်းအိမ်တွင်ရှိနေစဉ် သူမ ချိန်းမထားဘဲ ရုတ်တရက် တစ်ဦးတည်း လာပါသည်။

"မဝေ ... ဘာကိစ္စရှိလို့လဲ"

"အစ်ကိုက အိမ်လိပ်စာ ပေးထားတယ်လေ။ ကြက်မွေးမြူရေး လုပ် တယ်ဆိုတော့ လာပြီး လေ့လာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မိသားစု မွေးမြူထားသော အမေရိကန်ဥစားကြက်ခြံမှု အား ပြသရပြီး ရှင်းလင်းပြရသည်။

"အစ်ကို ... ဒီနေ့အားရက်ပဲ။ ကျွန်မတို့ အိမ်လိုက်လည်ပါလား။ ဖေဖေ က တွေ့ချင်လို့တဲ့။ ဖေဖေက မွေးမြူရေး ဝါသနာပါတယ်။ မိုလ်မှူးအငြိမ်းစား ကျွန်မက အစ်ကို့အကြောင်းပြောပြလို့ ဖေဖေက တွေ့ချင်နေတာ"

"ဘယ်မှာနေတာလဲ ... မဝေ"

"သုဝဏ္ဏ ကျွန်းရွှေမြိုင်လမ်းမှာပါ"

ကျွန်တော်တို့ သူမ စီးလာသည့်ကားဖြင့် သုဝဏ္ဏမြို့သစ်သို့ သွားကြသည် ကျွန်းရွှေမြိုင်လမ်းထိပ်တွင် ဆင်းကြ၍ သူမကားကို ပြန်လွှတ်လိုက်သည်။

"ဒီကားက အန်တီနီလာကား (၂)နာရီလောက်ကြာမှ ပြန်လာပို့မယ်။ အခုတော့ ကျွန်မတို့အိမ်ကို လမ်းလျှောက်ကြတာပေါ့နော် ... အစ်ကို"

"ရပါတယ် ... မဝေရယ်။ ကျွန်တော်က လမ်းလျှောက်ကျင့်သား ရပြီ"

ကျွန်းရွှေမြိုင်လမ်းအဆုံး နှစ်ထပ်တိုက်ကြီးတစ်လုံး အရှေ့သို့ရောက် တော့ ...

"ဒါ ... ကျွန်မတို့အိမ်ပဲ အစ်ကို။ လာ ... ဝင်ပါ။ အိမ်ထဲမှာ ကျွန်မ မိဘတွေ ရှိပါတယ်"

ကျွန်တော်တို့ အိမ်ထဲလှမ်းဝင်တော့ ညှော်ခန်းဆက်တီများပေါ်တွင် အဘိုး ကြီး၊ အဘွားကြီးနှစ်ဦး ထိုင်နေကြသည်။ အသက် (၆၀) ကျော်အရွယ်များဖြစ် ပြီး မွန်ရည်သူများ ဖြစ်ကြသည်။

"သြော် ... ဆရာထောင်မှူးကလေး ရောက်လာပြီကိုး။ ထိုင်ပါ ခင် တင်တင်ရေ ... ကော်ဖီလေး မုန့်ကလေးလုပ်ကွယ်"

"ဟုတ်ကဲ့"

သမီးပြောလို့ ကျွန်တော်က ဆရာထောင်မှူးကို တွေ့ချင်နေတာ။ အခု က ငယ်ငယ်ပဲ ရှိသေးတာကိုး။

"ဟုတ်ကဲ့ ... ၂၅ နှစ်ပါ ခင်ဗျား"

"ဘွဲ့ရဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ခင်ဗျား၊ ဝိဇ္ဇာဘွဲ့နဲ့ ဂျပန်ဘာသာ ဒီပလိုမာ ရထားပါ တယ်"

"ဪ ... ခေတ်ပညာတတ်၊ အရာရှိတွေပဲ။ တက်လမ်းရှိတာပေါ့။ စစ်တပ်ထဲဝင်ရင် ဒီအရပ်အမောင်း၊ ဒီဘွဲ့တွေနဲ့ ရာထူးအတက် အလွန်မြန်တာ ပေါ့"

"ဟုတ်ကဲ့ ... ခင်ဗျား၊ ကျွန်တော် ၁၉၇၂ ခုနှစ်တုန်းက ဘွဲ့ရပြီးတာ နဲ့ EC 20 (72) (OTS) ဗိုလ်လောင်း လျှောက်ခဲ့ဖူးပါတယ်။ အမေက သဘောမတူ တာနဲ့ ဆေးစစ်ခါနီးမှ ထွက်လိုက်ရတာပါ"

"နှမြောစရာပဲ၊ ခုဆို ဗိုလ်ကြီးဖြစ်ပြီး ဗိုလ်မှူးလောင်းစာရင်းတောင် ဝင် နေလောက်ပြီ"

"ဒါနဲ့ ကြက်မွေးမြူရေးလုပ်တယ်ဆို၊ သမီးကပြောလို့ သိရတာပါ။ ကျွန် တော်လည်း မွေးမြူရေးကလေး လုပ်မလားလို့"

"လုပ်ပါ ... ဦး၊ ကျွန်တော် ကူညီပါ့မယ်။ ကျွန်တော်တို့က မိသားစု တစ် နိုင်တစ်ပိုင် လုပ်တာပါ။ ဝင်ငွေ ကောင်းပါတယ်"

"အဲ ... အစားအစာနဲ့ ဆေးဝါး၊ ရေတော့လိုပါတယ်။ အလုပ်သမား လည်း လိုပါတယ်၊ အဆောင်လည်း လိုတယ်ခင်ဗျ"

"ကျွန်တော်တို့မှာ ကားဂိုထောင် ရှိပါတယ်။ ကားမရှိတော့ အားနေပါ တယ်။ အလုပ်သမားလည်း ရှိပါတယ်။ အခြေကျအောင် လမ်းညွှန်ကူညီမဲ့သူသာ လိုပါတယ်"

"ကျွန်တော် ပိတ်ရက်တွေမှာ လာကူညီပါ့မယ်။ လုပ်ပုံလုပ်နည်း သိသွား ရင် လွယ်ပါတယ်။ တာဝန်လည်း သိပ်မကြီးပါဘူး"

"ကျေးဇူးပါပဲ ... ငါ့တူရယ်"

နောက်တစ်ပတ် ပိတ်ရက်တွင် သူမ ရောက်လာပြန်သည်။ ရုပ်ရှင်ကြည့် မည်ဟု ဆိုသည်။

"ဘယ်ရုပ်ရှင်ရုံလဲ"

"သမ္မတရုပ်ရှင်ရုံလေ၊ အဲဒီရုပ်ရှင်ရုံမှာ အခုအပတ် ရုံထင်တဲ့ကားက ဂျပန်ကား အတော်ကောင်းတယ်လို့ ပြောကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သိလိုက်ပါသည်။ ထိုကားမှာ ဂျပန်ရုပ်ရှင်ကားဖြစ်သော်လည်း ကြေကွဲဖွယ်ရာ အချစ်ဇာတ်လမ်းဖြစ်သည်ဟု ကျွန်တော် သတင်းစာထဲတွင် ကြော်ငြာကို ဖတ်လိုက်ရသည်။ ကျွန်တော့်လို ဂျပန်ဘာသာ ဒီပလိုမာ ယူထားသူတစ်ဦးအနေဖြင့် ကြည့်သင့်ကြည့်ထိုက်သော ရုပ်ရှင်ကားတစ်ကား ဖြစ်သည်။ ဇာတ်ကားအမည်မှာ (Love and Death) ဖြစ်သည်။

ထို့ကြောင့် ကျွန်တော် သူမ၏ အဆိုပြုခြင်းကို လက်ခံလိုက်ပါသည်။ ထိုနေ့ကလည်း ကျွန်တော်တို့နှစ်ဦး လှည်းတန်းဈေးဘက်သို့သွား၍ ကြေးအိုးသောက်ကြသည်။ သူမနှင့် ကျွန်တော် အသိမိတ်ဆွေဖြစ်၍ ခင်မင်ခဲ့သည်မှာ တစ်လပင်မပြည့်သေးပါ။ ရက်ပိုင်းသာ ရှိပါသေးသည်။ သို့သော် သူက ကျွန်တော့်အား ရေလာမြောင်းပေးလုပ်နေခြင်းကို ကျွန်တော်လည်း အရွယ်ရောက်သူတစ်ဦးအနေနှင့် သိရှိခံစားမိပါသည်။ သို့သော် အချိန်စောလွန်းသေးသဖြင့် ကျွန်တော် ဘယ်ကစ၍ ဘယ်လိုလုပ်ရမည်ကို နားမလည်နိုင်သေးပါ။ တွေ့ကြုံဆုံကွဲဟူသော ကားပုံအတိုင်း အမှတ်မထင်တွေ့ကြပြီး အမှတ်မထင် လမ်းခွဲကြရမည်ကို ကျွန်တော် မလိုလားပါ။ ကျွန်တော်၏ ရိုးသားသော စိတ်ဓာတ်အရ ကျွန်တော်၏ အချစ်ဦးဖြစ်သူသည် ကျွန်တော်၏ တစ်သက်တာပတ်လုံးအတွက် လက်တွဲ၍ လက်ထပ်ရမည့်သူသာ ဖြစ်ရမည်ဟု အဓိဋ္ဌာန်ချမှတ်ထားပါသည်။

ထို့ကြောင့်လည်း သူမနှင့် နီးကပ်စွာ သွားလာဆက်ဆံနေရသော်လည်း သူမကို (propose) မလုပ်မိခဲ့ပါ။ ကျွန်တော် သူမကို လေ့လာရန် အချိန်ယူရမည်ဟု ကြံရွယ်ထားပါသည်။

သူမကတော့ ကျွန်တော့်အား သူမ၏ အပေါင်းအသင်း သူငယ်ချင်းများနှင့် တွေ့ဆုံပေးခြင်း၊ သူမ၏ မိဘများနှင့် တွေ့ဆုံပေးခြင်း စသဖြင့် ကျွန်တော့်အား ရင်းနှီးကျွမ်းဝင်စေရန် ပြုလုပ်နေပါသည်။ ကျွန်တော့်စိတ်ထဲတွင် ဘဝင်မကျသည်က အချိန်တိုကလေးအတွင်း ဤမျှလောက် သောလျင်စွာ နီးစပ်စေရန် သူမကြိုးစားနေခြင်းကို အံ့ဩတွေဝေနေမိသည်။ သူမတွင် အကြောင်းအရာ တစ်စုံတစ်ခုရှိမည်ဟု မသိစိတ်က နှိုးဆော်ပြီး သတိပေးနေပါသည်။

ထို့ကြောင့် သူမနှင့်နီးကပ်စွာ နှစ်ကိုယ်တည်း တွေ့ဆုံရသော်လည်း ကျွန်တော် အခွင့်အရေးမယူမိပါ။ သူမကတော့ ကျွန်တော့်အား ပေး…



www.burmeseclassic.com

www.burmeseclassic.com



ဟု မချင့်မရဲ ဖြစ်နေဟန်ရှိပါသည်။ ထို့ကြောင့်လည်း နောက်ပိုင်းတွင် ကျွန်တော့် ထံသို့ အလာကျဲပြီး ပျောက်ချက်သားကောင်းနေပြန်သည်။ ထို့ကြောင့်လည်း ကျွန်တော်က သူမအား သူမနာမည် မဝေဝေလွင်အစား "ဝေ့ဝေ့ဝါးဝါး"ဟု Nick Name အမည်ပြောင် ပေးထားမိသည်။ သူမကလည်း ထိုအမည်ဖြင့် လိုက်အောင် ပင် ပျောက်လိုက်ပေါ်လိုက် လုပ်နေပါတော့သည်။

တစ်နေ့ နေ့လယ် ကျွန်တော် လက်ဖက်ရည်သောက်ထွက်ချိန်တွင် ဦးကျော်စိမ်း၏ဇနီး ဒေါ်နီလာအား လက်ဖက်ရည်ဆိုင်တွင် တွေ့ရသည်။ ကျွန် တော်နှင့်တွေ့လို၍ တမင်စောင့်နေခြင်း ဖြစ်ပါသည်။

"ဆရာ မတွေ့ရတာကြာပြီနော်။ ကျွန်မ ယောက်ျား ကောင်းကောင်း မွန်မွန်နေရတော့ ဆရာ့ကို မလိုအပ်တော့လို့ မတွေ့တာလို့ မထင်ပါနဲ့ ဆရာ။ ကျွန်မ အမြဲတမ်းသတိရနေပါတယ်။ နေ့စဉ် ညစဉ် ဘုရားဝတ်ပြုတိုင်းလည်း ကျေးဇူးရှင်တစ်ဦးအနေနှင့် ကျန်းမာချမ်းသာစေကြောင်း မေတ္တာပို့နေမိပါတယ်။ ဦးကျော်စိမ်းကတော့ ဆရာ့ကို တစ်နည်းနည်းနဲ့ ကျေးဇူးဆပ်ဖို့ ကျွန်မနဲ့တွေ့ တိုင်း သတိပေးနေပါတယ်။ အဲဒါ ဆရာရယ် စိတ်မရှိပါနဲ့။ ကျွန်မတို့ တစ်စုံတရာ ကျေးဇူးဆပ်တာကို ဆရာ့အနေနဲ့ စဉ်းစားပြီး လက်ခံစေချင်ပါတယ်"

"အစ်မကြီး မလိုပါဘူးဗျာ။ အစကတည်းက ဒီစကားကို ကျွန်တော် ပြောပြီးသားပါ။ ထောင်ပိုင်ကြီးက ကျွန်တော့်ကိုယုံလို့ အပ်ထားတဲ့သူဌေးကြီးတွေ အများကြီးရှိပါတယ်။ ဘယ်သူ့အပေါ်မှာမှ ကျွန်တော် အခွင့်အရေး မယူခဲ့ပါဘူး။ အားလုံးကိုလည်း ဆွေမျိုးအရင်းအချာတွေလို အကူအညီပေးပါတယ်။ ဒါကြောင့် လည်း ကျွန်တော့်ကို ချစ်ကြ၊ ခင်ကြပါတယ်။ အဲဒါမျိုးကိုပဲ ကျွန်တော်က လိုချင် တာပါ"

"ဟုတ်ပါတယ် ... ဆရာရယ်၊ ဆရာ့ကို တစ်ခုတော့ သတိပေးချင် ပါတယ်။ ကျွန်မတူမ မဝေက ဆရာ့ကို အရမ်းလေးစားပြီး ချစ်ခင်နေတာကို ဆရာလည်း သိမှာပါ။ ဟိုနေ့ကလည်း ဆရာတို့ သမ္မတရုံမှာ ရုပ်ရှင်ကြည့်ကြသေး တယ်ဆို။ သူမက ပွင့်လင်းတော့ ကျွန်မကို အကုန်တိုင်ပင်ပါတယ်။

ကျွန်မကလည်း အဒေါ်ဖြစ်ပေမဲ့ တူမကို ညီအစ်မလို ပွင့်ပွင့်လင်းလင်း ဆက်ဆံတော့ တူမကလည်း ရင်ဖွင့်ပါတယ်။ ကျွန်မကလည်း သူမ ဆန္ဒကို



www.burmeseclassic.com

www.burmeseclassic.com



သဘောတူပါတယ်။ အဲဒါကတော့ တူမက ဆရာ့ကို နှစ်သက်စွဲလမ်းနေခြင်းပဲ ဒါပေမဲ့ ဆရာရယ်၊ အတွေ့နောက်ကြရလေခြင်းရယ်လို့ပဲ သဘောထားရတော့မှာ ပဲ။ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ကျွန်မ ဆရာ့ကို ကျွန်မတူမ မဝေနဲ့ သဘောတူ ပါတယ်။ လိုက်လည်း လိုက်ဖက်ပါတယ်။ ဒါပေမဲ့ ... ဆရာရယ်"

"ဒါပေမဲ့ ... ဘာဖြစ်သလဲ ဒေါ်နီလာ၊ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောပါ။ ကျွန်တော်လည်း အရွယ်ရောက်သူ ယောကျ်ားတစ်ဦးအနေနဲ့ မခတ် စိတ်ဝင်စားပါတယ်။ အစ်မကြီး အစောက ပြောသလို ကျွန်တော့်ဘက်က ဒါပေမဲ့ ဆိုတဲ့စကားကလေးကို ပြောပါရစေ။ မဝေမှာ အကြောင်းတစ်စုံတစ်ရာ တစ်ခု တော့ ရှိနေလိမ့်မယ်လို့ ကျွန်တော့်ရဲ့ မသိစိတ်ထဲမှာ သိနေသလိုပဲ။ အဲဒါ အစ် ကြီးသိရင် ကျွန်တော့်ကို အစ်မကြီးရဲ့ မောင်အရင်းလို သဘောထားပြီး ပွင့်ပွ လင်းလင်း ပြောပြစေချင်ပါတယ်"

"ဟုတ်ကဲ့ ... ဆရာ၊ ကျွန်မရဲ့ ဒါပေမဲ့ဆိုတာကလည်း အဲဒီအကြော ပြောပြချင်လို့ပါ။ ဒါပေမဲ့ ဆရာ့ကို ပြောမထွက်ရဲဘူး။ ခု ဆရာက ပွင့်ပွင့်လ လင်းမေးတော့လည်း ကျွန်မဘက်က အသိပေးမှုဖြစ်တော့မယ်လို့ ဆုံးဖြတ် ပြောရတာပါ။ မဝေမှာ စေ့စပ်ထားတဲ့သူရှိတယ် ဆရာ၊ လူကြီးချင်းသဘောတူ စေ့စပ်ထားတာပါ။ အဲဒီလူက နိုင်ငံခြားဘာသာသိပ္ပံ၊ ရုရှားဘာသာဌာနက ဆ ဦး ....... ပဲ ဆရာ"

ကျွန်တော် ချက်ချင်း သတိရမိလိုက်သည်။ ကျွန်တော်ကိုယ်တိုင် နိ ခြားဘာသာသိပ္ပံ ကျောင်းထွက်တစ်ဦးဖြစ်၍ ထိုဆရာနှင့် မရင်းနှီးသော်လည် သိကျွမ်းနေပါသည်။ ထိုဆရာမှာ အသားညိုညို၊ ဗိုက်ရွှဲရွှဲ၊ နဖူးပြောင်ပြောင် ဖြစ်သည်။ ထိုလူမျိုးကို မဝေ သဘောမကျသည်မှာ အဆိုးဆို၍တော့ မ သို့သော် လူကြီးချင်းစေ့စပ်ထားပြီး သူမကပါ လက်ခံထားသူတစ်ဦးဖြစ်ေ ကြောင့် ကျွန်တော် ကြားဝင်ရန် မသင့်တော်တော့ပါ။ ထို့ကြောင့် ကျွန်တော် အ အရေးရသော်လည်း အခွင့်အရေးမယူခဲ့သည်ကို မှန်ကန်သည်ဟု ယခုမှပင် အ ခံစားမိတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၄]

❑

ကျွန်တော်တို့ ၁၉၈၄–ခုနှစ် ပျားဂေဟာသင်တန်း အပတ်စဉ် (၁၄) သို့ တက်ရောက်ကြရသည်။ ထိုစဉ်က ပျားဂေဟာရုံးချုပ် လုပ်ထားသော တိုက်ကြီးမှာ နှစ်ထပ်တိုက်ကြီးဖြစ်ပြီး ခမ်းနားကြီးကျယ် ကျယ်ဝန်းလှသည်။ တိုက်ကြီးမှာ ပြည်လမ်းမကြီးအား မျက်နှာမူထားသည်။ ခြံဝန်းအတွင်း စိုက်ပျိုးထားသည့် ပန်းပေါင်းစုံက ခြံကြီး၏ ကြီးကျယ်ခမ်းနားလှပမှုကို ဖော်ကျူးနေသည်။ ခြံကြီး၏ အနောက်ဘက်တွင် ကျွန်တော်တို့၏ စာသင်ဆောင်များ အစီအရီရှိနေသည်။ စာသင်ဆောင်များ၏ အနောက်ဘက်၌ ချောင်းကလေးခြား၍ ကျွန်တော်တို့ သင်တန်းသားများ၏ နှစ်ထပ်အိပ်ဆောင်များ အစီအရီတည်ရှိနေပါသည်။ အပတ်စဉ်တစ်ခုမှာ (၄)လခွဲ သင်တန်းဖြစ်၍ အခြားအပတ်စဉ်များဖြစ်ကြသော ကေဒါ (၁၃)နှင့် ကေဒါ (၁၅) တို့က ကျွန်တော်တို့ အပတ်စဉ် (၁၄)အား ဝိုင်းရံနေသည်။ စီနီယာ၊ ဂျူနီယာအရေ အတန်းတက်ရခြင်း၊ စာသင်ရခြင်း မတူသော်လည်း သင်ရိုးညွှန်းတမ်းမှာ အတူတူပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စာသင်ဆောင်များနှင့် အိပ်ဆောင်များကိုသာ ခွဲခြားထားသော်လည်း သင်တန်းအပတ်စဉ် တစ်ပတ်ဆင်းခြင်း၊ တက်ခြင်း ပွဲတိုင်းတွင် ပျားဂေဟာတက် နေသူ၊ သင်တန်းသား၊ သင်တန်းသူတိုင်း တက်ရောက်ကြရသည်။

တစ်နေ့တွင် ကျွန်တော်တို့ တပ်စိပ် ပျားဂေဟာရုံးခန်း၌ ညနေပိုင်း ..ထင်၊ ပန်းအိုးများအား ရေလောင်းပေါင်းသင်ပြုစုနေခိုက် အမှတ်မထင် ပန်းအိုး ..စ်လုံးအတွင်းမှ ကျောက်စိမ်းဖြတ်စများကို ကျွန်တော် တွေ့လိုက်ရသည်။ ..အခါမှ ကျွန်တော် ရင်းနှီးသော သင်တန်းဆရာတစ်ဦးအား မေးမြန်းကြည့်တော့ ..အဆောက်အဦကြီးနှင့် ခြံကျယ်ကြီးမှာ သူဌေးကြီးဦးကျောက်စိမ်းပိုင်ဆိုင်သော ..ကြီးဖြစ်ကြောင်း စစ်အစိုးရက စီးပွားရေးသမားများအား ဖမ်းဆီးထောင်ချ၊ ပစ္စည်း ..ာများအား ပြည်သူပိုင် သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း မြန်မာပြည်တွင် အလှ ..ဆုံးဟု ဆိုရသော သမ္မတရုပ်ရှင်ရုံကြီးသည် သူဌေးကြီး ဦးကျောက်စိမ်း ..ဖြစ်ကြောင်း၊ သူဌေးကြီးဦးကျောက်စိမ်းမှာ တရုတ်-မြန်မာ ကပြားဖြစ်သော် ..ည်း မြန်မာအမျိုးသမီးကိုယူပြီး မြန်မာပြည်ကို အလွန်ချစ်ကြောင်း ထိုဆရာက ..ပြကာမှ ကျွန်တော် သိရပါတော့သည်။

ထိုစဉ်က ရန်ကုန်မြို့တွင်ရှိသည့် ရုပ်ရှင်ရုံများဖြစ်ကြသော သမ္မတ၊ ပဒေ.. ..၊ ဒွိုင်ရယ်၊ ရာဇ်စ် စသောရုပ်ရှင်ရုံပေါင်းများစွာရှိသည့်အနက် သမ္မတရုပ်ရှင် ..မှာ အကြီးကျယ်ဆုံး၊ အခမ်းနားဆုံး၊ ခေတ်အမီဆုံးဖြစ်သည့် ရုပ်ရှင်ကား စသည် ..၊ နိုင်ငံကျော်ဆိုင်းဆရာ စိန်ဗေဒါကြီး၏ လက်သံကို နားဆင်ရင်း လွန်စွာပီတိ ..သည့်အပြင် စိတ်ဓာတ်ကိုပါ နိုးကြားတက်ကြွစေသည်။ ထို့ကြောင့် သမ္မတ ..ရှင်ရုံတွင် ရုပ်ရှင်ကြည့်ပြီး သမ္မတဟိုတယ်အောက်ထပ်တွင် ဖွင့်လှစ်ထားသည့် ..ကရည်ဆိုင်ထိုင်ကာ သောက်ရသည်မှာ လွန်စွာအရသာရှိပြီး ကျေနပ်အား.. ..ဖြစ်မိသည်။

ဩော် . . . အခုမှ သိရသည်မှာ မြန်မာပြည် ရန်ကုန်မြို့တွင်ရှိသည် ..ကြီးကျယ်အခမ်းနားဆုံး သမ္မတရုပ်ရှင်ရုံကြီးမှာ ထောင်တွင်း၌ ရောက်ရှိနေပြီး ..သော်၏ရုံးခန်း၌ နေ့စဉ်တွေ့မြင်နေရသည့် ရိုးသားပြီး သဘောကောင်းလှသည့် ..-မြန်မာ ကပြား သူဌေးကြီး ဦးကျောက်စိမ်း၏ ပိုင်ဆိုင်သော အဆောက် ..ဖြစ်ကြောင်းနှင့် ကျွန်တော်တို့ ယခုလက်ရှိတက်ရောက်နေရသည့် ဗေဒါသင်တန်း



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လှစ်ထားသော ရုံးချုပ်ခြံကြီးမှာလည်း သူဌေးကြီး ဦးကျောက်စိမ်း၏ ခြံကြီးဖြစ်ကြောင်း သိရှိရပါတော့သည်။

ပစ္စည်းသခင်ရှိ လူသခင်ရှိသည်ဟုဆိုသော်လည်း ဦးကျောက်စိမ်း ကြိုးစားလုပ်ကိုင်လာသော အဆောက်အဦကြီးနှင့် ရုပ်ရှင်ရုံကြီးကိုတော့ ကြားထဲက မဆီမဆိုင် ကျွန်တော် အလွန်နှမြောလှသည်။ ထိုကဲ့သို့သော ခေတ်မီပြီး ဉာဏ်ရည်ထက်မြက်သော သူများကို မြေတောင်မြှောက်ပံ့ပိုးပေးရမည့်အစား ထောင်အတွင်း အကျဉ်းချထားသည်ကတော့ နိုင်ငံတော်၏ တိုးတက်ရာတိုးတက်ကြောင်း လမ်းစကို ပိတ်ပင်ထားသည်ဟူ၍သာ ကျွန်တော် ယုံကြည်ယူဆမိပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

သူ့ကို အဆွေဟု ခေါ်ကြသည်။

သူ့နာမည်အရင်းကား ခင်မောင်ဆွေ။ လူရင်းတွေနှင့် သူ့ဆွေမျိုးအ[illegible] အဝိုင်းကတော့ သူ့မိသားစုခေါ်ဆိုကြသလို 'အဆွေ'ဟုပဲ ခေါ်တတ်ကြသည်။

နာမည်က ကန္တ့ကလျဆန်သည်။ လူပုံကလည်း ပျော့ပျော့ပြောင်းပြော[illegible] သည်ဘက်ခေတ် ကိုရီးယားမင်းသားလေးတွေလို မင်းသားချော ချောသည်[illegible] ပြောလျှင် လွန်အံ့မထင်။ အမှန်က မိန်းမချော့ချောသော ယောကျ်ားချော[illegible] တစ်ယောက်။

စကားပြောတော့လည်း ညင်ညင်သာသာ၊ ပါးချိုင့်ခွက်ကလေးပေါ်အော[illegible] ပြုံးလိုက်သေးသည်။ အနုအလှသမုဒယတွေနှင့် ဝေဝေဆာဆာ စကားအလ[illegible] ဆင်တတ်သည်။

လူပုံပျောင်းနွဲ့၊ စကားပြော ယဉ်ကျေးပေမည့် စိတ်ဓာတ်က[illegible] မာသလားမမေးနှင့်။ သဘော်သားပိပိ ရွတ်တွတ်တွတ် လုပ်ချင်သည့်အခါ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘတ်သည်။ သူ တဖွတ်ထိုးလုပ်လာပြီဆိုလျှင် မည်သူမျှ ဖျောင်းဖျမရတတ်။ ထဲ်ရော ကြိတတ်သော ဉာဉ်ကတော့ရှိသည်။

ထိုဉာဉ်ဆိုးကို သူသည် စာပေဖတ်ရခြင်းဖြင့် ထိန်းနိုင်အောင် ကြိုးစား လေ့ရှိသည်။ သူပေါင်းသင်းသော သူငယ်ချင်းတွေမှာလည်း စာပေသမားတွေဖြစ်၍ သူက စာနှင့်လည်း နီးစပ်သူလည်းဖြစ်၏။ စာဖတ်အားကောင်းသည်။

တစ်ခါတစ်ရံ ကြိုးစား၍ ဝတ္ထုကဗျာများရေးကာ မဂ္ဂဇင်း၊ ဂျာနယ်များသို့ ဆက်သွယ်ပို့ပေးလေ့လည်း ရှိတတ်သည်။ သဘော်သားဖြစ်ပေမည့် စာနှင့်ပေနှင့် နီးစပ်သော သူ့ကို သဘော်သားအချင်းချင်းကပင် စာကြမ်းပိုးဟု အမည်သညာ ခေါ်တွင်ထားကြသည်။ စာဂျပိုး ခင်မောင်ဆွေဟု လူသိများသည်။

သဘော်ပေါ်မှာ သူ့အဖော်ဆို၍ စာအုပ်တွေပဲရှိသည်။

မြန်မာသဘော်သားများ ပင်လယ်ရပ်ခြားသို့ထွက်၍ သဘော်တစ်စီးနှင့် ဆိပ်ကမ်းတစ်ခုခုတွင် ဆုံမိကြပြီဆိုလျှင် သူ့သဘော်ပေါ်မှ သူဖတ်ပြီးသားစာအုပ်များ၊ ကိုယ့်သဘော်ပေါ်မှ ကိုယ်ဖတ်ပြီးသားစာအုပ်များ လဲလှယ်၍ ဖတ်ရှုကြခြင်း အလေ့အထရှိသဖြင့် မြန်မာပြည်မှ စာအုပ်တွေ ပင်လယ်ခရီး နှင်လျက်ရှိ၏။ ထို အထဲမှာ စာအုပ်သရဲကား အဆွေ။

"ကမ်းမမြင် လမ်းမမြင် ပင်လယ်ထဲမှာ ဖတ်ပြီးသားစာအုပ်ကို ပြန်ဖတ် ရတာတောင် အင်မတန် အရသာရှိတယ်။ ဘယ်လိုပြောရမလဲ၊ နှစ်နဲ့ချီပြီး ခွဲနေရ တဲ့ ကိုယ့်မိန်းမနဲ့ ကိုယ်ပြန်တွေ့ရသလိုပဲလို့ သဘော်သားစကားနဲ့ပဲ ပြောသိမ့် မယ်"

အဆွေက အဲသည်လိုလူစား။ သူ့ ဉပမာ ဉပမေယျတွေက ကြက်သီး ထလောက်အောင် နားထဲမှာ စွဲခနဲ ဖြစ်သွားစေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

အဆွေသည် သင်္ဘောသားလူငယ်တစ်ဦးဖြစ်ပေမည့် ခပ်ပေပေ ခပ်တေတေအစားထဲကတော့မဟုတ်။

ခေတ်လူငယ်လေးပီပီ အရက်တော့ သောက်တတ်သည်။

သို့သော် သင်္ဘောပေါ်တက်ပြီဆိုသည်နှင့် အရက်နှင့်ဝေးနိုင်သမျှ ဝေးအောင် နေတတ်သည်။ မလွှဲသာသည့်အခါမျိုးမှာမှ တစ်ခါတစ်ရံ သောက်တတ်သည်။

အများအားဖြင့် သူ့ဂျူတီကုန်ဆုံးလျှင် စာဖတ်ခြင်းနှင့် ပုတီးစိပ်၊ တရားထိုင် ဘာသာရေးအလုပ်ကိုပဲ စွဲစွဲမြဲမြဲ လုပ်လေ့ရှိတတ်သည်။

ဘာသာရေးအလုပ်လုပ်ရာမှာလည်း အဆွေက ဘာသာရေးအမြင်ရှင်းသည်။ ဘုရား၊ တရား၊ သံဃာနှင့် မိဘဆရာသမားဟူသော အနန္တော အနန္တငါးပါးမှတစ်ပါး တခြားထွေလီကာလီ ချဲ့ထွင်ယုံကြည် ကိုးကွယ်ခြင်းမပြု။ ပုတီးကို စွဲစွဲမြဲမြဲ စိပ်ရာမှာလည်း ဗုဒ္ဓဂုဏ်တော်ကိုးပါးကိုသာ အစွဲအမြဲစိပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေး၌ ရှင်းအောင်နေသည်။ ဘဝနေရေးကိုလည်း ရှင်းအောင်နေတတ်သည်။

ဆိပ်ကမ်းတစ်ခုခုကို သင်္ဘောဝင်၍ ကုန်တင်ကုန်ချ လုပ်ကြပြီဆိုလျှင် အခြားသူငယ်ချင်း သင်္ဘောသားတွေလို ဟိုတယ်တက်၊ စားသောက်ဆိုင်ဝင်၊ အပျော်အိမ်သွားခြင်းဆိုတာမျိုးတွေ မလုပ်။

သူစာရေးရန် ဒေသန္တရခရီးအဖြစ် အမှတ်တရသွားရမည်ဆိုလျှင် သူ့ပိုင်ကင်မရာတစ်လုံးနှင့် အဖော်ကောင်းကောင်းရှာပြီး သွားတတ်သည်။

ဆိပ်ကမ်းမြို့တစ်ခုသို့ သူတို့သင်္ဘောအဝင် သူတို့ကုမ္ပဏီအေးဂျင့်ဘွတ်ရောက်နေလေ့ရှိတတ်သော မြန်မာပြည်မှ စာအုပ်များ၊ စာများကို သူ အသည်းအသန် မျှော်တတ်သည်။

တစ်နေ့ သူ့မိန်းမဆီက စာတစ်စောင် သူ့ထံရောက်လာသည်။

*ကိုဆွေ . . .*

*မ,တို့ မြို့မတောင်မှာ မြေကွက်ဝယ်လိုက်ပြီ။*

*ကိုဆွေ . . . ဒီတစ်ခေါက် သင်္ဘောဆင်းပြီး အိမ်ပြန်လာရင် အိမ်ဆောက်ကြမယ်နော်။ ကိုဆွေပို့တဲ့ပိုက်ဆံနဲ့ မ, အုတ်တွေ၊ သဲတွေ၊ ဘိလပ်မြေတွေနဲ့ အိမ်ဆောက်ပစ္စည်းတွေ ဝယ်စုနေတယ်။*

*ဒီတစ်ခေါက်ပြန်လာရင် အိမ်အပြီးဆောက်ပြီး အိမ်တက်ဆွမ်းတွေ ဘာတွေကျွေးရအောင်၊ ကြာကြာနေဖြစ်အောင် ကြိုးစားပါ။*

*ကိုဆွေရဲ့ ချစ်ဇနီး 'မ'*

ကိုဆွေ သင်္ဘော၏ ကေဗင်ခန်းကလေးထဲမှာ သူ့ချစ်ဇနီး ခင်မမ၏စာကိုဖတ်ပြီး ပီတိဖြစ်နေ၏။ ကိုဆွေ၏ ယခုဇနီး ခင်မမသည် ပညာတတ်ဘွဲ့ရ ကျောင်းဆရာမတစ်ဦးဖြစ်လေသည်။

ယခုဇနီးဆိုခြင်းကြောင့် ကိုဆွေ့မှာ ယခင်ဇနီးရှိခဲ့ဖူးသည်ဟု ယူဆလျှင်တော့ အမှန်ဟု ပြောရပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဆွေ၏ ပထမဇနီးမှာ ကိုဆွေ့ထံမှ အရှင်ထွက် ထွက်သွားသည်ဟု ယေဘုယျအားဖြင့် ပြောလို့ကပြောနိုင်မည်ဖြစ်၏။ သို့သော် ကိုဆွေသည် အရှင်ထွက် ထွက်သွားသော ပထမဇနီးအကြောင်းကိုမတွေးလိုဘဲ သူ၏ ယခုလက်ရှိ ဇနီးအကြောင်းကိုသာ တွေးလိုသူမို့ ခင်မမအကြောင်းကိုသာလျှင် စဉ်းစားနေမိသည်။

ခင်မမကိုသာ တမ်းတပြီး စာကို ရင်မှာအပ်လျက် လွမ်းနေမိသည်။

ခင်မမသည် နယ်မှဖြစ်၍ ရိုးသားသည်။ သူမမှာ ရှေးရိုးစွဲ အယူအဆတွေလည်း ရှိတတ်သည်။ မယားမရှိတော့သော အဆွေ့ကို လူကြီးမိဘတွေက ပခုက္ကူ သွားရောက်စပ်ဟပ် ပေးစားကြသဖြင့် အောက်ပြည်အောက်ရွာ သန်လျင်မြို့သို့ ခင်မမ လိုက်ပါခဲ့ရခြင်းပင်ဖြစ်သည်။

ခင်မမရိုးပုံကလည်း ကြည့်။ အခြားသဘော်သား မယားတွေလို ငွေကို ခေါ်လာ၊ ယူရို စသည်ဖြင့် ခေတ်မီမီ မပြောနိုင်သေးဘဲ အညာသူလေသံဖြင့် ပိုက်ဆံဟုသာ ခေါ်ပြောနေတတ်သေးသည်။ ထိုသို့ ပိုက်ဆံဟု ခေါ်ပြောနေသည်မှာ တော်ပါသေးသည်။ ရောက်စက ပိုက်ဆံကို အညာလေဖြင့် 'ပိုက်ဆပ် ... ပိုက်ဆပ်' လုပ်နေ၍ မနည်းပြင်ခဲ့ရဖူးသည်။

သဘော်သားတစ်ယောက်ရဲ့ မယားပေမည့် အခြားသဘော် သားမယားများကဲ့သို့ ငွေကြေးကို အရာမရောက်သောနေရာမှာ သုံးစွဲမပစ်ပါ။ အရှင်ထွက် ထွက်သွားသော ကိုဆွေ၏ ပထမ မယားနှင့်တော့ ဆီနှင့်ရေလို အတော့်ကိုပင် ကွာခြားခဲ့လေသည်။

ခင်မမက စုစုဆောင်းဆောင်း လုပ်တတ်သည်။ မြေကွက်ဝယ်ယူမည့် အဲသည်အစီအစဉ်မှာလည်း အဆွေသဘော်မထွက်ခင်က စီစဉ်ထားခဲ့သော အစီအစဉ်ကို အဆွေ့ဇနီး 'မ' က အကောင်အထည်ဖော်လိုက်ခြင်းပင်ဖြစ်သည်။

အဆွေတို့နေထိုင်ရာ မြို့မတောင်ရပ်ကွက်၏တောင်ပိုင်း ယခင်က လယ်ပျက် ဗျိုက်တောကြီးများနေရာတွင် မြေကွက်အလွတ်များဖော်၍ အကွက်ရိုက်ပေးရာ ပေါက်ပေါက်ရောက်ရောက်ရှိသူတွေ၊ လက်လှမ်းသင့်သူတွေ၊ ကိုယ်ပိုင်နေစရာ မြေကွက်နှင့် အိမ်ရှိပါလျက် ရသူတွေရကြသည်။ ထိုသူတွေအဖို့ အပိုလိုဖြစ်နေပြီး အချို့က ဈေးကောင်းကြည့်ပြီး ပြန်ရောင်းကြသည်။

ထိုပြန်ရောင်းမြေကွက်ကို ဝယ်ယူနိုင်ရန် အဆွေသဘော်မတက်ခင်က ဇနီးနှင့်တိုင်ပင်၍ အစီအစဉ် ဆွဲခဲ့ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က ထိုနေရာများမှာ လယ်ပျက်၊ အင်းပျက်၊ ဖျိုက်တောနှင့် ကျိုးပင်ကြီးများရှိသော ဖုန်းဆိုးမြေကြမ်း လူသူအရောက်အပေါက်နည်းသော နေရာဖြစ်သည်။ ထိုနေရာနှင့် ထိစပ်လျက် မြန်မာရေနံချက်စက်ရုံဝင်းကြီး ရှိသည်။

စက်ရုံဝင်းကြီးနှင့် ထိုနေရာကြားမှာ သန်လျင်တစ်မြို့လုံးလိုလို၏ စီးဆင်းလာသော မြောင်းကြီး မြောင်းငယ်များပေါင်းစုံပြီး ချောင်းကြီးဖြစ်ကာ ဗိုလ်ချုပ်ရွာအဝင်နေ၍ ရန်ကုန်မြစ်ပေါက်ထဲ ထိုးဝင်သွားသော ချောင်းကြီးကလည်း ရှိနေသည်။

ဖို့မြေအရပ်မှ ချောင်းသည် ထိုဖျိုက်တောကြီးအရောက်မှာ အင်းကြီးသဖွယ် ရေအောင်းနေပြီး ကျင်းကမူများမှ သစ်ပင်ကြီးတွေမှာ မြင့်မတ်ပြီး သန်စွမ်းချင်တိုင်း သန်စွမ်းနေကြသည်။ အထူးသဖြင့် ရေဝပ်တာကိုကြိုက်သော ကျိုးပင်ကြီးတွေ အများအပြား ပေါက်ရောက်နေကြခြင်းပင်။

ထိုချောင်းကြီးနှင့် ဖျိုက်တောကြီးထဲမှ ကျိုးပင်ကြီးများကို အကာအကွယ်ယူပြီး ရေနံချက်စက်ရုံဝင်းထဲမှ ရေနံများကို ဝင်ရောက်ခိုးယူတတ်သော ခိုးသူခိုးများ ယခင်က ရှိခဲ့ဖူးသည်။

ရေနံသူခိုးများသည် သူခိုးဟုသာပြောရသော်လည်း လက်နက်ကိရိယာ အစုံအလင်ပါတတ်သည်။ တော်ရုံတန်ရုံ လုံခြုံရေးလောက်တော့ ဖျိုက်တောကြီးထဲမှာ အသက်ပျောက်သွားသည်။

အများအားဖြင့် ထိုသူခိုးများသည် သေမထူးနေမထူး ထောင်ထွက်သူဆိုးများ ဖြစ်တတ်သည်။ ရန်ကုန်မြစ်ထဲဝင်သော ချောင်းရိုးပေါက်မှလည်းကောင်း စက်ရုံဝန်းကျင်ရှိ သင်ပေါင်းတော၊ ခရာတော၊ မနိတောများ ဝင်ရောက်လာကြပြီး ဖျိုက်တောကြီးထဲတွင် ခြေရာဖျောက်ခိုအောင်း နေတတ်ကြသည်။

ဖျိုက်တောကြီးထဲမှ မြင့်မတ်ထိုးဖောက်နေသော ကျိုးပင်ကြီးများ၏ ဖားဖားလျားလျားအရွက်များကို အကာအကွယ်ယူပြီး အပင်ပေါ်တက်၍ ရေနံချက်စက်ရုံဝင်းကြီးထဲမှ လုံခြုံရေးများအခြေအနေကို ကြည့်လေ့ရှိသည်။

ထိုအပင်ကြီးများ ပင်စည်ကြီးများကို အကာအကွယ်ယူ၍ သူတို့၏ လုံခြုံရေးနှင့် လွတ်မြောက်ရေးကိုလည်း တာဝန်ယူထားတတ်သည်။ ရေနံလုံခြုံရေး အစောင့်ဝန်ထမ်းများနှင့်တွေ့ပြီး တိုက်ခိုက်ကြရသည်တို့လည်းရှိ၏။ ထိုအခါမျိုးမှာ သူတို့ဘက်မှ အသေခံအသက်ဆုံးရှုံးရသူတွေ ကျိုးပင်ကြီးအနီးမှာ မကြာခဏ ရှိတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေမဲ့ ထိုသို့ ခိုးဆိုးသောင်းကျန်နေသူများကို ပပျောက်သွားအောင် သုတ်သင်နိုင်ပြီးနောက် ထိုနေရာကြီးကို ရှင်းလင်းပြီး မြေကွက်လွတ်များ ဖော်ထုတ်ပေးလိုက်တော့ ရေနံ့ဝင်းကြီးအတွက် တစ်ဖက်မှ စိတ်ချရသလို အိုးမဲ့အိမ်မဲ့များအတွက်လည်း နေစရာမြေကွက်များ ရသွား၏။

ထိုနေရာသည် ရေနံ့သူခိုးများ အသေဆိုးသေခဲ့ရာ အရပ်ဖြစ်၍ မြေကြမ်းရေကြမ်းရှိသည်ဟု ယူဆသူတွေလည်းရှိ၏။ သို့သော် ရေကြမ်းမြေကြမ်းဆိုပေမည့် မင်းမိန့်နှင့် ရပ်ကွက်တည်ထားသဖြင့် ဘယ်လိုပင် အစွဲကြမ်း၊ သရဲကြမ်း၊ နတ်ကြမ်းပင်ရှိစေကာမူ ခံနိုင်လိမ့်မည်မဟုတ်ဟု ယူဆသူတွေလည်းရှိသည်။

ဒါပေမည့် လူဆိုတာက တစ်မျိုး။

သည့်ပြင်အစွဲထက် မိမိကိုယ်တွင် အစွဲတ္တသဏ္ဍာန်မှာ စွဲဝင်သောအစွဲကား ချွတ်ရန် ခက်လှသည်။ မြေကွက်တွေရိုက်တုန်းကတော့ နေရာကောင်း အကွက်ကောင်းတွေမှာ အထူးအခွင့်အရေးအဖြစ် နည်းအမျိုးမျိုးနှင့် ရယူသူတွေရှိခဲ့သည်။ နေစရာမြေကွက်နှင့် တိုက်တွေအခန့်သား ရှိပါလျက် နေစရာမြေမဲ့အိမ်မဲ့ အများစု၏ မျက်နှာကိုမှ မထောက်ကြ။

ဟော ...အချက်အချာ အကွက်အကွင်း ကောင်းသောနေရာမျိုးမှာ ဦးစားပေးမြေကွက်ရသည်နှင့် ဈေးကောင်းရကာ ထိုမြေကွက်များကို ပြန်၍ ရောင်းထုတ်ကြပြန်သည်။ ထိုသို့သော မြေကွက်မျိုးကို ရအောင်ဝယ်ဖြစ်စေရန် အဒေွ သဘော်မထွက်ခင်က သူ့ဇနီးခင်မမနှင့် တိုင်ပင်စီစဉ်ခဲ့ခြင်းဖြစ်၏။

ဘုရားဟောတရားနှင့်ကြည့်လျှင် ဘယ်လိုပင် ရေကြမ်းမြေကြမ်းဖြစ်စေကာမူ လူမသေဘူးသောမြေကြီး ဘယ်နေရာမှ မရှိဘူးဆိုတာကိုပဲ အဒေွ ယုံကြည်ခဲ့သည်။

ပြီးတော့ အဒေွသည် ထိုမြေကွက်များနှင့် ထိကပ်ဆက်စပ်နေသော မြို့မတောင်ရပ်ကွက် ထန်းနှစ်ပင်လမ်းမကြီးမှာ နေထိုင်ကြီးပြင်းခဲ့သူမို့ မြို့မတောင်ရပ်ကွက်ဟောင်းကြီးနှင့် ထိစပ်နေသော ထိုမြေကွက်အသစ်များကို မက်မောသည်။

ပြီးတော့ သူကိုယ်တိုင်ကလည်း ဘုရား၊ တရား၊ သံဃာ၊ သရဏဂုံသုံးပါးကိုသာ ယုံကြည်အားထားသူ သက်သက်မို့ ဘာအစွဲအလမ်းတွေမှမထားသော မည်သည့်အယုံအကြည်မျှ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့လည်း သူလုပ်ဆောင်ရန် မပြီးပြတ်ခဲ့သောကိစ္စကို သူ့အနီး… လုပ်ထားခဲ့ပြီဆိုတော့ စိတ်အေးရလေပြီ။ ယင်းကြောင့် …

*မိန်းမရေ …*

*မင်းဆီက ခြိကွက်ကို သေသေချာချာ ဂရုစိုက်ပြီး ပြုပြင်ထားပေတော့။ မင်း 'သ' ထားတဲ့ ခြံကွက်ကို ကိုဆွေပြန်လာမှကောင်းအောင် ကြည့်လုပ်မယ်။ ကိုဆွေတို့လည်း နောက်သုံးလလောက်ကြာရင် စင်ကာပူသင်္ဘောကျင်းမှာ ဒေါက် (Dock) ဝင်ရတော့မယ်နဲ့ တူတယ်။*

*'မိန်းမရဲ့ကိုဆွေ'*

ကိုဆွေသင်္ဘောပေါ်မှာပဲ စာပြန်ရေးကာ နီးရာသင်္ဘောဆိပ်မှ မိန်းမ… မြန်မာပြည်သို့ စာပြန်ပို့ခဲ့သည်။

✿ ✿ ✿

[၃]

❑

ရှေးတုန်းကတော့ လောကတွင် အပျော်ဆုံးသုံးရက်သာရှိသည်ဟု … တတ်ကြသည်။ ထိုအပျော်ဆုံးသုံးရက်မှာ မြန်မာများအတွက် ရှင်လိင်ပြန်သောရ… ထောင်မှလွတ်သောရက်၊ မင်္ဂလာဆောင်သောရက်များဟူ၏။

သို့သော် အဆွေတို့လို နိုင်ငံရပ်ခြား ပင်လယ်ကူးသင်္ဘောသား… အတွက်မူ တစ်ရက်ကို အထူးထပ်ထည့်ပေးထားရပေလိမ့်မည်။

သင်္ဘောဆင်း၍ အိမ်ပြန်ရသောရက်။



www.burmeseclassic.com

www.burmeseclassic.com



အဆွေတို့ သင်္ဘောလိုင်းမှ မြန်မာသင်္ဘောသားအဖွဲ့ မြန်မာပြည်ပြန်လာရတော့ စုစုဝေးဝေးနှင့် ပျော်စရာပင်ကောင်းလှသည်။ သင်္ဘောပေါ်ကဆင်းပြီး အိမ်ပြန်ခရီးမှာ သူတို့တစ်တွေ တပျော်တပါး နောက်ပြောင်လာကြသည်။

ဘန်ကောက်လေဆိပ်စားသောက်ဆိုင်မှာ သင်္ဘောတစ်စီးထဲသားတွေ နိုင်ငံရပ်ခြား နောက်ဆုံး ပျော်ပွဲစားလုပ်ကြတော့ ...

"အဆွေကတော့ ရခါစမိန်းမဆီပြန်ရမှာမို့လို့ လေယာဉ်နဲ့ပြန်ရမှာကို နှေးတယ်လို့ ထင်နေပုံပဲကွ။ တောင်ပံပါရင် မင်းဆီကို ... ဆိုတဲ့ သီချင်းလို အခု အတောင်ပေါက်ရင် အခုပဲ ထပျံသွားမယ်ပုံမျိုးကွ"

"ဟော ... အဲဒီထက် ပိုဆိုးတာပေါ့ကွ။ လောင်စာပြည့်ပြီး ထိုးတက်တော့မယ့် ဒုံးပျံကြီးလို ဒီကောင့်ပုံကြီးက ကြွရွပြီး အတင်းရုန်း တက်တော့မယ့်အတိုင်း ကြောက်စရာကြီး"

"အေးကွ ... ဟုတ်တယ်။ ငါတောင် ဒီကောင့်ဘေးမှာ ထိုင်ရတာ ခပ်လန့်လန့်ရယ်"

"မင်းတို့ကွာ ဘယ့်နှယ်ပြောပါလိမ့်။ ငါ အခုယူခဲ့တဲ့ မိန်းမက ငါနဲ့ ခြောက်လပဲ ပေါင်းခဲ့ရတာ။ သူ့ခမျာ ဟို ပခုက္ကူကနေ သန်လျင်မှာ မျက်စိသူငယ်နဲ့ ဇာတိမြေမဟုတ်ဘဲ ငါ့မိဘမောင်နှမတွေကြား ကျန်ရစ်ခဲ့ရှာတာကွ"

"သံယောဇဉ်တွေနော်၊ အဆွေရဲ့ သံယောဇဉ်တွေ။ သန်လျင်မှာကျန်ရစ်ခဲ့တဲ့ မိဘ၊ ညီအစ်ကိုမောင်နှမတွေကျတော့ စိတ်ပူရမယ့် စကားလုံးထဲမှာ တစ်လုံးမှမပါဘူးကွ"

"ဟ ... မိန်းမဆိုတာ သံယောဇဉ်အစစ်ပဲကွ။ ဘာကြောင့်လဲဆိုတော့ ... သန်တုန်းမြန်တုန်း စင်ပေါ်မှာရောရတာလေကွာ ... ဟား ... ဟား ... ဟား"

သူတို့အထဲမှာ သင်္ဘောသားဝါရင့် ဦးစိုးမိုးကြီးက အသည်းဆုံး၊ အကဲဆုံးမို့ သူက ချက်ကျလက်ကျ ပြောတတ်စတတ်သည်။ သို့သော် အားလုံးခွဲခွာကာနီး စိတ်လွတ်ကိုယ်လွတ် ပျော်ကြသည်။

သူတို့ခမျာ မိဘညီအစ်ကိုမောင်နှမ၊ ချစ်ဇနီးသားမယားနှင့်ခွဲပြီး ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်ကြီးထဲမှာ အထီးကျန်ဆန်စွာ စီးပွားရှာကြ၊ အသက်ဘေးအန္တရာယ်ကို မငဲ့ကွက်ဘဲ အလုပ်လုပ်ကြရတာဆိုတော့ စိတ်လွတ်ကိုယ်လွတ် ရှိနေတတ်သည့်အခါ ရှိတတ်ကြသည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ကို မညာတမ်း အဆွေ့အနေနှင့် ဝန်ခံရလျှင် နိုင်ငံရပ်ခြားခရီးဒေး ... နှစ်နှင့်ချီ၍ ညားခါစဇနီးသည်ကလေးနှင့် ခွဲနေရပြီး ပြန်လာချိန်တွင် ပထမဦး ... မျက်နှာကလေးကို မြင်လိုက်ချင်တာက ကိုယ့်ချစ်ဇနီးလေးရဲ့ မျက်နှာလေး ... သာပါပဲလေ။

✿ ✿ ✿

[ ၄ ]

❑

သို့သော် ....

အမျှော်လင့်ကြီး မျှော်လင့်ထားခဲ့လေသမျှ သဲရေကျဖြစ်ရမည်ကဲ့သို့ အဆွေ ... ခံစားလိုက်ရသည်။

ခု ... မင်္ဂလာဒုံလေဆိပ်သို့ လာကြိုသူတွေကြားမှာ အဆွေတစ်ယောက် ... ကိုယ်ချစ်တဲ့ချစ်ဇနီးမယားကလေး ခင်မမ၏မျက်နှာကို မမြင်တွေ့လိုက်ရတော့ ခင် ... အဆွေ ဝုန်းခနဲ ဆောင့်ခုန်တက်သွားသည်။

ဒီလိုဖြစ်ရတာလည်း အဆွေ့မှာ အတိတ်ကအကြောင်းတွေ ရှိခဲ့ဖူးသည် ... မဟုတ်လား။

အဆွေ့ပထမ မယားလည်း အဆွေ့ကို နိုင်ငံခြားမှပြန်အလာတွင် ယခုလို ... လာရောက်ကြိုဆိုသူတွေထဲမှာ အဲသည်တုန်းက ပါမလာခဲ့။ အဖြစ်သနစ်စုံကို အဆွေ ... နိုင်ငံခြားမှာရှိနေစဉ် စိတ်ဆင်းရဲမည်စိုးရိမ်ကြ၍ အဆွေ့မိဘညီအစ်ကို မောင်နှမ ... တွေက ဖုံးဖိထားကြသည်။ အဆွေ အမိမြေသို့ ပြန်အရောက်တွင်မှ တခြားကောင် ... တစ်ကောင်နှင့် ဖောက်ပြား၍ ယူဖြစ်သွားသည်ကို ပြောပြကြသည်။

ထိုဇနီးတုန်းက အဆွေ အရူးအမူးချစ်ခဲ့သည်။ ငယ်ချစ်ဦးမို့ အဆော ... ခံစားရသည်။ ထိုငယ်ချစ်ဦးက ကိုဆွေ သင်္ဘောလိုက်နေစဉ် တခြားသူတစ်ယောက် ... နှင့် လိုက်ပြေးသွားခြင်းမှာ အလွန်ရက်စက်ရာကျသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆွေပြန်ရောက်မှ ထိုအဖြစ်သနစ်ကို ကြားသိရခြင်းက အဆွေ့ရင်ဝကို တော့၍ ဖြုတ်ချလိုက်သလို ပိုပြီးခံစားလိုက်ရသည်။ နိုင်ငံခြားမှာရှိနေစဉ်က သိခွင့် ရလိမ့်မည်ဆိုလျှင် အမိမြေသို့ အဆွေ ပြန်လာချင်မှ ပြန်လာမိရလိမ့်မည်။

ခုလည်း ဒုတိယချစ်ဇနီးခင်မမကို လာကြိုသူတွေထဲမှာ မတွေ့ရတော့ ခဲမှန်ဖူးသော စာသူငယ်လို အဆွေအဖို့ ခံစားရလေပြီ။ ရင်တွေ တဒိုင်းဒိုင်းခုန်ကာ နှလုံးသားပေါက်ထွက်လုမတတ် ခံစားလိုက်ရပြန်သည်။

ယင်းကြောင့် ဟန်ပင်မဆောင်နိုင်ဘဲ သူ့အား လာကြိုသူတွေထဲမှ သူ နှင့်အနီးဆုံးဖြစ်နေသော အစ်ကိုကြီးဖြစ်သူမောင်မောင့်ကို ခပ်တိုးတိုး မေးစမ်း မိသည်။

"အစ်ကို ... ကျွန်တော့်မိန်းမ ...မ ... ကော"

"ရှိပါတယ်ကွ ... နေမကောင်းလို့ လိုက်မလာနိုင်တာပါ"

"အမယ်လေး ... ဝမ်းသာလိုက်တာ ... အစ်ကိုရယ်။ အခုမှ အလုံးကြီး ကျသွားတယ်"

နေမကောင်းဘူးပြောပါလျက် ဝမ်းသာသည်ဟု ပါးစပ်မှ လွတ်ခနဲ ထွက် သွားသော အဆွေ့ကို တခြားသူများ ဘယ်လိုမျှ နားလည်နိုင်မည်မဟုတ်သော် လည်း အဆွေ့အကြောင်းသိနေသော အစ်ကိုမောင်မောင်က နားလည်နိုင်လိုက် ပါသည်။

သို့သော် အဆွေကိုယ်၌က သူ့စကားအတွက် သူလိပ်ပြာမလုံနိုင်အောင် ဖြစ်ရသည်။ ပြောပြီးမှ သူ့စကားမှားသွားမှန်း ဆင်ခြင်မိသည်။

လာရောက်ကြိုဆိုကြသော ညီအစ်ကိုမောင်နှမ မိတ်ဆွေအပေါင်းအသင်း တွေကို ဝတ်ကျေတန်းကျေ နှုတ်ဆက်ပြီးမှ အိမ်မှလာကြိုသော ကားပေါ်တက် လိုက်ရသည်။

ကားပေါ်ရောက်တာတောင်မှ အဆွေ့စိတ်တွေက အိမ်ကို မြန်မြန်ရောက် ချင်နေသည်။ ပြီးတော့မှ သူ့ကိုယ်သူ အပြစ်တင်တွေး၊ တွေးစ ပြုမိပြန်သည်။

"ငါတော်တော် အတ္တများတဲ့ကောင်ပဲ။ ငါ့မိန်းမ နေမကောင်းဘူးလို့ ငါ့ အစ်ကိုမောင်မောင့်ဆီက စကားကိုကြားတာနဲ့ ဝမ်းသာလိုက်တာလို့ မဆီမဆိုင် ပြောလိုက်မိတယ်။ ပြီးတော့ သူနေမကောင်းတာကိုပဲ စိတ်ချမ်းသာသလို ဖြစ် သွားတယ်။ ငါတော်တော်အသုံးမကျတဲ့ ကောင်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အိုလေ . . . ဒါတွေက သူ့ကိုချစ်လွန်းလို့ ပြောမိလိုက်တာပဲ။ ငါ့ကိ
ခစ်ပြီး နောက်ယောက်ျားတစ်ယောက်နဲ့ လိုက်သွားတာထက်စာရင် တော်သေး
ပြောလိုက်မိတာပဲ။ ငါက အဆိုးဆုံးကို တွက်မိပြီး ပြောလိုက်မိတာကိုး။ အမှ
က ငါ့ကို လာမကြိုနိုင်လောက်အောင် နေမကောင်းဖြစ်နေတာကို ငါစိတ်ပူ
ဝမ်းနည်းစကားဆိုရမှာ"

ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ဆင်ခြင်မိကာ သူ့ဘေးမှ အတူလိုက်ပါလ
သော အစ်ကိုဖြစ်သူမောင်မောင့်ကို အဆွေ သူ့မိန်းမအကြောင်းထပ်မေးမိပြန်သည်

"မ . . . တော်တော်ဖြစ်နေသလား . . . ကိုမောင်"

"စိတ်မကောင်းဘူး . . . အဆွေ။ သူဖြစ်ပုံက ထူးခြားတယ်ကွ။ ပထ
သွေးပျက်သလိုလိုရယ် . . . အစာလုံးဝမစားဘူး။ တစ်ခုခုကို လန့်လိုက်၊ အသည်
အသန်ကြောက်လိုက်နဲ့၊ အော်လိုက်ဟစ်လိုက်ပါပဲကွာ"

"မင်းတို့ကွာ . . . ငါ့ဆီကို အကြောင်းကြားဖို့ ကောင်းတယ်"

"ဖြစ်လာတာလည်း နှစ်လလောက်ရှိသေးတာ။ မင်းကလည်း ပြန်လ
တော့မယ်ဆိုတော့ မထူးဘူးဆိုပြီး တို့အကြောင်းမကြားဘဲ နေလိုက်မိတာကွ"

"အခု အခြေအနေဘယ်လိုလဲ"

"အစာတော့ ပြန်စားနေပြီကွာ။ ဒါပေမဲ့ . . . . ဟူး . . ."

မောင်မောင်က စကားကိုဆုံးအောင် မပြောတော့ဘဲ သက်ပြင်းမော
တစ်ချက်ချလိုက်သည်။ စကားဆက်ပြောရန် အခက်အခဲရှိနေပုံလည်း ရသည်

ဒါကိုပင် အားမလိုအားမရ ဖြစ်နေသော အဆွေက စိတ်လောကြီးစွာ
ဆက်၍မေးမိပြန်သည်။

"ဒါပေမဲ့ . . . ဘာဖြစ်သလဲကွ။ စကားကို ဆုံးအောင်ပြောသေ
မောင်မောင်။ မင်းက စကားကို ဆုံးအောင်မပြောတော့ ငါ့မှာ ခင်မမအတွက် ဘ
လောက် စိတ်ပူပန် သောကရောက်ရမလဲဆိုတာ မင်းတွေးကြည့်လေကွာ"

အဆွေက ကားပေါ်မှာတင် ခင်မမအတွက် အဖြေရရန် အစ်ကိုဖြ
မောင်မောင်အား မရမကမေးနေမိသည်။

ဒါကိုပင် မောင်မောင်လည်း အပြောရခက်ဟန်ဖြင့် . . .

"မင်းလည်း အိမ်ကို ပြန်ရောက်တော့မှာပဲကွာ။ အိမ်ပြန်ရောက်မှ
အမေ့ဆီက အကြောင်းစုံ မင်းပြန်ကြားရတော့မှာပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဖြစ်သူမောင်မောင်ကို အဆွေ ဆွဲထိုးပစ်ချင်စိတ်တွေ ဝင်သွားသည်။ ဒါပေမဲ့ ကိုယ့်ထက်အကြီးဖြစ်၍ ဒေါသမျိုသိပ်လိုက်ရသည်။

သို့သော် အတွေးတွေက မငြိမ်မသက်။ စိတ်တွေကလည်း ကယောက်ကယက်။

✿ ✿ ✿

[၅]

❑

ဘဝတွေက ကိုယ်ဖြစ်ချင်သလိုမဖြစ်၊ ဖြစ်ချင်တာဖြစ်နေသည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ယုံကြည်မှုအတိုင်း ပြောရလျှင် ကံစီမံရာအတိုင်းဖြစ်ရသည်ဟု ဆိုရမည်။

အဆွေတစ်ယောက် ပထမမိန်းမကို ရတုန်းက မမျှော်လင့်ဘဲ ရရှိခဲ့ခြင်းသာ။

ဒါကိုလည်း ကံတရား၏စီမံမှုဟု ပြောရပေဦးမည်။

ခင်မောင်ဆွေသည် ငယ်ရွယ်စဉ်က ခပ်ဆိုးဆိုးကောင်လေး ဖြစ်၏။

ကျောင်းမှန်မှန်မတက်ချင်။ သို့သော် မိဘများနှင့် အစ်ကိုကြီး အစ်မကြီးများ၏ ထိန်းချုပ်ကွပ်ကဲမှုကြောင့် ဆယ်တန်းကိုတော့ ရောက်အောင် သင်လိုက်ရသေးသည်။

သူ ထိုစဉ်က တွဲခဲ့သော ကျောင်းသားသူငယ်ချင်းများ ခပ်ကဲကဲ သူငယ်ချင်းများဖြစ်၏။

မောင်မောင်ဦး၊ အေးမြင့်၊ ခင်မောင်ဝေ၊ သန်းအောင်ဆိုသော အောင်မင်္ဂလာရပ်ကွက်သား လေးယောက်နှင့် အတွဲများသည်။ ထိုလေးယောက်နေသော အောင်မင်္ဂလာရပ်ကွက်သည် သူတို့ကျောင်းတက်ရာ သန်လျင် အ.ထ.က (၁) နှင့် နီးသဖြင့် ကျောင်းအနီးရှိ စွတ်ကူး ကွမ်းယာဆိုင်တွင် လွယ်အိတ်များတင်ပြီး ကျောင်းပြေးလေ့ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကျောင်းပြေးသည့်ကိစ္စမှာ ရန်ကုန်ဘက်ကမ်းသို့ ကူးပြီး မွေခင်းတိုက်၊ စာပေတိုက်များသို့ သွား၍ စာမူများ ပို့ခြင်းသာဖြစ်၏။

သူတို့ငါးယောက် ထိုစဉ်က စာပေရှူးကြသည်မှာ သူတို့စာမူမရဖူးသော မွေခင်းတိုက်ဟူ၍ မရှိတော့။

ထိုအထဲမှာ မောင်မောင်ဦးက သန်လျင်မောင်မောင်ဦးအဖြစ် ဝတ္ထုတိုတွေအပါများပြီး ခင်မောင်ဝေက စာပေဗိမာန်ဆုပင် ရသွားသည်။ သန်းအောင်ကတော့ ဗီဒီယိုဇာတ်ညွှန်းရေးဆရာဖြစ်သွားသည်။

အေးမြင့်နှင့် ခင်မောင်ဆွေကား ရောကျော်ဆိုတာမျိုး။ ဟိုစပ်စပ် ဒီစပ်စပ်လုပ်သည်။ သူတို့နှစ်ယောက် တူနေခြင်းမှာ ဘုရားများ လျှောက်ဖူးကြခြင်းပင်။ အမှန်တော့ ခင်မောင်ဆွေသည် ဘုရားသမိုင်း ရေးသားချင်သောစိတ်နှင့် ဘုရားတွေကိုသွားရာမှ အေးမြင့်က အဖော်အဖြစ် ပါလာခြင်းဖြစ်၏။

ထိုသို့ ဘုရားများကိုသွားရာမှ ခင်မောင်ဆွေ သူ၏ ပထမမိန်းမဖြစ်လာသည့် တင့်တင့်လှနှင့် ဆုံစည်းခဲ့ရခြင်းပင်။ ထိုဖြစ်ရပ်သည် ခင်မောင်ဆွေ ဘဝမှတ်တမ်းများတွင် တစ်သက်မမေ့စရာအဖြစ် စွဲထင်ကျန်ရစ်ခဲ့သည်။

ထိုနေ့က ထုံးစံအတိုင်း ခင်မောင်ဆွေနှင့်အေးမြင့်တို့ သန်လျင်ဘက်ကမ်းမှာပင် ရှိနေသော ရှင်မွေ့လွန်းကုန်းသို့ ရောက်သွားသည်။

သူတို့ကား မြို့ခံတွေမို့ ရှင်မွေ့လွန်းကုန်းဟု အများခေါ်ဆိုနေသော ချောင်းထဲမှ ပေါ်တူဂီဘုရားရှိခိုးကျောင်း အပေါင်းကြီးရှိရာသို့ သွားခြင်းမဟုတ်။

သန်လျင်ကမ်းနားမြို့ဟောင်း အနောက်ဖက်ကုန်းမြင့်ပေါ်တွင် တည်ထားသော ကျိုက်မြတ်ခမွန်မွေ့နန်းရှင်စေတီတော်မြတ်သို့ ရောက်သွားခြင်းသာဖြစ်၏။

ထိုစေတီကို ရှေးဟောင်း ရှင်မွေ့လွန်းစေတီအစစ်ဟု ဆိုကြသည်။ ကုန်းမြင့်ပေါ်တွင်ရှိပြီး တောင်ကုန်းငယ် တစ်တောင်နှင့်တစ်တောင် ကမ်းပါးပြတ်များဖြစ်ကာ လမ်းကျဉ်း၊ လမ်းကြား၊ လမ်းမြှောင်ကလေးများဖြင့် ချစ်သူတွေအတွက် နားခိုချင်စဖွယ် နေရာကလေးဖြစ်၏။

ဘုရားကုန်းတော်ပေါ်တွင် ရှင်မွေ့လွန်း ကျိုက်မြတ်ခမွန်စေတီတော်ကား သွမ်းမောဆွတ်ကြင်ဖွယ် တောအုပ်ကြားမှ ပေါ်ထွက်နေသည်။ ထီးတော်မှ ဆည်းလည်းသံများကို တိုးဝှေ့ကျီစယ်သွားသော လေပြည်လေညင်းကြောင့် လှုပ်ခတ်သွားသော ဆည်းလည်းသံကလေးတွေမှာ ကြေကွဲစရာပင် ကောင်းနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်၏ စောင်းတန်းရင်ပြင်တော်တစ်ခုမှာ အမျိုးသမီးငယ်လေး တွေ ဝင်ချည်ထွက်ချည် ကြည့်နေကြသည်။ ထိုစောင်းတန်းအတွင်းမှ ရှင်မွေ့နွမ်း အမှတ်တရ ကျောက်ပြင်ကြီးတစ်ချပ် အသင့်ရှိနေသည်။

ထိုမွေ့နွမ်းကျောက်ပြင်ကြီးပေါ်တွင် စေတနာရှင် မည်သူက လှူဒါန်း ထားမှန်း မသိသော သနပ်ခါးတုံးတွေကလည်း အဆင်သင့်။

ရှင်မွေ့နွမ်းစေတီရောက် အမှတ်တရအဖြစ် မိန်းမငယ်လေးတွေ အမှတ်တရ အဖြစ် သနပ်ခါးများသွေး၍ လူးကြသလို ယောကျ်ားလေးတွေကလည်း အားကျ မခံ ဝင်၍လူးလေ့ရှိကြသည်။

ထိုသနပ်ခါးလူးပွဲမှာ ခင်မောင်ဆွေနှင့် တင့်တင့်လှတို့ သွား၍ ဆုံကြခြင်း ဖြစ်သည်။

"တင့်တင့်လှ ဒီနေ့ကျောင်းပိတ်ရက်မှမဟုတ်ဘဲ နင် ကျောင်းမတက်ဘူး လား"

"အောင်မာ ... ငါ့ကိုတော့ နင်ကမေးတယ်။ နင်ကော ကျောင်းမတက် ဘဲ ဒီကို ဘာလို့ရောက်နေရတာလဲ"

သူတို့လည်း တစ်ကျောင်းတည်းဖြစ်၍ တစ်ယောက်အကြောင်း တစ်ယောက် သိနေကြကာ ချက်ချင်းပင် လေပေးဖြောင့် အဆင်ပြေသွားကြသည်။

"ဒီကျောက်ပြင်ကြီးနဲ့ သနပ်ခါးတုံးကို မြင်တော့ ငါက သွေးပြီး လူးပေး မလို့ လူကိုရှာနေတာ။ ခုမှ အလူးခံမယ့်သူကို တွေ့ရတယ်"

"နင်တကယ် သွေးပေးရင် ငါက ဘာဖြစ်လို့ အလူးပေးမခံရဲရမှာလဲ"

ခင်မောင်ဆွေနှင့် တင့်တင့်လှတို့ စိန်ခေါ်ပွဲက ထိုမှအစပြုတော့၏။

နောက်ရက်များ မကြာမကြာ ကျိုက်မြတ်ခမွန်ရှင်မွေ့နွမ်းစေတီတော် သို့ ခင်မောင်ဆွေနှင့်တင့်တင့်လှတို့ သနပ်ခါးလူး မကြာမကြာထွက်တတ်သည်။

ထိုအခါများမှာ ခင်မောင်ဆွေ၏တိုင်ပင်ဖော် အေးမြင့်မပါတော့သလို တင့်တင့်လှ၏ သူငယ်ချင်းမတွေလည်း မပါတော့။

နောက်သိပ်မကြာလိုက် ခင်မောင်ဆွေနှင့်တင့်တင့်လှတို့ ခိုးပြေးကြတော့ သည်။ မိန်းမရပြီး အလုပ်အကိုင်မရှိသော ခင်မောင်ဆွေကို တင့်တင့်လှအဖေ က ဝါရင့်သဘော်သားအရာရှိကြီးဖြစ်သဖြင့် သူ့အဆက်အသွယ်နှင့် သဘော်တင် ပေးလိုက်၍ အဆွေသဘော်သားဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သဘော်သားအဆွေနှင့် သူ့ပထမအိမ်ထောင် တင့်တင့်လှတို့ ပထမ သားငါးနှစ် အဆင်ပြေစွာ ပေါင်းသင်းကြသော်လည်း နောက်တော့ လင်မယား ကွဲပြသွားကြရလေသည်။ ခင်မောင်ဆွေ သဘော်ထွက်နေစဉ် တင့်တင့်လှဘက်က ကောက်ပြန်သွားခဲ့၍ဖြစ်သည်။

ခင်မောင်ဆွေတို့လို သဘော်သားလောကမှာ ထိုသို့သော အိမ်မှာ ကျန်ခဲ့ သည့်ဇနီးသည်က ဖောက်ပြား၍ နောက်ယောကျ်ားယူသွားလျှင် 'အရှင်ထွက်' ထွက်သွားသည်ဟု ပြောဆိုကာ အချင်းချင်း နောက်ပြောင်၍ ခံစားချက်ပေါ့အောင် လုပ်ပစ်တတ်ကြသည်။

သဘော်သား သူငယ်ချင်းတွေကြားမှာ ထိုအဖြစ်မျိုးကား နောက်စရာ၊ ပြောင်စရာ၊ ပြောစရာတွေ ဖြစ်ခဲ့ပေမည့် တကယ်ခံစားရသော ကာယကံရှင်အဖို့ ကား တစ်သက်စာ မှတ်သားသွားစေလောက်ပါသည်။

ယင်းကြောင့်ပင် ခင်မောင်ဆွေသည် မိန်းမဆိုလျှင် ခဲမှန်ဖူးသော စာသူငယ် ပီ အလိုလိုနေရင်း လန့်နေသည်။

နဂိုက စာသမားပေသမားဖြစ်၍ တစ်ယောက်ထဲရှိလျှင် အတွေးနယ်ချဲ့ ကာ တွေးငေးနေတတ်သည်။

ခင်မောင်ဆွေ့အရိပ်အကဲကို ကြည့်ပြီး မိဘညီအစ်ကိုမောင်နှမတွေက ကိုယ်ချင်းစာ သနားနေမိသည်။

အစ်ကိုကြီးဆိုပေမည့် သူငယ်ချင်းလိုပေါင်းတတ်သော မောင်မောင်က ခင်မောင်ဆွေ့ အရိပ်အခြေကိုကြည့်ပြီး ဖျောင်းဖျတတ်သည်။

"မင်းနဲ့တင့်တင့်လှ တွေ့ပုံကလည်း သဘာဝမကျဘူး။ ချစ်ကြိုက်သွားပြီး တော့ကလည်း မြန်ဆန်လွန်းတယ်။ အလေးအနက်ကြီး ရှိလှတာမဟုတ်ဘူး။ ဒီဘိုဟန်ဆိုတဲ့ သီချင်းလို 'ခုကြိုက်ခုလိုက်တယ် အမိ' ဆိုတာမျိုးဆိုတော့ မြန်မြန် ကွဲကြတာပေါ့ ... ငါ့ညီရာ။ အဲဒီတော့ သိပ်ခံစားမနေပါနဲ့။ သူ့နေရာမှာ အစား ထိုးဖို့သာ စဉ်းစား"

အစ်ကိုမောင်မောင် ဖျောင်းဖျသလို အစ်မတွေကလည်း အဆွေ့အတွက် အိမ်ပျော်မည့်ဇနီးလောင်းကို ရှာကြသည်။

သို့နှင့် အမျိုးကောင်းသမီးဖြစ်သော ပခုက္ကူသူ ခင်မမကို သွားတွေ့သည်။ ခင်မမက ဘွဲ့ရ ကျောင်းဆရာမတစ်ဦးဖြစ်သည်။ ခင်မမမိဘတွေ့က ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



တရားကိုင်းရှိုင်းသူများဖြစ်၍ ခင်မမကလည်း ယဉ်ကျေးသိမ်မွေ့သူဖြစ်၏။ အနေ အထိုင် ကျစ်လျစ်ရိုးသားသူဖြစ်၍ အသက်သုံးဆယ်အရွယ်တိုင်အောင် အပျိုကြီး ဖြစ်နေခဲ့သူ။ မိန်းမတွေကို စိတ်နာနေသောအဆွေ၊ လူကြီးတွေကြောင့် မိန်းမထပ် ယူရဖို့ အကြောင်းဖန်လာသည်။

ပထမတော့ အဆွေတစ်ယောက် ငြင်းဆန်ဖို့ ကြိုးစားကြည့်သည်။

"ကောင်မလေးက ရိုးသားပါတယ် ... အဆွေရဲ့။ သူ့မိဘတွေကလည်း မျိုးကြီးဆွေကြီးတွေ။ တစ်သက်လုံး ဗိုင်းကောင်းကျောက်ဖိ နေလာခဲ့တာ မင်း ငါတို့နဲ့လိုက်ခဲ့ပြီး အခြေအနေလေ့လာကြည့်ပါဦး"

အစ်မဖြစ်သူ ကျွန်းချောင်းဓာတ်မြေသြဇာစက်ရုံမှာ တာဝန်ထမ်းဆောင် နေရ၍ ပခုက္ကူမှ ခင်မမမိဘတွေနှင့် ဆက်နွယ်မိခြင်းဖြစ်၏။

အဆွေ ပခုက္ကူသို့သွား၍ ခင်မမကိုလေ့လာရန် ရောက်သွားသောအခါ ခင်မမ၏ချောပုံလှပုံမှာ အဆွေ့လို ကမ္ဘာပတ်နေသော သင်္ဘောသားအဖို့ ရှာမှရှား သော အလှမျိုးဖြစ်၍ မငြင်းပယ်နိုင်အောင် ဖြစ်သွားတော့သည်။

သို့နှင့်ပင် ...

✿ ✿ ✿

[၆]

❑

အဆွေအိမ်ပြန်ရောက်တော့ ဇနီးဖြစ်သူ ခင်မမကိုပင် ခင်မမမှန်း မသိ တော့လောက်အောင် ရုပ်ပျက်ဆင်းပျက်ဖြင့် ပိန်ချုံးချည့်နဲ့နေသော ကမ္ဘာ့သား အရိုးခြောက်အသွင် တွေ့မြင်တော့သည်။

ဇနီးဖြစ်သူ လူမမာက သူ့ကိုတောင် မသိတော့အောင်ကို အသိကင်း လျက် သတိလွတ်၍ နေချေပြီ။ အဆွေမိခင်ကြီးက သားဖြစ်သူအဆွေ့အတွက် စိတ် မကောင်းစွာနှင့် လူမမာဇနီးမယားဖြစ်သူအကြောင်း ရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပထမတော့ တို့က ရိုးရိုးသားသား ဖျားတယ်နာတယ်ပဲ ထင်ကြတယ်။ ဆေးခန်းတွေဘာတွေပို့ ဆရာဝန်တွေဘာတွေနဲ့ ကုပေါ့ကွယ်။ တစ်လအတွင်း လူနာဟာ ချုံးကျသွားပြီး သူ့ရဲ့ အသွေးတွေအသားတွေကို တစ်စုံတစ်ယောက်က စုပ်ယူစားသောက်ပစ်သလို ပိန်ခြောက်သွားတာပဲ"

"ပြီးတော့ ကြောက်လန့်တကြား ဟစ်အော်ပြီး ဟိုပြေးမလို ဒီပြေးမလို နာမပြိမ် ထကြွသောင်းကျန်းတဲ့အခါ သောင်းကျန်းတတ်လေရဲ့။ သူအော်တဲ့ အသံကြီးကလည်း ကြောက်စရာကြီးကွယ့်။ အမေဖြင့် တစ်ကြိမ်တစ်ခါမှ မကြားဖူးတဲ့ အသံနက်ကြီး။ သူသောင်းကျန်းပြီဆိုရင် မိန်းမချင်းတောင် သူ့ကို ထိန်းနိုင်မလွယ်ဘူး။ သန်သလားမမေးနဲ့။ ဒါကြောင့် မောင်မောင်တို့လို အားကောင်းမောင်းသန် ယောက်ျားကြီးတွေနဲ့ ပိုင်းဝန်းချုပ်ဖမ်းထားရတယ်။ အမေတော့ မရိုးဘူးလို့ထင်တယ်"

"အမေက ဘယ်လို မရိုးဘူးလို့ထင်တာလဲ"

"မင်းတို့အတွက်ဝယ်ထားတဲ့ ခြံကွက်နှစ်ကွက်တွဲထဲက အလယ်ခေါင်က ကျီးပင်ကြီးကို ခုတ်လှဲရာက ဒီလိုဖြစ်လာတယ်လို့ တတ်သိနားလည်တဲ့ လူကြီးတွေက ပြောကြတာပဲကွယ့်။ ဒါကြောင့် အမေတို့လည်း မင်းလာမှ လုပ်စရာရှိတာ လုပ်ရအောင် သူ့အရိပ်အခြည်ကို ကြည့်ပြီး သူ့အလိုလိုက် အကြိုက်ဆောင်ပြီး စောင့်နေရတယ်ကွယ့်"

အမေ့ထံမှ အကြောင်းစုံသိရတော့ အဆွေ ခင်မမအတွက် စိတ်အတော် ထိခိုက်သွားသည်။

အမေ့စကားအရ သူတို့ဝယ်မိသော ခြံကွက်နှစ်ကွက်နှင့်တွဲလျက် ပါလာသော ကျီးပင်ကြီးကို ခုတ်လှဲရာက ဖြစ်လာသည်ဟု ကြားသဖြင့် သူကိုယ်တိုင် လည်း သာမန်ရိုးရိုးသားသား ဖျားနာခြင်းမဟုတ်ဟု သံသယဝင်သွားခဲ့သည်။ အဆွေမှာ ထိုရပ်ကွက်သားမို့ ထိုကျီးပင်ကြီးအကြောင်းကို သိလေသည်။

ထိုကျီးပင်ကြီးသည် နှယ်နှယ်ရရမဟုတ်။ ထိုကွင်းထဲတွင် အကြီးဆုံးနှင့် အမြင့်ဆုံး ကျီးပင်ကြီးဖြစ်၏။ ရေနံသူခိုးများ သောင်းကျန်းစဉ်က ကွန်းခိုပုန်းအောင်းရာ ကျီးပင်ကြီးပင်။

ထိုကျီးပင်ကြီး၏ အမြင့်ဆုံးကိုင်းပေါ်တက်၍ ရေနံသူခိုးတွေ စက်ပိုင်မှ အစောင့်များ၏ အရိပ်အခြေကို ကြည့်တတ်ကြသည်။ အချင်းချင်းလည်း နားလည် နိုင်ငံအချက်ပေး ဆက်သွယ်သမှုပြုသည့်အခါ ပြုတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေပေး၍ လုပ်ငန်းကိုင်ငန်း ဆောင်ရွက်တော့မည်ဆိုပါက ဇ ကျီးပင်ကြီးမှာ အစောင့်အရှောက်ရှိသည်ဆိုပြီး အရက်နှင့် အမဲသားများ ဆက်သ ကြပြီး လုပ်စရာရှိသည့်အလုပ်တွေ ဆက်၍လုပ်လေ့ရှိတတ်သည်။

ယင်းကြောင့်ပင် ထိုကွင်းအတွင်း ဗျိုက်တောကြီးအတွင်း ဤ ကျီးပင် ကြီးကား နာမည်ကြီးလှသည်။

နာမည်ကြီးနေသော ကျီးပင်ကြီးရှိရာ မြေကွက်ကို ရောင်းသည့်အခါ ဝယ်သူများက လက်ရှောင်စဉ် အဆွေမိန်းမအညာသူမက ဈေးပေါပေါ၊ ပေါချောင် ကောင်းရ၍ ဝယ်လိုက်ပုံရသည်။ အဆွေသည် မကျေမချမ်းဖြစ်ပြီး တောက်တစ်ချက် ခေါက်လိုက်မိသည်။

"တောက်"

"တောက်"

အဆွေ့တောက်ခေါက်သံကို လွှမ်းပြီး အဆွေ့မိန်းမ လူနာကမ္ဗဒ္ဓာန်းအမိုး ခြောက်ဆီက တောက်ခေါက်သံကြီးက ပို၍ကျယ်လောင်ကာ တစ်အိမ်လုံးကို လွှမ်း သွားသည်။

အဆွေ လူမမာဇနီးသည်ကို လှမ်းကြည့်သည်။ လူမမာဇနီးသည်က အဆွေ့ကို မျက်လုံးကြီးပြူးလျက် စူးစူးရဲရဲ ပြန်ကြည့်နေသည်။ စတွေ့ပြီး ချစ်ကြင် နာကြတုန်းကလို သမင်မျက်လုံး စင်ရော်တောင်မျက်တောင် ကော့ကြီးတွေမဟုတ်၊ မီးကျီးခဲလို ရဲတွတ်နီမြန်းနေသော မျက်လုံးကြီးနှစ်လုံး။

ချစ်သူကြင်သူ လင်မယားချင်းဖြစ်ပါလျက် တစ်ယောက်သော သူ၏ အဖြစ်က ငြိုးသူရန်ဘက် ဒေါသတကြီး ရှိလှသည်။ အဆွေ့ကို အစိမ်းလိုက် ကိုက်စားတော့ ဝါးတော့မလို ဒေါသအမျက်ခြောင်းခြောင်းထွက်သော အကြည့် ဆိုးကြီး။ ဒါပေမဲ့ အဆွေက သူ့မိန်းမကို လူမမာတစ်ယောက်ပေပဲလေဟူသော ခွင့်လွှတ်စိတ်နှင့် အကြည့်ချင်း လွှဲဖယ်လိုက်သည်။

"သူက လူကသာ မမာတာ၊ တောင်းလိုက်တဲ့အစာက အမဲသားမှ"

အမေ့စကားတွေ နားထဲမှာ ကြားနေရသည်။

"အမေ ....သူစားချင်တာကို ဝအောင်ကျွေးထားလိုက်ပါဗျာ။ ကျွန် တော်သူ့အတွက် စိတ်မကောင်းဘူး။ သူဝအောင် စားစမ်းပါစေ"



www.burmeseclassic.com

www.burmeseclassic.com



အဆွေဒါပဲပြောပြီး ရန်သူလိုကြည့်နေသော လူနာကို မျက်နှာသွဲ့ခဲ့ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။ ဘန်ကောက်လေဆိပ်မှာ သူငယ်ချင်းတွေ နှောင့်ပြေ ခဲ့တာ အလကားဖြစ်ရပြီ။ ဘယ်မှာလဲ ...သဘော်ာသားတစ်ယောက်အတွ အိမ်အပြန် ပျော်စရာ။ ခုတော့ ...

✿ ✿ ✿

[၇]

❑

ကိုဆွေက စာဖတ်သူတစ်ဦးဖြစ်၍ လေ့လာထားသောဗဟုသုတ သဖြင့် သူကိုးကွယ်အားထားသော ဆရာတော်သခင်ရှိရာ ကြပ်တွင်းအရှေ့ကျေ ဆရာတော် ဦးစန္ဒောဘာသထံ ကားနှင့်ရောက်လာပြီး ဆရာတော်အား အဖ အကြောင်းစုံလင်စွာ တင်လျှောက်မိသည်။

"ဖုတ်ဝင်ခြင်းဆိုတာ နာတာရှည်ရောဂါသည်ပဲဖြစ်ဖြစ်၊ ရုတ်တရ သေသူတွေမှာပဲဖြစ်ဖြစ် သီလမလုံခြုံရင် ဝင်ရောက်ပူးကပ်တတ်ပါတယ်။ သ်သင လို့ ကိုယ်ခံအင်အားကောင်းနေရင် ဝင်ပူးဝင်ကပ်လို့ မရကြပါဘူး။ ဒါတော တချို့ ကိုယ်ခံအင်အားကောင်းသူတွေကို အကြောင်းအမျိုးမျိုးနဲ့ ခြောက်လှန် နှလုံးသည်းခြေပျက်အောင် လုပ်ပြီးမှ ဝင်ပူးကပ်တတ်တယ်ကွယ့်"

"နှလုံးသွေးကို ဖောက်ပြန်အောင်လုပ်ပြီးမှ ဝင်ပူးကပ်လိုက်တဲ့သဘေ နို့ရည်ကို ရေရောလိုက်သလို စိမ့်ဝင်တစ်ကိုယ်လုံး ပျံ့နှံ့စေတာမျိုးပဲ။ အဲဒီအ မှာ ပူးဝင်ခံရသူရဲ့ ခန္ဓာကိုယ်မှာ မူလပကတိစိတ် မရှိတော့ဘဲ ပူးဝင်သူ တစ္ဆေ ရဲ့စိတ်ပဲ ရှိပါတော့တယ်။ ပူးဝင်တဲ့အချိန်မှာ ပြင်ပက မိုဝဲစရာ အစာအာ မရရင် အပူးခံရတဲ့သူရဲ့ အသွေးအသားတွေကိုလည်း စုပ်ယူစားသောက်တတ် သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



တချို့ဆိုရင် လူမမာကို ကလိမ်စေ့ငြမ်းစင်ပြီး နာလှ ကိုက်လှချည်ရဲ့ နှိပ်နယ်ပေးကြပါဦးလို့ အော်ဟစ်နေပြီး သနားလို့နှိပ်နယ်ပေးသူတွေရဲ့ အသွေးအသားကို ခါတ်ဆက်ပြီး ကူးယူစားသောက်ကြတဲ့ ပရိယာယ်မာယာတွေ ရှိတတ်ကြသေးတယ်။ အမှန်တော့ အဲဒီလိုဖြစ်ရတာ သီလမလုံခြုံကြလို့ ကိုယ်ခံအင်အားဆိုတဲ့ ကောင်းမှုကုသိုလ်ဘာဝနာ မပွားများထားကြလို့ အောက်တန်းစားဝေမာနိကပြိတ္တာအမျိုးအစားတွေရဲ့ ဝင်ရောက်နှောင့်ယှက်ခြင်းမျိုးပဲလို့ ရှေးဆရာတော်ကြီးတွေက ဆိုကြတယ်"

"မှန်ပါတပည့်တော်လည်း ခုလို့ကိုယ်တွေ့ မကြုံဖူးတော့ ယုံရအခက် မယုံရအခက် ဖြစ်နေခဲ့ပါတယ်ဘုရား"

'ဒကာလေးအဆွေက လူငယ်လည်းဖြစ်ပြန် ခေတ်ပညာတတ် သဘော်သားလည်း ဖြစ်နေဆိုတော့ ဒီလို နာနာဘာဝ ပရလောကသားတွေနဲ့ ပတ်သက်ပြီး ယုံရအခက် မယုံရအခက် ဖြစ်နေမှာပေါ့။ ကဲ ... သံသယကင်းရှင်းသွားအောင် ဘုန်းကြီးစာအုပ်စင်က ဘုန်းကြီးဖတ်မှတ်ထားတဲ့ ညောင်လွန့်တောရဆရာတော်ဘုရားကြီးဦးမေဓာဝီရဲ့ ထေရုပတ္တိထဲမှာ ရေးထားတာကို ဘုန်းကြီးပေးဖတ်မယ်။ မောင်ရင်ဗဟုသုတအဖြစ် အကြမ်းဖျင်း လေ့လာလိုက်ပါဦး"

ဘုန်းတော်ကြီး ဦးစန္ဒောဘာသကလည်း စာဖတ်သူပီပီ အကျိုးအကြောင်းနှင့် ခိုင်လုံအောင်ပြောတတ်သူဖြစ်သည်။ အဆွေ့ကို သူ၏စာအုပ်စင်မှ ညောင်လွန့်တောရဆရာတော် ဦးမေဓာဝီ၏ ထေရုပတ္တိမှ သူမှတ်ထားသည်ကို ဖွင့်လှန်ပေး၍ အဆွေ့ကို ဖတ်စေသည်။

"ဘုန်းကြီးပြတဲ့ စာပိုဒ်တွေကို ဖတ်ထား၊ ဘုန်းကြီးမောင်ရင်တို့အိမ်ကို တစ်ပါတည်းလိုက်ဖို့ စာဝါရ သင့်လျော်မယ့်သံဃာလေးပါးကို ဆင့်ခေါ်ရဦးမယ်"

ဆရာတော်ဦးစန္ဒောဘာသသည် လက်တွေ့သမားပီပီသူနှင့် လိုက်နိုင်စေရန် ကျောင်းနေသံဃာတွေအထဲမှ လက်ရွေးစင်တပည့်သံဃာလေးပါးကို ဆင့်ခေါ်ရန် ထသွားသည်။

အဆွေသည် ဆရာတော်ဦးစန္ဒောဘာသ ပေးသွားသော ညောင်လွန့်တောရဆရာတော်ကြီး ဦးမေဓာဝီ၏ထေရုပတ္တိကို စိတ်ဝင်စားစွာ ဖတ်ရှုမိတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၈]

❑

ညောင်လွန့်ဆရာတော်ဘုရား ဦးမေဓာဝီသည် ကြိုးစား၍ တရားအားထု
တော်မူရာ အာနာပါနကို နိုင်နင်းကျွမ်းကျင်လာသဖြင့် ရူပဈာန်၊ အရူပဈာန် (ရှစ်
ကိုးပါး) သမာပတ်ရှစ်ပါးကို ရတော်မူလေသည်။

တစ်နေ့သောအခါ အဘိဓမ္မာဈာန်ခန်းကို ပို့ချတော်မူစဉ် ...

“ငါတို့တော့ သမာဓိအားကောင်းလာတဲ့အခါ ဘယ်သမထ၊ ဘယ်ကသို
ဖြစ်ဖြစ် နှလုံးသွင်းလိုက်ရင် ချက်ချင်းထင်မြင်လာတာပဲ။ ယုတ်စွအဆုံး သစ်ပင်
ရှိတဲ့ သစ်ရွက်တွေကို ကြည့်လိုက်ရင် ‘နီလကသိုဏ်း’ ချက်ချင်းပွားပြီးသား
နေတတ်တယ်”

တစ်ခါက ညောင်လေးပင်မြို့အနီး ခင်တန်းရွာ သိမ်သမုတ်ပွဲသို့ ကြွ
မူလေသည်။ နံနက်သုံးနာရီခန့်တွင် ထိုရွာအနီး သုသာန်အနီးအပါးသို့
အာရုံခံတော်မူရာ သရဲတစ္ဆေများ မရေမတွက်နိုင်လောက်အောင် များပြား
ခြောက်လှန့်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သရဲတစ္ဆေများမှာ ကျွဲအုပ်၊ နွားအုပ်ကြီးများကဲ့သို့ ကာဆီးထားသည်ကို တွေ့ရလေသည်။

ထိုသရဲတစ္ဆေများကို မေတ္တာပွားများကာ 'အာဋာနာဋိယ' သုတ်ကို ရွတ်ခါမှ မည်းမည်းလှုပ်နေသော သရဲတစ္ဆေများ ဖယ်ရှား၍သွားကြလေသည်။

တစ်နေ့ ဆရာတော်သည် ဝတ်ရုံကျောင်းကြီးပေါ်တွင် တရားရှုမှတ်ပွားများနေရာ ကျောင်းဖိနပ်ချွတ်တွင် ပြိတ္တာတစ်ကောင်လာရောက်ပြီး ပေကပ်ထိုင်လေ၏။ ဆရာတော်ဘုရားသည် သရဲတစ္ဆေများကို မြင်တော်မူသည့်နည်းတူ ထိုင်နေသောပြိတ္တာကိုလည်း မြင်တော်မူလေသည်။ ထို့ကြောင့် ...

"သင် ဘယ်သူလဲ"

ဟု မေးတော်မူလေသည်။ ပြိတ္တာကြီးက ...

"တပည့်တော် နန္ဒိယပါဘုရား၊ ကယ်တော်မူပါ"

ဟု ပြန်လျှောက်ထား၏။

နန္ဒိယမှာ ဘုန်းကြီးဘဝက တိုက်ကြပ်ဘုန်းကြီးဖြစ်၏။ ရဟန်းဘဝဖြင့် သီလစင်ကြယ်သော်လည်း ခန္ဓာကိုယ်ကို စွဲလမ်းနေသဖြင့် ပြိတ္တာဘဝရောက်နေရကြောင်း သိရှိရလေ၏။

ဆရာတော်လည်း စားရမဲ့သောက်ရမဲ့ဖြစ်ကာ ပိန်ချုံးနေသော ပြိတ္တာကြီးကို ကရုဏာသက်မိလေသည်။ ထိုပြိတ္တာကြီးကို ကယ်တင်သောအားဖြင့် ဒါယကာ၊ ဒါယိကာမများအား သင်္ကန်းနှင့်ပစ္စည်းများ ဝယ်ယူစေကာ အလှူအတန်းပြုလျက် အမျှအတန်း ပေးဝေစေလေသည်။

ထိုနေ့ည သန်းခေါင်းယံကျော်သောအခါ ကိုယ်ရောင်ကိုယ်ဝါ တောက်ပနေသော နတ်သားတစ်ပါးသည် ဆရာတော်ထံမှောက် ရောက်ရှိလာကာ ဦးချကန်တော့ရင်း ...

"အရှင်ဘုရားရဲ့ ကျေးဇူးကြီးလှပါတယ်ဘုရား။ တပည့်တော် ပြိတ္တာဘဝက လွတ်မြောက်၍ အထက်နတ်ပြည်သို့ သွားရပါမည်ဘုရား"

ဟု ရိုသေစွာ လျှောက်ထားလေသည်။

ညောင်လွန့်ဆရာတော်ဘုရားကြီး ခေတ်တခိုတွင် ကာလဝမ်း၊ ပလိပ်၊ ကျောက်၊ ဝက်သက်စသောရောဂါများ ထူပြောလှပေသည်။ ၎င်းရောဂါဘယ်များကို ပပျောက်ကင်းရှင်းအောင် ဆောင်ရွက်တော်မူရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရပ်လေးမျက်နှာရှိ ရပ်ရွာများမြို့နယ်များတွင် ကပ်ရောဂါများ ပြန့်ပွား နေစဉ် မရေမတွက်နိုင်လောက်အောင် များပြားလှသော ဘီလူးများ၊ ပြိတ္တာများ ဖုတ် ဘုတ်များ မြေဘုတ်များကို သမာဓိမျက်စိဖြင့် မြင်တော်မူပေရာ ရဟန်းရှင်လူအားလုံး သီလစောင့်၍ မေတ္တာပွားများကြရန် နှိုးဆော်တော်မူရလေသည်။

ပရိတ်၊ ကမ္မဝါစာများကိုလည်း အသံမစဲ ရွတ်ဖတ်စေ၏။

ထို့ကြောင့် ဆရာတော်ဘုရားကြီး၏ ပတ်ဝန်းကျင်တွင် ကပ်ရောဂါကြီးများ မဖြစ်ပွားခဲ့ပေ။ ဖြစ်ပွားတော့မည့် ကပ်ရောဂါများပင် လွင့်ပျောက်၍သွားရ၏။

အမနုဿများ၊ သရဲတစ္ဆေများ အုပ်စုလိုက် ရှောင်၍သွားကြရာ ၎င်းတို့ သွားရာလမ်းတစ်လျှောက်တွင် ရောဂါများခံစားကြရမည်ကိုလည်း မြင်တော်မူလေ သည်။

လက်ငင်းဒိဋ္ဌရှိနေသော လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ၊ ငရဲကြီး ရှစ်ထပ် စသည်တို့ကိုလည်းကောင်း၊ ထိုထိုသတ္တဝါတို့၏ သေခြင်း၊ ရှင်ခြင်း၊ လားရာ သွားရာ ဘုံဘဝဂတိတို့ကိုလည်းကောင်း၊ အနာဂတ်ဖြစ်လတ္တံ့သော အခြေအနေ ကိုလည်းကောင်း၊ ဉာဏ်မျက်စိဖြင့် တိတိကျကျ မြင်တော်မူလေသည်။

ယခင်က လောကီသမာပတ်နှင့် မြင်သည်ထက် အဆပေါင်းများစွာ သာလွန်သောအားဖြင့် ရှင်းရှင်းလင်းလင်းကြီး မြင်တော်မူလေသည်။

ဆရာတော်ဘုရားကြီး၏ သထုံနေမိန္ဒရတောင် သိမ်သမုတ်ပွဲများသည် စိတ်ဝင်စားစရာ ကောင်းလှပေသည်။

စွန်းလွန်းဆရာတော် ဦးကဝိနှင့်အတူ တွဲဖက်ကာ သိမ်သမုတ်ခြင်းဖြစ်၍ ရာ သာမန်လူတို့၏မျက်စိဖြင့် မမြင်ရသော အမျိုးမျိုးသော နတ်စိမ်း၊ အမနုဿ ပြိတ္တာများကို ခက်ခက်ခဲခဲ တရားဟောကြားကာ သိမ်သမုတ်ရသောပွဲဖြစ်ပေ၏။

အလွန်နတ်ကြမ်းသော နေမိန္ဒရတောင်လည်း စွန်းလွန်းဆရာတော် ဦးကဝိ နှင့် ညောင်လွန့်တောရဆရာတော် ဦးမေဓာဝီဆရာတော် ဘုရားကြီးတို့၏ ရှေ့ဆော င်မှု ရွှေရွက်ပြုပြင်မှုဖြင့် သာသနာရောင်လွှမ်းသောဌာနကြီးအဖြစ် သထုံမြို့၏ကျက်သရေ ကို ဆောင်လျက်ရှိပေသည်။

ဆရာတော်ဘုရားကြီးသည် အရဟတ္တဖိုလ်သို့ မျက်မှောက်ပြုပြီး ဘယ ယောဂီများ၊ ရဟန်းငယ်များစုံညီချိန်တွင် 'ဘုန်းကြီးတို့ ဦးပဉ္ဇင်းများ ရဟန်းတော်များ နေမနားအသက်စွန့်ပြီး ယုံယုံကြည်ကြည်နဲ့ မဆုတ်မနစ် ကြိုးစားကြပါ။ ဂုဏ်သိက္ခာ ကိုယ်ပိုင်ဆုံးဖြတ်လို့ရအောင် သိသာထင်ရှားစွာ မျက်မှောက်ပြုရပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com


ညောင်လွန့်တောရ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို စိတ်ဝင်စားစွာ ဖတ်ရှုနေစဉ် ဆရာတော်ဦးစန္ဒောဘာသ၏အသံကို ကြားလိုက်ရမှ အဆွေသည် စိတ်ပါဝင်စားနေသော အာရုံကိုဖြတ်ကာ ဆရာတော့်ကို လှမ်းကြည့်မိသည်။

"ဒီလိုကိစ္စတွေက ဖြစ်တတ်တဲ့ ကိစ္စတွေပဲဆိုတာ ဟိုးယခင် ဆရာတော်ကြီးတွေ အစဉ်အဆက်ရေးခဲ့၊ ဟောခဲ့ဖူးတယ်။ ဘုန်းကြီးတို့ ရှင်တော်ဗုဒ္ဓမြတ်ဘုရားရဲ့ ဒေသနာအရ တစ်ဦးပေါ်တစ်ဦး မေတ္တာဘာဝနာပွားများ၊ အမျှတန်းဝေ ကောင်းမှုကုသိုလ် ပွားများကြဖို့ပဲကွယ့်"

ဆရာတော် ဦးစန္ဒောဘာသက ရှေးအစဉ်အဆက်က ဖြစ်တတ်ခဲ့၍ ဆရာတော်ကြီးများ သမားတော်ကြီးများ၏ အယူအဆအဆိုအမိန့်များကို လေ့လာသိရှိထားသမျှ ကိုဆွေ့အား ပြောဆိုမြွက်ဟပြီးနောက် တပည့်ရင်းဖြစ်နေ၍ ကိုဆွေ့ကားနှင့်ပင် တစ်ပါတည်း လိုက်လာခဲ့သည်။

ဆရာတော်နှင့်အတူ တပည့်သံဃာလေးပါးမှာ ကမ္ပဝါစာအုပ်ကိုပါ ပါအောင်ယူဆောင်လာကြပြီး ကိုဆွေ့ကားနှင့်ပင် လိုက်ပါလာခဲ့ကြသည်။

✿ ✿ ✿

[၉]

❑

မိသားစုအစဉ်အဆက် ကိုးကွယ်ကြသော ဆရာတော်ကြီး ဦးစန္ဒောဘာသပါ ကိုဆွေ့ကားနှင့်လိုက်လာ၍ တစ်အိမ်သားလုံး အံ့အားသင့်နေကြသည်။ ပြူးပြူးပျာပျာ ကြည့်ကုန်ကြသည်။

ဆရာတော်ကြီးအတွက် ခင်းကျင်းပြင်ဆင်ပေးသော အိမ်ဦးခန်း ဘုရားစင်အောက်တွင် ဆရာတော်ကြီးက နေရာယူ၍ ဗုဒ္ဓရှင်တော်မြတ်အား ဦးစွာဝတ်ပြုသည်။

နောက်တော်ပါ သံဃာလေးပါးမှာလည်း ဆရာတော်ကြီးဝဲယာ သင့်လျော်သော နေရာယူကာ ဆရာတော်ကြီးနည်းတူ ဗုဒ္ဓရှင်တော် မြတ်ဘုရားအား ဝတ်ပြုသည်


www.burmeseclassic.com

www.burmeseclassic.com


ကြသည်။ ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်များကိုလည်း တိုင်တည်မေတ္တာပို့ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းကြသည်။

ပြီးမှ ဆရာတော်ကြီးသည် လူမမာအခြေအနေကို တစ်ချက်မျှလှမ်းကြည့်သည်။ လူမမာမှာ ဆရာတော်ကြီးနှင့် သံဃာတော်များကြွလာသည်ကို မကျေမနပ်ဖြစ်ဟန်ဖြင့် လှုပ်လှုပ်ရှားရှား စူးစူးဝါးဝါး ဖြစ်လာသည်။

ဆရာတော်ကြီးက အတွေ့အကြုံနှင့် သမ္မာရင့်နေသူပီပီ ဣန္ဒြေပျက်နေသော လူမမာကို ဂရုမစိုက်တော့ဘဲ ...

"ဆိုင်ရာပိုင်ရာက ... ကိုယ်ပိုင်ဆိုင်ရာ အိမ်မဟုတ်ဘဲ ကျူးကျော်ချဉ်းနင်းဝင်ရောက် နှောင့်ယှက်တဲ့သူကို မလှုပ်မယှက်နိုင်အောင် ချုပ်ကိုင်ထားကြစေ။ သံဃာတော်အရှင်မြတ်များကလည်း ကျူးကျော်ဝင်ရောက်နှောင့်ယှက်သူ ထွက်သွားစေရန် ဒေသနာကြားပြီး ပရိတ်ကမ္မဝါစာ ရွတ်ဖတ်ကြပါစို့ဘုရား"

"အရှင်ဘုရားဆန္ဒအတိုင်း တပည့်တော်တို့ အသင့်ဖြစ်နေကြပါပြီဘုရား"

ဦးစန္ဒောဘာသမှာ ထေရ်ဝါအကြီးဆုံးမို့ ကျန်ရှိသည့် သံဃာများက ဦးစန္ဒောဘာသ ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ကြရသည်။

ဘုရားစင်ရှေ့မှာ ဦးစန္ဒောဘာသ အပါအဝင် သံဃာငါးပါး ဒေသနာကြားကြသည်။ ပြီးတော့ ပရိတ်တော်နိဒါန်းအဖြစ် နတ်ပင့်ကြသည်။

"သမန္တာ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တုဒေဝတာ
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။
ဓမ္မဿဝန ကာလော အယံဘဒန္တာ ...'

ရဟန်းတော်များ ပရိတ်နိဒါန်း ရွတ်ဆိုနေစဉ်မှာပင် လူမမာ ခင်မမထံမှ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"မ ... မရွတ်ကြပါနဲ့"

ခင်မမ ပါးစပ်မှပင် လှမ်းတားသော်လည်း ခင်မမ၏ ပင်ကိုအသံမဟုတ်သော အခြားသူစိမ်းတစ်ဦး၏အသံမှန်း ခင်မမအနီးမှာရှိနေသော အဆွေက သတိထားလိုက်မိသည်။

သံဃာတော်များက ပို၍လေးနက်မှုရှိစေရန် ပရိတ်တော်နိဒါန်းကို အနက်ဒေသနာ ပြန်ကြားရွတ်ဆိုကြပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com


"သမန္တာ–ဤစကြာဝဠာ၏ ထက်ဝန်းကျင်သောအရပ်မှ၊ စက္ကဝါဠေသု–တစ်သောင်းသော စကြာဝဠာကိုယ်တို့၌၊ ဝသန္တာ–ကြည်သာရွှင်ပျ နေထိုင်ကြကုန်သော၊ ဒေဝတာ–နတ်မြတ်နတ်ကောင်း နတ်ဗြဟ္မာအပေါင်းတို့သည်၊ အတြ–ပရိတ်ရွတ်အပ် ဤအရပ်သို့ အာဂစ္ဆန္တု–သဒ္ဒါနိမိတ်ပေါ် စိတ်ပျော်ပျော်နှင့် ပရိတ်တော်ကို နာလှည့်ကြကုန်လော့"

သံဃာတော်များက မှန်ကန်လေးနက်စွာ ရွတ်ဆိုနေသော်လည်း မတည်မငြိမ်ဖြစ်သူမှာ လူမမာ ခင်မမပင်ဖြစ်သည်။ မလိုလားဟန်ဖြင့် သံဃာတော်များရှိရာသို့ လှမ်းကြည့်ပြီး သက်ပြင်းမောကြီးချပြီးရင်း ချလျက်ရှိ၏။

"ဟင်း ... အင်း ... ဟွန်း ..."

ထိုကြားမှ သံဃာတော်များ လူမမာခင်မမ ဖြစ်နေပုံကို သတိမထားဘဲ ဆက်လက်ရွတ်ဆိုနေကြပြန်၏။

"မုနိရာဇဿ–မုနိငါးပါး စိုးပိုင်ငြားသည့် ဘုန်းလှိုင်ထွတ်ထား ရှင်တော်မြတ်ဘုရားကြီး၏၊ သဂ္ဂမောက္ခဒံ–နတ်ပြည်နိဗ္ဗာန်ကောင်း ပေးတတ် လွန်ထူးမြတ်သော၊ သဒ္ဓမ္မံ–အဖန်ဖန်အထပ်ထပ် ချီးမွမ်းအပ်ရှင်၊ အမြတ်ဟုခေါ် ပရိတ်တော်ကို၊ သုဏန္တု–ယခုခဏ ဆင်းကာကြွ၍ နာလှည့်ကြပါကုန်လော့"

လူမမာခင်မမ ကြိတ်မှိတ်နေ၍ ရဟန်မတူတော့။

"တရားနာဖို့ မလာကြပါနဲ့။ နတ်တွေ မလာကြပါနဲ့။ ဒီအိမ်ကို ငါအရစ်ရောက်နေတာ မလာကြပါနဲ့"

ခင်မမလှမ်း၍ တားဆီးသံကြောင့် ဆရာတော်ကြီး ဦးစန္ဒောဘာသက လူမမာခင်မမရှိရာသို့ တစ်ချက်လှမ်းကြည့်ပြီး ပြောသည်။

"ဒီအိမ်ဟာ ရဟန်းဒကာ၊ ကျောင်းဒကာ၊ ရဟန်းဒါယိကာမ၊ ကျောင်းဒါယိကာမတို့ရဲ့ သူတော်ကောင်းတွေရဲ့အိမ်ပဲ။ သင့်အိမ်မှမဟုတ်ဘဲ။ သင်က ဘာလို့ မလာစေချင်ရတာလဲ။ သင်သာ ဒီအိမ်က အမြန်ဆုံး ပြန်ထွက်သွားဖို့ ဘုန်းကြီးတို့ မေတ္တာရပ်ပါတယ်"

"ဘာလို့ထွက်သွားရမှာလဲ ထွက်မသွားနိုင်ဘူး"

"သင်ထွက်မသွားရင် ထွက်သွားအောင် ပြုရလိမ့်မယ်။ ဘုန်းကြီးတို့ သင့်ကို စေတနာရှေ့ထားပြီး ဒုတိယအကြိမ် မေတ္တာရပ်ခံပါတယ်"

ဆရာတော်ကြီးက မေတ္တာရပ်ခံနေစဉ် သံဃာယ်များက သူတို့ ရွတ်မြဲအတိုင်း မေတ္တသုတ်ပရိတ်တော်ကို ဆက်လက်ရွတ်ဖတ် သရဇ္ဈာယ်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com


"ယဿနုဘာဝတော ယက္ခာ၊
နေဝဒဿေန္တိ ဘီသနံ။
ယဉှိစေဝါ နုယုဉ္ဇန္တော၊
ရတ္တိန္ဒိဝ မတန္ဒိတော"

"အို ... သူတော်ကောင်းတို့ မေတ္တာသုတ်ပရိတော်၏ အာနုဘော်တော်ကြောင့် နတ်အများတို့သည် ကြောက်မက်ဖွယ် အာရုံမျိုးကို မပြနိုင်ဘဲ ရှိကြရသည်"

"ထိုမေတ္တာသုတ်ပရိတ်တော်၌ နေ့ညမပြတ် စွဲမြဲရွတ်ပွားကြိုးစား အားထုတ်သူသည် ချမ်းချမ်းသာသာ အိပ်စက်ရ၏။ အိပ်လျှင်လည်း ရှိသော မကောင်းသော အိပ်မက်မျိုးလည်း မမြင်မက်ရလေ"

သံဃာတော်များက ဗုဒ္ဓဘုရားရှင်၏မေတ္တာတရားဖြင့် အနုစားမေတ္တာသုတ်ကို ရွတ်ဖတ်နေစဉ်မှာပင် ခေါင်းမာဟန်ရှိနေသော ခင်မမ၏တစ်ကိုယ်လုံးမှာ တဆတ်ဆတ်တုန်ယင် လာလျက်ရှိချေပြီ။ သို့သော် ပေကပ်၍ ဖွဲတင်းပြီး နေဟန်တူသည်။ ခါကြိတ်ခါ သံဃာတော်များအား စိန်းစိန်းကြီး စိုက်ကြည့်နေပြန်သည်။

✿ ✿ ✿

## [ ၁၀ ]

❑

ခင်မောင်ဆွေ့အမေ၊ အစ်မနှင့်အစ်ကို မိသားစုက ဆရာတော်များ၏ လုပ်ဆောင်မှု လူမမာခင်မမ၏ လူပ်ရှားမှုများကို အသက်ပင်မရှူရဲဘဲ အကဲခတ်ကြည့်နေမိသည်။ လူမမာခင်မမနောက်မှာ သူတို့ ဝိုင်းထိုင်ထားကြရသည်။

အိမ်မှာ အခြားသူစိမ်းအိမ်နီးချင်းများ ဝင်မလာရအောင် အဆွေ့တူ များတွေက ခြံဝမှနေ၍ တားထားကြသည်။ ရပ်ကွက်ထုံးစံ စပ်စပ်စုစု လုပ်တတ်ကြသူများနှင့် အိမ်ရှုပ်သွားမည်စိုး၍ ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com


ဘုရားစင်အောက်တွင် သံဃာတော်များက နေရာယူထားပြီး အဆွေနှင့် မောင်မောင်တို့က ခင်မမကို အလယ်ကထားကာ ဘေးတစ်ဖက်တစ်ချက်က ထိန်း နိုင်ရန် ရံထားရသည်။

ဒါတောင်မှ လူမမာခင်မမက ကြမ်းချင်ရမ်းချင်သည့် အမူအယာပြသည်။ ရှေ့တည့်တည့်မှာ ပြင်ဆင်ထားသော ပရိတ်ရေနှင့် ကန်တော့ပွဲကို လှမ်းဆွဲ၍ မှောက် ပစ်ဟန်ပြုသည်။ အဆွေနှင့် မောင်မောင်တို့က လက်တစ်ဖက်ဆီကို လှမ်းဆွဲပြီး ချုပ်ထားရသည်။

"တောက် .... ဟင်း .... ငါနော်"

မကျေနပ်သံကြီးနှင့် မချိတင်ကဲ ရေရွတ်နေပြန်သည်။

သံဃာတော်များမှာ လူမမာခင်မမကို လုံးဝဂရုမစိုက်တော့ဘဲ သူတို့ လုပ်ရိုးလုပ်စဉ်အတိုင်း 'အာဋာနာဋိယသုတ်' ပရိတ်တော်ကို ဆက်လက်ရွတ်ဆို လိုက်ကြသည်။

"အို ... သူတော်ကောင်းတို့ နာထသသ–မြတ်စွာဘုရား၏ သာဝုသမ္ဘတေ– အကောင်းအမြတ်ဟု သမုတ်အပ်သော၊ သာသနေ–ဘုရားရှင်၏ သာသနာတော်၌ အပ္ပသန္နေဟိ–မကြည်ညိုကြကုန်သော၊ စဏ္ဍောဟိ–ကြမ်းတမ်းကုန်သော၊ သဒ္ဓါ– အခါခပ်သိမ်း၊ ကိဗ္ဗိသကာရိဘိ– မကောင်းမှုကို ပြုလေ့ရှိသော၊ အမနုဿေဟိ– အစိမ်းသရဲ ဖုတ်ပြိတ္တာ ဘီလူးတို့သည်၊ စတဿန္နံ–လေးပါးကုန်သော၊ ပရိဿနံ– ပရိသတ်တို့ကို၊ အဟိံသာယစမ–မညှဉ်းဆဲခြင်းငှာလည်းကောင်း၊ ဂုတ္တိယာစ– ကာကွယ် စောင့်ရှောက်ခြင်းငှာလည်းကောင်း၊ မဟာဝီရော–ဝီရိယကြီးမား မြတ်စွာ ဘုရားသည်၊ ယံပရိတ္တံ–အကြင်အာဋာနာဋိယသုတ် ပရိတ်တော်ကို၊ ဒေသေသိ– ဟောတော်မူအပ်ပြီး၊ တံပရိတ္တံဘဏာမဟေမယံ–ငါတို့သည် ကောင်းစွာ ရွတ်ဆိုကြ ကုန်အံ့"

အာဋာနာဋိယသုတ် စ၍ ရွတ်ဆိုလိုက်စဉ်မှာပင် လူမမာခင်မထံမှ စောစောကထက် ထူးခြားသောဖြစ်စဉ်များကို အံ့သြဖွယ်မြင်လိုက်ကြရသည်။ တစ်ကိုယ်လုံး တုန်ယင်ယင်ဖြစ်နေရာမှ မဟန်နိုင်တော့ဘဲ မှောက်ခုံကြီးလဲကျမည့် ကဲ့သို့ ဖြစ်သွား၍ အဆွေက လှမ်းထိန်းထားလိုက်ရသည်။


www.burmeseclassic.com

www.burmeseclassic.com


ဆရာတော်ကြီး ဦးစန္ဒောဘာသက လူမမာ၏အခြေအနေကို လှမ်းကြည့်ပြီး အဆေွနှင့် မောင်မောင်ကို လှမ်း၍သတိပေးသည်။

"သေသေချာချာ ဘေးကထိန်းထားကြ။ သူ့ကို လဲကျမသွားစေနဲ့။ ပရိယာယ်မာယာတွေ များနေတာ"

ဆရာတော်က လှမ်းပြောစဉ် လူမမာမှာ မခံမရပ်နိုင်အောင် ဖြစ်နေပုံရပြီး အသံအစ်အစ်ကြီးနှင့် လှမ်းပြောသည်။

"ကြောက် ... ကြောက်ပါပြီဘုရား ... ပရိယာယ်မာယာများနေတာ မဟုတ်ပါဘူး။ တပည့်တော်တစ်ကိုယ်လုံး ပူလောင်လှပါပြီ။ တပည့်တော်ကို သွားခွင့်ပေးပါဘုရား"

"အေး ... နင်သွားချင်ပြီဆိုရင် ငါတို့ သွားခွင့်ပေးရမှာပေါ့။ ဒါပေမဲ့ နင်ကဒီကထွက်သွားပြီး မကျွတ်မလွတ်အစိမ်းသရဲဘဝနဲ့ နောက် တခြားသူတွေ ကံနိမ့်တဲ့အခါ ခုလိုဝင်ပူးခိုကပ်ပြီး ဒုက္ခပေးနေရင် ဘယ်လိုလုပ်မလဲ"

"ဒါကတော့ တပည့်တော်ကိုယ်နဲ့ တပည့်တော်ဖြစ်ပါစေဘုရား။ အရှင်ဘုရားတို့ရဲ့လူကို တပည့်တော်ဆက်ပြီး ဒုက္ခမပေးရင်ပြီးတာပဲ မဟုတ်လားဘုရား"

"ဒီလို လွယ်လွယ်နဲ့ နင့်ကိုသွားခွင့်ပြုလိုက်ရင် နောင်လည်း မကျွတ်မလွတ်နဲ့ သံသရာတစ်လျှောက်လုံး ငရဲများတဲ့ အကုသိုလ်တုံးကြီး ဖြစ်နေတော့မှာပေါ့။ ငါတို့က နင့်ကို ကျွတ်အောင်လွတ်အောင် လုပ်ပေးချင်လို့ ရောက်လာတာ၊ ဒုက္ခပေးချင်လို့ မဟုတ်ဘူး။ ဒါထက် နင်က ဘယ်သူလဲ။ ဘာကြောင့် ဒုက္ခပေးရတာလဲ"

"တပည့်တော် သူတို့ဝယ်ထားတဲ့ ကျီးပင်ကြီးမှာ မှီကပ်နေရတဲ့သူပါဘုရား။ အဲဒီကျီးပင်ကြီးကို သူက မဆင်မခြင်ခုတ်ပစ်တော့ ကံနိမ့်တဲ့သူကို ဝင်ကပ်မှီတွယ်ပြီး တပည့်တော်အကြောင်းသိရအောင် ဒုက္ခပေးမိတာပါဘုရား"

"နင်ဟာ လူ့ဘဝမှာလည်း အသက်မွေးဝမ်းကျောင်းမှု မကောင်းလို့ အသေဆိုးနဲ့ သေခဲ့ရပြီ။ အဲဒီမှာ မလွတ်မကျွတ် အစိမ်းသေဘဝနဲ့ ဝေမာနိကပြိတ္တာဖြစ်နေရတာတောင်မှ နောင်တမရနိုင်သေးဘူးလား။ သူတစ်ပါးကို ဒုက္ခပေးတာဟာ သံသရာတစ်လျှောက်လုံး ဝဋ်ဒုက္ခခံစားပြီး ငရဲက မလွတ်ကင်းနိုင်တဲ့အဖြစ်မို့ သင် လွတ်မြောက်အောင် ငါတို့က မေတ္တာနဲ့ သင့်အတွက် ကောင်းမှုကုသိုလ်

www.burmeseclassic.com


ပြုလုပ်ပေးပြီး အမျှအတန်းဝေပေးမယ်။ သင်သာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နိုင်မယ်ဆိုရင် သင် ဒီဘဝဆိုးကြီး လွတ်မြောက်သွားနိုင်ပေလိမ့်မယ်။ သူတစ်ပါးအပေါ်လည်း မိုတွယ်ကပ်ရပ်စားပြီး ဒုက္ခပေးရတဲ့ဘဝကြီးကလည်း လွတ်မြောက်ပေလိမ့်မယ်''

''မှန်ပါ ... တပည့်တော် အခု မခံမရပ်နိုင်လောက်အောင် ခံစားနေရပါပြီဘုရား။ အရှင်ဘုရားတို့ တပည့်တော် ဒီဝဋ်ဒုက္ခဆိုးကြီးက လွတ်အောင်ကျွတ်အောင် ကုသိုလ်ကောင်းမှုတွေ ပြုပေးမည်ဆိုလျှင် တပည့်တော် ကျေနပ်ပါပြီဘုရား။ တပည့်တော်အမှားကို ခွင့်လွှတ်ပြီး တပည့်တော်အား သွားခွင့်ပြုပါဘုရား''

လူမမာခင်မမထံမှ သနားစဖွယ် တိုးလျှိုးတောင်းပန်သံများ ကြားရပြီးနောက် ခင်မမလည်း သူမ၏ခင်ပွန်း အဆွေလက်ထဲမှာပင် ခွေလဲကျသွားလေတော့သည်။

ဆရာတော်များက ဆက်လက် ပရိတ်တရားတော်များကို ပြီးဆုံးသည်တိုင် ရွတ်ဆိုလျက်ရှိကြသည်။

**ကျော်မင်းနို**


ကျမ်းကိုး

၁။ ညောင်လွန့်ဆရာတော်ဘုရားကြီး ထေရုပတ္တိ။

၂။ မေတ္တာနှလုံးအလှဆုံး (တိပိဋကယောဆရာတော်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

[ ၁ ]

❑

ညက စိတ္တဇဆန်လွန်းစွာ ရက်ရက်စက်စက်လေးကို လှသည့်ည။

သည်လိုပဲဆိုရတော့မည်။ ကြည့်ပါဦး။

တိမ်လှိုင်းတွေက ကောင်းကင်ပြာဝေဝေထဲမှာ လွင့်ပြေးနေသည်။ ပြီး ... မြူမှုန်တွေက ညသန်းခေါင်ယံထဲမှာ ထိန်းသိမ်းမဲ့စွာ ပေါက်ကွဲနေသည်ကလည်း ကြေကွဲထိတ်လန့်စရာ ကောင်းနေသည်။

နှင်းဆီနံ့တွေကလည်း သင်းရှငွေ့ငွေ့ စိတ္တဇညထဲ လွင့်မျောနေသည်။

သည်အချိန်ကလေးမှာ။

သူ ... 'နန်းဆွေနီ'။ အိပ်ရာမှ ဖျတ်ခနဲ ရုတ်တရက် လန့်နိုးလာသည်။ နန်းဆွေနီ ထိတ်ထိတ်ပျာပျာနှင့် အခန်းကို ဝေ့ကြည့်လိုက်သည်။ အပြာရောင်ည မီးပွင့်လေးက အခန်းမျက်နှာကြက်ဆီမှ ဖြာကျနေသည်။ အခန်းပြာလေးက သက်မဲ့ ဝိညာဉ်တစ်ကောင်လို ငြိမ်သက်တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com


နန်းဆွေနီ ‥ ဖွင့်ထားသည့် သူ့အိပ်ခန်းမှ မှန်ပြတင်းပေါက်ဆီ မသိစိတ်ဖြင့် လှမ်းမော့ကြည့်လိုက်သည်။ လှလိုက်သည့်ည။ ကြည့်စမ်း …အပြင်မှာ။ လမင်းပြာက ဝင်းဝင်းစက်သာနေလိုက်တာ။ ဟာ … နှင်းဆီနံ့တွေကလည်း သင်းရှငွေ့ငွေ့နှင့်။ မြူမှုန်တွေကလည်း လရောင်ထဲမှာ မျောလွင့်လို့ပါလား။

စိတ္တဇညက နန်းဆွေနီကို ချက်ချင်း ဖမ်းစားလိုက်သည်။ လရောင်က အခန်းထဲသို့ လွှမ်းပက်ထားသဖြင့် အခန်းက လင်းပြာနေသည်။

"လှလိုက်တဲ့ည။ စိတ္တဇပန်းချီကား တစ်ချပ်လိုပါပဲလား"

နန်းဆွေနီ၊ နှုတ်မှမသိစိတ်နှင့် သံစဉ်တွေ ပွင့်ထွက်သွားသည်။ သူ့နှုတ်က လွတ်ခနဲ ထွက်သွားပြီးမှ သူ့စိတ်ထဲက ချက်ချင်း တစ်စုံတစ်ခုကို ပြန်သတိရလိုက်သည်။

"အို …မဟုတ်သေးပါဘူး။ ညက ငါအိပ်ရာဝင်ခဲ့တုန်းက ဒီလရောင်မဝင်နိုင်အောင်လို့ ဒီမှန်ပြတင်းပေါက်ကို သေသေချာချာပိတ်ပြီး အပြာရောင်ဖဲလိုက်ကာလေးကိုလည်း ဆွဲပိတ်ခဲ့ပါတယ်။ အခု ဘာကြောင့် လိုက်ကာကလည်း ဖြဲဟထားပြီး မှန်ပြတင်းပေါက်ကလည်း ပွင့်နေရတာလဲ။ ငါဂျက်လည်း သေသေချာချာ ချထားခဲ့တယ်။ တစ်ခုခုတော့ မှားနေပြီထင်တယ်။ အံ့ဩစရာပဲ"

သူ့အတွေးတွေ သူ့စိတ်အာရုံထဲ စီးမျောလွင့်ထွက်လာသည်။ နန်းဆွေနီ သူ့ကိုယ်သူ မသက်သာသလို သံသယစိတ်နှင့်အခန်းကို ပြန်ဝေ့ကြည့်လိုက်မိသည်။

ရုတ်တရက် သူ့အကြည့်က သူ့ခုတင်ခြေရင်းနံဘေးရှိ ကျွန်းသားဗီရိုဆီ ရွေ့လျောသွားသည်။ ဘာကြောင့်မှန်းမသိ၊ သူ့ရင်ထဲမှာ ထိတ်ခနဲလန့်သွားသည်။ နန်းဆွေနီရင်ဘတ်ထဲက လိပ်ပြာတွေ ဂူးခနဲ ထပျံသွားသည်။

နန်းဆွေနီ ဖျတ်ခနဲ ခုတင်ပေါ် အလန့်တကြားနှင့် ထထိုင်လိုက်မိလေသည်။ သူ့မျက်လုံးတွေက ကျွန်းဗီရိုတံခါးချပ်ပေါ်မှ ဒိုးလော့တံခါး လက်ကိုင်ဘုလေးဆီ စူးစိုက်ကြည့်နေမိသည်။ ထိုဗီရိုက နန်းဆွေနီ၏ အဝတ်အစားများထည့်ထားသော သပြေသီးရောင် မတ်ရပ်ကျွန်းဗီရိုဖြစ်သည်။

အခန်းက လရောင်တွေစိုရွှဲပြီး လင်းပြာထိန်နေသည့်အတွက် အားလုံး ရှင်းလင်းပြတ်သားစွာ မြင်နေရ၏။


www.burmeseclassic.com

www.burmeseclassic.com


နန်းဆွေနီ ... သိစိတ်တွေ လွင့်စင်သွားမတတ် ချောက်ချားသွားသည်။ သူမြင်လိုက်ရသည်က စိတ်လှုပ်ရှားစရာမြင်ကွင်း။

ကျွန်းဗီရိုတံခါးချပ်ပေါ်မှ လက်ကိုင်ဘုကလေးက ကိုင်တွယ်နေသူ၏ လက်ကိုမတွေ့ရဘဲ သူ့အလိုလို၊ ဒိုးလော့တံခါးလက်ကိုင်ဘုကလေးက သူကြည့်နေစဉ်မှာပင် ဖြည်းညင်းစွာ လည်သွားသည်။

''ဟာ ... မြတ်စွာဘုရား၊ ဘယ်လိုဖြစ်တာလဲ''

နန်းဆွေနီ အံ့အားသင့်ပြီး နှုတ်ဖျားမှ အလန့်တကြား ယောင်ရမ်းပွင့်ထွက်သွားသည်။ ဒါ ဘယ်လိုဖြစ်တာလဲ။ ဤ ... ကွန်ဒိုနှစ်ထပ် တိုက်လေးထဲမှာလည်း သည်နေ့ညဌ် သူတစ်ဦးတည်းသာ ရှိနေခဲ့သည်။ သူ့ဒရိုင်ဘာနှင့် ထမင်းချက်အိမ်ဖော်လင်မယားကလည်း ညဘက်တွင် ဒေါပုံရှိ သူတို့အိမ်သို့ ပြန်အိပ်ကြသည်။

နန်းဆွေနီ။ သူက စာရေးဆရာ။ သူ့ဇနီး 'ထက်ထက်စိုး'က အင်ဂျင်နီယာ။ သို့သော် နှစ်ဦးစလုံးက ထက်ပြီး မာနကိုယ်စီရှိကြသည်။ ယုံကြည်ချက်ချင်းမတူ၊ စိတ်သဘောထားချင်း မတိုက်ဆိုင်ကြသည့်အတွက် သူမ အိမ်ပေါ်မှဆင်းသွားခဲ့သည်မှာ လပေါင်းတစ်ဒါဇင်ကျော်ကျော်ခန့် ရှိသွားခဲ့ပြီဖြစ်သည်။

နန်းဆွေနီနှင့် ထက်ထက်စိုးတို့ မတွေ့ကြသည်မှာလည်း ကြာပြီဖြစ်၏။ သူမ ဘယ်ရောက်နေသည်မသိ။

ထိုစဉ် သူ့မြင်ကွင်းပြာလေးထဲ၌ တံခါးလက်ကိုင်ဘုကလေး လည်ထွက်သွားပြီးနောက် (ကလစ်)ခနဲ အသံမြည်ကာ ဗီရိုတံခါးပွင့်သွားသည်။

''ဟင် ... ဟာ ... ဗီရိုတံခါးပွင့် ... ပွင့်သွားပြီ''

နန်းဆွေနီ၊ အံ့ဩထိတ်လန့် ပေါက်ကွဲသွား၏။

မှန်ပါသည်။ သူ့မြင်ကွင်းအပြာရောင် ညပန်းချီကားထဲမှာ ကျွန်းဗီရိုလက်ကိုင်ဘုကလေး ပွင့်ထွက်သွားသံနှင့်အတူ ထူးဆန်းစွာ ကျွန်းဗီရိုတံခါးနှစ်ချပ်ကလည်း လူတစ်ယောက် ဆွဲဖွင့်လိုက်သလို ပွင့်ဟသွားတော့သည်။

ဗီရိုထဲ၌ သူ၏ အင်္ကျီလုံချည်အဝတ်အစားများနှင့် ဘောင်းဘီများကို အင်္ကျီချိတ်များနှင့် စနစ်တကျ စီပြီး ချိတ်ဆွဲထားသည်။

နန်းဆွေနီ၊ သူ၏ သည်းထိတ်ချောက်ချား မြင်ကွင်းဆန်းကို အသက်မရှူနိုင်အားဘဲ စိုက်ကြည့်နေမိသည်။


www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ် သူ၏ အစွဲမက်ဆုံးလည်းဖြစ်၊ တန်ဖိုးအရှိဆုံးနှင့် အလှဆုံးဟု သူ ရွေးချယ်သတ်မှတ်ထားသော ထိုင်းရှပ်အင်္ကျီအပြာရောင်တစ်ထည်နှင့် သူ၏ ဘော်ဒီ စထရက်ချာနှင့် အချိုးအကျဆုံး၊ အနက်ရောင် စတိုင်လ်ဘောင်းဘီရှည်တစ်ထည် ကို အံ့သြထိတ်လန့်စရာ။

လူတစ်ယောက်က ဆွဲယူနေပြီး စနစ်တကျ သူ့ကိုယ်ပေါ်မှာ ဝတ်ဆင်နေ ဟန်မျိုးဖြင့် ယင်းဝတ်စုံကို ဝတ်ဆင်နေသည်။ ပြီးနောက် မမြင်ရသော ထိုလူ တစ်ယောက်နှင့် နန်းဆွေနီ၏ဝတ်စုံက လေထဲမှာလွင့်ပြီး လူတစ်ယောက်လမ်း လျှောက်သွားဟန် လှမ်းထွက်သွားပါသည်။

အလွန်ထိတ်လန့်အံ့သြစရာ မြင်ကွင်းဖြစ်သည်။ ထိုလူ၏ခေါင်းကိုလည်း မမြင်ရ။ ပြီးနောက် ခြေတွေလက်တွေကိုလည်း လုံးဝ မမြင်မတွေ့ရချေ။ သို့သော် အပြာရောင်ရှပ်အင်္ကျီလက်ရှည်က လူတစ်ယောက် စနစ်တကျ ဝတ်ဆင်ထားသည့် ပုံစံမျိုးဖြင့် လက်ကိုလွှဲပြီး ဖြောင့်ဖြောင့်တန်းတန်း လျှောက်ထွက်သွားနေသည်။

အနက်ရောင် စတိုင်လ်ဘောင်းဘီကလည်း ထိုနည်းလည်းကောင်း ခြေထောက်တွေကို လုံးဝမမြင်မတွေ့ရဘဲ လူတစ်ယောက်ဝတ်ဆင်ထားပြီး လှမ်း ထွက်သွားလေဟန် လျှောက်သွားနေသည်။ ဘောင်းဘီအောက်အနားများကလည်း ကြမ်းခင်းနှင့်လွတ်ပြီး လေးလက်မခန့်လောက် မြင့်နေလေသည်။

ထိုဝတ်စုံနှင့်မမြင်ရသည့် ဝိညာဉ်လူသားက အခန်းထဲမှ လှမ်းထွက်သွား နေဟန်က လေထဲတွင် တကယ့်လူတစ်ယောက်က ဝတ်စုံဝတ်ပြီး လွင့်သွားနေ သည့်ပုံစံအတိုင်းဖြစ်သည်။ အင်မတန်ကို ထူးဆန်း အံ့သြစရာကောင်းသည့် စိတ် ချောက်ချားစရာ မြင်ကွင်းဖြစ်သည်။

နန်းဆွေနီ တစ်ကိုယ်လုံး အံ့သြကြောက်လန့်စိတ်တွေ ဖုံးလွှမ်းနေသည်။ တော်ပါသေးသည်။ ထိုလူမပါဘဲ လမ်းလျှောက်သွားသည့် 'နက်ပြာရောင်ဝိညာဉ် ဝတ်စုံက' နန်းဆွေနီထံမလာဘဲ ပြတင်းပေါက်ဆီ တန်းတန်းမတ်မတ် လျှောက်သွား သည်။ ပြီးနောက် ထိုနက်ပြာရောင် ဝိညာဉ်ဝတ်စုံက ပြတင်းပေါက်ဘောင်ပေါ်သို့ ခုန်ကျော်တက်လိုက်ပြီးလျှင် တိုက်အပြင်ဘက်ဆီ လေဟုန်စီးပြီး လွင့်ပျံလှမ်းထွက် သွားသည့်သဏ္ဌာန် လျှောက်လှမ်းသွားပါတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဒါ ... ငါ့ကို ... တစ္ဆေ ... တစ္ဆေခြောက်တာပဲ။ ငါ ... ငါ ဘာလုပ်ရမလဲ"

နန်းဆွေနီ တုန်လှုပ်ချောက်ချားနေလျက် သိစိတ်တွေ ကင်းလွတ်နေပြီး ရုတ်တရက် ခုတင်ပေါ်မှဆင်းလိုက်ကာ ပြတင်းပေါက်ဆီ မသိစိတ်နှင့် ပြေးလိုက်သွားသည်။ ပြီးနောက် အောက်ဘက်ကို နန်းဆွေနီ ချောက်ချားတုန်လှုပ်စွာ လှမ်းငုံ့ကြည့်လိုက်မိသည်။

လူမပါသည့် ထိုဝတ်စုံတစ္ဆေက မြက်ခင်းပြင်ပေါ်ဖြတ်ပြီး တရွေ့ရွေ့ လျှောက်လှမ်းသွားသည်။ လရောင်က လင်းလက်ထိန်ပြာနေသောကြောင့် နန်းဆွေနီ ထင်ရှားစွာ လှမ်းမြင်နေရသည်။

ဝတ်စုံတစ္ဆေသည် မြက်ခင်းပြင်လေးအဆုံးတွင် ချယ်ရီပင် တောအုပ်ထဲသို့ လှမ်းဝင်သွားပါတော့သည်။

နန်းဆွေနီက ဝိညာဉ်တစ္ဆေဝတ်စုံကို မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်အထိ မမိုတ်မသုန် ပြတင်းပေါက်မှ ကြောင်ငေးရပ်ကြည့်နေမိသည်။

"ငါ ... ငါ ... အခုမြင်နေရတာတွေဟာ ... တကယ်ဟုတ်မှ ဟုတ်ရဲ့လား။ ငါ့စိတ်ထဲက ထင်နေတာလား။ အိပ်မက်မက်နေတာလား"

နန်းဆွေနီ တိုးသိမ့်ဖွဖွ ရေရွတ်နေသည်။ သူ ... သူ့ကိုယ်သူ မသက်မသာစိတ်၊ ယုံမှားသံသယစိတ်တွေနှင့် ပြန်ဆန်းစစ်လိုက်ရင်း သေချာအောင် သူ့အဝတ်ဗီရိုဆီ လျှောက်လှမ်းသွားသည်။ ပြီးနောက် သူ့အဝတ်ဗီရိုထဲမှ အဝတ်အစားတွေကို နန်းဆွေနီ သေချာစစ်ဆေးပြီး ကြည့်လိုက်သည်။

ဗီရိုထဲတွင် လွတ်နေသည့် အင်္ကျီချိတ်တစ်ခုနှင့် ဘောင်းဘီချိတ်တစ်ခုတို့ကို သူ အံ့သြစွာ မြင်လိုက်ရသည်။ ထိုအင်္ကျီချိတ်နှင့် ဘောင်းဘီချိတ်သည် သူ့အပြာရောင် ထိုင်းရှပ်အင်္ကျီနှင့် သူ့အကြိုက်ဆုံး အနက်ရောင် စတိုင်လ်ဘောင်းဘီတို့ကို ချိတ်ထားသည့် ချိတ်နှစ်ခုပဲဖြစ်သည်။ သေချာသည်။

သို့သော် ထိုရှပ်အင်္ကျီအပြာရောင်နှင့် စတိုင်လ်ဘောင်းဘီ အနက်တို့ကတော့ မရှိတော့တာ အမှန်ဖြစ်ပါသည်။ သူ ဗီရိုတစ်ခုလုံး ရှာကြည့်လိုက်သည်။ လုံးဝသေချာသည်။ ထိုဝတ်စုံက ဗီရိုထဲမှာ မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com


နန်းဆွေနီ ထိတ်လန့်ကြောက်ရွံ့ ချောက်ချားစိတ်များဖြင့် သူ့ ခုတင်ဆီ လှမ်းလာပြီး တုန်တုန်ယင်ယင်နှင့် မွေ့ရာပေါ်လှဲချလိုက်ပါသည်။ သူ့ရင်ဘတ်ထဲမှ မသိစိတ်၊ သိစိတ် စိတ္တဇလိပ်ပြာတွေက အမှောင်ထု ကြီးတစ်ခုထဲဆီ တစ်ဟုန်ထိုး လွင့်ပျံသွားကြသည်။

နန်းဆွေနီ မေ့ခနဲ လွင့်မျောပြီး အိပ်ပျော်သွားပါသည်။

✿ ✿ ✿

[၂]

❑

နန်းဆွေနီ နောက်တစ်နေ့တွင် အိပ်ရာမှ ဖြည်းညှင်းစွာ နိုးလွင့်လာခဲ့သည်။ အချိန်က နေမြင့်နေပြီ။ အခန်းထဲမှာလည်း ပူနွေးနေသည်။ သူ့လက်က နာရီကို မြှောက်ကြည့်လိုက်တော့ ဆယ့်တစ်နာရီထိုးတော့မည်။

နန်းဆွေနီ ခေါင်းထဲမှာ ပျားအုံတစ်အုံလို အုံခဲနေသည်။ စိတ်ထဲမှာ မွန်းကြပ်သိပ်သည်းပြီး နောက်ကျိရှုပ်ထွေးနေသည်။ သူ့အီလည်လည်ကြီး ခံစားနေရသည်။

သူ ဖျတ်ခနဲ ပြန်စဉ်းစားမိလိုက်ပြီး သတိရသွားသည်။ ညက အပြာရောင်ပန်းချီကားနှင့် စိတ္တဇမြင်ကွင်းလေးက သူ့အာရုံမှာ ပြန်စိုးမိုးလာသည်။ သူ့ ရှပ်အင်္ကျီအပြာရောင်နှင့် စတိုင်လ်ဘောင်းဘီအနက် 'နက်ပြာရောင်ဝိညာဉ်ဝတ်စုံ'။ သူ့ရင်ထဲမှာ လှပ်ခနဲဖြစ်သွားသည်။

"ဒါ ညက ငါ့ကို တစ္ဆေခြောက်တာလား။ မဖြစ်နိုင်ဘူး။ ဒါ ငါအိပ်မက် မက်နေတာ။ ခြောက်အိပ်မက်ဆိုးတစ်ခုပဲ ဖြစ်နိုင်တယ်"


www.burmeseclassic.com

www.burmeseclassic.com


နန်းဆွေနီ သူ့စိတ်တွေ မသဲမကွဲနှင့် ဖရိုဖရဲ လွင့်ကျဲသွားနေသည်။ သူ စဉ်းစားရခက်နေသည်။ တိကျပြတ်သားသော အဖြေတစ်ခုကို သူ့စိတ်ထဲက သိချင်နေသည်။

"ဟုတ်ပြီ။ ဒီအဖြေသိရအောင် ငါ ဗီရိုသွားဖွင့်ကြည့်မယ်"

သူ ဆုံးဖြတ်ချက်ချလိုက်ပြီး အိပ်ရာထဲမှ လူးလဲထလိုက်သည်။ နန်းဆွေနီ သူ့ခုတင်ခြေရင်းနံဘေးမှ ဗီရိုဆီ လှမ်းသွားတော့သည်။ ဗီရိုကို သူ ဆွဲဖွင့်လိုက်သည်။

"ဟင် . . . အင်္ကျီရော၊ ဘောင်းဘီရော။ ဒီမှာ သူ့နေရာနဲ့သူ ဒီအတိုင်းပဲ ရှိနေကြပါလား။ ဟာ . . . ဘယ်လိုဖြစ်တာလဲ။ ဒါဆို . . . ဒါဆို ရင် ညက ငါ . . . ငါ အိပ်မက်မက်တာပဲ။ ဒါ ခြောက်အိပ်မက်ဆိုးတစ်ခုပဲ။ ဟား . . . ကြံကြံဖန်ဖန်ကွာ။ တောက် . . . ဒီအိပ်မက်ကလည်း လူမပါဘဲနဲ့ အင်္ကျီနဲ့ဘောင်းဘီက စတိုင်လ်ကျကျ လမ်းလျှောက်ပြီး သွားနေရတယ်လို့ကွာ။

ဟင် . . . နေစမ်းပါဦး။ ဟာ . . . ဒီဘောင်းဘီအောက်နားမှာ မြက်သီးစလေးတွေနဲ့ မြက်ပင်ပြတ်လေးတွေ ကပ်နေပါလား။ ပြီးတော့ ဘောင်းဘီစတွေမှာလည်း ရေတွေစိုနေတယ်။ နှင်းရည်တွေပဲလားမသိ။ ငါ ဒီဘောင်းဘီကိုဝတ်ပြီး မြက်တောထဲလည်း မသွားခဲ့ပါဘူး။ ဟာ . . . ဘာတွေလဲ၊ ဘယ်လိုဖြစ်တာလဲ။ ည က ငါတွေ့ရတာတွေက တကယ့်အဖြစ်အပျက်တစ်ခုလား၊ အိပ်မက်လား"

နန်းဆွေနီ စိတ်ရှုပ်ထွေးသွားခဲ့သည်။ စဉ်းစားမရနိုင်အောင် ဖြစ်သွားသည်။ သူ့အတွက် ဤအဖြစ်အပျက်ဆန်းက ဖြေရှင်းမရသည့် ပဟေဠိပုစ္ဆာတစ်ခုလို သူ့ရင်ထဲမှာ ရှုပ်ထွေးနေပါတော့သည်။ သူတွေးမိလိုက်ပြီး ခေါင်းတွေ မူးဝေလာသည်။ ဦးနှောက်တွေ ချာချာလည်သွားသည်။

မည်သို့ဆိုစေ နန်းဆွေနီကတော့ ဤသည်းထိတ်ရင်ဖိုချောက်ချား အဖြစ်အပျက်ဆန်းလေးကို မည်သူ့ကိုမှ ရင်မဖွင့်ပြဘဲ သူ့နှလုံးသားထဲမှာပင် မသိစိတ်နှင့် လျှို့ဝှက်သိမ်းဆည်းထားခဲ့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

သည်နေ့က 'စနေနေ့'။

နန်းဆွေနီ ရင်ဘတ်လိပ်ပြာထဲမှာ 'စိတ်နယ်လွန် သံသယအတွေး' တွေ စိုးရိမ်ပူးကပ်လာပြန်သည်။ ချောက်ချားထိတ်လန့်ခံစား လာပြန်သည်။

တစ်ပတ်လုံးလုံး သူ ဣန္ဒြေရရ တည်ငြိမ်စွာနှင့် ဖြတ်သန်းလာခဲ့သည်။ သူ့ဝတ္ထုဇာတ်လမ်းတွေထဲ စီးမျောပြီး စာရေးနေခဲ့သည်။ ပျင်းလျှင် ဒီဗီဒီ ရုပ်ရှင်ဇာတ်လမ်းခွေတစ်ခုခု ဖွင့်ကြည့်နေလိုက်သည်။ တစ်ခါတစ်ရံ ညနေခင်းတွင် သူ့ဂေါ့ဖ်ကွင်းဘက်သို့ တစ်ပတ်ပတ်ပြီး လမ်းလျှောက်တတ်သည်။

နန်းဆွေနီ မည်သည့်စိတ်လှုပ်ရှားမှုမှ မရှိခဲ့ချေ။ ပါဖက်(က်) (Perfect) ပါပဲ။ သို့သော် သည်နေ့တော့ သူစိတ်လှုပ်ရှားနေသည်။ သူ့စိတ်ထဲက သည်နေ့သည် 'ဝတ်စုံတစ္ဆေ' အခြောက်ခံခဲ့ရသည့် တစ်ပတ်တိတိ ပြည့်သောနေ့ဖြစ်မှန်း အလိုလိုသိနေသည် မဟုတ်ပါလား။ မှန်ပါသည်။ ပြီးခဲ့သည့်အပတ်က 'ဝတ်စုံတစ္ဆေ' ခြောက်ခဲ့သောနေ့မှာလည်း 'စနေနေ့' ညပင်ဖြစ်ပါသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com


နန်းဆွေနီ၏ မသိစိတ်အာရုံထဲမှာ 'စနေနေ့ညဝေဒနာ' (Saturday Night fever) ချောက်ချားမှုက ရုတ်တရက် ကူးစက်ဖိစီးလာခဲ့ရခြင်းဖြစ်သည် ထင်ပါသည်။

သည်ဝေဒနာပြေဖျောက်နိုင်ဖို့ နန်းဆွေနီ မြို့ပြင်ထင်းရှူးတောထဲက 'ဟိုင်းဂရိတ်' (High Grade) ဂျပန်စားသောက်ဆိုင်လေးတွင် သူ့သူငယ်ချင်း ဆရာဝန် စာရေးဆရာ 'ဒေါက်တာရွှေသော်တာ' နှင့် အချိန်ဖြုန်းနေခဲ့သည်။

ညဉ့်တော်တော်နက်မှ သူတို့နှစ်ဦး ဝိုင်းသိမ်းပြီး 'ဟိုင်းဂရိတ်' မှ လမ်းခွဲလာခဲ့ကြသည်။ နန်းဆွေနီက ဝီစကီဒီဂရီလေး နည်းနည်းလွန်သွားသည်။ သို့သော် စိုးရိမ်စရာမရှိ။ သူ ဟန်ချက်မပျက် သူ့ကွန်ဒိုတိုက်ကလေးဆီ ကြွေရရ ပြန်လာခဲ့သည်။ သူ ရေချိုးခန်းဝင်၊ ကိုယ်လက်သုတ်သင်ပြီး အဝတ်အစားလဲကာ အိပ်ရာထဲ တန်းဝင်လာခဲ့သည်။

ခုတင်ထက်က မွေ့ရာပေါ်ထိုင်လိုက်ချိန်တွင် နန်းဆွေနီခေါင်းထဲသို့ အသိတစ်ချက် လက်ခနဲရောက်လာသည်။ ပြီးခဲ့သော စနေနေ့ညက 'ဝတ်စုံတစ္ဆေ' အဖြစ်အပျက်ကလေး။ ထိတ်လန့်ချောက်ချားဖွယ် တွေ့ကြုံရပြီးကတည်းက သူ့အဝတ်ဗီရိုတံခါး လက်ကိုင်ဘုကလေးကို အိပ်ရာဝင်ဖို့ ပြင်လိုက်တိုင်း သေသေချာချာ စစ်ဆေးကြည့်ရှုတတ်သော အလေ့တစ်ခုရလာသည်။ ပိတ်ထားတာ သေချာပြီဆိုမှ သူအိပ်ရာဝင်သည်။

ထို့ကြောင့် ယခုလည်း သူသတိတရနှင့် ဗီရိုတံခါးလက်ကိုင် ဘုကလေးဆီသို့ လှမ်းကြည့်မိလိုက်ပါသည်။ နန်းဆွေနီရင်ထဲမှာ 'ကြောက်စိတ်' (Phobia) တွေ ရိုက်ခတ်သွား၏။

"ဟင် . . ."

နန်းဆွေနီ ထိတ်လန့်တကြား ပွင့်ထွက်သွားသည်။ သူ့ခေါင်းထဲမှ ရီဝေမူးမူး ဝီစကီဒီဂရီတန်ခိုးလေးတွေ ဝုန်းခနဲ လွင့်ပျံထွက်သွားသည်။

"ဟာ . . . ဘယ်လိုလဲ။ ကြည့်စမ်းပါဦး။ တံခါးလက်ကိုင်ဘုကလေးက လည်နေပြန်ပြီ"

မှန်ပါသည်။ သူ ရုတ်တရက်မြင်လိုက်ရသည့် မြင်ကွင်းပြာပြာ မီးရောင်အောက်တွင် တံခါးလက်ကိုင်ဘုကလေးက လူတစ်ယောက်လက်နှင့် လှည့်ဖွင့်နေသလို သူ့အလိုလို ဖြည်းညင်းစွာလည်သွားပြီး 'ကလစ်' ခနဲ အသံမြည်ကာ ဗီရိုတံခါးပွင့်သွားတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


ပြီးနောက် လွန်ခဲ့သည့် 'စနေနေ့' ညကကဲ့သို့ပင် ရှပ်အင်္ကျီ အပြာရောင်နှင့် အနက်ရောင်ဘောင်းဘီရှည်တို့ကို မမြင်နိုင်သည့် တစ္ဆေလူသားက လူတစ်ယောက် စနစ်တကျ သူ့ကိုယ်ပေါ်မှာ ဝတ်ဆင်နေဟန်မျိုး ဆွဲယူဝတ်ဆင်ပြီး ဗီရိုရှေ့မှ လှမ်းထွက်သွားပါသည်။

သူ့ခေါင်းကိုလည်း မတွေ့ရ။ သူ၏ခြေလက်တွေကိုလည်း မမြင်ရချေ။ သို့သော် နက်ပြာရောင်ဝတ်စုံက လေထဲလွင့်ပြီး စတိုင်လ်ကျကျ လှမ်းထွက်သွားလေသည်။ ထိုတစ္ဆေဝိညာဉ်ဝတ်စုံက နန်းဆွေနီရှေ့မှ ဖြတ်သွားပြီး ပြတင်းပေါက်ဆီ တန်းတန်းမတ်မတ်နှင့် လျှောက်လှမ်းသွားနေသည်။

နန်းဆွေနီက သူ့ရှေ့နားမှ အနီးကပ်ဖြတ်လျှောက်သွားသော တစ္ဆေဝတ်စုံကို သေချာစွာ စိုက်ကြည့်သတိထားမိလိုက်သည်။ ဝတ်စုံက လွန်ခဲ့သည့် စနေနေ့ညက တစ္ဆေကောင်ဝတ်သွားသည့်အတိုင်း သူ့အပြာရောင် ထိုင်းရှပ်အင်္ကျီနှင့် အနက်ရောင် စတိုင်လ်ဘောင်းဘီရှည်တွေသာ ဖြစ်နေပါသည်။

နန်းဆွေနီ ကြက်သီးတွေ ထသွားသည်။ တစ္ဆေကောင်ဝတ်စုံက ပြတင်းပေါက်အနီးသို့ရောက်လျှင် ဘာစိတ်ကူးပေါက်သည်မသိ။ နန်းဆွေနီရှိရာသို့ အခန့်သား ပြန်လှည့်ပြီး ကြည့်သည်။

"ဗုဒ္ဓေါ ..."

နန်းဆွေနီ ကျောထဲစိမ့်သွားသည်။ တစ္ဆေကောင်ဝတ်စုံက သူ့ကို မမြင်မတွေ့နိုင်သည့် မျက်လုံးတွေနှင့် ထူးဆန်းစွာ လှမ်းစိုက်ကြည့်လိုက်သည်ဟု ခံစားလိုက်ရသည်။ သို့သော် ချက်ချင်း တစ္ဆေကောင်ဝတ်စုံက နန်းဆွေနီကို ကျောပြန်နိုင်းလိုက်ကာ ပြတင်းပေါက်မှ ဝေ့ခနဲ ခုန်ကျော်ပြီး အပြင်သို့ လှမ်းထွက်သွားပါတော့သည်။

"ဒါ ... ဒါ အိပ်မက်မဟုတ်ဘူး။ ဟုတ်တယ်။ ဒါ အိပ်မက် လုံးဝမဖြစ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ငါ လုံးဝ အိပ်မှမအိပ်ရသေးတာ"

နန်းဆွေနီ သိစိတ်တစ်ဝက်၊ ထိတ်လန့်ကြောက်ရွံ့စိတ် တစ်ဝက်နှင့် ခုတင်ပေါ်မှ ဆတ်ခနဲထရပ်လိုက်ပြီး ပြတင်းပေါက်ဆီ ပြေးလျှောက်သွားလိုက်သည်။ သူ အောက်ကို လှမ်းငုံ့ကြည့်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


နက်ပြာရောင်ဝတ်စုံ တစ္ဆေကောင်သည် လရောင်အောက်မှ မြက်ခင်းပြင်ကိုဖြတ်ပြီး ချယ်ရီတောအုပ်လေးရှိရာဘက်သို့ တရွေ့ရွေ့ လှမ်းသွားနေသည်ကို ကြက်သီးထဖွယ်ရာ သူ လှမ်းမြင်နေရသည်။

နန်းဆွေနီ စိတ်ထဲတွင် ဘယ်ကြောင့်မှန်းမသိ၊ ဒေါသစိတ်လေး ပေါက်ကွဲသွားသည်။ လူသည် ဒေါသစိတ်နိုးကြွလာလျှင် ကြောက်ရလန့်ရမှန်း မသိတော့။ နန်းဆွေနီ ဒေါသစိတ်ကြောင့် သတ္တိသွေးလေးတွေ ကိုယ်ခန္ဓာထဲမှ ရှန်းကြွထွက်လာသည်။

သူ ဘာမှမစဉ်းစားမိတော့ဘဲ အိမ်ပေါ်ထပ်မှ ပြေးဆင်းလာခဲ့ကာ ခြံထဲသို့ ပြေးထွက်လာခဲ့သည်။ နက်ပြာရောင်ဝတ်စုံ တစ္ဆေကောင်က သူ့ရှေ့မလှမ်းမကမ်းမှ တရွေ့ရွေ့ လျှောက်သွားနေသည်။ နန်းဆွေနီ သူ့နောက်မှ ဖြည်းဖြည်းမှန်မှန် လိုက်လာခဲ့သည်။ သူ့စိတ်တွေက ဂနာမငြိမ်ဖြစ်နေသည်။

သည်အချိန်ကလေးမှာပင် နန်းဆွေနီရှေ့ မြေကွက်လပ်လေး နံဘေးရှိ နှင်းဆီရောင်စုံပန်းချုံလေးထဲမှ ပန်းရောင်အရိပ်သဏ္ဌာန် ပိုးတဝါးအရာတစ်ခုက ဝေ့ခနဲ လှမ်းထွက်လာသည်ကို ရုတ်တရက်မြင်လိုက်ရသည်။ နန်းဆွေနီ လန့်ပြီး အံ့အားသင့်လျက် ထိုပိုးတဝါးပန်းရောင် အရိပ်သဏ္ဌာန်ကို စိုက်ကြည့်လိုက်မိသည်။

ထိုစဉ် ထူးဆန်းသည့် စိတ်လှုပ်ရှားကြည်နူးဖွယ်ရာ ဂီတသံစဉ်လေးတစ်ခုက ဘယ်ကမှန်းမသိ၊ မျှင်းမျှင်းကလေး လွင့်စင်ထွက်ပေါ်လာသည်။ တစ်ဆက်တည်းမှာပဲ ကြက်သီးထစရာ နှင်းဆီပန်းနံ့ သင်းရှုရှုလေးတွေကလည်း ပတ်ဝန်းကျင်တစ်ခုလုံး ရုတ်ခြည်း မွှေးပျံ့လွင့်ဝဲလာသည်။

ပိုးတဝါးပန်းရောင် အရိပ်သဏ္ဌာန်သည်လည်း နှင်းငွေ့ဖြူမှုန် လရောင်တွေကြားမှ အမျိုးသမီးတစ်ဦး၏သဏ္ဌာန် ဖြည်းညင်းစွာ ကူးပြောင်းသွားသည်ကို သူ ထူးဆန်းစွာ မြင်လိုက်ရပါသည်။ သို့သော် 'ပန်းရောင် သတို့သမီးဂါဝန်' တစ်ခုတည်းကိုသာ သူမြင်ရပြီး အမျိုးသမီး၏ ခေါင်းနှင့် ခြေတွေလက်တွေကိုတော့ သူ မမြင်ရချေ။ ထိုခေါင်းမပါ။ ခြေတွေလက်တွေမပါသည့် ပန်းရောင်ဂါဝန်က ကျော့ကျော့မော့မော့လေး နှင်းဆီချုံတွေထဲမှ လှမ်းထွက်လာနေသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟင် ... ဒီပန်းရောင်ဂါဝန်တစ္ဆေမ' က ဘယ်ကနေဘယ်လို ထွက်ပေါ်ပြီး ရောက်လာရတာလဲ။ ဒီလို ညနက်သန်းခေါင်ယံအချိန်ကြီးမှာ ဘယ်သင်္ချိုင်းထဲက ထလာပါလိမ့်။ ကေ့ခ္တ ... ဒီပန်းရောင်ဂါဝန် တစ္ဆေမနဲ့ ... ဟို ... ငါ့ဝတ်စုံတစ္ဆေကောင်နှစ်ကောင်တို့ ပေါင်းပြီး ငါ့ကို ရန်ရှာကြမလို့ထင်တယ် ... မြတ်စွာဘုရား ..."

နန်းဆွေနီ ကယောင်ချောက်ချားနှင့် စိတ်ထင်ရာတွေးမိလိုက်ပြီး ကြက်သီးမွေးညင်းတွေ တစ်ကိုယ်လုံးထသွားသည်။

ကြယ်ရောင်တွေနှင့် လရောင်မလင်းတလင်းအောက်တွင် ပန်းရောင်ဒီဖိုင်းလှလှ သတို့သမီးဂါဝန်နှင့်တစ္ဆေမက မြက်ခင်းပြင်ဆီ သူနှင့် ဘေးတိုက်အနေအထားမှ ရွရွလေး လှမ်းလာနေသည်။

နန်းဆွေနီက သူ့အတွေးနှင့်သူ ကြောက်လန့်ချောက်ချားစိတ်တွေ ပြန်ဝင်လာပြီး ဒူးတွေ ဆတ်ဆတ်တုန်လာသည်။ ကံဆိုးချင်တော့ သူ့ဘယ်ခြေထောက်ကို တစ်လှမ်းရွှေ့အတက်လိုက်မှာ ကျောက်ခဲတစ်လုံးကို တိုက်မိပြီး သူ ခလုတ်တိုက်လဲကျသွားသည်။ မြက်ခင်းပေါ် ရုတ်တရက် လဲကျသွား၏။ သူအားတင်းပြီး ပြန်ထရန် ကြိုးစားသည်။ မြက်ခင်းပေါ် သူအားယူလျက် ပြန်ရပ်လိုက်သည်။

ပြီးနောက် သူစိုးရိမ်ချောက်ချားစွာ ပန်းရောင်ဂါဝန် တစ္ဆေမဆီ ပြန်လှမ်းကြည့်လိုက်သည်။ သို့သော် ယင်းအစား နန်းဆွေနီ အလန့်တကြား မြင်တွေ့လိုက်ရသည့် မြင်ကွင်းက ချယ်ရီတောအုပ်စပ်အရှေ့နားရှိ ချယ်ရီပင်လေးတစ်ပင်အောက်မှ 'တစ္ဆေဝိညာဉ်စုံတွဲ' ဖြစ်သည်။

မှန်ပါသည်။ သူ၏ဝတ်စုံ 'နက်ပြာရောင်ဝတ်စုံ တစ္ဆေကောင်' နှင့် စောစောက 'သတို့သမီးဂါဝန်ပန်းနုရောင်တစ္ဆေမ' တို့နှစ်ဦးက ချယ်ရီပင်အောက်တွင် လက်ချင်းချိတ်ပြီး စုံတွဲကခုန်နေကြသည်။ ဟာ ... တယ်ဟုတ်ပါလား။ သူ လိပ်ပြာလွင့်မတတ် ဖြစ်သွားသည်။

လပြာပြာ၊ ကြယ်ရောင်တွေနှင့် ညမှော်ရုံအောက်တွင် သီချင်းကကြိုးဂီတတေးတစ်ပုဒ်ကလည်း သန်းခေါင်ယံညချမ်းထဲမှာ စီးမျောလွင့်ထွက်နေသည်။

နက်ပြာရောင်ဝတ်စုံအင်္ကျီလက်က ပန်းနုရောင်ဂါဝန်ကို ပွေ့ဖက်ထားပြီး ဂီတကကြိုးအတိုင်း တစ္ဆေစုံတွဲနှစ်ဦးက လရောင်မှုန်မှုန်အောက်မှာ စိတ်ချောက်ချားဖွယ်ရာ လွင့်မျောကခုန်နေကြသည်။


www.burmeseclassic.com

www.burmeseclassic.com


နန်းဆွေနီ ထိုမြင်ကွင်းကို ငေးကြည့်လိုက်ပြီး တုန်လှုပ်ချောက်ချားသွား၏။ သူ့တစ်ကိုယ်လုံးတွင် ချွေးစီးတွေ ရွှဲနစ်နေသည်။

"ငါ ဒီမှာဆက်နေလို့ မကောင်းတော့ဘူး။ ငါ့ကို သူတို့မြင်သွားရင် သူတို့ ငါ့ကို ရန်ရှာကြလိမ့်မယ်။ ငါအိမ်ကို အမြန်ပြန်ပြေးမှ ဖြစ်မယ်"

သူ စိတ်တွေကို တင်းလိုက်သည်။ သူ့ဒူးတွေက တုန်နေသဖြင့် မတ်တတ် ရပ်၍ မရနိုင်အောင် ဖြစ်နေသည်။ သူဘေးမှာတွေ့ရသည့် သစ်ကိုင်းခြောက်တစ်ခု ကို ကောက်ယူလိုက်ပြီး အားယူထောက်ဖို့ ကြိုးစားလိုက်သည်။ ထိုအခါ ဆွေးနေ သော သစ်ကိုင်းခြောက်က 'ဖြောင်း' ဆို ကျိုးထွက်သွားပါသည်။

တိတ်ဆိတ်ငြိမ်သက်လွန်းလှသည့် ညသန်းခေါင်းယံအချိန်မှာ သစ်ကိုင်း ခြောက် ကျိုးထွက်သွားသည့်အသံက သေနတ်သံလို ဟိန်းထွက်သွားပါတော့သည်။ နန်းဆွေနီလည်း အားလွန်ပြီး သူ့ကိုယ်သူ ရိုက်လှဲလိုက်သလို မြက်ခင်းပေါ် ပစ်ကျ သွားသည်။

သူ ကြောက်ကြောက်လန့်လန့်နှင့် တုန်လှုပ်နေရင်းက တစ္ဆေစုံတွဲရှိရာဆီ သည်းထိတ်ရင်တုန် လှမ်းကြည့်လိုက်ပါသည်။

တစ္ဆေစုံတွဲ မရှိကြတော့ပါ။ ထူးဆန်းစွာ ပျောက်ကွယ်သွားပါတော့သည်။ ပြီးနောက်တော့ ကကြိုးဂီတသံလေးသည်လည်း ထူးဆန်းစွာ မကြားရတော့ချေ။ နှင်းဆီပန်းနုံ့လေးတွေက မူလအတိုင်း သင်းပျံ့နေသည်။

နန်းဆွေနီလည်း သူ့စိတ်တွေကို ပြန်စုစည်းလိုက်ပြီး ခွန်အားသစ်တွေနှင့် မတ်တတ်ပြန်ရပ်နိုင်လာသည်။ သူ စူးစမ်းချင်စိတ်နှင့် တစ္ဆေစုံတွဲ ကခုန်ခဲ့ကြသည့် ချယ်ရီပင်ရိပ်မြေကွက်လပ်ဆီ လျှောက်လာခဲ့သည်။

"ဟင် ... ဟိုမှာ၊ ပန်းရောင်သတ္တိသမီး ဂါဝန်လေး။ ပုံလျက်သား ကျနေ ပါလား။ ဟာ ... ငါ့နက်ပြာရောင်ဝတ်စုံကတော့ မတွေ့တော့ပါလား။ ဘယ်ရောက် သွားပါလိမ့်"

နန်းဆွေနီ အံ့အားသင့်ပြီး ဂါဝန်ပန်းရောင်လေးဆီ လှမ်းသွားသည်။ သူ အသေအချာ ဂါဝန်လေးကို ငုံ့ကြည့်လိုက်ပြီး စိတ်ထဲမှာ တုန်လှုပ်ချောက်ချားနေ သည်။ နန်းဆွေနီ သတ္တိသမီးဂါဝန်လေးကို ကိုင်တော့မကြည့်ရဲချေ။ သူ တစ္ဆေမကြောက် ကြောက်သည်။


www.burmeseclassic.com

www.burmeseclassic.com


"ငါ ... ဒီလိုပန်းရောင်ဂါဝန်မျိုး ဘယ်မှာ တွေ့ဖူးခဲ့ပါလိမ့်။ ငါ မြင်ဖူးနေသလိုပဲ"

သူစိတ်ထဲမှ တွေးလိုက်မိသည်။ သို့သော် သူ စဉ်းစား၍မရ ဖြစ်နေသည်။ ကြောက်လန့်နေသည့်အတွက် သူ့အသိဉာဏ်တွေ ပျက်ပြယ်နေခြင်းလည်း ဖြစ်နိုင်သည်။

သူ စိတ်လှုပ်ရှားစွာနှင့် အိမ်ကို လှည့်ပြန်လာခဲ့သည်။ ပန်းရောင်ဂါဝန်လေးကတော့ ဤအတိုင်း သူ့နေရာတွင် ပုံလျက်သားလေး ကျန်နေရစ်ခဲ့သည်။

သူအိမ်ပေါ် လှမ်းတက်လာခဲ့ပြီး မောမောပန်းပန်းနှင့် ခုတင်ပေါ် ပစ်လှဲချလိုက်သည်။

"အင်း ... သတို့သမီးဂါဝန် ပန်းရောင်လေးကိုတော့ ငါ ဟိုနေရာမှာ တွေ့ခဲ့ရပြီးပြီ။ ဒါပေမဲ့ ငါ့ဝတ်စုံကိုတော့ ငါမတွေ့ခဲ့ရဘူး။ ငါ မကျေနပ်ဘူး။ ငါ့နက်ပြာရောင်ဝတ်စုံက ဘယ်ရောက်သွားတာလဲ။ ဟို ... အရင်စနေနေ့ညကလို ..."

နန်းဆွေနီ ပြန်တွေးလိုက်မိပြီး သူခုတင်ပေါ်မှ ချက်ချင်း ပြန်ထလိုက်ကာ အဝတ်အစားဗီရိုဆီ လှမ်းသွားသည်။ ဗီရိုတံခါးကို ဆွဲဖွင့်လိုက်သည်။

ထူးဆန်းစွာပင် သူ့ရှပ်အင်္ကျီအပြာရောင်နှင့် အနက်ရောင် ဘောင်းဘီတို့က ယခင်စနေနေ့ညက အတိုင်းပင်။ သူ့မူလချိတ်တွေမှာ တွဲလောင်းလေးတွေ အခန့်သား ချိတ်လျက်သားနှင့် ရှိနေကြတော့သည်။ ဘယ်လိုဖြစ်ပါလိမ့်။

နန်းဆွေနီ အံ့သြချောက်ချားနေလျက် သူ့စိတ်ထဲမှ မကျေမနပ် ရေရွတ်လိုက်ပါသည်။

"အင်း .. ဒီတစ္ဆေကောင်။ တော်တော်လည်း တတ်နိုင်တဲ့အကောင်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

စိတ်ပညာရှင် 'ဖရိုဒ်'က ဆန္ဒပုန်းအိပ်မက်များ (ဖရက်ဒီယံအိပ်မက်များ) သည် ကြောက်စရာလည်းကောင်းပြီး ထူးဆန်းကြသည်ဟုဆိုသည်။

ပြီးနောက် ကြောက်လန့်သည့်စိတ် လွှန်ကဲမှုကြောင့် စိတ္တဇဝေဒနာ ဖြစ်လာခဲ့သည်ဟုလည်း ဆိုထားသည်။

နန်းဆွေနီ သည်တစ်ပတ်လုံးလုံး သူ ကြောက်စိတ်၊ စိုးရိမ်စိတ်၊ စိတ်ဖိစီးမှုတွေ ခံစားနေခဲ့ရသည်။ အထူးသဖြင့် သူ့စိတ်ခံစားရမှုတွေကို သူ့ဝတ္ထုဇာတ်လမ်းတွေထဲမှ ဇာတ်ကောင်တွေထဲသို့ ကူးပြောင်းဖန်တီးပြီး သူ့စိတ်ထွက်ပေါက်တွေကို ဖွင့်ပေးခဲ့သည်။ ယင်းအတွက် သူနည်းနည်းတော့ သက်သာသည်ဟု ထင်သည်။

သို့သော် နန်းဆွေနီက ဘယ်အပေါင်းအသင်း။ ဘယ်ဆွေမျိုးကိုမှ တွေ့ချင်စိတ်မရှိ။ အားလုံးနှင့် ကင်းကင်းကွာကွာပဲ သူနေခဲ့သည်။ တစ်ခုတော့ရှိသည်။ ညနေဘက် သူလမ်းလျှောက်ပြန်လာပြီး သူ့ဒရိုင်ဘာနှင့် ထမင်းချက် အိမ်ဖော် လင်မယား အိမ်ပြန်သွားသည့်အချိန်တွင် နန်းဆွေနီ သူတစ်ယောက်တည်း 'ပီမကီ'



www.burmeseclassic.com

www.burmeseclassic.com


တစ်လုံးနှင့် သီချင်းနားထောင်ရင်း စိတ်ကူးယဉ် ကမ္ဘာသစ်ထဲ လွင့်မျောနေခဲ့သည်။

သို့သော်လည်း သူ့ရင်ဘတ်အာရုံထဲမှာ 'စနေနေ့ညဝေဒနာ' ချောက်ချားမှု စိတ္တဇလိပ်ပြာလေးကတော့ အမြဲဖမ်းစား စိုးမိုးနေခဲ့သည်။ သူ့ကို ချောက်လှန့်နေခဲ့သည်။

"ဒါ ... ငါ့ကို တစ္ဆေခြောက်နေတာပဲ။ ခြောက်တာမှ ထူးထူးဆန်းဆန်း တစ္ဆေခြောက်တာ။ တစ္ဆေတွေကလည်း ထူးထူးဆန်းဆန်း တစ္ဆေတွေ။ ငါ့ကို သူတို့ထပ်ပြီး ရန်ရှာကြဦးမလားမသိဘူး"

နန်းဆွေနီ တွေးကြောက်ပြီး စိတ်သောကတွေ ဖိစီးနေသည်။

ဤအတောအတွင်းမှာ တစ်နေ့ သူ့ဆီ သူငယ်ချင်း 'ခင်မင်းအောင်' ရောက်လာခဲ့သည်။ ခင်မင်းအောင်က နန်းဆွေနီနှင့် ထက်ထက်စိုးတို့၏ တစ်မြို့တည်းသား။ အထက်တန်းကျောင်းတွင် အတူနေလာခဲ့ကြသည့် ငယ်သူငယ်ချင်းဟောင်းဖြစ်သည်။ ခင်မင်းအောင် 'ဘူမိဗေဒ' (Geology) နှင့်ဘွဲ့ရပြီး ကျောက်လုပ်ငန်းနှင့် ရတနာကုန်သည် လုပ်နေသည်။

ခင်မင်းအောင်က နိုင်ငံတကာအနံ့ ရောက်ဖူးပြီ။ အပေါင်းအသင်းဆန့်ပြီး အထက်တန်းကျကျ နေတတ်သည်။ စိတ်သဘောထားကောင်းပြီး ပျော်ပျော်နေတတ်သည်။ သူ့ဝါသနာက မကြာခဏ သူငယ်ချင်းတွေဖိတ်ပြီး 'ပါတီ'ညစာစားပွဲ ကျင်းပတတ်သည်။

ယခုလည်း ခင်မင်းအောင်က နန်းဆွေနီဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီး သူ့'စနေနေ့ညညစာစားပွဲ'(Saturday Night Party) ကို တရင်းတနှီး လာဖိတ်သည်။

"ဟေ့ကောင်ကြီး ... နန်းဆွေ၊ အခုလာမယ့် စနေနေ့ညမှာ ငါ့အိမ်မှာ သီးသန့်ညစာစားပွဲလေးတစ်ခု လုပ်မလို့ကွ။ လူသိပ်များများ မဖိတ်ဘူး။ ငါ့အရင်းအနှီးဆုံးသူငယ်ချင်း ဆယ်ယောက်လောက်နဲ့ မိတ်ဆွေ လေးငါးဆယ်ယောက်လောက်ပဲပါမယ်။ အဲဒါ မင်းလာဖြစ်အောင် လာရမယ်နော်။ ငါ မင်းဆီဖုန်းတောင်မဆက်ဘဲ လူကိုယ်တိုင် လာဖိတ်တာနော် ... စာရေးဆရာ။ မင်းမလာလို့ကတော့ အပြတ်ပဲ သိလား"


www.burmeseclassic.com

www.burmeseclassic.com



ခင်မင်းအောင်က နန်းဆွေနီကို ချစ်စွာ ကြိမ်းသည်။ နန်းဆွေနီက ထုံးစံ အတိုင်း ပြုံးငွေ့ငွေ့လေး ငြိမ်နေသည်။ အမှန်ဆိုရလျှင် သူ ထိုညှော်ခံပွဲကို သိပ်သွား ချင်စိတ်မရှိ။ လူတွေများများကြားကို နန်းဆွေနီ ဝင်ဆန့်သွားလာရမှာ ကြောက်နေ မိသည်။ အရင်ကတော့ မင်းအောင်၏ ညစာစားပွဲဆိုလျှင် နန်းဆွေနီတို့စုံတွဲက ဘယ်တော့မှမငြင်း။ အလွတ်မခံဘဲ ပျော်ရွှင်စွာ ဆင်နွှဲနေကျဖြစ်သည်။

အခုတော့ နန်းဆွေနီက အထီးကျန်၊ အဖော်မဲ့စင်ရော်။ သူ ပျော်ပွဲရွှင်ပွဲ တွေကြား မသွားချင်တော့ပြီ။ ဘာကြောင့်မှန်းမသိ လူတွေကို နန်းဆွေနီ ကြောက် နေသည်။

"ဒီမှာ ... နန်းဆွေ၊ မင်း ဘာတွေစဉ်းစားနေတယ်ဆိုတာ ငါသိတယ်။ ဒီမှာ ဟော့ကောင်ကြီး၊ မင်း ဘာမှတွေဝေမနေနဲ့။ မင်းရဲ့ Lonely Life အထီးကျန် ဆန်တဲ့ဘဝကို ငါ နားလည်ကိုယ်ချင်းစာပါတယ်ကွာ။ ငါက မင်းလို စာရေးဆရာ မဟုတ်ပေမယ့် 'အထီးကျန်စိတ္တဇ'သမားတွေရဲ့အကြောင်းကို ငါ ကောင်းကောင်း သဘောပေါက်တယ် ကိုယ့်လူ"

ခင်မင်းအောင်၏ လေးနက်သည့်စကားက သူ့ရင်ကို ထိမှန်သွားသည်။ နန်းဆွေနီ နှလုံးသားတွေ ခပ်ကြွမ်းကြွမ်းလေး ရမ်းခါသွားသည်။ ခင်မင်းအောင် သူ့ဒသနကို ဆက်ပြောသည်။

"တကယ်တော့ကွာ၊ မင်းတို့နှစ်ယောက်ဟာ ဘာမဟုတ်တဲ့ အကြောင်း ကလေးတွေနဲ့ တစ်ယောက်ကိုတစ်ယောက် မာနတွေကိုယ်စီ ပြိုင်နေကြတာပါ။ တစ်ဦးနဲ့တစ်ဦး မချစ်ကြတာလည်း မဟုတ်ဘဲနဲ့၊ ငယ်ငယ်ကတည်းက တွဲလာခဲ့ ကြတဲ့ သူငယ်ချင်းတွေ။

ဒီမှာ ... နန်းဆွေ၊ မင်း ငါ့ညှော်ခံပွဲကို လာဖြစ်အောင် လာခဲ့ရမယ်။ ငါ မင်းမိန်းမ ထက်ထက်စိုးကိုလည်း ဖိတ်ထားပြီးပြီ။ သူလာမယ်လို့ ငါ့ကို ကတိပေးပြီးပြီ။ နန်းဆွေ ... မင်း ထက်ထက်စိုးကို ဘယ်လောက်ချစ်သလဲဆို တာ ငါသိတယ်။ အေး ... ထက်ထက်စိုးကလည်း မင်းအပေါ် ဘယ်လောက် သံယောဇဉ်ကြီးတယ်ဆိုတာ ငါအသိဆုံးပါကွာ။ ဒါပဲ ငါပြောမယ်။ မင်း ငါ့ညှော်ခံပွဲ ကို တက်ရမယ်။ ကဲ ... ငါသွားမယ်။ ဂွတ်နိုက်"

"ဂွတ်နိုက် ... မင်းအောင်"



www.burmeseclassic.com

www.burmeseclassic.com


ခင်မင်းအောင် သူ့ကားလေးကို မောင်းပြီးထွက်သွားတော့ နန်းဆွေနီ အပေါ်ထပ်သို့ လှေကားမှ လှမ်းတက်လာသည်။

အပြင်မှာ လရောင်က ပလက်တီနမ်ရောင် ဖျန်းချထားနေသည်။ နန်းဆွေနီ သူ၏ 'အထီးကျန်စိတ္တဇအလွမ်း' တွေကို ဝီစကီပုလင်းနှင့် ဖြတ်သန်းစီးဆင်းရန် ပြင်ဆင်လိုက်သည်။ ဖန်ခွက်ထဲသို့ ဝီစကီလက်နှစ်လုံးခန့် လောင်းထည့်ပြီး 'ဝီစကီအွန်သရော့ခ်'ကို ရင်ထဲ မျှောချလိုက်သည်။

သူ စားပွဲပေါ်က ဆိုနီကက်ဆက်ကို လှမ်းဖွင့်လိုက်သည်။

'ဘီသိုဗင်'၏ 'ညဂန္ထဝင်' က တိတ်ဆိတ်နေသည့် ညကမ္ဘာလေးကို ဂီတသံစဉ်တွေနှင့် ညင်ညင်သာသာ ပွေ့ခေါ်သွားသည်။

✿ ✿ ✿

[၅]

❑

နန်းဆွေနီ စနေနေ့ညည့်ခံပွဲသို့ အလွမ်းလိပ်ပြာစိတ္တဇများနှင့် တက်ရောက်လာခဲ့သည်။ အထူးသဖြင့် လပေါင်းများစွာ မာနကန့်လန့်ကာ၏နောက်တွင် ကွဲကွာနေခဲ့သော သူ့ချစ်ဇနီးနှင့် မျက်နှာချင်းဆိုင်ရမှာကို နန်းဆွေနီ မသိစိတ်က ရင်ခုန်ကြောက်လန့်နေသည်။

ယခု သည်မာနဝတ်ရုံကို သူချွတ်လဲပြီး အလွမ်းလိပ်ပြာဒီဇိုင်းသစ်ဖြင့် ခင်မင်းအောင်၏ ဒင်နာပါတီပွဲလေးကို နန်းဆွေနီ မျှော်လင့်ချက်တွေနှင့် လာခဲ့ခြင်းဖြစ်သည်။

ညည့်ခံပွဲက လူနှစ်ဆယ်ကျော်ကျော်လေးသာရှိသော အထူးသီးသန့်ဖိတ်ထားသည့် ဒင်နာပွဲလေးဖြစ်သည်။ လေးထောင့်ကျွန်းစားပွဲ ရှည်ကြီးနှစ်ဝိုင်းစာနှင့် လူတွေက ကွက်တိဖြစ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com


တက်ရောက်လာကြသည့် ညှော်သည်မိတ်ဆွေ သူငယ်ချင်းတွေကလည်း နန်းဆွေနီနှင့် ခင်မင်ရင်းနှီးပြီးသား လူတွေချည်းဖြစ်သည်။

သည်ကြားထဲမှာ သူ၏ဘဝလှသက်ထား အိန်ဂျယ်လ်နတ်သမီး 'ထက်ထက်စိုး' က သူဝင်ဝင်လာချင်း ဆိုဖာပေါ်ကထလာပြီး ...

"မောင် နေကောင်းလား"

ဟုဆိုကာ သူ့လက်ကိုလာတွဲချိတ်ပြီး သူနှင့် ဘာမှမဖြစ်ထားသလို ကြွေရေရ နှစ်ယောက်ထိုင်ဆိုဖာဆက်တီခုံဆီ ဆွဲခေါ်သွားခဲ့သည်။

နန်းဆွေနီ ရင်ဘတ်ထဲက အလွမ်းစိတ္တဇလိပ်ပြာတွေ လွင့်ပျံသွားကြသည်။ သူတို့နှစ်ဦး၏ မာနကန့်လန့်ကာကြားထဲမှ ဒေါသ၊ မောဟ၊ အာဃာတနတ်ဆိုးလေးတွေလည်း ချက်ချင်းပင် အဝေးသို့ ရှုံသွားကြတော့သည်။

စားသောက်ပွဲကို အိမ်ရှေ့ခြံထဲက မြက်ခင်း(Green Grass) ပေါ်မှာ ကျင်းပကြသည်။ ဖွန်းခက်ရင်းသံ၊ ပုလင်းသံ၊ ရယ်မောသံတွေနှင့်အတူ ပျော်ရွှင်ကြည်နူးသံတွေ ဖုံးလွှမ်းသွားတော့၏။ မြက်ခင်းပိုင်းပေါ်သို့ အပြာရောင်မီးဆလိုက်သုံးပွင့်က လွှင့်ဝဲဖြာကျနေသည်။

ဖော်ဂင်ဗီလာ ပန်းရုံကြီးရှေ့ရှိ ဆောင်းဘောက်စ်မှ 'ဩခက်စတာ' ဂီတသံ 'တင်(န်)ဂို' တီးလုံးက ငြိမ့်ငြိမ့်လေးထွက်ပေါ်လာသည်။

စုံတွဲတွေ မြက်ခင်းပေါ်သို့ လှမ်းထွက်လာကြပြီး လှပငြိမ့်ညောင်းစွာ ယှဉ်တွဲကနေကြသည်။ နန်းဆွေနီနှင့် ထက်ထက်စိုးတို့နှစ်ဦးကလည်း အတူယှဉ်တွဲပြီး ကကြသည်။

"မောင် ... ထက်လေ ... မောင့်ကို တစ်နေ့မှ မေ့လို့မရခဲ့ဘူး။ နေ့တိုင်း သတိရနေတယ်။ မောင် ယုံလား။ မောင်လာခေါ်မလားလို့ ထက် နေ့တိုင်းစောင့်မျှော်နေတယ်။ မောင့်အပေါ် ထက်ထားတဲ့မာနတွေအတွက် ထက်တောင်းပန်တယ်။ ထက်ကို ခွင့်လွှတ်ပါ ... မောင်"

"တောင်းပန်ဖို့ မလိုပါဘူး ... ထက်ရယ်။ မောင် ခွင့်လွှတ်ပါတယ်။ မောင်လည်း ထက်ကို အမြဲသတိရပြီး လွမ်းနေတယ်။ ထက်ပြန်လာမလားလို့ မောင် နေ့တိုင်း စောင့်မျှော်နေခဲ့တယ်။ ထက် အခု အမြင်မှန်ရပြီဆိုတာ သိရလို့ မောင် အရမ်းဝမ်းသာတယ်"


www.burmeseclassic.com

www.burmeseclassic.com


"ကျေးဇူးတင်ပါတယ် မောင်။ ထက် နောက်ကို မောင်နဲ့တစ်သက်လုံး ဘယ်တော့မှ မခွဲတော့ဘူး။ မောင့်အပါးမှာပဲ အမြဲနေပြီး ပါရမီဖြည့်တော့မယ်။ မောင်နဲ့ခွဲနေရတဲ့ အချိန်တစ်လျှောက်လုံး ညဘက်တွေမှာ ထက် အိပ်မပျော်နိုင်ခဲ့ဘူးမောင်။ ထက် မောင့်ကို သတိရပြီး စိတ်တွေ ချောက်ချားနေခဲ့ရတယ်။ ဒီကြားထဲမှာ ဟို ... ထက်ရဲ့'ဂါဝန်' ကလည်းတစ်မျောင့်။ စိတ်ညစ်နေရတယ်လေ"

"ဘာ ... ဘယ်လို ...။ ထက် ဘာပြောလိုက်တယ်။ ဂါဝန် ဟုတ်လား။ ဂါဝန် ဘာဖြစ်လဲ ပြောစမ်းပါဦး"

နန်းဆွေနီ အလန့်တကြားလေး ပြန်မေးလိုက်သည်။ 'ဂါဝန်' ဆိုသည့် အသံ ကြားလိုက်ရသည့် သူ့တစ်ကိုယ်လုံး မီးတောင်ပေါက်ကွဲသွားသလို တုန်လှုပ်သွားသည်။ သူတို့ အကကို ရပ်လိုက်သည်။

"ဟုတ်တယ် ... မောင်ရဲ့၊ ဒီမှာလေ ... ခု ထက်ဝတ်လာတဲ့ ဒီပန်းရောင် သတို့သမီးဂါဝန်လေးကိုပြောတာ မောင်ရဲ့။ ကြည့်စမ်းပါဦး ... ဒီဂါဝန်ကို။ မောင် မှတ်မိသေးရဲ့လား။ ထက်နဲ့မောင် လက်ထပ်မယ်ဆိုတော့ ဒယ်ဒီက Wedding မှာ ထက်ဝတ်ဖို့ဆိုပြီး နိုင်ငံခြားက ပို့လိုက်တာလေ။

ဒါပေမဲ့ မောင်က ဒီမှာထက်ဝတ်ဖို့ အဖြူရောင်သတို့သမီး ဂါဝန်ချုပ်ပြီး နေပြီ။ အဖြူရောင်ပဲ ဝတ်ပါဆိုလို့ ထက်က အဖြူရောင် ဂါဝန်ကိုပဲ ဝတ်ခဲ့တယ်လေ။ မောင့်သဘောအတိုင်း။ ဒါကြောင့် ထက် ဗီရိုထဲမှာ သိမ်းထားခဲ့တဲ့ ဒီပန်းရောင် ဂါဝန်ကို မောင်နဲ့စိတ်ဆိုးပြီး ဆင်းလာတော့ ထက် ယူလာခဲ့တယ်လေ"

"ဆိုပါဦး ...။ ဒါဆို အခု ဒီဂါဝန်က ဘယ်လိုဖြစ်လို့လဲ"

နန်းဆွေနီက အားမလိုအားမရ ပြန်မေးသည်။

"ဟာ ... ဘယ်လိုဖြစ်ရမှာလဲ။ ပြောရင် မောင်ယုံမယ်မထင်ဘူး။ ဒီဂါဝန်က အဆန်းပဲ ... မောင်ရဲ့။ သိပ်ကို ထူးဆန်းတယ်။ မှော်ဝင်နေတဲ့ ဂါဝန်လားမသိဘူး။ စနေနေ့ ညသန်းခေါင်ကျော်တာနဲ့ ထက် ဗီရိုထဲမှာ အကျီချိတ်နဲ့ ချိတ်ထားတဲ့ ဟောဒီဂါဝန်ဟာ ပျောက်ပျောက်သွားတယ်။ သိပ်အံ့သြဖို့ကောင်းတယ် မောင်။ ဒါပေမဲ့ နောက်နေ့မနက် မိုးလင်းတာနဲ့ သွားပြန်ကြည့်လိုက်ရင် ဒီဂါဝန်က ဗီရိုထဲက သူ့နေရာ သူပြန်ရောက်နေတယ်"

"ဟင် ... ဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... မောင်ရဲ့။ သူနိုးခိုးတာလည်း မဟုတ်ဘူး သေချာတယ်။ ပြီးတော့ အဲဒီလို ပျောက်ပျောက်သွားခဲ့တာ နှစ်ကြိမ်ရှိသွားပြီ ... မောင်ရဲ့"

"မြတ်စွာဘုရား ..."

နန်းဆွေနီ စိတ်အာရုံမှာ ပြီးခဲ့သည့်စနေနေ့ည သန်းခေါင်ယံက 'ဝတ်စုံတစ္ဆေစုံတွဲ' ကပွဲတွင် သူမြင်တွေ့ခဲ့သည့် ပန်းရောင်ဂါဝန်ကို ချက်ချင်း ပြန်သတိရလိုက်သည်။ နန်းဆွေနီမျက်နှာပေါ်တွင် အထိတ်တလန့်ဖြစ်သွားသည့် ချောက်ချားမှုတွေကို ထက်ထက်စိုးက မြင်တွေ့လိုက်ရသည်။

"မောင် ... မောင် ဘာဖြစ်သွားတာလဲဟင်"

ထက်ထက်စိုး၏အမေးကို နန်းဆွေနီပြန်မဖြေနိုင်ဘဲ သူဝတ်လာခဲ့သည့် သူ့ဒင်နာဝတ်စုံကို ဖျတ်ခနဲ ပြန်ငုံ့ကြည့်မိလျှက်သား ဖြစ်သွားသည်။ မှန်ပါသည်။ နန်းဆွေနီဝတ်လာခဲ့သည့်ဝတ်စုံက လွန်ခဲ့သည့် စနေနေ့ညများက သူ့ဗီရိုအတွင်းမှ ဆွဲယူဝတ်ပြီး အပြင်ကို ထွက်သွားခဲ့သည့် တစ္ဆေကောင်၏ နက်ပြာရောင်ဝတ်စုံတွေ ဖြစ်နေပါသည်။

"မောင် ... မောင် ... ဘာဖြစ်သွားတာလဲ။ ထက် ပန်းရောင်ဂါဝန် အကြောင်းပြောလိုက်လို့ မောင် အနှောင့်အယှက်ဖြစ်သွားတာလား ... ဟင်။ ဒါဆို ထက် တောင်းပန်ပါတယ်မောင်"

"မဟုတ်ပါဘူး ထက်။ အဲဒါကြောင့်မဟုတ်ဘူး။ ဒါနဲ့ ထက် ပြောတာ လွန်ခဲ့တဲ့ စနေနေ့ကနော် ...ဟုတ်လား"

"ဟုတ်တယ် ... မောင်။ ဒီနေ့လည်း စနေနေ့ပဲနော်။ ဒါပေမဲ့ ဒီညတော့ ထက်အနားမှာ မောင်တစ်ယောက်လုံး ရှိနေပြီဆိုတော့ ထက် ဘာမှမစိုးရိမ်တော့ဘူး မောင်။ ဘယ်နေ့ပဲဖြစ်ဖြစ်၊ ဘာမှမကြောက်တော့ဘူးမောင်"

မှန်ပါသည်။ ထက်ထက်စိုးကတော့ သူမ၏မောင် သူမအနားမှာ ရှိနေပြီဆိုတော့ သူမ ဘာကိုမှ မစိုးရိမ်တော့ပါ။ သူမ၏ Phobia စိတ္တဇကြောက်စိတ်တွေလည်း လွင့်ပြယ်သွားတော့သည်။

သို့သော် နန်းဆွေနီအတွက်ကတော့ ...

မှန်ပါသည်။ နန်းဆွေနီအတွက်ကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ထက်ရေ၊ ညဦးလည်း တော်တော်လေးနက်နေပြီ။ မောင်တို့လည်း အိမ်ပြန်ကြစို့ အချစ်ရယ်။ မောင်တို့အတူတူ အိမ်ပြန်ကြရအောင်နော်။ မောင်ကားယူလာတယ်။ ထက် မောင်နဲ့ တစ်ခါတည်း အိမ်ကိုပြန်လိုက်ခဲ့ပါနော်"

"စိတ်ချပါ . . . မောင်။ ထက်နဲ့မောင်တို့ ဘယ်တော့မှ မခွဲတော့ပါဘူး . . . မောင်"

သူတို့နှစ်ဦး လက်တွဲပြီး ကြည်နူးစွာ ပြန်လာခဲ့ကြသည်။

ခင်မင်းအောင်နှင့် မိတ်ဆွေသူငယ်ချင်းတွေကို နှုတ်ဆက်ပြီး လပေါင်းအတော်ကြာ ကွဲကွာနေခဲ့ကြသည့် ဇနီးမောင်နှံနှစ်ဦးကားမောင်းပြီး အိမ်ကို အတူပြန်လာခဲ့ကြသည်။

ခြံဝင်းထဲမှ ကားကို မောင်းထွက်လာပြီး ကတ္တရာလမ်းပေါ် အတက်လိုက်တွင် ကားအနောက်ဘက်မှ အသံမျိုးစုံတွေ ဖရိုဖရဲ ဝရုန်းသုန်းကားမြည်ပြီး လိုက်ပါလာသံတွေကို သူတို့ကြားလိုက်ရသည်။ ရုတ်တရက် သူတို့နှစ်ဦး ဝရုန်းသုန်းကားအသံတွေကြောင့် ကားများ ဘာဖြစ်သွားသလဲဟု စိုးရိမ်ထိတ်လန့်သွားကြသည်။

သူ့ကားကို ရပ်လိုက်ပြီး နှစ်ဦးသား အောက်ကို ဆင်းလာကြည့်ကြသည်။ သည်တော့မှ ကားနောက်မှတန်ဆာပလာတွေကို သူတို့မြင်တွေ့လိုက်ကြရသည်။

လက်စသပ်တော့ ခင်မင်းအောင်နှင့် သူငယ်ချင်းတွေ လက်ချက်ဖြစ်မှာပေါ့။

သူတို့မင်္ဂလာဆောင်တုန်းကလို ကားနောက်မှာ ဘီယာဘူးခွံတွေ၊ ပုလင်းတွေ၊ ခွက်တွေ၊ ပလုံးတွေကို ကြိုးနှင့် ချည်လွှတ်လိုက်ကြတာကိုး။

သူတို့နှစ်ဦး လရောင်မှုန်မှုန်အောက်မှာ ရပ်ပြီး ရယ်မောလိုက်ကြသည်။ နန်းဆွေနီ တေးသံစုံတန်ဆာပလာတွေကို ရှင်းလင်းပြီး သူ့ဇနီးမဟေသီကို ကားပေါ်တင်ကာ လရောင်အောက်မှာ ကားကို ပြန် မောင်းထွက်လာခဲ့သည်။ ပြီးနောက် နန်းဆွေနီ သူ့ဇနီးကို လှည့်ပြောလိုက်သည်။

"တော်တော်ရှုပ်တဲ့ကောင်တွေ . . . ရင်တုန်သွားတာပဲ။ နောက်စရာမရှိ . . . ကြံဖန်နောက်တဲ့ကောင်တွေ . . . ရှီး . . ."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၆]

❑

သူတို့နှစ်ဦး အိမ်ပြန်ရောက်တော့ မောပန်းနွမ်းနယ်နေကြပြီမို့ အဝတ်အစားတွေတောင် မလဲနိုင်ကြတော့ဘဲ ကိုယ်လက်သန့်စင်ပြီး အိပ်ရာဝင်ခဲ့ကြသည်။ လအတော်ကြာ ခွဲခွာခဲ့ရသည့် သူတို့ဇနီးမောင်နှံ ကြည်နူးလွမ်းဆွတ်ဖွယ်ညလေးကို ချစ်ခြင်းတွေနှင့် အတိုးချပြီး ဖြတ်သန်းခဲ့ကြသည်။

နန်းဆွေနီ အိပ်ပျော်နေရာမှ ရုတ်တရက် ဖျတ်ခနဲ လန့်နိုးလာသည်။ ပတ်ဝန်းကျင်ကို စူးစမ်းကြည့်လိုက်တော့ ညအိပ်မီးလုံးပြာပြာလေး၏ အလင်းရောင်အောက်မှ မွေ့ရာထက်၌ သူ့ဇနီးက သူ့လက်မောင်းကို ခေါင်းအုံးပြီး အိပ်ပျော်နေသည်။

"အင်း ... ထက်၊ သူ ငါ့ကို တော်တော်ချစ်ရှာပါလား"

နန်းဆွေနီ အတွေးအိပ်မက်လေးထဲ လွင့်မျောနေဆဲ စက္ကန့်ပိုင်း အချိန်ကလေးမှာပင် သူ့ကို လူတစ်ယောက်က အတင်းတွန်းထိုးနေသလို တွန်းထိုးနေသည်ကို အံ့သြစွာ ကြုံတွေ့လိုက်ရသည်။ ပြီးနောက် လူကိုလည်း မမြင်ရဘဲ တစ်ယောက်ယောက်က သူ့ကို အတင်းဆွဲခေါ်နေသလိုမျိုး။ ဘာမှန်းညာမှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com


ဘဲ ပြတင်းပေါက်ဆီ ဆွဲခေါ်သွားပါသည်။ သူ ယက်ကန်ယက်ကန်နှင့် သူ့ခန္ဓာကိုယ်ကြီးက ကိုးရိုးကားရား လွင့်ပါသွားခဲ့သည်။

"မောင် ... အို ... မောင်ရေ၊ ဒီမှာ ထက်ကို ကယ်ပါဦး မောင်"

သူ သူ့ဇနီး ထက်ထက်စိုး၏အော်သံကို ကြားလိုက်ရသဖြင့် ရုတ်တရက် နောက်ပြန်လှမ်းကြည့်လိုက်မိသည်။ ထက်ထက်စိုးကလည်း အိပ်ရာပေါ်မှာ တစ်ယောက်ယောက်နှင့် ရုန်းရင်းဆန်ခတ်ဖြစ်ပျက်နေပုံမျိုး။ ရုန်းလိုက်ကန်လိုက်နှင့် တွန်းထိုးဆွဲလျက်။ သူမတစ်ဦးတည်း ရုတ်ရုတ်သဲသဲလေး ဖြစ်နေပါသည်။

သူက သူ့ဇနီးဆီပြေးသွားဖို့ ကြိုးစားနေသလို၊ သူ့ဇနီးကလည်း သူ့ဆီပြေးလာခဲ့ဖို့ အတင်းရုန်းကန် ကြိုးစားနေသည်။

သို့သော် ဘယ်လိုမှ အခွင့်မသာ။ ယင်းအခိုက် သူ့ကို ပြတင်းပေါက်အပြင်ဘက်သို့ အရှိန်နှင့်ဆောင့်တွန်း၊ တွန်းထုတ်လိုက်တာ ခံလိုက်ရပြီး သူ မဟန်နိုင်တော့ဘဲ လွင့်ထွက်သွားသည်။ သို့သော် အောက်သို့ ပြုတ်မကျသွားဘဲ ထူးဆန်းစွာ သူလေထဲမှာ မျောပါနေသည်။

ထိုအချိန်မှာပင် တစ်ယောက်ယောက်က သူ့ကိုယ်ပေါ်မှ အင်္ကျီနှင့်ဘောင်းဘီတွေကို အတင်းကြမ်းတမ်းစွာ ဆွဲချွတ်နေတာ သူခံနေရသည်။ သူဖရိုဖရဲနှင့် ဘာမှပြန်မလုပ်နိုင်မီ သူ့ကိုယ်ပေါ်မှ အင်္ကျီနှင့် ဘောင်းဘီက ကျွတ်ထွက်ပါသွားသည်။ သူ့ကိုယ်ပေါ်မှာ အတွင်းခံဘောင်းဘီဖြူနှင့် စွပ်ကျယ်ဖြူလေးသာ ကျန်ခဲ့သည်။

"မောင်ရေ ... မောင် ... ထက်ကို ကယ်ပါဦး။ ဒီမှာ ..."

ထက်ထက်စိုး၏ ကြောက်လန့်တကြား စူးစူးရှရှအော်လိုက်သံကို သူ ထပ်ကြားလိုက်ရသည်။ သူလေထဲမှာ တွဲလောင်း ယက်ကန်ယက်ကန်နှင့် ဖရိုဖရဲ လွင့်မျောနေရာမှ လှမ်းကြည့်လိုက်၏။

သူ့ဇနီး ထက်ထက်စိုးသည်လည်း သူ့ကဲ့သို့ပင် လေထဲတွင် ပေါလောလွင့်မျောလျက် ဝရုန်းသုန်းကားဖြစ်နေရင်း သူမကို မမြင်ရသည့် ဝိညာဉ်တစ်ကောင်ကောင်က လူတစ်ယောက်ကဲ့သို့ သူမ၏ ဂါဝန်ကို အတင်းဆွဲချွတ်နေသည့်သဏ္ဌာန် ဖြစ်ပျက်နေသည်ကို သူထူးဆန်းစွာ မြင်လိုက်ရသည်။ သူ့ကြောက်လန့်ပြီး လှမ်းကြည့်နေစဉ်မှာပင် သူ့ ဇနီးကိုယ်ခန္ဓာပေါ်မှ ပန်းနုရောင်ဂါဝန်က ကျွတ်လွင့်ထွက်သွားပါတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


သူ့ဇနီးကိုယ်ပေါ်တွင်လည်း သူကဲ့သို့ပင် အတွင်းခံဇာဘော်လီ အင်္ကျီလေး တစ်ထည်နှင့် အတွင်းခံ ပိုးသားထဘီပျော့လေးတစ်ထည်သာ ရှိတော့သည်။

နန်းဆွေနီက သူ့ဇနီးဆီပြေးသွားပြီး ကြိုးစား၍ အကူအညီပေးရန် ကြံစည် လိုက်စဉ်မှာပင် မမျှော်လင့်ဘဲ သူသည် လေထဲမှ မြေကြီးပေါ်သို့ အရှိန်ဖြင့် ဝုန်းခနဲ ပြုတ်ကျသွားလေတော့သည်။

သူ အသံနက်ကြီးနှင့် ကြောက်လန့်တကြား အော်လိုက်သည်။

"အား ..."

✿ ✿ ✿

[၇]

❑

နန်းဆွေနီ သတိပြန်ရလာတော့ အရုဏ်ကျင်းလုလု။ အလင်းရောင် နုနုလေးက ပျို့အန်လာနေပြီဖြစ်သည်။

ပထမဦးဆုံး မြက်ခင်းပေါ်တွင် သူ့ဇနီးများ ရှိနေလေမလားဟု ဝေ့ပတ် ရှာကြည့်လိုက်သည်။ အရိပ်အရောင်မျှ မတွေ့ရချေ။ သူ ချက်ချင်း အိမ်ပေါ်သို့ လှမ်းတက်လာခဲ့သည်။ အိပ်ခန်းထဲ လှမ်းဝင်လိုက်သည်။ ဟင် ... နန်းဆွေနီ အံ့အား သင့်သွားသည်။ အိပ်ရာပေါ်မှာ သူ့ဇနီးထက်ထက်စိုးက ယောကျာ်းတစ်ဦးနှင့် တူယှဉ် တွဲလျက် အိပ်ပျော်နေသည်။ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် သူ့တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားသွားသည်။

"ဒင်းတို့နှစ်ယောက်စလုံးကို ငါသတ်မယ်။ ဟင် ... သစ္စာမရှိတဲ့ မိန်းမ"


www.burmeseclassic.com

www.burmeseclassic.com


သူ့ရင်ထဲက မသိစိတ် စိတ်ရိုင်းတွေ ဆူပွက်ကုန်သည်။ သူ ဒေါသလှိုင်းများနှင့် ခုတင်အနီးသို့ လှမ်းသွားလိုက်ပြီး ငုံ့ကြည့်လိုက်သည်။

"ဟင် . . . ခုတင်ပေါ်က ငါ့မိန်းမနံဘေးမှာ အိပ်နေတဲ့လူ က ငါနဲ့ တစ်ထေရာတည်းပါလား။ ငါနဲ့ တူလှချေလား။ ဟာ . . . ငါ့လိုပဲ ဘယ်ဘက်မျက်ခုံးအထက်မှာ မှဲ့နက်လေးတစ်ပွင့်နဲ့။ ဟင် . . . အောက် နှုတ်ခမ်းပေါ်မှာလည်း ငါ့အတိုင်း တစ်ပုံစံတည်း မွဲ့ညိုလေးနဲ့။ တူပဲ တူနိုင်လွန်းလှတယ်ကွာ။ ငါ နှစ်ကိုယ်ခွဲထားသလိုပဲ။ ငါ့မှာ အမြွှာညီအစ်ကို ရှိတယ်လို့လည်း ငါ မကြားခဲ့ဖူးပါဘူး။ ဟ . . . အဆန်းပဲကွာ"

နန်းဆွေနီ အရမ်းအံ့ဩနေသည်။ သေချာအောင် သူ ခုတင် နံဘေးနားတိုးကပ်သွားပြီး သူတို့မျက်နှာများကို စိုက်ကြည့်လိုက်သည်။

"ဟာ . . . အံမာ၊ ဒင်းတို့နှစ်ယောက်က ပြုံးလို့ ကြည်နူးနေလိုက်ကြတာ ငါ့ကိုတောင် ဂရုမစိုက်တဲ့ပုံစံ အချိုးမျိုးတွေနဲ့။ အင်း . . နေစမ်းပါဦး။ ဒါပေမဲ့ သူတို့ပြုံးနေကြပုံက အသက်မပါသလိုပဲ။ မဲ့တဲ့တဲ့နဲ့။ ဖြစ်ချင်ရာဖြစ်ကွာ။ ဒီသစ္စာမရှိတဲ့မိန်းမနဲ့ ဒီလူယုတ်မာကို ငါသတ်မယ်"

နန်းဆွေနီ ဘာမှမမြင်တော့ဘဲ အစွန်းတွစိတ်ရိုင်းတွေ ပေါက်ကွဲပြီး သူ့မိန်းမနံဘေးမှလူ၏ လည်ပင်းကို ညှစ်ရန်ရွယ်လိုက်သည်။

ယင်းအခိုက် သူ ထိတ်လန့်တကြားလေး ဖြစ်သွားသည်။

"ဟင် . . . ဒီလူက . . . သေ . . . သေနေတာပါလား"

နန်းဆွေနီ သေသေချာချာ အနားကပ်ပြီး ငုံ့ကြည့်လိုက်သည်။ ဟုတ်ပါသည်။ သေချာသည်။ ဒီလူ သေနေပါပြီ။ အလောင်းကောင်ကြီးသာ ဖြစ်ပါတော့သည်။

နန်းဆွေနီ လိပ်ပြာလွင့်မတတ် ချောက်ချားတုန်ယင်နေပြီး သူ့မိန်းမကို တစ်လှည့် မယုံသင်္ကာနှင့် ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

"ဟာ . . . အမလေး၊ ငါ့မိန်းမလည်း သေနေတာပဲ"

သူတစ်ကိုယ်လုံး ကြောက်လွန်းလို့ ကြက်သီးမွေးညင်းများပင် ထသွားသည်။ နန်းဆွေနီခေါင်းထဲမှာ အားလုံး နောက်ကျိရှုပ်ထွေးကုန်သည်။ သူ ဘာမှ စဉ်းစား၍မရနိုင်အောင် ဖြစ်သွားသည်။ တုန်လှုပ်ချောက်ချားနေသည်။


www.burmeseclassic.com

www.burmeseclassic.com


"သူတို့ကို ဘယ်သူတွေက သတ်သွားကြတာလဲ။ ပြီးတော့ ဒီခုတင်ပေါ်က လူကလည်း ဘာကြောင့် ငါနဲ့လာတူနေရတာလဲ"

သူ့စိတ်တွေ ရှုပ်ထွေးသွားသည်။ ထို့နောက် သူချက်ချင်းပဲ သဘောပေါက်သွားတော့သည်။

"ဟာ ... ဟုတ်ပြီ။ ငါ သေသွားခဲ့ပြီ။ ငါ့မိန်းမဘေးက အလောင်းဟာ တခြားသူမဟုတ်ဘူး။ ဒါ ငါ့အလောင်းပဲ။ ဩော် ... ငါ့ကိုယ်ငါ သေလို့သေမှန်းတောင် မသိခဲ့ပါလားနော်။ ဟင် .. ဒါဆိုရင် ငါ့ဇနီးရဲ့ဝိညာဉ်ရော ဘယ်မှာလဲ"

သူ အခန်းပတ်ပတ်လည်ကို လှည့်ပတ်ဝေ့ကြည့်လိုက်ပြီး သူ့ဇနီး ထက်ထက်စိုး၏ တမလွန်ကဝိညာဉ်ကို လိုက်ရှာကြည့်နေသည်။ သို့သော် သူ ဘာအရိပ်အယောင်မျှ မတွေ့။ သူ ဘာလုပ်ရမလဲ စဉ်းစားလိုက်သည်။ သူ့ကို လာကယ်ပါမောင်ဟု အော်ဟစ်အကူအညီတောင်းခဲ့သည့် သနားစရာ သူ့ဇနီး။ ယခု သူ့အလောင်းပဲ တွေ့ရသည်။ သူမ၏ဝိညာဉ်ကို ရှာမတွေ့။ သူ့မိန်းမ ဝိညာဉ်ဘဝမှာပင် ဒုက္ခတစ်ခုခုနှင့် ရင်ဆိုင်ကြုံနေရပြန်ပြီလား။

သူ့အတွေးများနှင့် သူတစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားနေသည်။ သူ့မိန်းမကို ဘယ်မကောင်းဆိုးဝါးတွေက ဒုက္ခပေးနေကြတာလဲ။ သို့သော် သူ ချက်ချင်းပဲ ပြန်စဉ်းစားလိုက်မိပြီး နားလည်သွားသည်။

"ဟာ ... ဟုတ်ပြီ။ ငါတို့လင်မယားကို သတ်ခဲ့တာ ဟိုဝတ်စုံ တစ္ဆေစုံတွဲ လင်မယားပဲဖြစ်မယ်။ သေချာတယ်။ အသက်မသေခင် လူ့ဘဝတုန်းကတော့ ငါ ဒီတစ္ဆေကောင်ကို ကြောက်ခဲ့တာမှန်တယ်။ အခုတော့ ငါလည်း အသက်သေသွားပြီးမှတော့ ဒီတစ္ဆေကောင်ကို ဘာလို့ ကြောက်လန့်နေရတော့မှာလဲ။ တစ္ဆေဆိုတာ အကောင်အထည်မှမရှိတာ။ ဒီဝတ်စုံတစ္ဆေလင်မယားကို ငါလိုက်ရှာပြီးသတ်မယ်"

နန်းဆွေနီ သူ့အတွေး မဆုံးလိုက်ပါ။ သူ့ရှေ့မှ သေနေပြီဖြစ်သည့် သူ့ဇနီး၏ကိုယ်ခန္ဓာက ရုတ်တရက် ဖြေးညှင်းစွာ လှုပ်ရှားလာသည်။ သူ အံ့ဩသွားသည်။

ထိုစဉ် သူမ လက်ယာဘက်လက်တစ်ဖက်က အပေါ်ကို အလိုလို မြောက်တက်သွားကာ သူမ၏နံဘေးမှ သူ၏အလောင်းပေါ် အရှိန်နှင့် ပြန်ကျသော ခဲ့သည်။ အလောင်း၏မျက်နှာပေါ်မှ နှာခေါင်းကို တိုက်ရိုက်ထိမှန်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com


နန်းဆွေနီ နာလွန်းသောကြောင့် လန့်ပြီး ယောင်အော်လိုက်သည်။

"အား ... နာလိုက်တာ"

သူ ဖျတ်ခနဲ လန့်နိုးလာသည်။

"ဟင် ... ငါအိပ်မက်တွေ မက်နေတာပါလား"

မှန်ပါသည်။ နန်းဆွေနီ ယခုမှ သူ တကယ်အိပ်ပျော်နေရာမှ ပြန်နိုးလာခဲ့ခြင်းဖြစ်ပါသည်။ သူ ပြန်စဉ်းစားလိုက်မိပြီး ဝတ်စုံတွေအကြောင်း သတိရသွားသည်။

"ဒါဆို ငါတို့ ဝတ်စုံတွေကရော၊ ဒါလည်း အိပ်မက်ပဲလား"

နန်းဆွေနီ သူ့အိပ်မက်ကို ပြန်တွေးသတိရလိုက်မိကာ သူ့ကိုယ်သူ ဖျတ်ခနဲ ပြန်ငုံ့ကြည့်လိုက်သည်။ အိပ်မက် မဟုတ်ပါ။ သူအံ့ဩနေသည်။ သူတို့ ဇနီးမောင်နှံ ဝတ်စုံအပြည့်နှင့် အိပ်ရာဝင်ခဲ့ကြခြင်းဖြစ်သည်။ သို့သော်လည်း ယခု သူတို့နှစ်ယောက်စလုံး၏ ကိုယ်ပေါ်မှာ ထိုအဝတ်အစားတွေ ဘာတစ်ခုမှ ရှိမနေကြတော့ပါ။ အိပ်မက်မဟုတ်တာတော့ သေချာသည်။

ဤအချိန်လေးမှာပင် သူ့ဇနီးကလည်း အိပ်ရာမှ ပြန်နိုးလာပါသည်။

"မောင် ... ထက် ... အိပ်မက် မက်ခဲ့တယ် မောင်"

ထက်ထက်စိုးက နိုးနိုးလာချင်း သူမ အိပ်မက်မက်သည့်အကြောင်းကို ပြောပြီး ထိုအိပ်မက်အကြောင်းကို ပြောပြသည်။ သူမ၏အိပ်မက်က ထူးဆန်းစွာ သူ၏အိပ်မက်အတိုင်း တစ်ထပ်တည်း တိုက်ဆိုင်နေသည်။

"မောင် ... ထက်တို့အဖြစ်အပျက်က အိပ်မက်လည်းမဟုတ်၊ တကယ့်အဖြစ်အပျက်ပါလို့ ပြောရင်လည်း ဘယ်သူမှ ယုံကြမှာမဟုတ်ဘူးနော်။ အံ့ဩဖို့လည်း ကောင်းတယ်။ ကြောက်စရာလည်း ကောင်းလိုက်တာ မောင်။ တကယ်လို့ ဒီတစ္ဆေကောင်တွေက ထက်နဲ့မောင်ရဲ့ အသက်ကို ရန်ရှာလာရင် ဘယ်လိုလုပ်မလဲဟင်"

"ဟုတ်တယ်နော် ထက်။ ဒါဆို မောင်တို့ ဒီဝတ်စုံတွေကို မီးရှို့ဖျက်ဆီးလိုက်ကြရရင် မကောင်းဘူးလား။ ဒါဆို တစ်ခါတည်း ကိစ္စပြတ်ရော။ ဘယ်လိုလဲ"

"အို ... ဒါလည်း မဖြစ်သေးပါဘူး မောင်။ ဒီဝတ်စုံတွေမရှိတော့လည်း နောက်ဝတ်စုံတစ်စုံကိုထပ်ပြီး ဒီလိုပဲ ဒီတစ္ဆေစုံတွဲက လာယူပြီး ဆက်ဝတ်နေကြ


www.burmeseclassic.com

www.burmeseclassic.com


ရင်ကော ဘယ်လိုလုပ်မလဲ။ မတော်လို့ သူတို့က ထက်တို့ကို စိတ်ဆိုးပြီး ရန်ရှာလာမှ ခက်နေမယ်။ အဲ ...နေဦး မောင်၊ ထက် အကြံတစ်ခုရပြီ။ ဒီလိုလုပ်ရအောင် မောင်"

ထို့နောက် သူ့ဇနီးက သူ့နားနားကိုကပ်ပြီး သူမ၏အစီအစဉ်ကို တိုးတိုးပြောသည်။

ထိုအစီအစဉ်ကို သူတို့နှစ်ဦးစလုံး ချက်ချင်း အကောင်အထည်ဖော်ကြသည်။ ပထမဦးစွာ ထိုဗီရိုထဲမှ အဝတ်အားများကို တစ်ခုမကျန် ရှင်းထုတ်ပစ်လိုက်ကြသည်။ ပြီးမှ တစ္ဆေစုံတွဲမောင်နှံဝတ်ခဲ့ကြသည့် သူ၏ 'နက်ပြာရောင်ဝတ်စုံ' နှင့် သူ့ဇနီး၏ 'ပန်းရောင်သတို့သမီးဂါဝန်' တို့ကို ချိတ်နှင့်ချိတ်ပြီး ထိုရှင်းလင်းထားသည့် ဗီရိုလွတ်ထဲတွင် ပြန်ထည့်ပေးထားလိုက်ကြသည်။

ယင်းဝတ်စုံတွေကို နန်းဆွေနီနှင့် ထက်ထက်စိုးတို့ ဇနီးမောင်နှံက နောက်ဘယ်တော့မှ ယူမဝတ်ကြတော့ဟု ဆုံးဖြတ်လိုက်ကြသည်။

ယင်းမှာ မှန်သည်ဟု ဆိုရမည်ထင်သည်။

ထိုတစ္ဆေလင်မယားစုံတွဲသည် သူတို့၏ သီးသန့်ဗီရိုထဲမှ ယင်းဝတ်စုံတွေကို လွတ်လပ်စွာ ထုတ်ယူဝတ်ဆင်ပြီး 'သန်းခေါင်းယံကကြိုး' ကို ဆင်နွှဲရတာ အဆင်ပြေသွားကြ၍ ထင်သည်။ ထိုအချိန်ကစပြီး နန်းဆွေနီနှင့် ထက်ထက်စိုးတို့ ဇနီးမောင်နှံကို ဘာအနှောင့်အယှက်မှ မပေးကြတော့ချေ။

အမြင်မှန်ရပြီး ပြန်ပေါင်းထုတ်ခဲ့ကြသည့် သူတို့ဇနီးမောင်နှံနှစ်ဦးလည်း ငြိမ်းချမ်းစွာ ရွှေလည်တွဲပြီး အိပ်စက်နိုင်ခဲ့ကြတော့သည်။

အကယ်၍များ ထိုချယ်ရီပင်ရှေ့ လရောင်အောက်မှ မြေကွက်လပ်ကလေးတွင် စနေနေ့ည သန်းခေါင်ယံတွေမှာ ကခုန်ခဲ့ကြသည့် ထို 'တစ္ဆေလင်မယား' ကို မိတ်ဆွေစာဖတ်သူများက ကြည့်ချင်ခဲ့ကြမည်ဆိုလျှင် လာမည့်စနေနေ့လပြည့်နေ့ည သန်းခေါင်ယံအချိန်ကို လာခဲ့ကြပါဟု ဖိတ်ခေါ်လိုက်ပါသည်။

နန်းထိုက်စိုး (နိုင်ငံခြားဘာသာသိပ္ပံ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

မြိုင်ကြီးနှင့် ထွန်းပေါ် မိဂဒါတောကြီးအစပ်ရောက်တော့ အချိန်ပင် အတော်လင့်ခဲ့ပြီဖြစ်သည်။ ကျဲကျဲတောက်တောက် ပူပြင်းနေသည့် နေလုံးကြီး အရှိန်ကြောင့် မြိုင်ကြီးခန္ဓာကိုယ်အပြင် မျက်နှာပေါ်တွင် ချွေးသီးများစီးကျနေသည်။ မြိုင်ကြီးခေါင်းတွင် ပတ်ထားသည့် ပုဆိုးပိုင်းကိုချွတ်ပြီး ချွေးသီးများကို သုတ်ရင်း နေလုံးကြီးကို မော့ကြည့်လိုက်သည်။

နေလုံးကြီးက မြိုင်ကြီး ခေါင်းတည့်တည့် ကျရောက်နေပြီဖြစ်သည်။ တကယ်တော့ မြိုင်ကြီးနှင့် ထွန်းပေါ် မိုးမလင်းခင်ကတည်းက ရွာမှ ထွက်လာခဲ့ခြင်း ဖြစ်သည်။ ခုတော့ မြိုင်ကြီးပင်ပန်းထားသမျှ မိဂဒါတောကြီးကို မြင်လိုက်ရ၍ အမောပြေခဲ့သည်ဆိုလျှင် မမှားချေ။

တကယ်ဆို မိဂဒါဟု ဆန်းပြားစွာအမည်ရှိထားသည့် တောကြီးက မြိုင်ကြီး အတွက် အစိမ်းသက်သက်မဟုတ်။ မြိုင်ကြီး အရွယ်ရောက်စကတည်းက မုဆိုးကြီး ဖိုးတက်တူနှင့် အဖော်လိုက်ရင်း မုဆိုးအလုပ်နှင့် ကျွမ်းဝင်ရင်းနှီးခဲ့သည်ဆိုလျှင် မမှားချေ။ ခုတော့ မိဂဒါဆိုသည့် သည်တောကြီးက မြိုင်ကြီးတို့ မိသားစုအတွက် အားထားရာ ဟင်းအိုးကြီးသဖွယ် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com


ကြည့်လေ ... မိဂဒါတောကြီးထဲသို့ အချိန်အခါမရွေး ငှက်ထောင်၊ ကြက်ထောင်ကအစ မုဆိုးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေရသည့် မြိုင်ကြီး ဘဝ။ အေးမြနှင့်အိမ်ထောင်ကျပြီး မြိုင်ကြီး အမြဲတမ်းကြားနေရသည့်စကားသံ။

"ကိုမြိုင် ... တော်တစ်ဝမ်းတည်း မဟုတ်တော့ဘူးနော်"

အေးမြစကားသံနှင့်အတူ မြိုင်ကြီး မိဂဒါတောကြီးထဲသို့ ခြေချခဲ့ရသည်က အခါခါ။ ခု မြိုင်ကြီးဘဝတွင် ထပ်ဆင့်တိုးလာသည့် သားသမီးဆိုသည့် ဝမ်းသုံးဝမ်း။

မြိုင်ကြီး မိမိအဖြစ်ကို ပြန်စဉ်းစားမိရင်း ငှက်ထည့်သည့်ခြင်းကို ဝါးလုံးတိုဖြင့် လျှိုထမ်းပြီး ရှေ့က တစိုက်စိုက်သွားနေသူ တူဖြစ်သူ ထွန်းပေါ်ကို လှမ်းကြည့်လိုက်မိသည်။ ထွန်းပေါ်က မြိုင်ကြီးအတွက် လက်တိုလက်တောင်း အကူအညီပေးနေ၍ အသက်ရှူချောင်သလို ဖြစ်ခဲ့သည်။

ထွန်းပေါ်က ဦးလေးဖြစ်သူ မြိုင်ကြီးအပေါ် သိတတ်လွန်းသူဖြစ်သည်။ မြိုင်ကြီးက ထွန်းပေါ်ကို မိဂဒါသို့ မလိုက်စေချင်။ ထွန်းပေါ်က မရ။ မုဆိုးအတွေ့အကြုံကို သင်ယူလိုသည့်စကားကို အတန်တန်ပြောလွန်း၍ မြိုင်ကြီး ထွန်းပေါ်ကို မိဂဒါသို့ တစ်ခေါက်နှစ်ခေါက် စမ်းခေါ်ခဲ့သည်။ ခုတော့ မြိုင်ကြီးအဖို့ ထွန်းပေါ် အဖော်ရနေ၍ ယခင်ထက် ကြက်ထောင်၊ ငှက်ထောင် ပိုရလာသလို အိမ်ဝင်ငွေ တိုးခဲ့သည်က အမှန်ပင်။

"ဦးလေး ကျွန်တော်တို့ ကညင်ပင်ကြီးရောက်မှ ထမင်းစားကြမယ်"

"အေး ... အေးပါကွာ"

ထွန်းပေါ်က လူငယ်ပီပီ မောရပန်းရမှန်းမသိ။ မိဂဒါတောကြီးကို ကြည့်ပြီး ပျော်ရွှင်နေသည်။ မြိုင်ကြီးက ယခင်ကလို မဟုတ်တော့။ အသက်အရွယ်က စကားပြောသည်ထင့်။ မောချင်သလိုလို၊ ပန်းချင်သလိုလို ဖြစ်နေသည်။ တကယ်တော့ မြိုင်ကြီးအရွယ်ရောက်စကတည်းက ခုတိုင် ကျင်လည်နေရဆဲဖြစ်သည်က မိဂဒါတောကြီးပင် မဟုတ်ပါလား။

မြိုင်ကြီးနှင့် ထွန်းပေါ် ကညင်ပင်ကြီးအောက်ရောက်တော့ နေလုံးကြီးပင် အတော်တိမ်းနေပြီဖြစ်သည်။ ရွာကယူလာသည့် ထမင်းထုပ်ကို ဖြေပြီး စားဦး တားဖျားကို တောပိုင်တောင်ပိုင်များကို ပ,သပြီး ဗိုက်ဆာဆာနှင့် မြိုင်ကြီးနှင့်ထွန်းပေါ် ခေါင်းမဖော်တမ်း ထမင်းစားလိုက်ပြီးနောက် မြိုင်ကြီး အနားမယူနိုင်သေး။

"ထွန်းပေါ် ... ဦးလေး ဟိုရက်ကတွေ့ခဲ့တဲ့ ဝါးတောကြီးဘက်ကို အခြေအနေသွားကြည့်ဦးမယ်"


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့ . . . ဦးလေး"

မြိုင်ကြီးက ထွန်းပေါ်ကိုပြောရင်း ဓားမကိုခါးကြားထိုးပြီး ဝါးချွန်ကိုယူကာ ကညင်ပင်ကြီးအောက်မှ ထွက်လာခဲ့သည်။ မြိုင်ကြီးမသွားလို့မဖြစ်။ ယခင်ရက်က ထူးထူးခြားခြား တွေ့ခဲ့ရသည့် ဝါးတောကြီးထဲမှ တောကြက်အုပ်ကြီး။

မြိုင်ကြီးသွားရင်း လှမ်းမြင်တွေ့နေရသည်။ ဝါးတောကြီးက လေယူရာ ယိမ်းနွဲ့လှုပ်ယမ်းရင်း တကျွိကျွိမြည်နေသံက ပေါ်နေသည်။ မြိုင်ကြီး နေပြောက်ပင် မထိုးနိုင်အောင် ထူထပ်စွာပေါက်နေသည့် ဝါးတောကြီးထဲသို့ ခြေလှမ်းဝင်လိုက်စဉ် ရုတ်တရက် 'ဝေါဖရော'ဟူသော ဝရုန်းသုန်းကားအသံကြီးနှင့်အတူ ဝါးပင်ချုံနွယ်များ သွက်သွက်ခါအောင် ယိမ်းထိုးသွားသည်။

မြိုင်ကြီးဝါးတောကြီး ယိမ်းထိုးသွားသည်ကိုကြည့်ရင်း ထူးထူးခြားခြား တွေ့မြင်လိုက်ရသည့်အရာ။ ထိုကြောင့် မြိုင်ကြီး ရုတ်တရက် အံ့အားသင့်သွားမိသည်။ မြိုင်ကြီး မိဂဒါတောကြီးထဲတွင် ငှက်ထောင်၊ ကြက်ထောင် မုဆိုးအလုပ် လုပ်ရင်း သားကောင်အန္တရာယ်အမျိုးမျိုးကို ကြုံခဲ့ဖူးသည်။ ယခုလိုအဖြစ်မျိုး မကြုံဖူးခဲ့။

မြိုင်ကြီး ခါးကြားမှ ထိုးလာသည့်ဓားမကို ကမန်းကတန်းထုတ်ပြီး ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။ ထူးထူးခြားခြား လှုပ်ရှားယိမ်းခါနေသည့် ဝါးပင်နှင့် ချုံနွယ်များကြားသို့ အကဲခတ်ကြည့်လိုက်မိသည်။ သစ်ပင်ချုံနွယ်များ လှုပ်ရှားယိမ်းခါနေသံကို ကြားနေရဆဲဖြစ်ပြီး ဘာမှမတွေ့မမြင်ရ။

"အန္တရာယ်ကောင်များလား"

မြိုင်ကြီး တစ်ကိုယ်တည်း ရေရွတ်မိရင်း ပတ်ဝန်းကျင်အနှံ့သို့ မျက်စိကစားကြည့်လိုက်မိသည်။ အခြားသစ်ပင်ကြီးငယ်များ ငြိမ်သက်နေသော်လည်း ဝါးတောကြီးနှင့် တစ်ဆက်တည်းရှိသည့် သစ်ပင်ချုံနွယ်များ လှုပ်ရှားသံက ကြားနေဆဲဖြစ်သည်။

"ငါ့ကို တောခြောက်နေတာလား"

မြိုင်ကြီးတွေးမိရင်း ရုတ်တရက်ဝါးတောကြားမှ မသဲမကွဲတွေ့ မြင်လိုက်ရသည့် လူလိုလို၊ မျောက်လိုလို ခွဲခြားမရသည့် သဏ္ဍာန်တစ်ခု။ လူလိုလို၊ မျောက်လိုလိုသဏ္ဍာန်သည် ဝါးတောကြီးနှင့် သစ်ပင်ချုံနွယ်များကြားတွင် တစ်ခုခုကို ရှာဖွေနေသည့်အလား၊ တွေ့မြင်လိုက်ခြင်း ဖြစ်သည်။ ထိုကြောင့် မြိုင်ကြီး သတိရလာပြီး လက်ထဲမှ ဝါးချွန်ဖြင့် လှမ်းပစ်လိုက်သည်။

"ဝိုး . . ."


www.burmeseclassic.com

www.burmeseclassic.com


"ဖြုန်း ..."

မြိုင်ကြီး လှမ်းပစ်လိုက်သည့် ဝါးချွန်သံကြောင့် လူလိုလို၊ မျောက်လိုလို သတ္တဝါသည် ရုတ်တရက် ဝါးတောကြီးထဲသို့ တိုးဝင်ပျောက်ကွယ်သွားသည်။ မြိုင်ကြီး ကမန်းကတန်း လူလိုလို၊ မျောက်လိုလို တ္တဝါန် ရှာဖွေနေသည့်နေရာသို့ ကြည့်လိုက်မိသည်။

ဝါးရွက်ကြွေများနှင့် သစ်ပင်ချုံနွယ်များကို ဖယ်ရှားထားသည့် မြေကွက်လပ်များ။ မြိုင်ကြီး စူးစမ်းကြည့်လိုက်မိသည်။ သစ်ပင်ချုံနွယ်များ လတ်ဆတ်စွာ ကျိုးကျေနေသည့်အဖြစ်က ဆန်းကြယ်နေသည်။ မြိုင်ကြီး မယုံနိုင်အောင် ဖြစ်သွားမိရင်း တဖြည်းဖြည်း လိုက်ခဲ့မိသည်။ သစ်ပင်ချုံနွယ်များအဆုံးတွင် လှိုဏ်မြောင်ကြီး တစ်ခုကို ဗြုန်းစားကြီး တွေ့မြင်လိုက်ရ၍ အံ့အားသင့်သွားမိသည်။ မြိုင်ကြီး သည် နေရာသို့ ရောက်ခဲ့ဖူးသည်။ ခုလို လှိုဏ်မြောင်ကြီးရှိနေသည်ကို သတိမပြုမိခဲ့။

မြိုင်ကြီး လှိုဏ်မြောင်ကြီးထဲသို့ တရွေ့ရွေ့ဆင်းလိုက်စဉ် လူတစ်ကိုယ်စာ ဝင်နိုင်သည် လိုဏ်ခေါင်းတစ်ခု။ မြိုင်ကြီး ဝါးတောကြီးထဲမှ တွေ့မြင်လိုက်ရသည့် လူလိုလို၊ မျောက်လိုလိုသတ္တဝါန်က သည်လိုဏ်ခေါင်းထဲသို့ ဝင်နေမည်လား၊ မြိုင်ကြီး အတွေးနှင့်အတူ မြိုင်ကြီးလိုဏ်ခေါင်းထဲသို့ မရဲတရဲတိုးဝင်ပြီး ကြည့်လိုက်မိသည်။

"ဟင် ..."

မြိုင်ကြီး တွေ့မြင်လိုက်ရသည့် မြင်ကွင်းကြောင့် အံ့သြတကြီး အသံပင် ထွက်သွားမိသည်။ လိုဏ်ခေါင်းအတွင်းထဲတွင် ဝင်းလဲ့တောက်ပနေသည့် ရွှေတုံး ရွှေခဲများ။

"ရွှေ ... ရွှေတုံးတွေပါလား"

မြိုင်ကြီး မိဂဒါတောကြီးထဲတွင် ကျင်လည်ခဲ့သည်က ကြာမြင့်ခဲ့ပြီ။ ခုလို ထူးထူးဆန်းဆန်း ရွှေတုံးရွှေခဲများကို မတွေ့ဖူးခဲ့။ မြိုင်ကြီး မျက်စိကို အကြိမ်ကြိမ် အခါခါပွတ်ပြီး ကြည့်လိုက်မိသည်။ မြိုင်ကြီး ဘယ်လိုကြည့်ကြည့် အကြည့်ကမမှား။ ရွှေတုံးရွှေခဲများက ဝင်းဝင်းလဲ့လဲ့နှင့် တောက်ပနေဆဲဖြစ်သည်။

"ဝေါ ... ဖြုန်း"

ရုတ်တရက် လိုဏ်ခေါင်းအတွင်းဆီမှ အသံကို ကြားလိုက်ရပြီး အမှောင်ထုက ဖုံးလွှမ်းသွားသည်။ မြိုင်ကြီးကြက်သေ သေသွားမိပြီး သတိရကာ လိုဏ်ခေါင်းထဲမှ အပြေးထွက်လာမိသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

မြိုင်ကြီး ကညင်ပင်ကြီးဆီသို့ ပြန်လာခဲ့ရသော်လည်း လိုဏ်ခေါင်းထဲတွင် ထူးထူးဆန်းဆန်း တွေ့ခဲ့ရသည့် ရွှေတုံးများကို မျက်စိထဲက မဖျောက်နိုင်အောင် ရှိနေဆဲပင်။ မြိုင်ကြီး မုဆိုးကြီး ဖိုးတက်တူကို ဖျတ်ခနဲ သတိရသွားမိသည်။ မုဆိုးကြီးဖိုးတက်တူနှင့်အတူ မိဂဒါရောက်ခဲ့စဉ်က ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်ဆန်း။ သည်တုံးက မြိုင်ကြီးက ငယ်ရွယ်သူပီပီ အံ့သြတကြီးဖြစ်ခဲ့ရသည်။ မုဆိုးကြီး ဖိုးတက်တူက မုဆိုးအတွေ့အကြုံရှိသူပီပီ မြိုင်ကြီးကို ပြောပြဖူးသည့်စကားသံ။

"ဒီမိဂဒါတောကြီးက နာမည်နဲ့လိုက်အောင် သိပ်ဆန်းကြယ်တယ် ... မြိုင်ကြီး။ ငါ မိဂဒါမှာ ထူးထူးဆန်းဆန်း တွေ့ကြုံခဲ့ဖူးတာ သုံးလေးကြိမ်ရှိပြီကွ။ ဒီအဖြစ်ကို ပြောပြရင် ဘယ်သူကမှ ယုံနိုင်ကြမှာမဟုတ်ဘူး"

မုဆိုးကြီး ဖိုးတက်တူပြောလည်း ပြောစရာပင်။ သည်တုန်းက မြိုင်ကြီး၊ အတွေ့အကြုံမရှိသူပီပီ ကြောက်ရွံ့တုန်လှုပ်ခဲ့သည်။ ကြည့်လေ ... ဒူးလေးမြားမှန်ပြီး ပြေးနေသည့် ဝက်ကြီးနောက်သို့လိုက်ရင်း ဝက်ကြီးလဲနေသည်ကို တွေ့နေလျက် ရုတ်ခြည်းပျောက်သွားသည့်အဖြစ်က မယုံနိုင်စရာ ဖြစ်ခဲ့သည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com


ခုလည်း မြိုင်ကြီးတွေမြင်လိုက်ရသည်က လူလိုလို၊ မျောက်လိုလို ခွဲခြားမရသည့်သတ္တဝါန်။ တစ်စုံတစ်ခုကို ရှာဖွေနေသည့်အဖြစ်က မယုံနိုင်စရာ။ ပြီး ... မြိုင်ကြီး လိုဏ်ခေါင်းထဲတွင် တွေ့ခဲ့ရသည့် ရွှေတုံးရွှေခဲများက အံ့ဩစရာ။

မြိုင်ကြီး ကညင်ပင်ကြီးအောက်ရောက်တော့ မှောင်ရီသမ်းပင် သမ်းနေပြီဖြစ်သည်။ ကညင်ပင်ကြီးနောက်တွင် မြိုင်ကြီးအလာကို မျှော်နေရှာမည့်ထွန်းပေါ်။ မြိုင်ကြီး လှမ်းကြည့်လိုက်သည်။ ထွန်းပေါ် စိတ်ချလက်ချအိပ်နေသည်ကို တွေ့လိုက်ရ၍ အသံပြုလိုက်မိသည်။

"ထွန်းပေါ် ... ထွန်းပေါ် ..."

"ခင် ... ခင်ဗျား ... မလာနဲ့၊ မလာနဲ့"

ကညင်ပင်ကြီးအောက်တွင် ခွေခွေလေးအိပ်ပျော်နေသည့် ထွန်းပေါ်က မြိုင်ကြီးခေါ်သံကြားမှ ကြောက်လန့်တကြား အသံပေါ်လာ၍ မြိုင်ကြီး စိုးရိမ်ပြီး ထွန်းပေါ်ကို နှိုးလိုက်သည်။ မြိုင်ကြီး အတန်တန်နှိုးမှ ထွန်းပေါ်လန့်နိုးသွားပြီး ...

"ဦး ... ဦးလေးသွားတာ ကြာလိုက်တာဗျာ"

"မကြာပါဘူး ... ထွန်းပေါ်ရာ။ ဒီညတို့ရှာမဲ့ တောကြက်ကို ရှာနေတာ။ မင်း ဘာဖြစ်လို့ လန့်အော်တာလဲ ဦးလေးကို ပြောစမ်း"

မြိုင်ကြီးက ထွန်းပေါ်၏ အကြောက်တလန့် မပြေနိုင်သည့်မျက်နှာကို ကြည့်ရင်း စိုးရိမ်တကြီး လှုပ်ခါမေးလိုက်သည်။

"ကျွန် ... ကျွန်တော် လန့်အော်တယ်။ ဟုတ်လား ... ဦးလေး"

"ဟုတ်တယ် .. ထွန်းပေါ်၊ မင်း ခင်ဗျားမလာနဲ့လို့ လန့်အော်နေတာ"

မြိုင်ကြီးစကားကြားမှ ထွန်းပေါ် မိဂဒါတောကြီးကို ကြည့်ပြီး သတိရသွားဟန်ဖြင့် ...

"ဦးလေးသွားနေတုန်း မုဆိုးတစ်ယောက် ရောက်လာတယ်"

"ဟေ ..."

ထွန်းပေါ်စကားကြောင့် မြိုင်ကြီး ပို၍အံ့အားသင့်သွားမိသည်။

"အဲဒီမုဆိုးက သူ့သားကောင်ပျောက်သွားလို့ လိုက်ရှာနေတာတဲ့။ အဲဒါ ကျွန်တော့်ကို တွေ့လားလို့ မေးနေတာ။ ကျွန်တော်က မတွေ့ဘူးလို့ပြောတော့ စိတ်ဆိုးပြီး ဒူးလေးနဲ့ချိန်ပြီး ပစ်ဖို့လုပ်နေတာ ဦးလေး"

မြိုင်ကြီး မိဂဒါတောကြီးတွင် ကျင်လည်ခဲ့သည်က ကြာပြီ။ မြိုင်ကြီး


www.burmeseclassic.com

www.burmeseclassic.com


လို မိဂဒါကို အမှီပြုပြီး မုဆိုးအလုပ်ဖြင့် အသက်မွေးသူ ရှိးခြေရွာက မုဆိုး သုံးလေးယောက်သာ ရှိသည်။

"အဲဒီမုဆိုးက ဘယ်ဖက်ကို ထွက်သွားလဲ . . . ထွန်းပေါ်"

"ဟို . . . ဟိုဘက်က ဝါးတောကြီးဘက်ကို သွားမယ်ဆိုပြီး ထွက်သွားတာပဲ ဦးလေး"

ထွန်းပေါ်ညွှန်ပြရာသို့ မြိုင်ကြီး ကြည့်လိုက်မိသည်။ သစ်ပင်ကြီးငယ်များကြားမှ ထူးထူးခြားခြား မြင့်မားပေါ်လွင်နေသည့် ဝါးတောကြီး။ သည်ဝါးတောကြီးထဲတွင် မြိုင်ကြီး တောကြက်ဖမ်းရန် လာခဲ့ခြင်းဖြစ်သည်။ မြိုင်ကြီး ဝါးတောကြီးထဲတွင် တွေ့မြင်ခဲ့ရသည်က မုဆိုးများလား။ ဒါမှမဟုတ် မြိုင်ကြီး မျက်စိအမြင်မှားယွင်းပြီး တောခြောက်ခံရတာလား။ မြိုင်ကြီး အမျိုးမျိုးတွေးမိရင်း ချမ်းစိမ့်စိမ့်ဖြစ်လာသည်ကို သတိပြုမိပြီး မီးအမြန်ဖိုလိုက်သည်။

"ထွန်းပေါ် . . . မင်း လင့်စင်ပေါ်တက်နေတော့"

မြိုင်ကြီးက ထွန်းပေါ်ကို ကညင်ပင်ကြီးပေါ်တွင် အသင့်ပြုလုပ်ထားသည်။ လင့်စင်ပေါ်သို့ တက်နေရန်ပြောရင်း ဒူးလေးကို အသင့်ပြင်ပြီး တိတ်ဆိတ်ငြိမ်သက်နေသည့် မိဂဒါတောကြီးသို့ ကြည့်လိုက်မိသည်။

"ဦးလေး . . . ဒီည တောကြက် မရှာတော့ဘူးလား"

"ရှာမှာပေ့ါ . . . ထွန်းပေါ်ရဲ့အခြေအနေ ကြည့်ရဦးမယ်မဟုတ်လား"

မြိုင်ကြီးက ထွန်းပေါ်ကိုပြောရင်း ညအမှောင်ထု ဝါးမျိုထားသည့် မိဂဒါတောကြီးကို ကြည့်ရင်း စိတ်ဘဝင်မကျဖြစ်နေမိသည်။ ထွန်းပေါ်နှင့် ထူးထူးခြားခြား တွေ့ခဲ့ရသည့် မုဆိုးအဖြစ်ကို စဉ်းစားမိရင်း ကျွန်းသစ်ရွာသား မုဆိုးစောထူးအဖြစ်ကို သတိရသွားမိသည်။

မုဆိုးစောထူးက မုဆိုးကြီးဖိုးတက်တူ၏ လက်ရင်းတပည့် တစ်ဦးဆိုလျှင် မမှား။ မိဂဒါတွင် သားကောင်ရှာရင်း ပျောက်ဆုံးသွားခဲ့သည်က ကာလအတန်ပင်ကြာမြင့်ခဲ့ပြီ။ ယခုတိုင် သေသလားရှင်သလားဟု မည်သူမှ အတပ်မပြောနိုင်ဘဲ သတင်းမြုပ်နေခဲ့ခြင်းဖြစ်သည်။

မုဆိုးစောထူး မသေ၍ ထွန်းပေါ်နှင့် တွေ့ဆုံခဲ့ခြင်းလား။ မြိုင်ကြီး မီးဖိုကို ထင်းထပ်ဖြည့်ရင်း လင့်စင်ပေါ်သို့ ကြည့်လိုက်မိသည်။ ထွန်းပေါ်က လင့်စင်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကို တွေ့လိုက်ရသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

"မင်းတွေ့ခဲ့တဲ့အတိုင်းဆို အတော့်ကို ထူးခြားနေပါလား ‥ မြိုင်ကြီး"

"ဟုတ်တယ် … မုဆိုးကြီး၊ အဲသဟာကြောင့် မုဆိုးကြီးကို လာမေးကြည့်တာ"

မြိုင်ကြီးက မုဆိုးကြီးဖိုးတက်တူညွှန်ခံသည့် ရေနွေးခါးခါးကိုပင် မသောက်နိုင်။ မုဆိုးကြီးဖိုးတက်တူကိုပြောရင်း မျက်နှာကို အကဲခတ်ကြည့်လိုက်မိသည်။ မုဆိုးကြီးဖိုးတက်တူက ရေနွေးကြမ်းသောက်ပြီး ခေါင်းတညိတ်ညိတ် စဉ်းစားနေဟန် တူသည်။ အတန်ကြာမှ စကားစသည်။

"အင်း … စောထူးက ခုချိန်အထိ သတင်းအစအန မကြားရတော့ ဟင်းမျိုးအန္တရာယ်နဲ့တွေ့ပြီး ဆုံးပါးခဲ့တယ်လို့ တွက်ဆရမှာပဲ မြိုင်ကြီး၊ မင်းတူ ထွန်းပေါ်တွေ့ခဲ့တဲ့မုဆိုးက တို့ရွာခံမုဆိုးတော့ မဖြစ်နိုင်ဘူး"

"ဒါ … ဒါဆို ဘယ်ရွာကမုဆိုး ဖြစ်နိုင်လဲ … မုဆိုးကြီး"

မြိုင်ကြီး မမေးလို့မဖြစ်။ မိဂဒါတောကြီးက မြိုင်ကြီးတို့မိသားစုအတွက် အားထားနေရသည် မဟုတ်ပါလား။ အကယ်တန္တ မြိုင်ကြီးတို့အတွက် အန္တရာယ်မပေးနိုင်သူဆို တော်ရဲ့။ အန္တရာယ်ပေးနိုင်သူဆိုလျှင် မလွယ်။



www.burmeseclassic.com

www.burmeseclassic.com


"ဒီလိုလုပ်ကွာ . . . မြိုင်ကြီး၊ မင်းလည်း မိဂဒါတောကြီးနဲ့ ကျွမ်းဝင်နေတော့ မင်း ထူးထူးဆန်းဆန်း တွေ့ခဲ့ရတဲ့အဖြစ်ကို စုံစမ်းမှဖြစ်မယ်"

မုဆိုးကြီးဖိုးတက်တူ စကားသံကြောင့် မြိုင်ကြီး မျက်စိထဲတွင် အလိုလိုပေါ်လာသည်က လူလိုလို၊ မျောက်လိုလိုသဏ္ဌာန်နှင့် လိုဏ်ခေါင်းကြီးထဲက ရွှေတုံးရွှေခဲများ။

"ကျုပ်တွေ့ခဲ့တုန်းက ဝါးတောကြီးနဲ့ သစ်ပင်ချုံနွယ်တွေကြားမှာ တစ်ခုခု ရှာနေသလိုမျိုး တွေ့ခဲ့ရတာ . . . မုဆိုးကြီး"

"ဟေ . . . ဟုတ်လား"

မြိုင်ကြီး၏ ထပ်ဆင့်စကားကို ကြားလိုက်ရ၍ မုဆိုးကြီးဖိုးတက်တူပင် အံ့ဩတကြီး ဖြစ်သွားမိသည်။

"ဒီအတိုင်းဆို မင်းတူ ထွန်းပေါ်ကို မိဂဒါကို မခေါ်နဲ့ဦး . . . မြိုင်ကြီး။ ရိုးခြေဖက်က မုဆိုးလေး ညိုလုံးရှိတယ်။ ဟိုရက်က သားကောင်သတင်း လာစုံစမ်းသေးတယ်။ အဲဒါ မင်းနဲ့ချိတ်ပြီး ဝါးတောကြီးထဲက အခြေအနေကို စူးစမ်းမှဖြစ်မယ်"

မုဆိုးကြီး ဖိုးတက်တူက မုဆိုးအတွေ့အကြုံအရ လမ်းညွှန်နေ၍ မြိုင်ကြီး နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

"ကိုမြိုင် . . . တော် မိဂဒါ သွားဦးမလား"

"သွားမယ် . . . အေးမြ။ ထွန်းပေါ်ကိုတော့ ဒီတစ်ခေါက် မခေါ်တော့ဘူး"

"ဘာဖြစ်လို့လဲ . . . ကိုမြိုင်။ ထွန်းပေါ်က ဟိုရက်က တောကြက်မရခဲ့လို့ တဖွဖွပြောပြောနေတာ"

အေးမြစကားကြောင့် မြိုင်ကြီး ကြုံတွေ့ခဲ့ရသည့်အဖြစ်ကို ပြောသင့် မပြောသင့် ချိန်ဆနေရသည်။ မြိုင်ကြီး မချိန်ဆလို့မဖြစ်။ မြိုင်ကြီးအဖြစ်ကို အေးမြ သိလျှင် စိတ်ပူပန်နေမည်မှာ ကျိန်းသေပင်။

"ခုတစ်လော မိဂဒါမှာ ဟင်းမျိုးတွေ့တယ်လို့ မျှစ်ချိုးတဲ့သူတွေ ပြောတယ် . . . အေးမြ။ ထွန်းပေါ်က အတွေ့အကြုံမရှိသေးတော့ ငါ စိတ်မချဘူး။ အဲဒါကြောင့် မုဆိုးကြီးဖိုးတက်တူက မုဆိုးလေးညိုလုံးနဲ့ အတူသွားဖို့ ပြောနေတာ"


www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ထွန်းပေါ်ကို မခေါ်နဲ့တော့ . . . ကိုမြိုင်။ မှဆိုးလေး ညိုလုံးဆိုလည်း သတ္တိက မသေးပါဘူး။ ဟိုနှစ်က ဟင်းမျိုးကို ရင်ဆိုင်သတ်ပုတ်ပြီး အရယူနိုင်ခဲ့တာ . . . အံ့ပါတော့။ ကိုမြိုင်လည်း သတိထားပြီးသွားဦး"

အေးမြ၏ စိုးရိမ်တကြီး စကားသံနှင့်အတူ မြိုင်ကြီး ဒူးလေးနှင့် မြားဘူးကို အသင့်ပြင်ပြီး လုံ့ချွန်ကို သွေးလိုက်သည်။ မြိုင်ကြီး လုံသွေးရင်း မျက်စိထဲပေါ်လာသည်က မိဂဒါတောကြီး။

✿ ✿ ✿

[၄]

❑

"မုဆိုးလေး . . . ကျုပ်တွေ့ခဲ့ရတာက ဒီနေရာပဲဗျ"

မြိုင်ကြီးက မုဆိုးလေးညိုလုံးကို ပြောရင်း ဝါးရှက်ကြွေများနှင့် သစ်ပင်ချုံနွယ်များကြားတွင် ထူးခြားစွာ ပြောင်ရှင်းနေသည့်နေရာ ကွက်လပ်များကို ပြလိုက်သည်။ မုဆိုးလေးညိုလုံးက မြိုင်ကြီးပြသည့် နေရာကွက်လပ်ကို ဒူးထောက်ထိုင်ရင်း အခြေအနေကို စူးစမ်းကြည့်ပြီး . . .

"ဘာများလဲ . . . မုဆိုးလေး၊ ပြောစမ်းပါဦး"

"ဒီလို . . . ကိုမြိုင်ရဲ့။ တစ်တောလုံး သစ်ရွက်ကြွေတွေကျပြီး ဖုံးလွှမ်းနေတာ မဟုတ်လား။ ဒီနေရာကျမှ ထူးထူးခြားခြား သစ်ရွက်ကြွေမရှိဘဲ မြေပြင်ကွက်လပ်ဖြစ်နေတာက ကိုမြိုင်တွေ့ခဲ့ရတဲ့ ထူးဆန်းတဲ့ သတ္တဝါရှိနေတယ်လို့ ကျုပ်ယုံကြည်တယ်။ အဲဒီတော့ ကျုပ်တို့ မနီးမဝေးကနေ စောင့်ပြီး အခြေအနေကြည့်မှဖြစ်မယ်"

မုဆိုးလေးညိုလုံး၏ တွက်ဆစကားကြောင့် မြိုင်ကြီး ဝါးတောကြီး မနီးမဝေးရှိ ညောင်မုတ်ဆိတ်ပင်ကြီးကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျုပ်တို့ ညောင်မုတ်ဆိတ်ပင်ပေါ်က စောင့်ကြည့်မယ် ... မုဆိုးလေး"

မြိုင်ကြီးနှင့် မုဆိုးလေးညီလုံး မိဂဒါတောကြီးထဲတွင် အမျိုးအမည် ခွဲခြား မရသည့် သတ္တဝါကို တွေးမိရင်း ညောင်မုတ်ဆိတ်ပင်ပေါ်သို့ နှစ်ဦးသား တက် လိုက်မိသည်။ မြိုင်ကြီးက ညောင်မုတ်ဆိတ်ပင်ပေါ် မှ စီးမြင်နေရသည်။ ဝါးတော ကြီးနှင့် သစ်ပင်ချုံနွယ်များကိုကြည့်ရင်း တဖြည်းဖြည်း ညအမှောင်ထုက ဖုံးလွှမ်း လာသည်။

"မုဆိုးလေး ... ကျုပ်တွေ့ခဲ့ရတဲ့သတ္တဝါက အတော်ကို ထူးခြားတယ် လို့ ပြောရမှာပဲ။ ကျုပ် တွက်ဆထားသလောက် ပြောရမယ်ဆိုရင် သူ ဘာကိုရှာဖွေ နေသလဲဆိုတာ ကျုပ် သိချင်နေတာ။ ကျုပ်က ဒီမိဂဒါနဲ့ ဝမ်းစာဖြည့်နေရတော့ အန္တရာယ်ပေးမှာကိုပဲ စိုးရိမ်နေမိတာ"

"ကိုမြိုင်ပြောတာ မှန်ပါတယ်ဗျာ။ ကျုပ်လည်း ဒီမိဂဒါတောထဲမှာ ထဲထဲဝင်ဝင် သားကောင်ရှာရင်း ရောက်ခဲ့ဖူးပါတယ်။ ကိုမြိုင်လို ထူးထူးဆန်းဆန်း အဖြစ်မျိုးနဲ့ မကြုံဖူးခဲ့တာ အမှန်ပဲဗျ။ အဲဒါကြောင့် ကျုပ်လည်း စိတ်ဝင်စားနေမိ တာ"

မြိုင်ကြီးစကားကြောင့် မုဆိုးလေးညီလုံးက ထပ်ဆင့်ပြောရင်း ဝါးတော ကြီးဆီသို့ ကြည့်လိုက်မိသည်၊ ညအမှောင်ထုကြားမှ လေတိုးသံနှင့်အတူ တကျွီ ကျွီမြည်နေသံကို ကြားနေရဆဲဖြစ်သည်။

"ဝေါ ... ဖရော ... ဖရော ..."

"ဟော ... အသံကြားရတယ် ... ကိုမြိုင်"

မုဆိုးလေးညီလုံးက ရုတ်တရက် ဝါးတောကြီးဘက်ဆီမှ လေတိုးသံ နှင့်အတူ ရောထွေး၍ ထူးထူးခြားခြား ကြားလိုက်ရသည့် အသံကြောင့် ဒူးလေးကို အသင့်ပြင်လိုက်သည်။

"ကိုမြိုင် ... အခြေအနေကြည့်ပြီး သေချာမှ မီးတိုးနော်"

"စိတ်ချ ... မုဆိုးလေး"

မြိုင်ကြီးက သိုင်းလွယ်ထားသော လွယ်အိတ်ထဲမှ လက်နှိပ်ဓာတ်မီးကို ထုတ်ပြီး အသင့်ကိုင်ရင်း ဝါးတောကြီးဆီက အသံကို နားစွင့်လိုက်သည်။ 'ဝေါ ... ဖရော' ဟူသော အသံက ဝါးတောကြီးဘက် ပေါ်လာသလို သစ်ပင်ချုံနွယ်များကို



www.burmeseclassic.com

www.burmeseclassic.com


တိုးဝှေ့ပြီး လာနေသည့်အသံက တိတ်ဆိတ်နေသည့် ညအမှောင်ထုကြားမှ ကြားနေရဆဲဖြစ်သည်။ အသံကို နားစွင့်ရင်း မကြာခင် ကြုံတွေ့ရမည့်အဖြစ်ကို စောင့်စားရင်း ရင်အလိုလို ဖိုနေမိသည်။

"ကိုမြိုင် ... ကျုပ်တို့ကြားနေရတဲ့အသံက ထူးတယ်ဗျ။ သစ်ပင်ချုံနွယ်တွေကို ဖယ်ရှားပြီး လာနေတဲ့အသံပဲ။ အသံကြားတဲ့နေရာကို မီးထိုးဗျာ။ အခြေအနေထူးရင် ကျုပ်ပစ်မယ်။ ခုအတိုင်းဆို သားကောင်တော့ မဖြစ်နိုင်ဘူး"

မုဆိုးလေးညိုလုံးစကားကြောင့် မြိုင်ကြီး နားစွင့်ကြည့်လိုက်သည်။ ညအမှောင်ထဲတွင် ကြားနေရဆဲဖြစ်သည့်အသံက မရပ်။ တိုး၍ ပေါ်နေဆဲဖြစ်သည်။ မြိုင်ကြီး မုဆိုးလေးညိုလုံးကို လက်တို့ပြီး အသံကြားရာ သစ်ပင်ချုံနွယ်များဆီသို့ လက်နှိပ်ဓာတ်မီးဖြင့် လှမ်းထိုးလိုက်သည်။

မြိုင်ကြီး လှမ်းထိုးလိုက်သည့် လက်နှိပ်ဓာတ်မီးအလင်းရောင်နှင့်အတူ သစ်ပင်ချုံနွယ်များကြားမှ တဲ့ပြန်ပေါ်လာသည့် မျက်လုံးနှစ်လုံး။ မြိုင်ကြီး လက်နှိပ်ဓာတ်မီးအရောင်ဖြင့် ထူးခြားစွာ ပေါ်လာသည့်အဖြစ်ကို ကြည့်နေစဉ် မုဆိုးလေးညိုလုံး ဒူးလေးသံက ထွက်ပေါ်လာသည်။

"ဝှီး ..."

"ဒုတ် ..."

မြိုင်ကြီးထိုးထားသည့် လက်နှိပ်ဓာတ်မီးအလင်းရောင်နှင့်အတူ ထွက်ပေါ်လာသည့်အသံကြောင့် ရုတ်တရက်ပျောက်ကွယ်သွားသည့် မျက်လုံးနှစ်လုံး။

"မုဆိုးလေးမြားချက် ထိသွားတဲ့အသံတော့ ကြားရတယ်။ ကျုပ်တွေ့ခဲ့ရတဲ့သတ္တဝါ ဟုတ်၊ မဟုတ်တော့ မသိရဘူး"

"ကျုပ်တို့ သေချာအောင် သွားကြည့်မယ် ... ကိုမြိုင်"

မုဆိုးလေးညိုလုံးက ပြောပြောဆိုဆို ညောင်မှတ်ဆိတ်ပင်ပေါ်မှ ဆင်းသွား၍ မြိုင်ကြီးဆင်းလိုက်ခဲ့သည်။ သစ်ပင်ချုံနွယ်များကြားသို့ တိုးဝှေ့ရင်း ဝါးတောကြီး မလှမ်းမကမ်းအရောက် ရပ်တန့်ပြီး နားစွင့်လိုက်သည်။ ဝါးတောကြီးတစ်ခုလုံးက တိတ်ဆိတ်ပြီး လေထိုးသံသဲ့သဲ့ကို ကြားနေရဆဲဖြစ်သည်။

"ကျုပ် မြားချက်ထိသွားတာတော့ အမှန်ပဲ ... ကိုမြိုင်။ ဒါပေမဲ့ ဘာမှ ထူးခြားမှုမကြားရတော့ အံ့ဩစရာပဲ။ သတိထားသွားမှ ဖြစ်မယ်"


www.burmeseclassic.com

www.burmeseclassic.com


မုဆိုးလေးညှိုလုံးက ပြောရင်း ရှေ့မှ ဦးဆောင်သွားနေ၍ မြိုင်ကြီးလိုက်ခဲ့သည်။ ဝါးတောကြီး အစပ်ရောက်မှ မြိုင်ကြီး သစ်ပင်ချုံနွယ်များကြားသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်မိသည်။ အဖြစ်အပျက်က မယုံနိုင်စရာ။ ကြည့်လေ ... သစ်ရွက်ကြွေများကို ဖယ်ရှားထားသည့် မြေပြင်ကွက်လပ်များ။

''အချိန်မနည်းတော့ဘူး ... ကိုမြိုင်၊ ကျုပ်တို့ကို အန္တရာယ်မပေးနိုင်ဘူးလို့ မပြောနိုင်ဘူး။ မနက်ကျမှ ဆက်ရှာမယ်''

မုဆိုးလေးညှိုလုံးစကားကြောင့် မြိုင်ကြီး လက်နှိပ်ဓာတ်မီးဖြင့် သစ်ပင်ချုံနွယ်များကို ထိုးကြည့်လိုက်သည်။ သစ်ပင်ချုံနွယ် အကိုင်းအခက်များ လတ်ဆတ်စွာ ချိုးဖဲ့ထားသည်အဖြစ်။ မိဂဒါတောကြီးတစ်ခုလုံးက တိတ်ဆိတ်နေဆဲဖြစ်သည်။ မြိုင်ကြီး မိဂဒါတောကြီးထဲတွင် ကျင်လည်ခဲ့သည်။ ခုလိုအဖြစ်မျိုး မကြုံဖူးခဲ့။ ပြီး မနက်ဖြန် ဆက်ရှာရမည်။ အမျိုးအမည်ခွဲခြားလို့ မရနိုင်သည့် လူလိုလို၊ မျောက်လိုလို သတ္တဝါ။

✿ ✿ ✿

[၅]

❑

''ကိုမြိုင် ... သတိထားတော့ဗျို့''

မုဆိုးလေးညှိုလုံးက ဒူးလေးကို အသင့်ပြင်ပြီး ညကနေရာကို ခြေရာခံပြီး လိုက်ခဲ့မိသည်။ တစ်နေရာအရောက်တွင် ထူးခြားမှုတစ်ခုကို ရုတ်တရက် တွေ့မြင်လိုက်ရ၍ မုဆိုးလေးညှိုလုံး၏ သတိပေးစကားကြောင့် မြိုင်ကြီး စူးစမ်းကြည့်လိုက်မိသည်။

သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းထားသည့် လျှိုမြောင်ကြီးတစ်ခုကို တွေ့လိုက်ရခြင်းဖြစ်သည်။ မုဆိုးလေးညှိုလုံးက ခါးကြားမှ ဓားမြောင်ကို ထုတ်ပြီးသွားနေ၍ မြိုင်ကြီး လုံ့ကိုကိုင်ရင်း သတိဖြင့် လိုက်ခဲ့မိသည်။


www.burmeseclassic.com

www.burmeseclassic.com


"ဝေါ ... ဖြုန်း ..."

ရုတ်တရက် လှိုဏ်မြောင်ကြီး တစ်နေရာဆီမှ ငှက်အုပ်ကြီး လန့်ဖျပ်ပြီး ပျံနေသည်ကို တွေ့လိုက်ရခြင်းဖြစ်သည်။ မုဆိုးလေးညိုလုံးက ပျံဝဲနေသည့် ငှက်အုပ်ကြီးကို ကြည့်ပြီး ...

"ကိုမြိုင် ... ငှက်တွေ ထူးထူးခြားခြားပျံဝဲနေတာ ထူးခြားတယ်။ အဲဒီနေရာကို သွားကြည့်မယ်"

မုဆိုးလေးညိုလုံးက တွေးတွေးဆဆပြောရင်း ရှေ့မှ သွက်လက်စွာ သွားနေ၍ မြိုင်ကြီး လိုက်ခဲ့မိသော်လည်း ထူးခြားစွာ တွေ့မြင်ရသည့် လှိုဏ်မြောင်ကြီးကိုကြည့်ပြီး အံ့သြနေမိသည်။ တကယ်တော့ မြိုင်ကြီးက မုဆိုးအမည်ခံထားသော်လည်း ငှက်ထောင်၊ ကြက်ထောင်အလုပ်ကိုသာ ဦးစားပေးလုပ်နေရခြင်းဖြစ်သည်။ မုဆိုးလေးညိုလုံးက အန္တရာယ်ပေးသည့် သားကောင်ကို ရင်ဆိုင်ပြီး အသက်မွေးသူ။

"ဟင် ..."

ရုတ်တရက် မြိုင်ကြီးနှာခေါင်းဝဆီသို့ တိုးဝင်လာသည့် အပုပ်နံ့ကြီးကြောင့် ခေါင်းအလိုလိုကြီးပြီး လှိုဏ်မြောင်ကြီးအနံ့ ရှာဖွေကြည့်လိုက်မိသည်။ လှိုဏ်မြောင်ကြီးဘေးရှိ သစ်ပင်ချုံနွယ်များကြားမှ ဝေါခနဲမြည်သံနှင့် ထိုးထွက်လာသည့် ယင်မည်းရိုင်းများနှင့်အတူ အရိုးကျလုမတတ်ရှိနေသည့် လူသေအလောင်းကို ဘွားခနဲ တွေ့လိုက်ရခြင်းဖြစ်သည်။ မုဆိုးလေးညိုလုံးက လူသေကောင်ကို စေ့စေ့စပ်စပ်ကြည့်ပြီး အံ့အားသင့်သွားသည်။

"ကို ... ကိုမြိုင် ... ဒါ ကျုပ်တို့ ရိုးခြေဘက်က မုဆိုးကံထူးဗျ။ ဟောဒီမှာ သူ အမြဲကိုင်နေကျ ဓားမြောင်ပဲ"

မုဆိုးလေးညိုလုံးက သေဆုံးနေသည့် မုဆိုးကံထူး၏ဓားမြောင်ကို ယူကြည့်ပြီး လှိုဏ်မြောင်ကြီးအနံ့သို့ အကဲခတ်ကြည့်နေသည်။

"ကိုကံထူး ... သားကောင်လိုက်ရင်း ပြန်မလာတာ အတော်ကြာပြီဗျ။ ကိုကံထူးကိုကြည့်ရတာ အန္တရာယ်တစ်ခုခုနဲ့ ကြုံတွေ့ခဲ့ရတာပဲဖြစ်မယ်။ သားကောင်လက်ချက်နဲ့တော့ မဖြစ်နိုင်ဘူးဗျ"

မုဆိုးလေးညိုလုံးစကားကြောင့် မြိုင်ကြီး ညက တွေ့ကြုံခဲ့ရသည့် လူလိုလို၊ မျောက်လိုလို သတ္တဝါကို မြင်ယောင်သွားမိသည်။


www.burmeseclassic.com

www.burmeseclassic.com



''အန္တရာယ်က နီးကပ်နေပြီ ... ကိုမြိုင်၊ သတိထားမှ ဖြစ်မယ်''

''စိတ်ချ.. မှဆိုးလေး၊ ကျုပ်လည်း .. မုဆိုးလေး .. ဒီမှာ .. ဒီမှာ''

မြိုင်ကြီးက ပြောပြောဆိုဆို မုဆိုးကိုကံထူးလက်ထဲတွင် အုပ်ကိုင်ထားသည့်အရာကို တွေ့လိုက်ရ၍ ဆွဲထုတ်ပြီး မုဆိုးလေးညိုလုံးကို ပြလိုက်သည်။

''ဟင် ... ရွှေ ... ရွှေတုံးလေးပါလား ... ကိုမြိုင်''

မုဆိုးလေးညိုလုံးက မြိုင်ကြီးပြသည့် ရွှေတုံးကိုကြည့်ပြီး အံ့အားသင့်သွားသည်။ ပြီး လှိုဏ်မြောင်ကြီးထဲသို့ ကြည့်ပြီး ...

''ဒီရွှေတုံးကိုတွေ့ရတာ အတော့်ကို ထူးခြားနေပြီ ... ကိုမြိုင်။ ကျုပ်အထင်တော့ မုဆိုးကိုကံထူး သားကောင်လိုက်ရင်း တစ်နေရာရာမှာ ရွှေတုံးတွေ့လို့ ယူခဲ့တာပဲဖြစ်မယ်။ ကျုပ်တို့ ညကတွေ့ခဲ့ရတဲ့ သတ္တဝါနဲ့များ ပတ်သက်နေပြီလားမသိဘူး။ ကျုပ်တို့ ဒီသတ္တဝါကို တွေ့အောင်ရှာမှ အဖြေသိရမှာ''

မုဆိုးလေးညိုလုံးက ကိုကံထူးကို မြေမြှုပ်ပြီး လှိုဏ်မြောင်ကြီးအတိုင်းဆက်သွားမိသည်။ သစ်ပင်ချုံနွယ်များက လှိုဏ်မြောင်ကြီးမှန်းမသိအောင် ဖုံးလွှမ်းနေခြင်းဖြစ်သည်။ မြိုင်ကြီး မိဂဒါဝုန်တောကြီးထဲတွင် ကျွမ်းဝင်ခဲ့သော်လည်း ယခုလို လျှို့ဝှက်စွာ တည်ရှိနေသည့် လှိုဏ်မြောင်ကြီးကို မျက်မြင်တွေ့လိုက်ရ၍ အံ့သြမဆုံးဖြစ်နေမိသည်။

မုဆိုးလေးညိုလုံးက လှိုဏ်မြောင်ကြီးကို အကဲခတ်ကြည့်ရင်း သွားနေရာမှ ရုတ်တရက် ရပ်တန့်ပြီး မြိုင်ကြီးကို စကားမပြောရန် အချက်ပြနေ၍ မြိုင်ကြီးကြည့်လိုက်မိသည်။ လှိုဏ်မြောင်ကြီးဘေးရှိ လူတစ်ရပ်သာသာ လိုဏ်ခေါင်းကြီးတစ်ခု။

မုဆိုးလေးညိုလုံးက သစ်ပင်ချုံနွယ်များရှင်းပြီးနောက် လိုဏ်ခေါင်းထဲသို့ မြိုင်ကြီးက လှံကိုကိုင်ပြီး ဝင်ခဲ့မိသည်။ လိုဏ်ခေါင်းကြီးက ကွေ့ကောက်စွာရှိနေသော်လည်း အလင်းရောင်မှိန်ဝါးဝါး ကျရောက်နေ၍ မုဆိုးလေးညိုလုံးနှင့် မြိုင်ကြီး စမ်းတဝါးဝါး သွားနေရသည်။

''အင်း ... အင်း ...''

ရုတ်တရက် လိုဏ်ခေါင်းအတွင်းဆီမှ ညည်းသံကို ကြားလိုက်ရ၍ မုဆိုးလေးညိုလုံးနှင့် မြိုင်ကြီး အံ့အားသင့်သွားမိသည်။ မုဆိုးလေးညိုလုံးက အသံကြားရာနားစွင့်ပြီး လိုဏ်ခေါင်းကြီးအတွင်းရှိ ကျောက်တုံးကို တွန်းဖယ်ထုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟာ ..."

မုဆိုးလေး ညို့လုံးနှင့် မြိုင်ကြီးကျောက်တုံးကို တွန်းဖယ်လိုက်စဉ် လိုဏ်ခေါင်းတစ်ခုထဲတွင် တွေ့မြင်လိုက်ရသည့်မြင်ကွင်း။

✿ ✿ ✿

[ ၆ ]

❑

"ခင် ... ခင်ဗျား ... ဘယ်သူလဲ"

ခန္ဓာကိုယ်တစ်ခုလုံး အပ်ချစရာမရှိအောင် ဖုသီးကြီးများထပြီး လူရုပ်မပီသတော့ဘဲ ညည်းသံပေးနေသည့် လူတစ်ယောက်ကို မုဆိုးလေးညို့လုံးက မေးရင်း ရေတိုက်လိုက်သည်။ ထိုလူသည် ရောဂါအပြင်းအထန် ခံစားနေရာမှ မုဆိုးလေး ညို့လုံးနှင့် မြိုင်ကြီးကို တွေ့လိုက်ရ၍ အံ့အားသင့်စွာကြည့်ရင်း မှိန်းနေသည်။

"ကျုပ် ... ကျုပ်က မုဆိုးပါဗျာ။ သား ... သားကောင်ရှာရင်း ... ထူး ... ထူးဆန်းတဲ့ ... လူ ... လူတစ်ယောက်နဲ့ ဆုံတွေ့ခဲ့တာ"

ထိုလူက စကားပြောရင်း မောလာဟန်ဖြင့် တဟင်းဟင်း ညည်းညူနေသည်။

"ထူးဆန်းတဲ့လူတစ်ယောက် ဟုတ်လား။ အဲဒီလူက ဘယ်မှာနေလဲ"

မြိုင်ကြီးက သေဆုံးနေသည့် မုဆိုးကံထူးကို သတိရပြီး မေးလိုက်သည်။

"ကျုပ် ... ကျုပ်နာမည်က နက္ခတ်ပါ။ အဲဒီလူက ကျုပ်ကို သတ်ပုတ်ခဲ့လို့ ဒဏ်ရာရခဲ့တာပါ။ ပြီးတော့ အဲဒီလူဆီက ဟော ... ဟော ဒီအထုပ်ကို ... ရ ... ရခဲ့တာ"

ကိုနက္ခတ်က အထုပ်တစ်ထုပ်ကို လှမ်းပေးပြီး ညည်းညူနေသည်။

"ကိုနက္ခတ် ... ခင်ဗျားနဲ့ သတ်ပုတ်တဲ့သူရှိလား"


www.burmeseclassic.com

www.burmeseclassic.com


"ကျုပ် ... ကျုပ် ... မသိတော့ပါဘူးဗျာ။ ကျုပ် ဒဏ်ရာကြောင့် ဘယ်မှမသွားနိုင်ဘဲ။ ခုလိုဖြစ်သွားခဲ့ရတာပါ"

ကိုနက္ခတ်ကပြောရင်း သူ့ခန္ဓာကိုယ်မှထွက်နေသည့် ဖုသီးများကို စမ်းရင်း ညည်းညူနေသည်။

"ကျုပ်တို့နဲ့ပြန်လိုက်ခဲ့ပါ ... ကိုနက္ခတ်၊ ကျုပ်တို့ ဆေးချက်လိုက်ရင် ခင်ဗျားဝေဒနာ မကြာခင် ပျောက်ကင်းသွားမှာပါ"

"ကျုပ် ... ကျုပ် ... မလိုက်နိုင်တော့ပါဘူးဗျာ။ ကျုပ်ဘဝက သေလူပါဗျာ"

ကိုနက္ခတ်က ဝေဒနာကြောင့် အားတင်းပြောနေ၍ မြိုင်ကြီး စိတ်မကောင်းဖြစ်သွားမိသည်။

"ကိုနက္ခတ်က သေလူဆိုတာ မဖြစ်နိုင်ပါဘူးဗျာ။ ကျုပ်တို့နဲ့တွေ့မှတော့ ရွာပြန်ရောက်ဖို့ပဲ ရှိတာမဟုတ်လား"

"ခင် ... ခင်ဗျားပြောတာ ကျုပ်သိပါတယ်။ ဒါပေမဲ့ ကျုပ် အပြန်ကို စောင့်နေတဲ့သူရှိတယ်။ အဲဒါကြောင့် ကျုပ်ဆီမှာရှိတဲ့အထုပ်က ခင်ဗျားတို့နဲ့ ကံထိုက်လို့ ပေးခွင့်ရတာ ကျုပ်ဝမ်းသာတယ် ... ကျုပ် ကျုပ် ..."

"ကိုနက္ခတ် ... ကိုနက္ခတ် ..."

"ကိုနက္ခတ်ကတော့ ဆုံးရှာပြီ ... ကိုမြိုင်။ ဒါပေမဲ့ သူ့အပြန် စောင့်နေတဲ့သူ ရှိတယ်ဆိုတော့ ကျုပ်တို့ကို ပေးထားခဲ့တဲ့ ဒီအထုပ်နဲ့ သက်ဆိုင်နေမှာ မလွဲဘူး"

မုဆိုးလေးညီလုံးက ကိုနက္ခတ်မသေဆုံးမီ ပေးထားခဲ့သည့်အထုပ်ကို သတိရပြီး ဖွင့်ကြည့်လိုက်သည်။

"ရွှေ ... ရွှေတုံးတွေပါလား ... ကိုမြိုင်"

မြိုင်ကြီးအထုပ်ထဲမှ ရွှေတုံးများကို တွေ့လိုက်ရ၍ ကိုကံထူး လက်ထဲမှ တွေ့ခဲ့ရသည့် ရွှေတုံးကို တိုက်ဆိုင်ပြီး ကြည့်လိုက်မိရာ အရွယ်တူ ရွှေတုံးဖြစ်နေသည်ကို တွေ့လိုက်ရသည်။

"ကျုပ် ... မိဂဒါမှာ သားကောင်လိုက်ခဲ့တာ ကြာခဲ့ပြီ ... ကိုမြိုင်။ ခုလို ထူးထူးဆန်းဆန်း ရွှေတုံးတွေရှိမှန်း လုံးဝမသိခဲ့ဖူးဗျ။ ကိုနက္ခတ် ရွှေတုံးတွေ တွေ့ခဲ့ရတဲ့လူရှိနေမှာ သေချာတယ်"


www.burmeseclassic.com

www.burmeseclassic.com


"ဖြစ်နိုင်တယ် ... မုဆိုးလေး၊ ကျုပ်လည်း ဒီရွှေတုံးတွေ တွေ့ရတော့ မိဂဒါကကျုပ်တို့ ထင်တာထက် ပိုပြီးဆန်းကြယ်နေတာ အမှန်ပဲ"

မြိုင်ကြီးက ရွှေတုံးများကိုကြည့်ပြီး အဓိပ္ပာယ်မဖော်နိုင်ဘဲ ဖြစ်နေမိသည်။ မြိုင်ကြီး ထူးထူးဆန်းဆန်း တွေ့ခဲ့ရသည့် လူလိုလို၊ မျောက်လိုလို သတ္တဝါ ရှာဖွေနေသည်က ရွှေတုံးများလား။ မုဆိုးကြီး ဖိုးတက်တူ ပြောခဲ့ဖူးသည် မိဂဒါတောကြီး၏ ထူးခြားဆန်းကြယ်မှုလား။ မြိုင်ကြီး မတွေးတတ်အောင် ဖြစ်နေမိသည်။

✿ ✿ ✿

[၇]

❑

"မိဂဒါက အတော့်ကို ဆန်းကြယ်တယ်လို့ ပြောရမှာပဲ ... ကိုမြိုင်။ ကျုပ်တို့တွေ့ခဲ့ရတဲ့ ကိုနက္ခတ်ဆိုသူနဲ့ ဆုံတွေ့ခဲ့တဲ့လူက ကိုမြိုင်တွေ့ခဲ့တဲ့ လူလိုလို၊ မျောက်လိုလို ခွဲခြားမရတဲ့ သတ္တဝါပဲ ဖြစ်နိုင်မယ်။ ပြီးတော့ ဒီရွှေတုံးတွေလို မုဆိုးကံထူးလက်ထဲကလည်း ရခဲ့တာမဟုတ်လား"

"မုဆိုးလေးပြောတာ ဖြစ်နိုင်တယ်။ ကျုပ်အထင်တော့ မုဆိုးကံထူးသေဆုံးသလို မုဆိုးစောထူး ဒီမိဂဒါမှ ပျောက်ဆုံးသွားတဲ့အဖြစ်က အံ့သြစရာပဲ။ ကျုပ်အထင်တော့ မုဆိုးစောထူး အသက်မသေဘဲ ရှိနိုင်တယ်လို့ ထင်တယ်"

"ဒါဆို ကျုပ်တို့ ဆက်ပြီး အခြေအနေ ထူးမထူး ကြည့်မှဖြစ်မယ် ... ကိုမြိုင်။ ပြီးတော့ ကျုပ်တို့တွေ့ခဲ့ရတဲ့သူက ဘယ်သူဘယ်ဝါဆိုတာ ခွဲခြားလို့ မရသေးဘူးမဟုတ်လား"

မုဆိုးလေးညိုလုံးက ဒူးလေးမြားချက်ထိပြီး ရှာဖွေမတွေ့နိုင်သည့်အဖြစ်ကို ပြန်တွေးမိရင်း စိတ်ဘဝင်မကျ ဖြစ်နေဆဲပင်။

"ဒီအတိုင်းဆို ကျုပ်တို့ ဘယ်လိုရှာကြမလဲ ... မုဆိုးလေး"


www.burmeseclassic.com

www.burmeseclassic.com


"ကျုပ်တော့ ကိုနက္ခတ်ကိုတွေ့ခဲ့တဲ့ လိုဏ်ခေါင်းကို မသက်ာဘူးဗျာ"

"ကိုနက္ခတ်နေခဲ့တဲ့ လိုဏ်ခေါင်းကို ကျုပ်လည်း မမြင်ဖူးတာ အမှန်ပဲ ... မုဆိုးလေး"

"အဲဒါကြောင့် ကျုပ်ပြောတာပေါ့ ... ကိုမြိုင်ရယ်။ ဒီမိဂဒါ မှာ ခုလို ထူးထူးခြားခြား ရွှေတုံးတွေကိုတွေ့ရတာ အတော့်ကို ဆန်းကြယ်နေတာဗျ။ ကိုနက္ခတ်မသေခင် ပြောခဲ့တဲ့ စကားအရဆို သူ့ကို စောင့်နေတဲ့သူ ရှိနေတယ်ဆိုတာ သေချာတယ်။ ကိုကံထူးနဲ့ ကိုနက္ခတ်ကို သတ်ပုတ်ခဲ့တဲ့သူပဲဖြစ်မယ်။ ဒီတော့ ကျုပ်တို့လက်ဦးမှ အဖြေတိတိပပ သိရမှာ"

မုဆိုးလေး ညိုလုံးစကားကြောင့် မြိုင်ကြီး ထူးထူးခြားခြား သေဆုံးခဲ့သည်ကို ကံထူးနှင့် ကိုနက္ခတ်မျက်နှာကို မြင်ယောင်သွားမိသည်။ မိဂဒါတောကြီး တစ်ခုလုံးက တိတ်ဆိတ်ငြိမ်သက်နေဆဲဖြစ်သည်။

"မြန်မြန်လာဗျို့ ... ကိုမြိုင် ... ဒီမှာ ထူးခြားမှုတွေ့ရတယ်"

မုဆိုးလေးညိုလုံးက သစ်ပင်ချုံနွယ်များကြားသို့ တိုးဝှေ့ကြည့်ရင်း အသံပြုလိုက်၍ မြိုင်ကြီး ကြည့်လိုက်မိသည်။

"မုဆိုးလေး ... လိုဏ်ခေါင်းပေါက်တစ်ခုပါလား"

"ဟုတ်တယ် ကိုမြိုင်၊ ဒီလိုဏ်ခေါင်းပေါက်က လူနေတဲ့ပုံစံဖြစ်နေတာ"

မြိုင်ကြီးက လူတစ်ကိုယ်စာ ဝင်နိုင်သည့် လိုဏ်ခေါင်းပေါက်ကို တွေ့လိုက်ရ၍ တိုးဝင်လိုက်သည်။ မြိုင်ကြီးနှာခေါင်းထဲသို့ ညှီစို့စို့အနံ့အသက် ဝင်လာသည်။ မြိုင်ကြီး လိုဏ်ခေါင်းပေါက်ထဲသို့ဝင်ရင်း ကျောက်တုံးကျောက်ခဲများ ပြန့်ကျဲနေသည်နေရာကို တွေ့လိုက်ရပြီး ထူးထူးခြားခြား တွေ့လိုက်ရသည့်အရာကြောင့် အံ့အားသင့်သွားသည်။

"မုဆိုးလေး ... စော ... စောထူးကို ... တွေ့ ... တွေ့ပြီဗျို့"

မြိုင်ကြီးက အရိုးစုကျနေသည့် လူသေအလောင်းဘေးမှ မုဆိုးစောထူး ကိုင်နေကျ ဒူးလေးကို တွေ့လိုက်ရ၍ လှမ်းပြောလိုက်သည်။ မုဆိုးလေးညိုလုံးက အရိုးစုကျနေသည့် စောထူးအဖြစ်ကို စေ့စွာကြည့်ရင်း ...

"အဖြစ်ကတော့ မယုံနိုင်စရာပဲ ကိုမြိုင်။ စောထူး ဒီနေရာမှာ သေနေတာက ထူးဆန်းနေတယ်"

"ဘယ်လို .. မုဆိုးလေး .. စော .. စောထူးသေတာ ထူးဆန်းတယ်"


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ် ... ကိုမြိုင်။ ဟောဒီကျောက်တုံးတွေကို ကြည့်ရတာ ထူးခြားနေတယ်။ စောထူး သားကောင်ရှာရင်း မျက်စိလည်လမ်းမှားပြီး တစ်ခုခု နဲ့ ဆုံတွေ့ခဲ့တာပဲဖြစ်မယ်"

မြိုင်ကြီး စောထူးအဖြစ်ကိုကြည့်ပြီး မယုံနိုင်အောင် ဖြစ်နေမိသည်။ လိုဏ်ခေါင်းကြီးအတွင်း ကျောက်တုံးကျောက်ခဲများကို ထူးထူးခြားခြားတွေ့ပြီး မုဆိုး စောထူး သေဆုံးခဲ့သည့်အဖြစ်က ဆန်းကြယ်နေသည်။ မုဆိုးစောထူး၊ မြိုင်ကြီး တွေ့ကြုံနေခဲ့သည့် လူလိုလို၊ မျောက်လိုလို သတ္တဝါနှင့် ဆုံတွေ့ခဲ့တာလား။ မြိုင်ကြီး တွေးမိရင်း မိဂဒါတောကြီးကို ကြည့်လိုက်မိသည်။ မိဂဒါတောကြီးက တိတ်ဆိတ် နေဆဲဖြစ်သည်။

✿ ✿ ✿

[ ၈ ]

❑

"ဟင် ... ရွှေ ... ရွှေတုံးတွေပါလား။ မြိုင်ကြီး ... ဒီရွှေတုံးတွေကို ဘယ်လိုရလာခဲ့တာလဲ"

မြိုင်ကြီးက လွယ်အိတ်ထဲမှ အထုပ်ကိုယူပြီး မုဆိုးကြီးဖိုးတက်တူကို ပြ လိုက်သည်။ မုဆိုးကြီးဖိုးတက်တူက ကြည့်ရင်း အံ့သြတကြီး စကားသံက ပေါ်လာ သည်။

"ကျုပ်နဲ့ မုဆိုးလေးညိုလုံး လူလိုလို၊ မျောက်လိုလို သတ္တဝါကို ရှာဖွေ ရင်း တွေ့ခဲ့ရတာပဲ မုဆိုးကြီး"

မြိုင်ကြီးက အဖြစ်အပျက်ကို ခရေစေ့တွင်းကျ ပြောပြနေ၍ ခေါင်း တညိတ်ညိတ်ဖြင့် နားထောင်နေသည့် မုဆိုးကြီးဖိုးတက်တူပင် ပါးစပ်အဟောင်း သား ဖြစ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com


"အံ့ဩစရာပါလား ... မြိုင်ကြီးရာ။ အဘသိရသလောက် ပြောပြရရင် မင်းနဲ့မှုဆိုးလေး တွေ့ကြုံခဲ့တာက မရဏရတနာသိုက်ပဲ ဖြစ်မယ်"

"ဗျာ ... မုဆိုးကြီး၊ ကျုပ်တို့ ကြုံခဲ့ရတာက မရဏရတနာသိုက် ... ဟုတ်လား"

မုဆိုးကြီး ဖိုးတက်တူထံမှ မကြားစဖူး ကြားလိုက်ရသည့် စကားကြောင့် မြိုင်ကြီး ပြန်တွေးမိရင်း ကျောချမ်းသလို ဖြစ်သွားမိသည်။

"ဒီအတိုင်းဆို မင်းတွေ့ခဲ့ရတဲ့ လူလိုလို၊ မျောက်လိုလို သတ္တဝါဆိုတာ မဖြစ်နိုင်ဘူး ... မြိုင်ကြီး၊ မကောင်းဆိုးဝါးမိစ္ဆာတွေ လှည့်ဖျားခြောက်လှန့်တာ ခံခဲ့ရတာပဲဖြစ်မယ်"

မုဆိုးကြီး ဖိုးတက်တူစကားကြောင့် မြိုင်ကြီး ရင်တဒိန်းဒိန်း ခုန်သွားမိသည်။ မုဆိုးကြီးဖိုးတက်တူက မြိုင်ကြီးမျက်နှာကို အကဲခတ်ကြည့်ရှုပြီး ...

"ထူးဆန်းတာက ရတနာတွေကို တွေ့ရပေမဲ့ ဘယ်သူမှ ယူငင်လို့ မရဘူးကွ။ ယူမယ်ဆိုတဲ့စိတ်ထားနဲ့ ကြံစည်ခဲ့ရင် ရတနာတွေကို လုံးဝရှာမတွေ့ရ တော့ဘူး"

"ဟို ... မုဆိုးကိုနက္ခတ်ရခဲ့တဲ့ ရွှေတုံးတွေကရော မုဆိုးကြီး၊ မရဏ ရတနာသိုက်ကပဲလား"

"အင်း ... ပြောရခက်တယ်လို့ ဆိုရမှာပဲ ... မြိုင်ကြီး။ နက္ခတ်ရလာတဲ့ ရွှေတုံးတွေက မင်းတွေ့ခဲ့ရတဲ့ မရဏရတနာသိုက်နဲ့ မဆိုင်ဘူးဖြစ်မယ်။ ဟိုတုန်းက မုဆိုးတစ်ယောက် သားကောင်ရှာရင်း ရွှေတုံးရွှေခဲတွေ ရခဲ့ဖူးတယ်ကွ။ ခု စောထူး အဖြစ်က မရဏရတနာသိုက်ကို တွေ့ပြီး လောဘမသိမ်းငင်နိုင်ဘဲယူဖို့ ကြံစည် ရင်း လမ်းမှားပြီး မပြန်နိုင်ဘဲ လိုဏ်ခေါင်းထဲမှာ ဆုံးခဲ့တာပဲဖြစ်မယ်"

"ဘုရား ... ဘုရား ..."

မြိုင်ကြီး စိတ်ထဲတွင် ကြိတ်ပြီး ဘုရားတနေမိသည်။ မြိုင်ကြီး ဘုရား မတလို့ မဖြစ်။ မြိုင်ကြီးတွေ့ခဲ့ရသည့် ရတနာများကို တစ်နေ့နေ့ ယူဆောင်နိုင်ရန် လျှို့ဝှက်ကြံစည်ထားခဲ့သည် မဟုတ်ပါလား။

"မင်း ... ခုလိုကြုံတွေ့ခဲ့ရတဲ့အဖြစ်က မိဂဒါမာယာလို့ ပြောရမှာပေါ့ကွာ။ အဲဒီတော့ မင်းရလာတဲ့ရွှေတုံးကို စိတ်စွဲလမ်းပြီး မကျွတ်မလွတ်တဲ့သူကို ရည်စူး ပြီး ကုသိုလ်ဒါန ပြုပါတော့ကွာ။ ဒါမှ သူတို့ ဘဝကူးကောင်းရှာမှာ"


www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ... ဒီရွှေတုံးတွေကို မလိုချင်ပါဘူး ... မုဆိုးကြီးရယ်။ လောဘကြောင့် ဘဝဆိုးကြုံတွေ့ရတဲ့အဖြစ်ကို သိရလို့ သံဝေဂရမိပါတယ်။ အဲဒါကြောင့် သူတို့ဘဝကူးကောင်းဖို့ ကျုပ်ရွာဦးကျောင်းမှာ လှူဒါန်းပြီး ကုသိုလ်ပြုအမျှဝေပါ့မယ် ... မုဆိုးကြီး"

မြိုင်ကြီး အထုပ်ထဲမှ ဝင်းဝင်းလဲ့လဲ့တောက်ပနေသည့် ရွှေတုံးလေးများကိုကြည့်ပြီး မိဂဒါတောကြီးကို မြင်ယောင်သွားမိသည်။ မိဂဒါတောကြီးတစ်ခုလုံး သစ်ပင်ကြီးငယ်များ အုပ်ဆိုင်းပြီးလေအတိုးတွင် ယိမ်းနွဲ့လှုပ်ရှားနေဆဲဖြစ်သည်။ သို့တိုင် မြိုင်ကြီးကျင်လည်ရာ မိဂဒါတောကြီး၏ ထူးဆန်းအံ့ဩဖွယ်ရာအဖြစ်များက မြိုင်ကြီးရင်ထဲတွင် မေ့ဖျောက်နိုင်စွမ်းမရှိအောင် တည်ရှိနေဆဲမဟုတ်ပါလား။

ဇလွန်ကျော်ဦး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

ဖက်သန်းသီးသုပ်၊ ငါးပိကင်နှင့် ပုစွန်တုပ်ကြီးမီးဖုတ်တို့ဖြင့် စောဂျိမ်းနှင့် ကျော်စိုးတို့နှစ်ယောက် ထမင်းစားနေကြချိန်တွင် တင်ဝင်းတစ်ယောက် နှစ်လုံးပြူး ကိုထမ်းကာ ရောက်လာသည်။ စောဂျိမ်းက ထမင်းစားနေရင်း ...

"သေနတ်သံကို နားစွင့်နေတာကွ။ သေနတ်သံအခြေအနေက မကောင်း တော့ ငါ့ကောင်တော့ မဟန်ဘူးလို့ တွေးမိတယ်"

"ဟုတ်တယ် ... စောဂျိမ်း"

"လာ ... ဒါဆို ထမင်းစား။ တို့တောင်ပြီးတော့မယ်"

တင်ဝင်းက လက်ဆေးကာ ထမင်းဝိုင်းတွင် ဝင်ထိုင်လိုက်ရင်း ...

"ပုစွန်တုပ်တွေဘာတွေနဲ့ တယ်ဟုတ်နေပါလား"

"မင်းထွက်သွားပြီး ဟိုစမ်းချောင်းထဲမှာ သောက်ရေသွားခပ်ရင်း ကျော်စိုး ဖမ်းလာတာ သုံးကောင်တောင် ရခဲ့တယ်"

"အဲဒါနဲ့ မီးဖုတ်လိုက်တယ်ဆိုပါတော့"

"အေး ..."



www.burmeseclassic.com

www.burmeseclassic.com


တင်ဝင်းက ပုစွန်တုပ်မီးဖုတ်ကို ဝါးရင်း ...

"ကျွန်တော်တောကြက်သွားပစ်တာ သိပ်မရှိးဘူးထင်တယ် စောဂျိမ်း"

"ဘာဖြစ်လို့လဲကွ"

"ကျွန်တော်တို့ ညက သစ်ထုတ်လုပ်ရေးစခန်းက တန်းလျားမှာ အိပ်ကြပြီး မိုးလင်းကာနီး တောကြက်တွန်သံကို ကြားလိုက်ရတော့ တောကြက်သားလည်း မစားရတာကြာလို့ မနက်ကျရင်တော့ ဆော်လိုက်မယ်လို့ စောဂျိမ်းတောင် ကျွန်တော်ပြောလိုက်သေးတယ်လေ"

"အေးလေ ..."

"တောကြက်က မိုးတွင်းမှာ တွန်လေ့မရှိဘဲ အခုလို ဆောင်းတွင်းမှ တွန်တတ်တာမဟုတ်လား။ တွန်ရင်လည်း အိပ်တန်းတက်ချိန်နဲ့ အိပ်တန်းဆင်းချိန် နှစ်ချိန် တွန်တတ်ကြတယ်လေ"

"အေးလေ ... ဟုတ်တယ်လေ"

"ဒါပေမဲ့ မနေ့ကတစ်ညနေလုံး ကျွန်တော်တို့ အရက်ဝိုင်းဖွဲ့နေကြတာ ကြက်တွန်သံကြားလား"

"ဟော ..."

စောဂျိမ်းက ထမင်းလုတ်ကို ပါးစပ်ထဲသွင်းကာနီးမှ စဉ်းစားနေလိုက်သည်။ ကျော်စိုးက ...

"ဟုတ်တယ် ... တစ်ခါမှ မကြားမိဘူး"

"ဟုတ်တယ်နော်။ မနေ့ကညနေက တွန်သံလုံးဝ မကြားမိဘူး။ ဒီမနက်မှ ကြားရတာ။ အဲဒါကို ကျွန်တော် မတွေးမိဘူး။ အဲဒါကြောင့် ဦးဦးဖျားဖျား တောကြက်သားတော့ စားရပြီဆိုပြီး ပစ်ချင်ဇောအားကြီးနေလို့ ကျွန်တော် ထူးထူးဆန်းဆန်း ကြုံရတာ"

"ပြောပါဦးကွာ"

"ကျွန်တော် စောဂျိမ်းကိုင်တဲ့ (. ၅၀၀) နှစ်လုံးပြူးရိုင်ဖယ်တို့၊ ကျော်စိုးကိုင်တဲ့ (၃၀ . ၀၆) ရိုင်ဖယ်တို့ ကျွမ်းကျွမ်းကျင်ကျင် မကိုင်တတ်ပေမယ့် နှစ်လုံးပြူးတော့ ကောင်းကောင်းကိုင်တတ်ပါတယ်ဗျာ။ ကျောင်းသားဘဝကတည်းက ကျော်စိုး သင်ပေးထားတာပဲ။


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် လိုက်ချောင်းရင်း တွေ့လိုက်တာက ကြက်နီဗျာ၊ လည်ဆံမွှေး ဖွားဖွားကြီးနဲ့ လှလိုက်တာ၊ မှန်တိုင်ပင်ကြီးထိပ်မှာ နားနေတာ။ ကျွန်တော်နဲ့ဆိုရင် ကွာလှ (၁၅) ကိုက်ပေါ့ဗျာ။ ဒီလောက်အကွာအဝေးလောက်က ပစ်မလွဲပါ။ ပစ်ခါနီးတောင် 'အောက် ... အီး ... အီး ... အွတ်' လို့ အော်လိုက်သေးတယ်။ သေနတ်သံ 'ဒိန်း'ခနဲ ထွက်သွားတာနဲ့ ထိပြီလို့တွက်ထားတာ ... မဟုတ်ဘူး ဗျာ ... ငတိက တွန်သံပေးပြီး ထပျံသွားရော။

ပျံတက်သွားတာကလည်း အဝေးကြီးမဟုတ်ဘူးဗျာ၊ ကိုက် (၃၀) လောက် သာဝေးတဲ့ တောင်သဖန်းပင်တစ်ပင်ရဲ့ အကိုင်းမှာ သွားနားတာ။ ကျွန်တော် အပင် အောက်ကိုရောက်လာတဲ့အထိ ငတိက အေးအေးဆေးဆေးပဲ။ ဒီတစ်ခါတော့ အပိုင်ပဲဆိုပြီး ကျည်တစ်ထောင့်ထည့်ပြီး ဆော်ထည့်လိုက်ပြန်ရော 'ဒိန်း'ခနဲသာ ကြားလိုက်တယ်။ ဒီကောင်က ကျမလာဘူးဗျာ၊ 'အောက် ... အီး ... အီး ... အွတ်' လို့အော်ပြီး တစ်နေရာကို ပျံသွားပြန်ရော။

ပျံသွားတာကလည်း အဝေးကြီးမဟုတ်ဘူး။ မနီးမဝေးက အပင်တစ်ပင် ကို သွားနားတာ။ အဲဒီကတည်းက သိပ်မဟုတ်တော့ဘူးလို့ ကျွန်တော် တွေးမိလိုက် တယ်။ ကျွန်တော်တို့ အတွေ့အကြုံအရ တောကြက်ဆိုတဲ့အကောင်မျိုးက အခုလို အန္တရာယ်ကြုံတဲ့အခါမျိုးတို့ ပျံသွားတဲ့အခါမျိုးတို့မှာ မအော်တတ်ဘူးဗျ။ ဟုတ်တယ် မဟုတ်လား .. စောဂျိမ်း"

"အေး ... ဟုတ်တယ်"

"ဒါကြောင့်မို့ ကျည်လည်း အကုန်မခံချင်၊ ထပ်ပစ်လည်း ထူးမှာမဟုတ် လို့ ကျွန်တော်ပြန်လာခဲ့တာ"

"အေး ...ကောင်းတယ်။ မနေ့က ငါ့မိတ်ဆွေတောအုပ်ကြီးကတော့ သတိပေးလိုက်တယ်။ ငါကလည်း မင်းတို့ကိုပြောဖို့ မေ့သွားတာ။ ဒီတောက နည်းနည်းကြမ်းတယ်တဲ့။ သတိတော့ထားလို့ ပြောလိုက်တယ်ကွ။ ဘာကောင်ပဲ ပစ်ပစ် တင်မြှောက်တာလေးတော့ လုပ်ကြဟေ့"

တင်ဝင်းက ပုစွန်တုပ်မီးဖုတ်ကို ဝါးရင်း ...

"ပုစွန်တုပ်မီးဖုတ်က မွှေးမွှေးလေးနဲ့ ကောင်းလိုက်တာဗျာ။ မစားရတာ ကြာလို့လားမသိဘူး။ ကျော်စိုးမင်း ဘယ်လိုဖမ်းတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"တို့ မနေ့က သစ်ထုတ်လုပ်ရေးစခန်းက ဝန်ထမ်းတွေ အုန်းပင်တက်ကြတော့ တို့စားဖို့ အရေသောက်အုန်းသီး ၄၊ ၅ လုံး လာပေးသွားတယ်လေ။ အရည်သောက် အဖတ်စားပြီးပိုတဲ့ အုန်းသီးစိတ်တွေ လမ်းမှာစားဖို့ ထည့်လာတာကွ။ ပုစွန်တုပ်တွေ တွေ့တော့ စားချင်တာနဲ့ အဲဒီအုန်းသီးစိတ်တွေနဲ့ ထောင်ဖမ်းတာပဲ"

"အုန်းသီးစိတ်တွေ ရှိသေးလား"

"ရှိတယ်"

"ပုစွန်တုပ်ကော ရနိုင်သေးလား"

"ရနိုင်တာပေါ့။ ဒီနေရာတွေက လူသွားလူလာနည်းပြီး ပုစွန်တုပ်ဖမ်းတဲ့လူ မရှိဘူးနဲ့တူတယ်"

"ဒါဆို ထမင်းစားပြီး စမ်းချောင်းထဲ ခဏလောက် ဆင်းလိုက်ကြရအောင်"

"ဟော့ကောင်တွေ ... မင်းတို့ တောပစ်ဖို့လာတာဆို"

ကျော်စိုးက ...

"စောကျိမ်း ... တစ်နာရီလောက်ဗျာ၊ စောကျိမ်းလည်း တစ်နာရီလောက် တောထဲလှည့်လိုက်။ ဒီမှာပြန်ဆုံမယ်"

"အလကားနောက်တာပါကွာ။ ပုစွန်တုပ် ငါလည်း မစားရတာ ကြာပါပြီ။ ညနေ အုန်းကျောရွာကိုရောက်ရင် ငါ့မိတ်ဆွေစိန်တစ်လုံးတို့အတွက် ဟင်းစားရတာပေါ့။ အဲ ... တစ်ခုတော့ ရှိတယ်။ တင်ဖို့ မြှောက်ဖို့တော့ မမေ့နဲ့ဟေ့။ ငါလည်း တောထဲဝင်ရင် လုပ်လိုက်မယ်"

စမ်းချောင်းရေအနက်က သုံးပေလောက်သာရှိသည်။ ရေက ကြည်စိမ်းနေကာ အောက်ခြေက ကျောက်ခဲကျောက်တုံးများကို မြင်နေရသည်။ ကျော်စိုးက အုန်းသီးစိတ်ကလေးကို ကြိုးနှင့်ချည်ကာ ကျောက်ဆောင်ကျောက်တုံးများအကြားသို့ ကြိုးကလေးကို လှုပ်ကာချလိုက်သည်။ တစ်ဖက်လက်ထဲတွင် လက်မလုံးခန့်ရှိ ထိပ်တစ်ဖက်ချွန်ထားသော ဝါးချွန်ကို ကိုင်ထားသည်။

သုံးမိနစ်ခန့်မျှ ကြာသောအခါ ကျောက်တုံးကျောက်ကြားမှ ပုစွန်တုပ်တစ်ကောင်က အုန်းသီးစိတ်ကလေးကို လာတွတ်သည်။ ကျော်စိုးက ဝါးချွန်ဖြင့်


www.burmeseclassic.com

www.burmeseclassic.com


ကိုင်ထားရင်းလက်က ချိန်ဆနေသည်။ ချိန်ဆနေရင်း သေချာသလောက်ရှိသော အခါ ဝါးချွန်နှင့် စွပ်ခနဲ ထိုးစိုက်ချလိုက်သည်။ ဝါးချွန်ကို ဆွဲမလိုက်သောအခါ ပုစွန်တုပ်တစ်ကောင် ပါလာသည်။ တစ်ဆယ်သားခန့် ရှိမည်။

ထိုနည်းအတိုင်း တင်ဝင်းပါ ကြိုးတရမ်းရမ်း ဝါးချွန်တကိုင်ကိုင်ဖြင့် တစ်နာရီခန့် လှုပ်ရှားလိုက်ကြသောအခါ ပုစွန်တုပ် ဆယ့်လေးငါးကောင်ခန့် ရလိုက်ကြသည်။

✿ ✿ ✿

[ ၂ ]

❑

ခပ်စောစောက တင်ဝင်းပစ်လိုက်သော နှစ်လုံးပြူးသေနတ်သံကြောင့် ဖြစ်မည်ဟု စောဂျိမ်းယူဆသည်။ စောဂျိမ်းသေနတ်ထမ်းကာ နာရီဝက်လောက် တောတွင်းလျှောက်လာသော်လည်း ဟင်းစားကောင်ဟူ၍ တစ်ကောင်တစ်မြီးမျှ မတွေ့ရသေး။

အသံပေါင်းစုံနှင့် အော်မြည်ကာ ပျံသန်းနေသော ကျေးငှက်သာရကာများ နှင့် တစ်ပင်မှတစ်ပင် ခုန်ကူးနေသော တောမျောက်များ၏ အသံများက တောတွင်း ဆူညံနေသည်။

အောက်ခြေရှင်းသော တောဖြစ်သောကြောင့် တောကောင်များ၏ ခြေရာ များက အချို့နေရာများတွင် ရှုပ်ယှက်ခတ်နေသည်။ မှုဆိုးအတွေ့အကြုံအရ ချေ(ဂျီ)၊ ဆတ်နှင့် တောဝက်ခြေရာများ တွေ့နေရသည်။ စောဂျိမ်းက မထင်မရှား လူသွား လမ်းကလေးမှဖဲ့ကာ တောင်ကြောကလေးပေါ်သို့ တက်လိုက်သည်။

တောင်ကြောပေါ်တွင် သစ်အယ်ပင်၊ ညန်ပင်၊ မျောက်ချောပင်နှင့် တော ကင်ပွန်းချုံများ အစီအရီပေါက်နေသည်။ မသိမသာမြင့်တက်လာသော တောင်ကြော


www.burmeseclassic.com

www.burmeseclassic.com

ပေါ်သို့ ၁၅ မိနစ်မျှ တက်လာပြီးနောက် တစ်နေရာအရောက်တွင် တောကင်ပွန်း ချုံများက မသိမသာလှုပ်နေသောကြောင့် စောဂျိမ်းက သေနတ်ကို အသင့်ပြင် လိုက်ကာ သစ်အယ်ပင် တစ်ပင်ဘေးသို့ ပြေးကပ်လိုက်သည်။

တောကင်ပွန်းချုံက လှုပ်နေဆဲ။ စောဂျိမ်းနေရာနှင့် ကိုက် (၂၀) လောက် သာ ဝေးမည်ဖြစ်သည်။ ခဏအကြာတွင် တောကင်ပွန်းချုံထဲမှ ယုန်တစ်ကောင် ပြေးထွက်လာသည်။ စောဂျိမ်းသေနတ်ပြင်ထားရာ လက်ကို အောက်ချလိုက်သည်။ သို့သော် ...

"ဝေါ ... ဝေါ ..."

တောကင်ပွန်းချုံထဲမှ 'ဝေါ' ခနဲမြည်အောင် ပြေးထွက်လာကြသည်ကား သတ္တဝါနှစ်ကောင်။ ရှေ့ကအကောင်က ချိုမရှိသော်လည်း နောက်ကအကောင်က တစ်မိုက်ခန့်မြင့်သော ချိုနှစ်ချောင်းထောင်လျက် ပြေးထွက်လာခြင်းဖြစ်သည်။ ထို အခါကျမှ စောဂျိမ်း သတိဝင်လာကာ ချိုတထောင်ထောင်နှင့် အကောင်ကို ပစ်ချ လိုက်သည်။

ကျည်ထိသွားသောအကောင်က နှစ်ပေခန့်အမြင့်ထိ လန့်ခုန်လိုက်ကာ မြေပေါ်သို့ ဗုန်းခနဲပစ်ကျသွားသည်။ ရှေ့ကထွက်လာသော အကောင်က တော ကင်ပွန်းချုံများနောက်ကွယ်တွင် ပျောက်ကွယ်သွားပြီးဖြစ်သည်။ ငြိမ်သက်နေ သော တောကောင်အနားသို့ စောဂျိမ်းအပြေး ရောက်လာသည်။ ပိဿာချိန် (၃၀) ခန့်မျှရှိသော ဆတ်ပေါက်တစ်ကောင်။

(.၅၀၀) နှစ်လုံးပြူးရိုင်ဖယ်နှင့် ပစ်လိုက်သောကြောင့် တစ်ချက်တည်း နှင့် ကိစ္စချောသွားခြင်းဖြစ်သည်။ ကျည်အားပြင်းသောကြောင့် ကျည်က ဦးခေါင်း အနောက်လည်တိုင်ထိပ်မှ ဝင်ကာ ထုတ်ချင်းပေါက် ထွက်သွားခြင်းဖြစ်သည်။

စောဂျိမ်းက လက်မှနာရီကို ကြည့်လိုက်သည်။ ထွက်လာသည်မှာ တစ်နာရီ ပြည့်တော့မည်။ စောဂျိမ်းက ဆတ်ပေါက်ကို ပခုံးပေါ်သို့ကောက်ထမ်းလိုက်သည်။

စခန်းချရာနေရာတွင် ပြန်ဆုံကြသောအခါ ကျော်စိုးနှင့်တင်ဝင်းက ပစ္စည်း ပစ္စယများကို ထုတ်ပိုးကာ အသင့်စောင့်နေကြသည်။ စောဂျိမ်းက ဆတ်ပေါက် ကို ပခုံးပေါ်က ချလိုက်ရင်း ...

"ဟော့ကောင်တွေ ... မင်းတို့ ပုစ္ဆန်တုပ်တွေရခဲ့တယ် မဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com


"ရတယ် ... စောဂျိမ်း"

"တင်မြှောက်ပြီးပလား"

"လုပ်ပြီးပါပြီ"

"ဒါဆိုရင် ငါ့ဆတ်ပေါက် ရလာခဲ့တဲ့အတွက် အဖျားအနားတွေ အနည်းငယ်စီဖြတ်ပြီး မြှောက်လိုက်ပါဦးကွာ။ နောက်တစ်ခုက ငါတို့ကုန်းချောရွာကို မိုးချုပ်မှရောက်မှာ ဒီဆတ်ကြီးကို တစ်လမ်းလုံး မထမ်းနိုင်ဘူး။ ဒီမှာပဲ မီးမွှေးပြီး ကျပ်တင်လိုက်ကျကွာ၊ လိုတာတွေယူ၊ မလိုတာတွေထားခဲ့။ တို့ကလမ်းမှာ ကြုံသလို ပစ်ကြဦးမှာ"

ကျော်စိုးက ဆတ်ပေါက်၏ ချိုဖျား၊ နားရွက်ဖျား၊ နှာဖျား၊ ခွာအဖျားများကို အနည်းငယ်စီဖြတ်ကာ လုပ်နေကျအတိုင်း တင်မြှောက်လိုက်သည်။ တင်ဝင်းက မီးမွှေးကာ ကျပ်တင်ရန်အတွက် ထင်းများ သွားရှာသည်။ စောဂျိမ်းက ဆတ်ပေါက်ကို အရေခွာပြီး ကျပ်တင်ရန်အတွက် အသားများကို ဖျက်သည်။ တင်ဝင်းက ထင်းရှာပြီး ရောက်အလာတွင် ...

"စောဂျိမ်းပစ်ဖို့ တစ်နေရာတော့ တွေ့ပြီဗျ။ စမ်းချောင်းအထက် ကိုက် (၂၀၀) လောက်မှာ သဲတွေထဲမှာ ခြေရာတွေရှုပ်နေလို့ လှေ့လာလိုက်တော့ ကျစ်တွင်းတစ်ခု တွေ့တယ်။ ကျစ်တွင်းက အခြောက်ပဲ။ ကမ်းပါးအလယ်လောက်မှာရှိတယ်။ တောကောင်တွေလျက်ထားလို့ အထဲကို တော်တော်ချိုင့်ဝင်နေတယ်။ ချောင်းက သိပ်မကျယ်တော့ တစ်ဖက်ကမ်းပါးပေါ်ကနေ ပုန်းအိမ်၊ ဒါမှမဟုတ် ချောင်းပြီး ပစ်ရင်ရနိုင်တယ်"

"ခြေရာတွေက ဘာခြေရာတွေ တွေ့လဲကွ"

"ချေ (ဂျီ)၊ ဆတ်နဲ့ တောဝက်ခြေရာတွေများတယ်"

"ကျော်စိုး ... ဘယ့်နှယ်လဲကွ"

"ပစ်မယ်လေဗျာ .... ပစ်ဖို့ လာတာပဲဟာ"

"ဒါဆိုရင် ကျပ်တင်ပြီး သွားကြမယ်"

ကျပ်တင်ပြီးနောက် ထုပ်ပိုးကာ စောဂျိမ်းတို့အဖွဲ့ တင်ဝင်းရောက်ခဲ့သော စမ်းချောင်းအထက်ကိုက် (၂၀၀) အကွာလောက်ရှိ ကျစ်တွင်းကို ရောက်လာခဲ့ကြသည်။ တောကောင်များက ကျစ်တွင်းမှ မြေသားများကို လျှာနှင့်လျက်ပြီး စမ်းချောင်းရေသောက်ကာ လိုရာသို့ ထွက်သွားကြသော အနေအထားဖြစ်သည်။ စမ်းချောင်း


www.burmeseclassic.com

www.burmeseclassic.com


၏ကမ်းပါးနှစ်ခု အကွာအဝေးက ကိုက်(၃၀)ခန့်မျှရှိ၍ ဆောင်းအခါ ရေနည်းနေသောကြောင့် အလယ်တွင်ရှိသော စမ်းချောင်းကလေးက (၁၀)ပေခန့်သာကျယ်သည်။

ကျစ်တွင်း၏ တစ်ဖက်ကမ်းပါးတွင် ပုန်းအိမ် သို့မဟုတ် ချောင်းပစ်လျှင် ပစ်ကွင်းကောင်းသော အနေအထားဖြစ်ကြောင်း စောဂျိမ်းတွက်လိုက်သည်။ တစ်ဖက်ကမ်းပါးပေါ်တွင် တောကင်ပွန်းချုံနှင့် ဝိစပ်ပင်များသာရှိသည်။ ဝိစပ်ပင်များက အရွက်များကြွေကာ ကျိုးတိုးကျဲတဲရှိသော်လည်း တောကင်ပွန်းချုံများက အုပ်ဆိုင်းနေသည်။

ကျစ်တွင်းရှိရာ ကမ်းပါးပေါ်တွင်တော့ ဝိစပ်ချုံများသာရှိသည်။ စောဂျိမ်းက အခြေအနေကို လေ့လာပြီး . . .

"ငါနဲ့ တင်ဝင်းက ဒီဘက်ကမ်းပါးက ကင်ပွန်းချုံတွေထဲက စောင့်မယ်။ ကျော်စိုးက ကျစ်တွင်းအပေါ်ဘက်က ဝိစပ်ချုံတွေထဲက စောင့်၊ ကျော်စိုးနဲ့တို့နဲ့က မြင်သာအောင်နေပြီး တောကောင်လာလို့ ပစ်တော့မယ်ဆိုရင် ငါက ဒီဘက်ကနေ အချက်ပြမယ်။ အချက်ပြမှ ကျော်စိုးကပစ်၊ မင်းဘက်က အပေါ်စီးဆိုပေမယ့် ကျစ်တွင်းကို ဝင်လာတဲ့ တောကောင်ကို ကမ်းပါးကကွယ်နေတော့ မင်းမြင်ရမှာ မဟုတ်ဘူး"

"ဟုတ်တယ် . . . စောဂျိမ်း"

"ကဲ . . . နေရာယူကြရအောင်။ နေစောင်းတော့မယ်"

ကျော်စိုးက တစ်ဖက်ကမ်းပါး၊ စောဂျိမ်းနှင့် တင်ဝင်းက တစ်ဖက်ကမ်းပါး နေရာယူလိုက်ကြသည်။ စမ်းရေစီးသံနှင့် ကျေးငှက်သာရကာတို့၏ အသံမှလွဲ၍ အခြားအသံများ မကြားရဘဲ တိတ်ဆိတ်နေကာ တောကငြိမ်သက်လျက်ရှိသည်။ အောက်ခြေရှင်းသော်လည်း အပေါ်တွင်ရှိသော သစ်ပင်ကြီးများကြောင့် နေမပူဘဲ အေးအေးချမ်းချမ်း စောင့်ဆိုင်းနေကြသည်။ တစ်နာရီခန့်မျှ အကြာတွင် . . .

"ဝု . . . အူး . . . ဝု . . . အူး . . . အိ . . . အိ . . . အိ . . . အိ"

စောဂျိမ်းတို့ စောင့်ဆိုင်းနေရာ ကမ်းပါးအနောက်ဖက် ကိုက် (၃၀) အကွာလောက်ဆီမှ ကမ်းပါးအတိုင်း အောက်စမ်းချောင်းဆီသို့ ဆင်းလာသော တောဝက်အုပ်အသံဖြစ်သည်။ အိ . . . အိ . . . အိ . . အိ . . . အသံများက ဝက်ပေါက်ကလေးများဖြစ်ကြောင်း စောဂျိမ်းတွေးမိလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



အသံများကြားပြီး သိပ်မကြာလိုက်။ ဆင်းလာသော ဝက်အုပ်ကို စောဂျိမ်းတို့ ချုံတောထဲကနေ လှမ်းမြင်နေရသည်။ ဝက်တောင်းတစ်ကောင်၊ ဝက်ပေါက်နှစ်ကောင်၊ ဝက်မနှစ်ကောင်နှင့် ဝက်ပေါက်ကလေး ၄၊ ၅ ကောင်ဖြစ်သည်။ ဝက်ပေါက်ကလေးများက ဆော့ကစားရင်း အရင်ပြေးဆင်းလာ၍ စမ်းချောင်းမရောက်မီ ပြန်တက်ပြေးသွားကြသည်။ ဝက်မကြီးနှင့် ဝက်ပေါက်နှစ်ကောင်က ဟိုသည်ကြည့်ကာ တုံ့ဆိုင်းတုံ့ဆိုင်း အခြေအနေကြည့်နေကြသည်။

ပစ်ကွင်းအနေအထားအကွာအဝေးက အကောင်းဆုံးဖြစ်သော်လည်း ဝက်ပေါက်ကလေးများနှင့် ဝက်မကြီးများပါသောကြောင့် စောဂျိမ်းတင်ဝင်းနှင့်ကျော်စိုးတို့က အခြေအနေကို ကြည့်နေကြသည်။ ထိုအချိန်တွင် ...

"ရှိ ... ရှိ ... ဝီ ... ဝီ ... ဗျော ... ဗျော ... ဖြောင်း ဖြောင်း"

ကမ်းပါးပေါ်မှ ချုံများအတွင်း တောကောင်များ ပြေးလွှားနေသံလို၊ လေတိုက်သံလိုလို ရွက်ခြောက်များကို နင်းပြီးပြေးလွှားနေသံမျိုးလိုအသံများ ထွက်လာသည်။ သစ်ရွက်၊ သစ်ကိုင်း၊ သစ်ပင်များကလည်း လေတိုက်သောကြောင့် လှုပ်ရမ်းနေသလိုလို အသံမျိုးများလည်း ထွက်ပေါ်လာသည်။ စောဂျိမ်းတို့က အပေါ် မော့ကြည့်လိုက်သော်လည်း လေလုံးဝမတိုက်။ ထိုအသံများကြောင့် တောဝက်အုပ်က ကမ်းပါးပေါ် တက်ပြေးကာ ပျောက်ကွယ်သွားကြသည်။

ထိုအခါကျမှ အသံများ ပြန်ငြိမ်သွားသည်။ တစ်ဘက်ကမ်းပါးရှိ ဝိစပ်ပင်များကြားတွင် ပုန်းနေသော ကျော်စိုးက စောဂျိမ်းတို့ရှိရာသို့ ကြည့်ကာ လက်ခါပြသည်။ စောဂျိမ်းကလည်း လက်ခါပြလိုက်သည်။

နာရီဝက်ခန့်အကြာတွင် စမ်းချောင်းသဲပြင်အတိုင်း ခေါင်းတခါခါ၊ လည်တငြိမ့်ငြိမ့်ဖြင့် ရှေ့နောက်တက်လာသော ချေ (ဂျီ) ဖိုမ နှစ်ကောင်၊ ကိုက် (၁၀၀) အကွာလောက်ဆီမှ အနောက်မှအရှေ့သို့ တစ်လှမ်းချင်း အေးဆေးစွာ လျှောက်လာနေကြခြင်းဖြစ်သည်။ ကျစ်တွင်းသို့လျက်ရန် လာခြင်းဖြစ်သည်။ ကျော်စိုးနေရာက မမြင်နိုင်၊ စောဂျိမ်းက ကျော်စိုးကို အနောက်ဘက်သို့ လက်ညှိုးထိုးပြ၍ လက်နှစ်ချောင်း ထောင်ပြလိုက်သည်။

ချေ (ဂျီ) နှစ်ကောင်က ရပ်သွားလိုက်၊ ဟိုသည်ကြည့်လိုက်၊ တစ်လှမ်းနှစ်လှမ်း လျှောက်လိုက်၊ အန္တရာယ်ကို စူးစမ်းလိုက်လုပ်ရင်း လျှောက်လာနေခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ တဖြည်းဖြည်း တက်လာနေခြင်းဖြစ်သည်။ ကိုက် (၅၀)ခန့်အကွာလောက် အရောက်တွင် …

"ရှီ … ရှီ … ဝီ … ဝီ … ဗျော … ဗျော … ဖြောင်း ဖြောင်း"

စောစောကအတိုင်း တောကောင်များ ပြေးလွှားနေသံလိုလို၊ လေတိုက်သံလိုလို။ သစ်ပင်များယိမ်းထိုး၍ သစ်ရွက်ချင်းပွတ်တိုက်သံလိုလို ခန့်မှန်း၍မရသော အသံများက အလိုလို ထွက်ပေါ်လာသည်။ ထိုအသံများကြောင့် ချေ (ဂျီ) နှစ်ကောင်က နောက်ကြောင်းအတိုင်း ပြန်လှည့်ပြေးတော့သည်။ ထိုအခါကျမှ ဘာလိုလို အသံများ ပြန်ငြိမ်သွားတော့သည်။ လေလည်း လုံးဝမတိုက်၊ သစ်ပင်များကလည်း ငြိမ်သက်နေသည်။

စောဂျိမ်းက စိတ်မရှည်တော့။ တင်ဝင်းကို လက်ကုတ်၍ ပုန်းနေသော နေရာမှ ထွက်လိုက်သည်။ ကျော်စိုးရှိရာသို့ လက်ပြကာ …

"ကျော်စိုးရေ … တော်ပြီဟေ့၊ သွားကြမယ်"

ကျော်စိုးက အထုပ်အပိုးများလွယ်လျက် အနားကိုရောက်လာသည်။

"စောဂျိမ်း … ဘယ်လိုဖြစ်တာလဲ"

"လာ … သွားကြမယ်။ အုန်းကျောချောင်းကို အခုနေလျှောက်ရင် မှောင်ခါနီးလောက် ရောက်နိုင်ပါတယ်"

တစ်နာရီလောက် လျှောက်လာကြပြီးနောက် ရှေ့ကနေ တစိုက်စိုက်နှင့် သွားနေသော စောဂျိမ်းအား ကျော်စိုးက …

"စောဂျိမ်း … ဒီတောက တောခေါင်းကြီးပြောတာ မှန်တယ်ဗျ၊ နေခင်းကြောင်တောင်ဗျာ"

"အေးလေ … တို့လည်း သူတို့မကြိုက်တာ ဘာမှမလုပ်ပါဘူးကွာ။ တင်တာမြှောက်တာတွေလည်း လုပ်ပြီးပါပြီ၊ ချိုကျိုးနားရွက်ပဲ့နဲ့ အမိုက်အမဲကောင်လောက် စွန့်ကြပါလို့လည်း တောင်းထားပြီးပါပြီ။ အခုဟာက ပစ်ဖို့တောင် အချိန်မရလိုက်ပါဘူး။ ဒုက္ခပေးနေတော့ ငါလည်း စိတ်မရှည်တာနဲ့ ထလာတာ။ ဒါလောက်ဆိုတို့လည်း သဘောပေါက်ပါတယ်ကွာ။ တောပစ်လာတာ ကြာပြီ"

"ဒါဆိုရင် စောဂျိမ်းတစ်ယောက်တည်းပစ်လာတဲ့ ဆတ်ပေါက်က လေးဂျ တော့ ဘာဖြစ်လို့ အလွယ်တကူရလာလဲ"



www.burmeseclassic.com

www.burmeseclassic.com


"အေးကွ ... ဒါလည်း စဉ်းစားစရာပဲ။ သူတို့ကျေနပ်လို့ ပေးတာနေမှာပေါ့ကွာ"

"မဟုတ်ဘူး ... စောကြိမ်း၊ ချိုကျိုးနားရွက်ပဲ့မို့လို ပေးတာ"

"ဟေ ... ချိုကျိုးနားရွက်ပဲ့မို့လို ဟုတ်လား"

"ဟုတ်တယ် ... ချိုတော့ မကျိုးဘူး၊ နားရွက်ပဲ့တာတော့ သေချာတယ်။ စောကြိမ်း ... အဲဒီအကောင်ရလာတော့ ကျွန်တော့်ကို အဖျားအနာတွေ တင်မြှောက်နိုင်းတယ် မဟုတ်လား။ ကျွန်တော် နားရွက်ဖျားလေးဖြတ်မယ်လုပ်တော့ အဲဒီဆတ်ကောင်ရဲ့ ယာဘက်နားရွက်ဖျားကလေးက အကောင်းအတိုင်းမဟုတ်ဘူး ပဲ့နေတယ်"

"ဟေ ..."

မောင်မြင့်မား(ဘိုကလေး)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

[ ၁ ]

❑

"ကိုလင်း ... ကိုလင်း ... ထ ... ထစမ်းပါဦးတော်"

စိုးစိုးညိုက ညားခါစရက်ပိုင်းသာရှိသေးသော လင်သားဖြစ်သူ လင်းလင်းကို အတင်းလှုပ်နှိုးလိုက်၏။ လင်းလင်းလည်း အိပ်မှုန်စုန်ဝါးဖြင့် ထထိုင်လိုက်ပြီး အကြောဆန့်ကာ သမ်းဝေလိုက်၏။

"ဗွား ... ဘာလဲကွာ၊ ဘာဖြစ်လို့လဲ။ ဗိုက်နာပြီး အိမ်သာသွားချင်တာလား၊ ဆီးသွားချင်တာလား၊ ကဲ ... ထ ... အဖော်လိုက်ပေးမယ်"

"မဟုတ်ဘူး ... ကျွန်မ တစ်ယောက်လုံး ဖြောင်းဆန်အောင်ဖြစ်နေတာ ရှင်မနိုးတာ အံ့သြပါရဲ့။ ဒီမှာကြည့်စမ်း ခြင်ထောင်ကြိုးတွေတောင် ပြတ်ကုန်ပြီ။ ကျွန်မ ကြောက်တယ် မနေရဲဘူး"

"ဘာတွေဖြစ်လို့လဲ ... ငါ့ကို ရှင်းရှင်းပြောစမ်းပါ"

ကိုလင်းက လက်ကနာရီကိုကြည့်လိုက်တော့ ညသန်းခေါင်ကျော်နေပြီ။ ဒီတိုက်အိမ်ဟောင်းကြီးထဲမှာ ကိုလင်းတို့လင်မယားနှစ်ဦးထဲ အကာမရှိ၊ ဘာမရှိနှင့်



www.burmeseclassic.com

www.burmeseclassic.com


အိပ်နေရ၏။ အိမ်မကြီးတံခါးတွေရှိသော်လည်း အတွင်းထဲမှာ ဟောကြီးလိုဖြစ်နေ၏။ အိမ်ပေါ်တက်သော ရှေးဟောင်းလှေကားကြီးသာ ရှိနေ၏။

"ကျွန်မ ပြောရမှာကြောက်လာပြီ၊ ကျွန်မ မအိပ်ရဲတော့ဘူး၊ ရှင်လည်း မအိပ်နဲ့တော့"

"မအိပ်လို့ ဖြစ်မလား၊ မနက်အစောကြီး ဆိုင်ဖွင့်ရဦးမှာ။ ဟား . . . ဘာမှ မဖြစ်ရင်လည်း အိပ်တော့ကွာ"

ဖြစ်တယ်တော့ဖြစ်တယ် ဒီအိမ်ကြီးမှာ ဆံပင်ကုတ်ဝဲနဲ့ မိန်းမတစ်ယောက် ဘလောက်(စ်)အင်္ကျီဝတ်ထားတာ အညိုရောင်၊ ထဘီက နက်ပြာရောင်နဲ့၊ ရုပ်ရည်က ရွက်ကြမ်းရည်ကျိုထက်သာတယ် ဆိုရုံပဲလေ"

"အေးပေါ့ . . . မင်းထက်သာတယ် ဆိုရုံလေးပေါ့"

"ရှင်နော် . . . အရေးထဲမှာ လာမနောက်နဲ့၊ အဲဒီမိန်းမက သရဲမဖြစ်နေတာ။ မကျွတ်ဘူး . . . ရှင် လူပျိုတုန်းက ဒီမှာ ညတိုင်းလာစောင့် အိပ်ပေးရတုန်းက ရှင်နဲ့ကြိုက်နေကြတာဆို။ ရှင့်ကို ဂဏန်းတွေ ခဏခဏပေးလို့ ရှင်ပေါက်ပြီး ဆွဲကြိုးတွေ၊ လက်စွပ်တွေတောင် လုပ်ဝတ်ရတယ်ဆို"

ကိုလင်း မျက်လုံးတွေ မှေးနေရာက ပြုံးကျယ်သွား၏။ ညားထားတာ မကြာသေးသော ဇနီးဖြစ်သူ စိုးစိုးညိုကို ကြည့်လိုက်၏။ စိုးစိုးညိုက အသားညိုတာထက် ပိုမဲချင်၏။ ညိုညစ်ညစ်အသားအရောင် စိုးစိုးညိုက ပြန်ကျဈေးသည်တွေ။ အထည်ဆိုအထည်၊ စတီ(လ်)ထည်တွေကို စတီ(လ်) ထည်၊ ပလပ်စတစ်ပစ္စည်းဆို ပလပ်စတစ်ပစ္စည်းအစရှိသဖြင့် ကုန်ပစ္စည်းတွေ ရန်ကုန်မြို့ သိမ်ကြီးဈေးက သွားဝယ်၊ နယ်မြို့တွေမှာ ပြန်ရောင်းနှင့် မြို့နယ်တကာ လှည့်ပတ်ရောင်းနေကြသူတွေ။ ကိုလင်းတို့ရဲ့ မြို့ကလေးမှာ လာရောင်းရင်း ကိုလင်းနှင့် ဖူးစာသွားဆုံရခြင်းပင်။

"ရှင် . . . ဘာပြုံးကြောင်ကြည့်နေတာလဲ။ အဲဒီကုပ်ဝဲမ သရဲမပြောသွားတာ၊ ဟုတ်သလား . . . အမှန်ပြော"

"မင်းနဲ့ အပြင်မှာ တွေ့တာလား"

"အိပ်မက်ထဲမှာ တွေ့တာ"

"အဲဒါဆို ဟုတ်တယ်၊ ငါနဲ့လည်း အိပ်မက်ထဲမှာပဲ တွေ့တာ"

"ရှင်နဲ့ သူနဲ့ ညားနေတာဆို"


www.burmeseclassic.com

www.burmeseclassic.com


"အေး ... အိပ်မက်ထဲမှာ"

"အဟင့် ... ဟင်း ... ပြောတော့ ရှင်က လူပျိုစစ်စစ်ဆို။ ကျွန်မကို ညာယူတယ်၊ အဟင့် ... ဟင်း ... ဟင်း"

"ငါက အိပ်မက်ထဲမှာ ညားတာ၊ မင်းက အပြင်မှာ အရင်ရည်းစားနဲ့ လိုက်ပြေးတာ တစ်ပတ်ကြာတယ်။ အရင်ရည်းစားက မင်းစိတ်ကောက်၊ စိတ်ဆိုး တဲ့ဒဏ်မခံနိုင်လို့ မင်းကိုပစ်ထားခဲ့တာ။ မင်းက တကယ်ညားခဲ့တာ ဘာပြောချင် သေးလဲ။ အံမယ် ... လာသေးတယ် သူက ... ဟင့်"

"ရှင်နော် အတင်းကာရော မစွပ်စွဲနဲ့၊ ရှင့်သရဲမက ကျွန်မကို အိပ်မက် ထဲမှာ အတင်းလာကြမ်းနေတယ်။ မျက်လုံးနီကြီးတွေနဲ့ ကျွန်မအပေါ် အတင်းတက်ခွ ပြီး လည်ပင်းညှစ်တာ၊ ကျွန်မ မခံနိုင်လို့ အော်ဟစ်ရုန်းကန်တာ ခြင်ထောင် ကြိုးတွေတောင် ပြတ်ကုန်တယ်။ ရှင်ကတော့ မနိုးဘူး၊ အံ့ရော ..."

"ဟ ... ငါလည်း အိပ်မောကျသွားတာ၊ ဘာဆိုဘာမှ မကြားမသိတာ။ အိပ်မက်ပဲကွာ ... သရဲမက ဘာလုပ်လို့ရမှာလဲ။ ပြန်အိပ်တော့ ... အိပ်မက်ထဲ မှာ တွေ့ရင်မနှောင့်ယှက်ဖို့ ငါပြောပေးမယ် ... ဟုတ်ပြီလား"

"ကျုပ် မအိပ်ရတော့ဘူး၊ ကျုပ် အပျိုတုန်းက အမေနဲ့ ဒီမှာလာတည်း ကြတုန်းက ဘာမှမဖြစ်ခဲ့ပါဘူး"

"ငါနဲ့ခင်လို့ ငါကလည်း မင်းတို့ကို ဒီအိမ်ကြီးမှာ တည်းခွင့်ပြုလိုက်တာ။ အပေါ်ထပ်မှာသိပ်တာ ဘာဖြစ်လို့လဲ၊ သရဲခြောက်တယ်ဆိုတာ ငါ မပြောထား တော့ မင်းတို့ မကြောက်ကြဘူး။ အေးဆေး အိပ်ရေးဝခဲ့ကြတာပဲ။ ကုပ်ဝဲမလေး ကလည်း ငြိမ်ပါတယ်။ သူ့ဘာသာသူနေတာ။ ငါနဲ့ပတ်သက်ပြီး ညှော်သည်ဆို တော့ ဘာမှမလုပ်ဘူးလေ။ မင်းအစ်မက အရေးတကြီး ရန်ကုန်ကို ပစ္စည်းသွား ဝယ်တော့ မင်းနဲ့ငါနဲ့ ထားခဲ့ရော။ အိမ်ကြီးထဲမှာ နှစ်ယောက်တည်းဆိုတော့ မင်းက စကားခေါ်ပြောရာက ငါတို့ချင်း ငြိကုန်တယ်။ အဲဒီအချိန်မှာ ကုပ်ဝဲမ အပြင်သွား နေတဲ့အချိန် ဖြစ်လိမ့်မယ်။ မင်းနဲ့ငါနဲ့ ရုံးတက်လက်မှတ်ထိုးပြီး ညားတော့မှ သူ သိသွားတာ"

"တော်ပြီ ... ကျွန်မ မအိပ်ရဲတော့ဘူး"

"ဒီအိမ်ရှင်တွေက ငါ့ကျေးဇူးရှင်တွေ၊ ဒီအိမ်ကြီးရဲ့ မျက်နှာစာအခန်းမှာ ငါ့ရဲ့ကွမ်းယာဆိုင်နဲ့ စာအုပ်ဆိုင်ကို တွဲဖွင့်ခွင့်ရထားတာ လခပေးစရာမလိုဘူး။ ဒီ


www.burmeseclassic.com

www.burmeseclassic.com


အိမ်ကြီးကို ရောင်းမထွက်ခင် ငါ့ကိုအပ်ထားတာ လေးငါးနှစ်ရှိပြီ။ မင်း မအိပ်ရဲရင် ငါ့အမေအိမ်ပြန်အိပ်''

''အမလေး ... ရှင့်အမေကို ပိုကြောက်ရသေးတယ်။ ရှင် ကျွန်မနဲ့ယူတာ သဘောမတူဘူး၊ မကြည်တဲ့ယောက္ခမအိမ် တစ်ယောက်ထဲသွားအိပ်ရင် ဘာဖြစ်သွားမလဲ''

''အဲဒါဆိုလည်း ဒီမှာပဲအိပ်၊ ဘေးမှာ ငါရှိတယ်။ ကုပ်ဝဲမက ငါပြောရင် နားထောင်ပါတယ်။ အရင်အိမ်ရှင်က ငှားတုန်းက မျက်လှည့်ဆရာ လင်မယားကို ငှားခဲ့တာ။ အဲဒီမှာတင် သူ့ရဲ့ပရလောက အခိုင်းအစေတွေထဲက ကုပ်ဝဲမက ကျန်နေခဲ့တာကွ။ ငါ့လည်း လာစောင့်အိပ်စက ခြောက်သလိုလို၊ လှန့်သလိုလို လုပ်သေးတယ်။ ငါ့ဘေးနားက ထိုင်ထိုင်နေတာ ရိပ်ခနဲရိပ်ခနဲ တွေ့တွေ့လိုက်လို့ တုတ်နဲ့နီး တုတ်နဲ့ရိုက်၊ ဓားနဲ့နီး ဓားနဲ့ပေါက်နဲ့ လိုမ့်ကြမ်းထားလို့ ငါ့ဆို လန့်တယ်။ အမှန်တော့ ကုပ်ဝဲမက ယဉ်ပါတယ်ကွာ။ ကြမ်းတမ်းတဲ့ သရဲတော့မဟုတ်ဘူး''

''တော်ပြီ ... ရှင့်ဟာမက မကြမ်းလို့ပဲ၊ ဒီတစ်ခါ လည်စိတက်နင်းရင်ဟင်း ... ရှင် ဘာဖြစ်သွားမယ်ထင်သလဲ''

''ဘာဖြစ်သွားမှာလဲ ... စိုးစိုးညို့ရဲ့''

''မုဆိုးဖိုဖြစ်သွားမှာတော့ ... လတ်လတ်ဆတ်ဆတ် မုဆိုးဖိုကြီး ဖြစ်သွားမှာ ... ရှင်းပြီလား''

✿ ✿ ✿

## [၂]

❑

မနက်ပိုင်း ကိုလင်းက ကွမ်းယာနှင့် စာအုပ်ဆိုင်ထွက်၏။ စိုးစိုးညို့က ရန်ကုန်ကဝယ်လာသော ပလတ်စတစ်ပစ္စည်းတွေ ဖြန့်ခင်းပြီးရောင်း၏။ လင်မယားပင်ဖြစ်သော်လည်း သူ့စီးပွားနှင့်သူ၊ သူ့ဝင်ငွေနှင့်သူ၊ သုံးစွဲတဲ့အခါကြတော့ ကိုယ့်စရိတ်ကိုယ်ရှင်း။ အမေရိကန် စစ်စတန်ပေါ့။

ကိုလင်းဆိုင်ဖွင့်ခွင့်ရသော တိုက်ကြီးမှာ မြို့လေးရဲ့ ဈေးကြီးနှင့်မလှမ်းမကမ်းမှာ တည်ရှိ၏။ ကိုလိုနီခေတ်က ရုံးစိုက်ခဲ့ဖူး၍ ကိုလိုနီခေတ်လက်ရာ


www.burmeseclassic.com

www.burmeseclassic.com


အဆောက်အဦး ဗိသုကာပုံစံ အုတ်တိုက်နီကြီးဖြစ်၏။ ပိုင်ရှင်တွေက ရန်ကုန်မှာ ပြေလည်ချမ်းသာကြ၏။ သူတို့ခေါ်ထားသောဈေးမှာ များလွန်း၏။ ပိုင်ရှင်တွေကလည်း ပိုက်ဆံရှိတော့ ကြိုက်ဈေးရမှ ရောင်းမည်။ မရောင်းခင် ကိုလင်းကို အိမ်စောင့်သဘောမျိုးထားပြီး ဆိုင်ဖွင့်ခွင့်ပေးထား၏။

အပိုဆိုင်ခန်းတွေလည်း လရှင်းစနစ်ဖြင့် ငှားစားခွင့်ပေးထား၏။ ဒါကြောင့်လည်း ကိုလင်းက ညဖက် လာစောင့်အိပ်ပေးနေခြင်းပင်။ အိမ်ပေါ်ထပ်မှာ ပရိဘောဂအဟောင်းတွေရှိ၏။ အိမ်အောက်ထပ်မှာတော့ တိုလီမုတ်စ၊ ဖြတ်စ ဗျင်းတောင်းတွေ သူ့ဟာနဲ့သူ ရောထွေးစုပုံထား၏။ ကိုလင်း အိပ်တဲ့နေရာလေးသာ ပျဉ်ခင်းကွပ်ပျစ် နှစ်ယောက်အိပ်စာလေး ခင်းထား၏။ အိမ်သာ၊ ရေချိုးခန်းက ဟိုးအနောက်ဖက်ထဲမှာ ရေစက်မရှိ၊ တုံကင် တူးပေးထား၏။

ကိုလင်းက အလှပြင်ဆိုင်၊ ကုန်မာဆိုင်နှစ်ဆိုင်ကို ငှားပေးထား၏။ ည (၆)နာရီကျော်လျှင် ဆိုင်ပိတ်ပြီး ကိုယ့်အိမ်ကိုယ်ပြန်အိပ်ကြပေ့ါ။ ကိုလင်းတို့ တိုက်ရှေ့က ဈေးရောင်းကောင်း၏။ ကိုလင်းက မိန်းမရမှသာ ဒီတိုက်နီကြီးမှာ ချက်စားဖြစ်၏။ တစ်နေ့တစ်ခေါက်တော့ ရပ်ကွက်ထဲမှာရှိသော မိခင်ကြီးဆီပြန်တွေ့ဖြစ်၏။ တစ်နေ့တစ်ထောင်မျိုး၊ ထောင့်ငါးရာမျိုး ကန်တော့ဖြစ်၏။ မိခင်ကြီးက လက်သမားလုပ်သော အစ်ကိုတို့လင်မယားနှင့် အတူနေ၏။ အိမ်ကတော့ မိခင်ကြီးအိမ်ပေ့ါ။ အစ်ကိုတို့လင်မယားက လာနေပြီး မိခင်ကြီးကို ကျွေးမွေးစောင့်ရှောက်ပေး၏။

ကိုလင်း ဘဝအစစအရာရာ မဟုတ်ပေမယ့် သူ့ဟာနဲ့သူတော့ အဆင်ပြေနေ၏။ စိုးစိုးညိုက ကုပ်ဝဲမသရဲအကြောင်းကို အလှပြင်ဆိုင်က မိန်းမတွေရော၊ ထမင်းဆိုင်က မိန်းမတွေပါ လိုက်ပြောပြီး ကုပ်ဝဲမကို ကြိမ်းဝါးနေ၏။ ညရောက်တော့ တိုက်နီကြီးထဲဝင်ပြီး တစ်ယောက်ထဲ အပေါ့မသွားရဲ။ ကိုလင်းက လိုက်ပို့ရ၏။ အိမ်ပေါ်ထပ်မှာ လူလမ်းလျှောက်သံ၊ အခန်းတံခါး ဆွဲဖွင့်လိုက်၊ ပြန်ပိတ်လိုက် လုပ်သံတွေ ကြားနေရ၏။

"စိုးညို ... မစိုးညို ..."

"ဘာလဲ ... ဒီမှာ ဗိုက်ရစ်နာရတဲ့ကြားထဲ"

"အပေါ်ထပ်မှာ ဘယ်သူရှိလဲ၊ မှောင်ခါနီး ငါ့အမေအိမ် ခဏသွားတုန်း ဘယ်သူရောက်လာသေးလဲ"

"အို့ ... ကျွန်မလည်း ဆိုင်ထိုင်နေတာ၊ ဘယ်သူမှ မရှိပါဘူး။ မလာပါဘူး ... ရှင့်ရဲ့ ကုပ်ဝဲမဖြစ်မှာပေါ့"


www.burmeseclassic.com

www.burmeseclassic.com


"မင်းကလေ ... ကြဲဖန်ပြီး သံဝန်တိုနေသေးတယ်။ လူသားနဲ့ သရဲမပေါင်းလို့မရတာ သိရဲ့သားနဲ့"

"ရာဇဝင်ထဲမှာ လူသားနဲ့ဘီလူးမတောင် ပေါင်းလို့ရသေးတယ်။ သရဲနဲ့လူသားပေါင်းလို့ရတဲ့ ဇာတ်ကားတွေရိုက်ထားတာ အများကြီးပဲ။ ထိုင်းကားကြည့်မလား အမေရိကန်ကားကြည့်မလား ကြိုက်တာကြည့်လို့ ရတယ်။ ရှင် မတုံးအ, စမ်းပါနဲ့"

"တော်စမ်းပါကွာ ... မင်းပြီးပြီလား၊ ငါ လုပ်စရာရှိသေးတယ်"

လင်မယားနှစ်ယောက် စကားအချေအတင်ပြောရင်း အိမ်ကြီးထဲ ရောက်လာကြ၏။ ကိုလင်းက ဂိုဏ်းဆရာအဆင့်တက် ဆေးခံ၊ ဝါးခံလေးထိုးထား၍ ဆေးအားကိုးဖြင့် သိပ်မကြောက်။

"ငါအပေါ်တက်ကြည့်လိုက်ဦးမယ်၊ သူခိုးဖြစ်နေရင် ငါ့တာဝန်ရှိတယ်"

"သူခိုးက ပရိဘောဂပစ္စည်းတွေ ခိုးမလား"

"တနိုင်တစ်ပိုင် သယ်နိုင်တာယူသွားရင် ဘယ့်နှယ်လုပ်မလဲ၊ အောက်မှာနေခဲ့"

ကိုလင်းအပေါ်ကို တက်သွား၏။ စိုးညိုလည်း အိပ်ရာခင်းမှာ သွားဝင်ထိုင်ပြီး တစ်နေကုန်ရောင်းရငွေတွေ စာရင်းတွက်ကြည့်နေ၏။ ထမင်းဟင်း အော်ဒါမှာစားထား၍ ဆိုင်က မောင်ငှက်က ချိုင့်နှင့်လာပို့သွားပြီး ရေနွေးဓာတ်ဘူးတစ်လုံးလည်း ပါလာ၏။

စိုးညို စာရင်းလုပ်ပြီးမှ လင်မယားနှစ်ယောက်အတူစားဖို့ ကြံရွယ်ထား၏။

"ဒုန်း ... ဒုန်း ... ဒုန်း ... ဒုန်း"

လေ့ကားအတိုင်း ခြေဆောင့်နင်းကာ ဆင်းလာသံကြားရ၏။ ကိုလင်းမှတ်၍ လှည့်မကြည့်။ မီးဖိုခန်းဖက်ကို ခြေဖျားရှပ်တိုက် လျှောက်ဝင်သွား၏။

"ယောကျ်ား ... ယောကျ်ားရေ ... ကိုလင်း ... မီးဖိုခန်းထဲ ဘာသွားလုပ်တာလဲ။ ကိုလင်း ... ကိုလင်း ... ခေါ်နေတယ်လေ"

"ဝေ့ ... ဝေ့ ... ဘာလဲ၊ ငါ အိမ်ပေါ်မှာကွ၊ ပင့်ကူမျှင်တွေ မျက်နှာကြက်မှာ ရှုပ်နေလို့ ဝါးလုံးထိပ် ကြက်မွေးတပ်ချည်ပြီး လိုက်ရှင်းနေတယ်။ မနက်


www.burmeseclassic.com

www.burmeseclassic.com


ကျ မအားဘူး၊ အားတဲ့ညပိုင်းလေးပဲ ရှင်းရတာကွ"

မိစိုးညို ခေါင်းနားပန်းကြီးထွက်သွား၏။ ကြက်သီးလည်း ဖြန်းခနဲထသွား၏။ မီးဖိုခန်းထဲက ကြောင်အိမ်ဖွင့်သံကြားရ၏။ ကြောင်အိမ်ဟောင်းကြီးထဲက တစ်စုံတစ်ရာကိုယူပြီး တကျွတ်ကျွတ်ဝါးစားနေသံကို အတိုင်းသား ကြားလိုက်ရ၏။ မီးစိုးညို လန့်တုန်ပြီး ...

"ကိုလင်း ... ယောကျ်ားရေ ... လာပါဦးတော့၊ အောက်မှာ တော့်ဟာမ အောက်မှာ ရောက်နေတယ်တော်"

ကိုလင်းလည်း အိမ်ပေါ်ကနေ ဒုန်းဒုန်းဒိုင်းဒိုင်း ပြေးဆင်းလာ၏။ လက်ထဲမှာလည်း တုတ်ကြီးနှင့်။

"ဘယ်မှာလဲ ... ဘယ်လိုပုံစံလဲ၊ နင့်ကို ကိုယ်ထင်ပြလိုက်တာလား၊ နင် ဘာဖြစ်သွားသေးလဲ"

"အီး ... ခုနကလေးတင် အိမ်ပေါ်ကဆင်းပြီး မီးဖိုခန်းထဲဝင်သွားတာ၊ ကျွန်မက ရှင်မှတ်နေတာ ကြောင်အိမ်ဖွင့်ပြီး ဝါးစားနေသံကြားတယ်"

ကိုလင်းက နဖူးမှာကပ်စီးထားသော ဓာတ်မီးကိုဖွင့်ပြီး မီးဖိုခန်းထဲ ဝင်ချသွား၏။ မီးဖိုခန်းထဲကမီးလုံးက ကျွမ်းနေ၍ မှောင်နေ၏။ ကြောင်အိမ်က ပိတ်လျက်သား၊ ဖွင့်ကြည့်လိုက်သောအခါ အိမ်ကြွက်တစ်ကောင်ကို ခေါင်းကနေ ကိုက်ဖြတ်ဝါးစားထားတာ တွေ့လိုက်ရ၏။

"ထွီ ... ကြောင်ပါ။ ဒီမိန်းကလည်း ကြွက်ခုတ်ပြီး ဒီထဲ လာစားသွားတာ၊ ဒီမှာကြွက်သေ အကြွင်းအကျန်ကြီး"

"ကြောင်က လူခြေသံပေးတတ်မလား၊ ပြီးတော့ ကြောင်အိမ်ကိုဖွင့်တတ်၊ ပိတ်တတ်ပါ့မလား"

"တချို့ကြောင်တွေ လုပ်တတ်တယ်၊ လာစမ်းပါဟာ .. အဲဒါတွေ အာရုံနောက်တယ်။ ထမင်းဆာပြီ ... ကိုယ်လက်သန့်စင်ပြီး ထမင်းစားကြမယ်"

မိစိုးညိုကတော့ ဟိုကြည့်ဒီကြည့် ကြောက်လိုက်ပါဘိတော့။ ဒီည ဘယ်လိုအိပ်ရမယ်မှန်းမသိ။ ကြောင်ဆိုတာကို လုံးဝမယုံ။ ကြွက်ကို ကိုက်ဝါးနေသံက ကြောင်မဖြစ်နိုင်၊ ဒါဆို ... ဘာလဲ ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

ညအိပ်ရာဝင်တော့ ညှားခါစလင်မယား ထုံးစံအတိုင်း ချစ်ရည်လူးကြ၏။ စိုးစိုးညိုက ကိုလင်းရဲ့ လက်မောင်းကို ခေါင်းအုံးလုပ်ကာ ကိုလင်းခန္ဓာကိုယ်ကို လက်ရော၊ ခြေထောက်နဲ့ပါ ဖက်ထား၏။

"အမလေး ..."

"ဘာဖြစ်တာလဲ ..."

"ခြေထောက်ကို ဆွဲဆိတ်တယ်၊ အီး ... နာလိုက်တာ"

"ဘယ်သူမှမရှိတာ၊ ငါလည်း မင်းနဲ့ အတူလဲနေတာပဲ"

"ရှင့်ရဲ့ ကုပ်ဝဲမက ဆိတ်တာနေမှာပေါ့"

"ကြွက်ကိုက်တာ ဖြစ်မှာပါကွာ၊ မင်းက ထမင်းစားတုန်းက ညစ်ပတ်တော့ ထဘီနဲ့ ဟင်းပေကျံတာတွေ သုတ်မိလို့ ဒါမှမဟုတ် မင်းရဲ့သလုံးသားမှာ ဟင်းပေကျံလို့ လိုက်တာနေမှာပါ"

"ဟာ ... လက်သည်းချွန်ကြီးနဲ့ ဆိတ်လိုက်သလိုပဲ"

"ကြွက်ကိုက်ရင်လည်း အဲ့လိုပဲဟာ၊ ဘာမဆို ကုပ်ဝဲမလုပ်တယ်ပဲ စွဲလမ်းနေရင် အစွဲအလမ်းကြောင့် တကယ်ဖြစ်လာတတ်တယ်။ ကဲ ... လာ ... လာ



www.burmeseclassic.com

www.burmeseclassic.com


လာ . . . ကိုလင်း ဖက်ထားမယ်''

စိုးစိုးညိုလည်း ယောကျ်ားကဆွဲပွေ့ဖက်ပြီး အိပ်လိုက်တော့ ရွှေသဘော တော်ကျပြီး ဘာမှမပြောတော့။ စိုးစိုးညိုရဲ့ တင်ပါးမှာ ဆစ်ခနဲ ဖြစ်သွားပြန်၏။ စိုးစိုးညို အသားအနာခံပြီး ဘာမှမဖြစ်ယောင်ဆောင်ကာ သတိထားပြီး စောင့် ကြည့်နေလိုက်၏။

ဆတ်ခနဲ ဆံပင်ကို ဆောင့်ဆွဲလိုက်သည်နှင့် လက်က ဖျတ်ခနဲ နောက် ဖက်ကိုပိတ်ရိုက်လိုက်၏။ လေထဲကိုသာ ရိုက်မိသွား၏။ ကိုလင်းက အလန့်တကြား ဖြင့် . . .

''ဘာဖြစ်ပြန်ပြီလဲ . . . မိန်းမ''

''အဟင့် ဟင့် . . . ခုနခါးကို ဆိတ်ဆွဲတယ်၊ ကျွန်မ အသာစောင့်ပြီး ဖမ်းတာ ဆံပင်ကိုလာဆောင့်ဆွဲလို့ ဖြတ်ရိုက်လိုက်တာ၊ ကြွက်က ဆံပင်တော့ မကိုက်နိုင်ပါဘူး''

''ပြောလို့ရမလား ဆံပင်မှာ ဟင်းပေကျံရင်လည်း ကိုက်တတ်တာပဲ။ မင်း ဒီဖက်ကို ပြောင်းအိပ်ပါလား''

''ဟင့်အင်း လှေကားထစ်ဖက်ကို ကျောပေးပြီး မအိပ်ချင်ဘူး။ လှေကား ပေါ်ကဆင်းပြီး လည်ပင်းတက်ညှစ်ရင် ဘယ်လိုလုပ်မလဲ။ ရှင်က ကျွန်မ နောက် ကျောဖက်ကို သေချာစောင့်ကြည့်ပါလား''

''အေး . . . ရှူး . . . ငါကြည့်နေမယ်၊ အသာငြိမ်နေ''

စိုးစိုးညိုလည်း အသာငြိမ်နေလိုက်၏။ ကိုလင်းလည်း မျက်လုံးကိုဖွင့်၊ နားကိုစွင့်ပြီး စိုးစိုးညိုရဲ့ နောက်ကျောကို သတိထားကြည့်နေ၏။

''ဘူ''

''ဟာ . . . ဒီမိန်းမ ညစ်စုတ်ပြန်ပြီ''

''ဩော် . . . လူပဲရှင့်၊ လေလည်ချင်ရင် လည်မှာပေါ့။ အောင့်ထားရင် ကျန်းမာရေး ထိခိုက်တယ်တော့်''

''ဟင်း . . . နံလိုက်တာ ဝမ်းပုပ်နံ့ကြီး . . .''

ကိုလင်း နှာခေါင်းပိတ်ပြီး ထသွားတာ၊ ပါးစပ်ကို ရေနှင့်ပလုတ်ကျင်းနေ လိုက်၏။


www.burmeseclassic.com

www.burmeseclassic.com


"အား ... အမလေး ... ယောက်ျားရေ"

"ဘာဖြစ်ပြန်ပြီလဲ ... ဒီမိန်းမ"

"ဆံပင်ကို ဆောင့်ဆွဲသွားတယ် နာလိုက်တာ"

"မင်းက သောက်ပြင်းကြီးပဲ၊ ဘုရားလည်း ရှိခိုးမအိပ်ဘူး၊ ထ ... ဘုရားရှိခိုးအိပ်"

စိုးစိုးညိုလည်း ကုပ်ဝဲမသရဲမကို မေတ္တာပို့ပြီး ဘုရားထရှိခိုးနေလိုက်၏။ လှေကားပေါ်ကို စိတ်ဆိုးဟန်ဆိုးနှင့် ဝုန်းဒိုင်းကျဲကာ တက်သွားသော အသံကြီးကို အံ့ဩထိတ်လန့်ဖွယ်ရာ ကြားလိုက်ရ၏။

"တွေ့လား ... ကြားလား၊ ရှင့်ဟာမပါ ဆိုနေမှ"

"နေဦး ... အပေါ်လိုက်တက်ပြီး တုတ်နဲ့လိုက်ရိုက်ပစ်ဦးမယ်။ တွေ့မယ် သောက်သရဲမ၊ အရင်က မကြမ်းပါဘူး။ အခုမှ သူက လာကြမ်းနေတယ်၊ စည်းတောင် မစောင့်ဘူး"

ကိုလင်း တုတ်ကိုင်ပြီး အိမ်ပေါ်တက်သွား၏။ ခြေသံကြား၍ အခန်းထောင့်ကွယ်နားကပ်သွားပြီး အနားရောက်လာတာကို ဖြတ်ရိုက်မယ်လုပ်လိုက်တော့..

"ညောင် ..."

"ဟင် ... ကြောင်စုတ် ကြောင်နာ၊ ကြောင်နက်မ ဘယ်ကနေ ဘယ်လိုရောက်လာပြီး အိမ်ထဲမှာ သောင်းကျန်းနေတာလဲမသိဘူး။ ငါရိုက်သတ်လိုက်ရ"

ကြောင်နက်မက ကိုလင်းရဲ့ ခြေထောက်ကြားထဲ ခေါင်းတိုးဝှေ့လိုက်၊ အမြီးလှုပ်ယမ်းလိုက်၊ ပွတ်သပ်လိုက်လုပ်နေ၏။

"သွား ... ခုန လှေကားပေါ်တက်သွားတာ နင်မဟုတ်လား။ ကြွက်မခုတ်ဘဲ သူကပါ ရောလုန့်နေတယ် ... သွား ... ကြွက်သွားခုတ်"

ကိုလင်း အောက်ပြန်ဆင်းလာတော့ မျက်စိသူငယ်၊ နားသူငယ်နှင့် ချောင်ကပ်နေသော စိုးစိုးညိုကို ...

"ကြောင်ဟော့ ... ကြောင် ... ကုပ်ဝဲမ မဟုတ်ဘူး။ မကြောက်နဲ့တော့ အိပ်ကြမယ်၊ ဓီလင်တောင် ပျက်တယ်"

ကိုလင်းတို့လင်မယား ပြန်လှဲအိပ်လိုက်ကြ၏။ အိပ်ပျော်သွားသည်အထိ ဘာအနှောင့်အယှက်မှ မပြုလုပ်တော့။ ထိုစဉ်မှာပင် အိမ်ပေါ်က ဆင်းလာသံကို


www.burmeseclassic.com

www.burmeseclassic.com


ကြား၍ ကိုလင်း လှမ်းကြည့်လိုက်၏။ ရှိန်းဖိန်းလန့်တုန်သွား၏။ ဆင်းလာသူက ကုပ်ဝဲမဖြစ်နေ၏။ စိုးစိုးညိုတွေ့လျှင် အလန့်လွန်ပြီး လိပ်ပြာလွင့်သွားနိုင်၏။ တော်ပါသေးရဲ့ … စိုးစိုးညို အိပ်ပျော်နေလို့။ ကုပ်ဝဲမကဆင်းပြီး လျှောက်လာ၏။ အိပ်တဲ့အနားအရောက်မှာ ရပ်တန့်လိုက်ပြီး ကိုလင်းကို စူးစူးစိုက်စိုက်ကြည့်နေ၏။ ကုပ်ဝဲမရဲ့မျက်နှာမှာ ကြေကွဲနာကျင်မှုတွေ အတိုင်းသား ပေါ်နေ၏။

"နင် … နင် လိုက်လုပ်နေတာမဟုတ်လား ကုပ်ဝဲမ"

ခေါင်းညိတ်ပြ၏။ ကိုလင်းက …

"ဘာလို့ လိုက်လုပ်ရတာလဲ၊ သူက ငါ့မိန်းမဖြစ်နေပြီ"

ကုပ်ဝဲမ မျက်နှာညှိုးနေရာကနေ ဒေါသထွက်ပုံပြောင်းသွားပြန်၏။ စိုးစိုးညိုကို စေ့စေ့ကြည့်လိုက်ပြီး အံကြိတ်နေ၏။

"နင် … သူ့ကို ဘာမှမလုပ်ရဘူး။ လုပ်ရင် နင့်ကို ဒီမှာမထားတော့ဘူး။ နင့်ကို ငါ နှင်ထုတ်နိုင်တယ်နော်၊ သနားလို့ခေါ်ထားတာ၊ သနားသလိုနေ၊ ပြောစမ်း … နင် သူ့ကို နှောင့်ယှက်ဦးမှာလား၊ ဟေ့ … ငါမေးနေတယ် … ပြောလေ"

ကုပ်ဝဲမက အစိမ်းသေဖြစ်ခဲ့ပုံရ၏။ အစိမ်းသေဘဝက သေခါစပုံစံလေးနှင့်ပင်။ မျက်နှာက ဒေါသထွက်နေရာက ပြန်တည်သွားပြန်၏။ ကိုလင်း မေးနေတာကို မသိကျိုးကျွံပြုပြီး လှည့်ထွက်သွား၏။ အိမ်ပေါ်ပြန်မတက်၊ မီးဖိုခန်းဖက် ဝင်သွား၏။

"ကုပ်ဝဲမ … ဟေ့ … ကုပ်ဝဲမ"

ကိုလင်း အော်ခေါ်ရင်း လန့်နိုးသွား၏။ အိပ်မက် မက်နေမှန်း သိလိုက်ရ၏။ အနားမှာအိပ်နေသော စိုးစိုးညိုကို ကြည့်လိုက်၏။ လန့်အော်မိမတတ်ဖြစ်သွား၏။ စိုးစိုးညို အိပ်ရာပေါ်မှာ မရှိတော့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

မီးဖိုခန်းထဲက လှုပ်ရှားသံတွေ ကြားနေရ၏။ ကိုလင်း အိပ်ရာထဲက လူးလဲထလိုက်၏။

"စိုးညို ... စိုးညို ... မိစိုးညိုရေ"

"ဝူး"

မီးဖိုခန်းထဲက ပြန်ထူးသံကြားလိုက်ရ၏။ ကိုလင်း အံ့သြသွား၏။

အိပ်မက်ထဲမှာလား။ လန့်နိုးနေပါပြီ။

ကိုယ့်အသားကိုယ် ဆွဲဆိတ်ကြည့်တော့လည်း နာ၏။ မီးဖိုခန်းဆီလျှောက်သွား၏။

ဘွားခနဲထွက်လာသော လူရိပ်ကြောင့် ကိုလင်း လန့်တုန်သွား၏။ ရုတ်တရက်မို့ ကြောက်သွား၏။ စိုးစိုးညို ဖြစ်နေ၏။

"စိုးညို ..."

"ဘာ ... လဲ"

မျက်ထောင့်နီကြီးနှင့် ခါးထောက်ကြည့်နေ၏။ ကိုလင်းက ...

"နင် ... ဘယ် ... ဘယ်ထသွားတာလဲ"

"မမြင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com


"နင် ... နင် ... ကုပ် ... ကုပ်ဝဲမကို တွေ့လိုက်သေးလား"

"တွေ့သားပဲ"

"ဟင် ... နင် ... နင် ... မကြောက်ဘူးလား"

"ကြောက်ပါဘူး ... ယောကျ်ား ... လာ"

ကိုလင်းကို စိုးညိုဆွဲခေါ်သွား၏။ အိပ်ရာပေါ် ရောက်သောအခါ ကိုလင်းကို အတင်းဆွဲလှဲ၏။ ကိုလင်းက ...

"ဟ ... ဟ ... နေပါဦး၊ ငါ အပေါ့အပါး သွားပါရစေဦး။ ဟဲ့ ... ပြောနေတယ်လေ ... ဟောဗျာ ... ဟာ"

စိုးစိုးညိုက အလွတ်မပေး။ ကိုလင်းခမျာ ... ဟောဗျာ ... ဟောဗျာနဲ့ စိုးစိုးညိုရဲ့ အယုအယတောမှာ ဘာညာသာရကာတွေ ဖြစ်ကုန်၏။ စိုးစိုးညိုမှ ဟုတ်ပါလေစ။ ကုပ်ဝဲမနှင့် ကြုံဆုံခဲ့တုန်းက အဖြစ်သနစ်တွေကို သတိရပြီး ကြက်သီးဖုကြီးတွေ သီးထကုန်၏။

✿ ✿ ✿

[၅]

❑

ကိုလင်းခမျာ မျော့မျော့ပဲ ကျန်တော့၏။ စိုးစိုးညိုက တစ်ညလုံးမအိပ်၊ ကိုလင်းကို အမျိုးမျိုးကလိနေ၏။ မနက်သုံးနာရီ ခွဲနေပြီ။

"မနက် ဆိုင်ထွက်ရဦးမယ်လေ"

"မထွက်နဲ့ ... သိပ်ချစ်တယ်ဆို"

"ချစ်တာတွေလည်း တော်ရောပေါ့"

"ယောကျ်ားနော် ... ဟွန့်"

"ဟောဗျာ ... ဟောဗျာ ... သူ သိပ်ကဲတာပဲ"

စိုးစိုးညိုနှင့် နှစ်ပါးသွားလည်း အပြိုင်မကနိုင်။ လေးနာရီ တုံးမောင်း


www.burmeseclassic.com

www.burmeseclassic.com



ခေါက်သံကြားမှ စိုးစိုးညိုလည်း ဖလက်ပြသွားတော့၏။ မနက်ကျတော့ (၇)နာရီခွဲနေတာတောင် မနိုးကြ၊ စိုးစိုးညိုက လန့်နိုးပြီး ...

"ယောကျ်ား ‥ ယောကျ်ား ‥ ကိုလင်း၊ ထ ‥ ထတော့လေ၊ ကားဂိတ်မှာ လူစည်နေပြီ၊ ဆိုင်ထွက်ရဦးမယ်"

"ငါ ငါ မထနိုင်တော့ဘူး၊ မင်းက တစ်ညလုံး ငါ့ကိုကလိနေတာကိုး"

"ဘာတော့ ... ကျုပ်ဘာသာ အိပ်နေတာ၊ ဘာကိစ္စ တော့်ကို ကလိထိုးရမှာလဲ၊ ကလေးမဟုတ် သူငယ်မဟုတ်နဲ့"

"မင်း ... ဟိုဒင်းပြုတာကို ပြောနေတာဟ"

"တော် ... မဟုတ်မဟပ်တွေ မပြောနဲ့နော်၊ ကျုပ် အိပ်ပျော်သွားတာတစ်ချိုးတည်းပဲ"

"ဘာတစ်ချိုးတည်းလဲ၊ မီးဖိုခန်းဘက် ထသွားသေးတယ်"

"ကြံကြီးစည်ရာ ကျုပ်က မီးဖိုခန်းထဲ ဘာသွားလုပ်ရမှာလဲ"

"ဟာ ... ညက မင်းနဲ့ငါလေ"

ကိုလင်းက စိုးစိုးညိုရဲ့ နားအပါးကပ်ပြီး ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်၏။ စိုးစိုးညိုလည်း အံ့သြတုန်လှုပ်သွားပြီး သူ့မဘာသာ စဉ်းစားစစ်ဆေးကြည့်ကာ ...

"ဟော့တော် ... အဲ့ ... အဲဒါ ... ကျုပ် မဟုတ်ဘူး။ ကျုပ် လုံးဝမဟုတ်ဘူး၊ ဒါ ... သက်သက်မဲ့ ဟိုဟာမ ... ကုပ်ဝဲမ၊ နှစ်ပေါက်တစ်ပေါက်ရိုက်ပြီး လုပ်စားသွားတာ။ ဒီကောင်မ ... ကျုပ် ဘုန်းကံနိမ့်တုန်း ဝင်သွားတာ၊ သရဲကျလည်းမ ... ဒီလောက်တောင် အတင့်ရဲလာပြီ။ နောက်ဆို မလွယ်ဘူး၊ တွေ့မယ် ... ဒင်းတော့လား"

စိုးစိုးညို ဝုန်းဒိုင်းကျဲကာ သောင်းကျန်းအော်ဟစ် ဆဲဆိုပစ်၏။ ကိုလင်းကတော့ မထနိုင်ရှာ။ စိုးစိုးညိုဘာသာ ဆိုင်ဖွင့်ခင်းပြီး ရောင်းချရ၏။ စိုးစိုးညိုနေ့တစ်ဝက်သာ ရောင်းချနိုင်၏။ နေ့ခင်းမှာ ဆိုင်သိမ်းပြီး အထက်ဆရာကြီးရှိရာသွားပြီး ဆွေးနွေးတိုင်ပင်လေသည်။ အထက်ဆရာကြီးက နည်းလမ်းတွေ ပေးလိုက်၏။ လိုအပ်တာတွေလည်း ပေးလိုက်၏။

စိုးစိုးညို လိုအပ်တာတွေယူပြီး ပြန်ရောက်လာ၏။ နေ့လယ်နှစ်နာရီထိုးမှ မျက်တွင်းလေးဟောက်ပက်နှင့် ကိုးလင်း ထလာနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com


"မင်း ... ဘယ်သွားပြီး ဘာတွေလုပ်လာတာလဲ"

"ကုပ်ဝဲမကို လုပ်ဖြုပြမလို့"

ကိုလင်းလည်း တားမနေတော့၊ စိုးစိုးညိုတစ်ယောက် အိမ်ပေါ် အိမ်အောက်မှာ ဆရာကြီးပေးလိုက်တာတွေ လိုက်ပက်နေ၏။ ဆန်မန်းပေါက်ပေါက်တွေ နေရာအနှံ့ ကျဲပက်၏။ အပ်ချည်ကြိုးတွေလည်း လိုက်တားပြန်၏။ ညရောက်တော့မှ ဘုရားစင်လေးရှေ့နားမှာ ခုံလေးခင်းပြီး အင်းချထားသော စက္ကူပတ်ထားသည့် ဖယောင်းတိုင်ကို ထွန်းတော့၏။ သူ့လက်ထဲမှာလည်း ညှစ်လိုက်လျှင် အရည်ပန်းထွက်သော ဘူးတစ်ဘူး၊ ဓာတ်မီး၊ တုတ်တွေ ချထား၏။

"ဒီညှစ်ဘူးထဲက ဘာတွေလဲ"

"ရှာလကာရည်တွေ၊ သရဲတစ္ဆေ သိပ်ကြောက်တာ၊ သူတို့မှာ နာမ်ခန္ဓာပဲ ရှိတယ်။ ရှာလကာရည်နဲ့ထိရင် လောင်စားကုန်ရော။ လော်ပန်းအိုးထဲကို နန္ဒင်းမှုိင်းတိုက်လည်း ရသေးတယ်။ ရှင်က အသက်ရှူကျပ်တဲ့ ရောဂါရှိလို့ အဲ့ဒီနည်း မသုံးတော့တာ။ ငါ့လင်ကိုတောင် ကြောင်တောင်နှိုက်သွားတဲ့ကောင်မ သောက်သရဲမ တွေ့မယ်"

ည (၈) နာရီကျော်လောက်မှာ အိမ်ပေါ်ထပ်မှာ ဝုန်းဒိုင်းကျဲကုန်၏။ တွေ့ရာပစ္စည်းတွေ လွင့်ပစ်ပေါက်ခွဲနှင့် ပြောင်းဆန်ကုန်၏။ ကိုလင်းပင် လန့်သွား၏။ ယခင်က ဒီလောက်မကြမ်း၊ သရဲအဆင့်ပင်မက ထိတွေ့ကိုင်တွယ် လှုပ်ရှားနိုင်သော တစ္ဆေမအဆင့်လောက် ရောက်နေနိုင်၏။ စိုးစိုးညိုက ရှာလကာရည် ညှစ်ဘူးကို ကိုင်ပြီး ...

"အောက်ဆင်းလာအောင် စောင့်မနေနိုင်ဘူး၊ အိမ်ပေါ်ထိ တက်ပြီး ဒါနဲ့ ပက်ပစ်မယ်၊ ထွန့်ထွန့်လူးမှာ မြင်ယောင်သေး၊ လာ .. ရှင်လိုက်ခဲ့ သွားမယ်"

"ဟာ ... စွတ်လုပ်မနေစမ်းပါနဲ့ ... စိုးညိုရယ်"

မ,စိတ်မွှန်တဲ့ယောကျ်ားထက် ကျားစိတ်မွှန်တဲ့ မိန်းမက ပိုဆိုးနေသလားမသိ။ ရဲရဲတောက်သတ္တိနဲ့ အပြတ်သွားရှင်းဖို့ ကိုလင်းကို အဖော်ခေါ်နေ၏။ ခုလည်းကြည့် ... ကိုလင်းကို ဘုကြည့်ကြည့်လိုက်ပြီး ...

"ဘာလဲ ... ရှင့်မယားငယ်မကိုထိလို့ ရှင် နာနေတာလား။ မရဘူး .. လိုက်ခဲ့၊ ရှင့်ရှေ့မှာ မယားငယ်မ သေစေရမယ်"


www.burmeseclassic.com

www.burmeseclassic.com



"သေလို့ သရဲတစ္ဆေဖြစ်နေပါတယ်ဆိုမှ အမှန်ဆို သူက မယားငယ် မဟုတ်ဘူး၊ မယားကြီးကွ။ မင်းက နောက်မှရောက်လာတာ၊ မင်းက မယားငယ် ဖြစ်မှာပေါ့"

ကိုလင်းလည်း စနောက်ချင်တာနဲ့ အရွဲ့တိုက်ပြောလိုက်၏။ စိုးစိုးညိုက ဧရုပ်ရည်ဘူးနှင့် ကိုလင်းအီးကုန်းကို ပိတ်ထုပစ်ရင်း ရာထူးခွဲပေးနေသေးတယ်။ သရဲမလည်း မရှောင်တဲ့လူပါလား၊ သရဲတစ္ဆေပဲသတ်ရင် သေတာပဲ။ ရှင်မလိုက် ရင် ရှင့်ကို အရင်သတ်ပစ်မယ်၊ သွား ... ရှေ့ကတက်"

"ငါ ရှေ့က အပေါ်တက်လို့ ကုပ်ဝဲမကိုတွေ့ရင် ငါ ဘာလုပ်ရမှာလဲ။ သူက အရမ်းဒေါသကြီးနေပြီ။ ကုပ်ချိုးသတ်ရင် ဘယ်လိုလုပ်မလဲ။ လှည့်ပြီး ကြောက်လို့ငါထွက်ပြေးရင် နောက်က လှမ်းနှိုက်ပြီး အူတွေဆွဲ ထုတ်စားရင် ဘယ့် နှယ့်မလဲ၊ ငါ ကြောက်တယ်ဟ"

"ရှင့်နောက်မှာ ကျုပ်ရှိတယ်၊ ကျုပ် ဆော်မယ်၊ သွားရှေ့က တက်ဆို တက်၊ လှည့်မကြည့်နဲ့ တက်"

ကိုလင်းလည်း ကြောက်ကြောက်နှင့် အပေါ်တက်ဖို့ လှေကားထစ်ကို နင်းလိုက်၏။ အပေါ်ကနေ ဝုန်းခနဲခုန်ချလိုက်တာ ရိပ်ခနဲတွေ့လိုက်ရ၏။ ကိုလင်း တို့ ခေါင်းပေါ်က ပျံကျော်ပြီး အောက်ကျသွား၏။ နှစ်ယောက်သား လန့်ပြူးထိတ် ပြီး ကြည့်လိုက်သောအခါ ကြောင်နက်မကြီးဖြစ်နေ၏။ ကြောင်နက်မက ကြောင် ကျကျရာက မျက်လုံးစိမ်းဖန့်ဖန့်ကြီးနှင့် စိုးစိုးညိုကို ပြန်မော့ကြည့်နေ၏။

"ကဲဟာ ... ကဲဟယ်"

စိုးစိုးညိုက ရှာလကာရည်ညှစ်ဆေးဘူးကို ညှစ်ပက်လိုက်၏။ ကြောင် နက်ကြီးခမျာ ရှာလကာရည်အိတ်နှင့် ခုန်ပေါက်တွန့်လိမ် ...

"ခွီး ... ဂီး ... ဖွီး ... ခွီး ..."

အိမ်နောက်ဖေးဖက်ကို သွေးရူးသွေးတန်း ကွယ်ပြေးသွား၏။ ကိုလင်း က ...

"အဲဒါ ..."

"ကြောင်လေ ... အပေါ်မှာ ကုပ်ဝဲမရှိသေးတယ်။ ဆက်တက်ကြည့် ပြီး လိုက်ရှာရှင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com


အပေါ်ထပ်ကို လိုက်ရှာကြည့်၏။ စိုးစိုးညိုက ရှာလကာရည်ဖြင့် နေရာအနှံ့လိုက်ညှစ်ပတ်ပစ်၏။

"ဘယ်ရောက်သွားပြီလဲ၊ အသံလည်း တိတ်သွားတယ်။ ငါ့အထင် ခုနကြောင်နက်ယောင်ဆောင်ထားတာ သူပဲဖြစ်လိမ့်မယ်"

"ကြောင်နက်ဟုတ်ချင်မှ ဟုတ်မှာ၊ ကျုပ်ရောက်စကတည်းက အဲဒီကြောင်ကို တွေ့နေရတာ။ မျက်နှာကြက်မှာ တက်ပုန်းခိုချင် ခိုနေမှာ၊ လှေကားထောင်ပြီး အပေါ်ကို ရှင် လိုက်ပတ်စမ်း၊ နေရာလပ် မရှိစေနဲ့နော်"

"ဟာကွာ . . . မျက်နှာကြက်တွေက ဆွေးနေပြီ၊ ပြုတ်ကျမှာပေါ့၊ ခုနကြောင်ကို ဝင်စီးပြီးပါသွားတာ ဖြစ်မယ်"

စိုးစိုးညိုက သူ့မဘာသာ လှေကားထောင်ပြီး မျက်နှာကြက်တွေ အပေါ်တက်ပတ်၏။ ကျားစိတ်မွှန်တဲ့ မိန်းမ။

အာဂမိန်းမ၊ ပြုတ်ကျမှာလည်းမကြောက်၊ ကုပ်ဝဲမက လည်ကုပ်စိမ်းချိုး၊ လိပ်ပြာနုတ်လိုက်မှာလည်း မကြောက်။ ပြန်ဆင်းလာတော့ ပင့်ကူမျှင်တွေရစ်ပတ်ဖုံးပြီး သရဲမပုံစံပေါက်နေ၏။ အပေါ်ထပ်ကနေ အောက်ထပ်ကို ပြန်ဆင်းတဲ့အထိ ပင့်ကူမျှင်တွေကို မနည်းဖယ်ရှားပစ်ကြရ၏။ အောက်ထပ်မှာ ရှာလကာရည်ပုလင်းကိုယူပြီး နေရာအနှံ့ လိုက်ပတ်ပြန်၏။ မနက် (၂)နာရီထိုးတော့ ကြွက်သံမျှပင် မကြားရလောက်အောင် ငြိမ်သက်သွား၏။

"မှတ်ထား . . . လူကြမ်းရင် နတ်ကြမ်းတောင် မခံနိုင်ဘူး။ ဒင်းတို့လောက်ကတော့ စာတောင်မဖွဲ့ဘူး။ လင်ခိုးမ သရဲခြောက်လေ . . . ခြောက်ရဲရင် ခြောက်ကြည့်လိုက်စမ်း"

"ခွီး . . . ခီး . . . ဂရီး ဂါး"

"အောင်မလေး . . . ကိုလင်းရဲ့"

ကြောင်မာန်ဖီအော်သံကြောင့် စိုးစိုးညို ကိုလင်းပေါ်ကို ခွေ့ခနဲ ခုန်တက်မိသွား၏။ ကိုလင်းက . . . အိမ်ပြင်ဖက်ကပါကွ၊ အိမ်ထဲမှာ မနေရဲတော့ဘူး။ မင်းကို တော်တော်ကြောက်သွားရှာပါပြီ၊ မင်းလည်း ကြောက်နေတာတွေ လျှော့လိုက်တော့ . . . လျှော့ . . . လျှော့ . . . လျှော့"

ဒီတော့မှ စိုးစိုးညိုလည်း အကြောက်ပြေပြီး ကိုလင်းကို မျက်စောင်းပိတ်ထိုး၏။ စိုးစိုးညို အသာပြန်ချပေးလိုက်သည်နှင့် စိုးစိုးညိုက ကိုလင်းလက်ကို


www.burmeseclassic.com

www.burmeseclassic.com



ဆွဲခေါ်သွား၏။ အိပ်ရာပေါ်မှာ မောသမျှနားပြီးစောင့်ကြည့် နားစွင့်ကြသေး၏။ မိုးလင်းတဲ့အထိ ငြိမ်သက်အေးဆေး။ နောက်ည နောက်ညတွေမှာလည်း အားလုံး အေးဆေးသွားကြလေသည်။

ခြောက်လလောက် ကြာသောအခါ စိုးစိုးညို ဖွဲ့ဖောက်သလို ကိုလင်းကို ဝင်ပလူးပြန်၏။ ကိုလင်းက စိုးစိုးညိုဟု ခေါ်သော်လည်း တစ်ခွန်းမှပြန်မထူး။ ဟို တစ်ခါညတုန်းကလို ကိုလင်းလည်း မျှော့မျှော့ကျန်တော့၏။ စိုးစိုးညိုက နိုးလာ တော့ ဘာမှမသိသည့်ပုံစံ။ ကိုလင်းလည်း ပြောပြမနေတော့၊ ပြောပြလျှင် ပတ် ကြမ်းတိုက်ဦးမည်။ အဲဒီလိုညမျိုး ထောင်သောင်းမက တွေ့ပါရစေလို့သာ ကိုလင်း တီးတိုးရေရွတ်ကာ သီချင်းအလိုက်လေး ညည်းဆိုနေမိပါလေတော့သတည်း။

ညွှိမိသ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

[ ၁ ]

❑

နှင်းတို့၏ စိုစွတ်မှုကြောင့် မြက်ပင်ကလေးများ၏ အစိမ်းရောင်က ပို၍ တောက်ပနေသည်။ နှင်းစက်နှင်းပေါက်တို့က ဖြိုးဖြိုးဖျောက်ဖျောက် ကျရောက် နေသည်။ ခနီမိုးအိမ်ဆိုပါလျှင် ခနီရွက်တို့တွင် နှင်းရည်တို့က တွဲလွဲခိုသီနေ ကြမည်။ သွပ်မိုးအိမ်ခေါင်မှာတော့ နှင်းရည်တို့က အတွယ်အတာမဲ့စွာ စီးဆင်း နေမည်ပင်။ သစ်ပင်သစ်ရွက်၊ ပန်းပွင့်တို့ကတော့ နှင်းရဲ့ အနမ်းကြောင့် ရုက်စိုး နှင့် ယိမ်းထိုးလို့နေကြသည်။ လယ်ကွင်းပြင်ထဲမှ စပါးရိတ်သိမ်းပြီး ကျန်ခဲ့သော ရိုးပြတ်တို့တွင်လည်း နှင်းရည်တို့က သီးခိုနေကြသည်။

လယ်ကွင်းတို့ကဖြတ်၍ ဖောက်လုပ်ထားသော ပေငါးဆယ်မပြည့်သော ကတ္တရာခင်းလမ်း၏ တစ်ဖက်တစ်ချက်တွင် စိုက်ပျိုးခဲ့၍ ပေါက်ရောက်နေသော ထန်းပင်ပုစိစိ ညီညီကလေးတို့က မြို့အလွန်ရွာထဲကို မရောက်ခင်ကြားမှာ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com


ခြင်းဖြစ်၏။ ယခင်က ထိုနေရာလေး၏ လယ်ကွင်းစပ်တွင် လယ်သမားမိသားစု ရှိခဲ့သည်။ ထို့ကြောင့်လည်း လယ်ကန်သင်းရိုးကို ဖြတ်ဖောက်၍ ဖို့ထားသော မြေဖို့ ရွာအဝင်လမ်းဘေးတစ်လျှောက်တွင် ထန်းပင်ကလေးများကို စိုက်ခြင်းဖြစ်သည်။ ယခုတော့ ထန်းပင်ကလေးများက အပင်များကြီး၍ ထန်းရည်ပင်ခံလို့ ရနေပြီဖြစ်သည်။

လယ်တဲတွင် ထိုမိသားစုများ မရှိတော့သလို မြေဖို့တာလမ်းကလေးကလည်း ကတ္တရာခင်းလမ်းဖြစ်၍ ကား၊ ဆိုင်ကယ်၊ ဆိုက္ကားများသွားလာနေပြီး လယ်တဲကလေး၏ နေရာနှင့်လယ်ကွင်းတချို့က သုသာန်မြေဖြစ်သွားသည်။ ရွာကိုအစွဲပြု၍ သပြေကုန်း သုသာန်ဟုခေါ်ကြသည်။

ရွာက တောခြေအုပ်အုပ်၊ တောင်ရိပ်မြင့်မြင့်မားမားနှင့် အသွားအလာခက်ခဲသော မြို့ကြီးပြကြီးနှင့် ဝေးလံလွန်းသည့် အရပ်မဟုတ်ပါ။ မြို့နီးရွာစည်သော နေရာဖြစ်ပြီး ရွာ၏အဓိကလုပ်ငန်းကလည်း လက်သမားအလုပ်ဖြစ်သည့် စားပွဲ၊ ကုလားထိုင်၊ ဘီဒိုနှင့် ကြိမ်ထိုးအလုပ်ကို လုပ်ကြသည်။ လယ်ယာလုပ်သူများလည်း ရှိသည်။ ဒါပေမဲ့ ရွာပဲဖြစ်နေသည်။

ရန်ကုန်မြို့သွားလျှင် ဒလမြို့မှ ဖြတ်သွားရသည်။ နှစ်မိုင်နီးပါးကွာသည့် ဒလနှင့် သပြေကုန်းရွာက အဆက်အစပ်ရှိသည်။ ဒီတော့ ဒလသားခိုင်ဝင်းမောင်နှင့် သပြေကုန်းရွာသား မြင့်သော်နှင့်က သူငယ်ချင်းများဖြစ်ရသည်မှာ ကျောင်းနေစဉ်ကပင်ဖြစ်သည်။ သပြေကုန်းရွာတွင် မူလတန်းကျောင်းပဲရှိပြီး အထက်တန်းကျောင်းကမရှိပေ။ ဒလတွင်ရှိသော အတန်းကျောင်းကို သပြေကုန်းရွာ၊ ညောင်ငုတ်တိုရွာနှင့် အနီးဝန်းကျင်ရွာများမှ မူလတန်းအောင်သူ ကျောင်းသားကျောင်းသူတချို့က ဒလတွင်ရှိသည်။ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများကို လာရောက်၍ ကျောင်းတက်ကြရသည်။

သပြေကုန်းရွာမှ မြင့်သော်၊ စန်းရွှေမ၊ သန်းသန်းဌေးနှင့် ညောင်ငုတ်တိုရွာမှ ကျောင်းသားကျောင်းသူ လေးယောက်၊ ငါးယောက်ပဲ ကျောင်းတက်ကြသည်။ ထိုအချိန်က နွေနှင့်ဆောင်းရာသီပဲ သွားလို့လာလို့ ကောင်းသည်။ မိုးတွင်းကာလတွင် သွားမှုလာမှု ဆိုးဝါးသည်။


www.burmeseclassic.com

www.burmeseclassic.com



ညောင်ငုတ်တိုရွာမှ ကျောင်းတက်ကြသော အေးကျော်နှင့် လှမင်းတို့က ရွာကျင့်မပျောက်ဘဲ ကျောင်းတက်သည်ပင် လွယ်အိတ်ထဲတွင် လေးခွနှင့် လောက်စလုံးကပါသည်။ ကျောင်းမုန့်စားလွှတ်လျှင် ကျောင်းနှင့်နီးသော ဒလသုသာန်ထဲတွင် ငှက်ပစ်ကြသည်။ ခိုင်ဝင်းမောင်နှင့် မြင့်သော်တို့က စာဂျပိုးများ ဖြစ်သည်။ မကြည်လှိုင်နှင့် ခင်မလေးတို့နှစ်ယောက်က ညောင်ငုတ်တို ရွာသူချင်းဖြစ်ပြီး ညီအစ်မလိုလည်း ခင်မင်ကြသဖြင့် တပူးတွဲတွဲရှိသလို သပြေကုန်းရွာသူ စန်းရွှေမနှင့် သန်းသန်းဌေးတို့ကလည်း မခွဲမခွာဘဲရှိကြသည်။ ရွာနီးချင်းဖြစ်ပြီး တစ်ကျောင်းထဲတွင် ပညာသင်ကြားနေကြသူချင်းဖြစ်၍ သန်းသန်းဌေးနှင့် စန်းရွှေမ၊ ခင်မလေးနှင့် မကြည်လှိုင်တို့ကလည်း သူငယ်ချင်းများဖြစ်သွားကြသည်။

လှမင်းနှင့် အေးကျော်ကတော့ ကျောင်းသားဆိုပေမဲ့ ကျောင်းပြေး၊ ငှက်ပစ်၊ ရေကူး၊ ဘောလုံးကန်၊ ငါးဖမ်းခြင်းတို့ကို နှစ်ယောက်ပေါင်း၍ မပျက်မယွင်းလုပ်ကြသည်။ ဒီလိုနှင့်ပင် ငယ်ဘဝတွေကျန်ခဲ့ပြီး အလှကိုယ်စီနှင့် သန်းသန်းဌေးက ဆယ်တန်းအောင်ပြီး စန်းရွှေမက ဌာနတစ်ခုမှာ စာရေးဝန်ထမ်းအဖြစ်နှင့် လုပ်ကိုင်ပြီး မြင့်သော်ကလည်း အလုပ်ဝင်လိုက်သည်။ ခိုင်ဝင်းမောင်တစ်ယောက်သာ တက္ကသိုလ်ကိုဆက်၍ တက်နေသည်။ ဆယ်တန်းမအောင်သော လှမင်းနှင့် အေးကျော်က ရွာမှာပင်လယ်လုပ်၍ သောက်သောက်စားစားနှင့် ရွာထုံးဓလေ့ရပ်ထုံးစံကို မပျောက်ပျက်ရအောင်ဆက်၍ ထိမ်းသိမ်းနေကြသည်။

ညောင်ငုတ်တိုရွာမှာက မကြည်လှိုင်ကို အလှဆုံးလို့ သတ်မှတ်ကြသလို သပြေကုန်းရွာတွင်လည်း သန်းသန်းဌေးကို အလှဆုံးဟုပြောကြသည်။ မြို့ကြီးနှင့် နီးပေမဲ့ လယ်ကွင်းရိုးပြတ်တောအလှက အတုအယောင်ချယ်သပုံ့ပိုးမှုမပါဘဲ လှကြသည့်အလှမျိုးက သဘာဝအလှ ပင်ကိုယ်ပေါ်လွင်မှုနှင့် အသွင်စရိုက် မဆန်ပြားတော့။ အနီးဝန်းကျင်ရွာများဖြစ်သည့် ရဲချောင်း၊ တံတားချောင်း၊ ကြာနီကန်၊ ကြာဖြူကန်ရွာများမှပါ လူပျိုလူရွယ်တို့ ပါးစပ်ဖျားတွင် ပြောမကုန်အောင် ဖြစ်ရသည်။ ဒါကို ငယ်ပေါင်းကျောင်းနေဖက်ဖြစ်ကြသည့် အေးကျော်နှင့် လှမင်းတို့က



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်နွှားဇော့ ကန့်သင်းရိုးခြေချော်ကျသလို ခံစားကြရသည်။

"ဟော့ကောင် ... လှမင်း၊ မင်းနဲ့ငါက တော်းတွေဖြစ်မှန်း မသိဖြစ်နေပြီ ..."

"ဟ ... အေးကျော်၊ ငါတို့က ဘာကိုတုံးတာလဲ၊ ငါတို့လို ရှစ်စပ်ကလည်၊ ဂျင်ပေါ်ကတုံးတွေကို ဘယ်သူကပြောလဲဟင်"

"ဖွတ် ... ဘာထုံးလဲ၊ ဘာရှစ်စပ်လဲ၊ ကြည်လှိုင်လေကွာ လာလိုက်တဲ့ဟိုရွာ ဒီရွာက ကောင်တွေ။ ပြီးတော့လည်း ဒလသားခိုင်ဝင်းမောင်ကလည်း တက္ကသိုလ်ကျောင်းသားဆိုပြီး ကြည်လှိုင်တို့အိမ်ကို လာလာနေတာကောကွာ"

"အေးလေ ... ကျောင်းမှာထဲက တတွဲတွဲဟာ"

လှမင်းက အမြင်နှင့် အရှိကို ပြောလိုက်ပေမဲ့ အေးကျော်၏အတွေး၊ အေးကျော်၏ ဆိုလိုချက်က သည်သို့မဟုတ် ရင်ဘတ်ကိုရိုက်ပုတ်ခြင်းပင်။ လှမင်းက သိပေမဲ့ ရင်မဖွင့်ဘဲ စကားလွှဲခြင်းပင်။ ဒါကို အေးကျော်က လှမင်းကို။

"မင်းခံ ... ကြည်လှိုင်က ဘယ်သူ့အတွက်လဲ"

"သူကြိုက်လူအတွက်ပဲ"

"ဟာ ... မင်း ငါ့ကို ဝှတိုက်ပြောတာ။ ငါတို့အတွက်ကွ ... ငါတို့အတွက် ..."

"ဟေ ..."

လှမင်း၏ ဟေဆိုသည့် နောက်ပိုင်းပြောစကားများက အေးကျော်ပြော၍သာ လှမင်းက နားထောင်လိုက်ရသည်။ ဖြစ်နိုင်ချေ ရှိ၏၊ မရှိ၏ကို မတွေးမိဘဲ မစားရဝခမန်း ခေါင်းတညိတ်ညိတ်နှင့် ကျိတ်ပြုံးပြုံး၍ မြွေမြွေချင်း တစ်ကွက်ချန်လိုက်သည်ကိုဖြင့် အေးကျော်မသိရိုးအမှန်ပါ။

မကြည်လှိုင်၏ အဖေနှင့်အမေက ခိုင်ဝင်းမောင်၏ ရိုးသားမှု၊ ကြိုးစားမှု၊ မိဘတို့အခြေအနေကြောင့် မောင်ခိုင်ဝင်း၊ မောင်ခိုင်ဟု အခေါ်အပြောနှင့် ရေးရေးယူယူ ရှိကြသည်။ မကြည်လှိုင်ကလည်း ရင်တလှပ်လှပ်နှင့် နှလုံးသား လှုပ်ခတ်ချင်၍ သွားတန်းညီညီလေးတွေ မပေါ်တပေါ်အပြုံးနှင့် စောင့်စားနေသူ ခိုင်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်ကလည်း ကျောင်းအားရက်များတွင် ညောင်ငုတ်တိုရွာကို ရောက်ရောက်လာသည်။ ဒလနှင့် ညောင်ငုတ်တိုရွာလည်း ဝေးကွာလွန်းသည့် ခရီးမဟုတ်ပါ။ သပြေကုန်းရွာကိုတော့ ကျော်ဖြတ်ရသည်။

သပြေကုန်းရွာသူ သန်းသန်းဌေးကလည်း ရွာလယ်လမ်း၏ မညီညာသည့် မြေအပြင်က ချောပြောင်ချိုင့်ပျောက်အောင် လျှောက်ကြည့်သူများရသည့် အလုပိုင်ရှင်၊ ဆယ်တန်းအောင်ပြီးသော ပညာအရည်အချင်းကြောင့်လည်း ပို၍ စန်းပွင့်သည်။ လှမ်းလင့်လာသူအပေါင်းကို အပြောချိုချို၊ အလိမ္မာဖက်လို့ ငြင်းချက်ထုတ်ရတာ အခါခါ၊ လာပါစေလို့ မျှော်ရသူကတစ်ယောက်၊ ရောက်လာကြသည်က ဖြောက်သောက်ကမောက်ကမတွေ။

"သန်းသန်းဌေး ... ငါ ခိုင်းဝင်းကို မကြည်လှိုင်နဲ့ ရွှေတိဂုံဘုရားမှာ တွေ့လိုက်တယ်ဟ ..."

"ဟင် ... ဟို ... ဒါကဟယ် ကျောင်းနေဘက်တွေပဲဟာ"

ပင့်သက်ကို ပွင့်မထွက်အောင် ထိမ်းပြီးပြန်ပြောလိုက်တဲ့ သန်းသန်းဌေး၏ အမူအယာကို စန်းရွှေမက လေ့လာကြည့်နှင့်ကြည့်ပြီး။

"မကြည်လှိုင် အဖေနဲ့အမေလည်း ပါတယ်ဟ။ ငါ့ကိုပါခေါ်ပြီး ထမင်းကျွေးသေးတယ်။ ငါက ရုံးအဖော်တွေပါလို့ နှုတ်ဆက်ပြီး ထွက်လာတာ။ နင့်ကိုတောင် မကြည်လှိုင်က မေးသေးတယ်"

"အေးပါ ... သူငယ်ချင်းတွေကို"

စန်းရွှေမရဲ့ ရုံးအားရက်တွေ့ဆုံကြပြီး ပြောကြသည့် ဟိုစကား ဒီစကားထဲ သန်းသန်းဌေးအတွက် တွေးစရာ၊ ငေးစရာ ဒီစကားကို ပေးခဲ့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

လယ်ကွင်းထဲ တဲကလေးဘေးမှ မြေဖို့တာလမ်းတလျှောက် ထန်းပင်ကလေးများက အစီအရီ၊ ပင်စည်က လူ့တစ်ရပ်ကျော်၊ ရွက်စုံနှင့်ဆိုပါလျှင်တော့ အပင်ကလေးတွေက မြင့်မြင့်မားမားရှိနေသည်။ ထိုလယ်ကွင်းထဲမှ တဲကလေးက သန်းသန်းဌေးတို့ မိသားစုပိုင်လယ်တဲ။

"ဟော ... မောင်ခိုင်၊ လာကွ ... မင်းကျောင်းက ပြီးပြီလား"

"ဟုတ်ကဲ့ ဦးလေးမိုး၊ တစ်နှစ်ပဲ ကျန်တော့တယ်"

ခိုင်ဝင်းမောင်ကို သန်းသန်းဌေး၏အဖေ ဦးမိုးတင်က လှမ်းခေါ်ရင်း မေးလိုက်သည်။ တဲထဲမှ သန်းသန်းဌေးကထွက်လာပြီ။

"ကိုခိုင် ... ရွာထဲကို ရောက်ခဲ့သေးလား။ အိမ်မှာ အမေပဲရှိတယ်"

"ရောက်ခဲ့တာပေါ့။ ဒေါ်ဒေါ်လေးက ထမင်းဟင်းချက်နေတယ်။ နှုတ်ဆက်ပြီး ဒီကိုလာတာ"



www.burmeseclassic.com

www.burmeseclassic.com



တဲရှေ့ကွပ်ပျစ်တွင် နိုင်ဝင်းမောင်က ဝင်ထိုင်လိုက်သည်။ ဦးမိုးတင်က ခါးမတစ်ချောင်းနှင့် ထမ်းပိုးတစ်ချောင်းကိုယူပြီး ...

"မောင်နိုင် ... မင်းတို့မောင်နှမ နေကြဦးကွယ့်။ ဟိုဘက်ဝါးရုံလေး ရှင်းလိုက်ဦးမယ်"

"ဟုတ်ကဲ့ ... ဦးလေးမိုး၊ ကျွန်တော်ပါ လိုက်မယ်လေ"

"နေစမ်းပါ ... ဒလသားရယ်"

ဦးမိုးတင်က ရီရီမောမောနှင့်ပြောရင်းမှ ထွက်သွားသည်။ သန်းသန်းဌေးက ရေနွေးကြမ်းဇန်းနှင့် ထွက်လာပြီး ...

"ကိုနိုင် ... ရေနွေးသောက်၊ ငါးကြော်လေးတွေပါ စားနော်"

"ဟို ... ဌေးကို ပြောစရာရှိတယ်၊ အဲဒါ ..."

သန်းသန်းဌေးက နိုင်ဝင်းမောင်ရဲ့စကားကြောင့် ခေါင်းလေးငုံ့ပြီး စကားသံတိုးတိုးနှင့်ပင်။

"ကိုနိုင် ... ဘုရားမှာ ကြည်လှိုင်ကို ပြောပြီးပြီမို့လား။ သန်းဌေးကိုပါ ဝေဒနာပေးဦးမလို့လား"

"ဟုတ်တယ် ... အဲ ... မကြည်လှိုင်ကို ဘုရားပေါ်မှာ ပြောလိုက်တာကိုပဲ ဌေးကို ပြောချင်တာပါ"

"ကိုနိုင်ကို သန်းဌေး အထင်ကြီးခဲ့မိပါတယ်။ ကြည်လှိုင်နဲ့ဆိုရင်လည်း သန်းသန်းဌေး ကျေနပ်ပါတယ်"

အသံနှင့်ဟန်က နှလုံးသားကို လိမ်ညာလို့မရပါ။ ပို၍ သက်သေခံနေသည်က မျက်လုံးအိမ်ကြည်ရွှဲရွဲမှာ စွန်းစိုလာတဲ့ မျက်ရည်ဥကလေးများပင်ဖြစ်သည်။ ဒါကိုမြင်ပြီး နိုင်ဝင်းမောင်မှာ။

"ဟာ ... နေ ... နေဦး၊ စကားစရုံပဲ ရှိသေးတယ်။ အဲဒါပဲ ပြောမလို့၊ ကိုနိုင် ဌေးကိုချစ်တာ ဟိုကျောင်းမှာ တွေ့ပြီးကတည်းကပါ။ မကြည်လှိုင်ကို ဖွင့်ပြောပြီး အကူအညီတောင်းမိတာပါ"

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com


ရင်ထဲမှ နှလုံးသား၏ ရိုက်ခတ်မြည်သံက လူတိုင်း၏ နှုတ်ဖျားမှ ထွက်ပေါ်နေကြ၏။ 'ဟင်'ဆိုသည်နှင့် မတူကြောင်းကို ခိုင်ဝင်းမောင်က သိလိုက်သလို သန်းသန်းဌေးကလည်း ကိုယ့်ကိုယ်ကိုယ် သိလိုက်သည်။ မိုးရေပေါက်ကို တမ်းတမိပေမဲ့ မိုးရေစက်က ကိုယ်ပေါ်ကို ကျကျခြင်းတော့ တွန့်ရွံ့သွားတတ်ကြသည်။

"ကိုခိုင့်အချစ်ကိုယုံပါ ... ဌေးရယ်။ ဒီနှစ်ကျောင်းပြီးရင် လူကြီးတွေနဲ့ လာပြောမယ်လေ"

"အို ... ဘယ်သူက ဘာပြောသေးလို့လဲ"

"မျက်လုံးကပြောတဲ့စကားက နှုတ်ဖျားကထွက်လာတဲ့အသံထက် ပိုပြီး ပြည့်စုံပါတယ် ဌေး"

ထိုနေ့၏ အချိန်သည် လောကတစ်ခုလုံး ပို၍လှပနေသည်။ ငယ်စဉ်ကပင် ပျိုးထားသောအချစ်သည် ရင့်သန်ခိုင်မြဲမှုပိုသလို မျှော်လင့်သူ၏ လိုချင်မှုသည်လည်း ပြီးပြည့်စုံသည်ဖြစ်၍ လောကသည်ပင် ပို၍လှပပေးလိုက်ခြင်း ဖြစ်သည်။

"ဟင်း ... ကိုခိုင်က သိပ်ရဲတာပဲ၊ အမေလာတော့မယ်"

"ချစ်ခဲ့ရတာကြာလို့ပါ ... ဌေးရယ် ..."

"ကိုခိုင့်စကားအတိုင်း ကျောင်းပြီးရင်သာ ..."

"ဟာ ... စိတ်ချ ... စိတ်ချ။ အခုလည်း ကျောင်းအားတိုင်း လာပို့မယ်"

"အပြောလားလို့ ... စောင့်မျှော်ရမှာပေါ့"

အချစ်ကို လူတိုင်းသိပေမဲ့ အဓိပ္ပာယ်ပြည့်စုံအောင် မဖော်နိုင်ကြပေ။ ခိုင်ဝင်းမောင်နှင့် သန်းသန်းဌေးတို့ ချစ်သူဘဝကလည်း ချစ်သည့်အကြောင်းများကိုပြောကြပြီး အချစ်ကိုအဓိပ္ပာယ် မဖော်နိုင်ကြသေးပေ။ ခိုင်ဝင်းမောင်၏ရင်ထဲတွင် အပျော်တွေ တပွေ့တပိုက်နှင့် အချိန်ကုန်၍သာ ပြန်လာခဲ့ရသည်။

မကြည်လှိုင်တစ်ယောက် ညောင်ငုတ်တိုရွာမှ သိပ်မဝေးလှသည့် သင်္ချိုင်းကုန်းရှာကို ညနေခင်းကလေးတွင် တစ်ယောက်တည်း ထွက်လာခဲ့သည်။ ချွေးလယ်


www.burmeseclassic.com

www.burmeseclassic.com


ပိုင်းက ခင်မလေးက လိုက်ရန်ပြောထားပြီး သွားခါနီးမှ အမေဖြစ်သူ နေမကောင်းသဖြင့် မလိုက်နိုင်၍ တစ်ယောက်ထဲထွက်လာခြင်းဖြစ်သည်။ ဒါပေမဲ့ မကြည်လှိုင်၏နောက်မှ အရိပ်နှစ်ခုက ပါလာသည်။

သန်းသန်းဌွေးတို့၏ လယ်တဲလေးကိုရောက်ပြီး မကြည်လှိုင်ကို မပြန်နဲ့ဦးဟု သန်းသန်းဌွေး၏ အဖေနှင့်အမေက မှာခဲ့ပြီး ရွာထဲကို ထွက်သွားကြသည်။

"ကြည်လှိုင်ရယ် ‥ နင်က နေနိုင်လိုက်တာဟယ်။ ငါ့ဆီကိုမလာဘူး"

"အမယ် ‥‥ သူကတော့ မလာဘဲနဲ့များ ငါက ညီမတွေအလုပ်နဲ့ အိမ်အလုပ်တွေများလို့ပါ။ နော် ‥‥ နင်က တစ်ယောက်တည်း အလုပ်မရှိဘဲနဲ့များ"

"အခု မပြန်နဲ့တော့ဟာ ငါနဲ့အိပ်နော်"

"ဟယ် ‥‥ သန်းဌွေး မဖြစ်ဖူးဟ။ ငါ ခဏလေးလို့ပြောခဲ့တာ နင့်ကိုပြောစရာရှိလို့လာတာ"

"ဟင် ‥‥ လုပ်ပြီ၊ ပြော ‥‥ ဘာပြောမှာလဲ"

သန်းသန်းဌွေး ရွှင်ရွှင်မြူးမြူးဟန်ကိုကြည့်ပြီး သူပြောသည့်စကားကိုလည်း ရွှင်မြူးစွာဖြင့် လက်ခံလေမလား။ ငြင်းပယ်လေမလားဟု ကြည်လှိုင်ရင်ထဲမှာ အဖြေကို ခွဲခြမ်းစိတ်ဖြာကြည့်မိပေမဲ့ တစ်ခုသောအဖြေကို သူကိုယ်တိုင်နားထောင်နိုင်ပါ့မလားလို့၊ ဒါက မကြည်လှိုင်က သူ့ကိုယ်သူမေးတဲ့ မေးခွန်းမေးခိုင်းသူက ရင်ထဲက တိတ်တခိုးပါ။

"ပြောလေ ‥‥ ကြည်လှိုင်"

"အင်း ‥‥ အင်း ‥‥ ဟိုလေ ‥‥ ဟိုကို ကိုခိုင်က ငါ့ကိုပြောတယ်။ သူတဲ့ သန်းဌွေးကိုချစ်တာ၊ ငယ်ငယ်ထဲကတဲ့ အဲဒါကို ဖွင့်ပြောရင် လက်မခံမှာစိတ်ဆိုးမှာစိုးလို့ ငါက ပြောပေးပါတဲ့ အဲဒါ"

"ဟင်း ‥‥ အောင်သွယ်မ၊ ငါနဲ့ကိုခိုင်က သိလား"

မကြည်လှိုင်၏ နားလေးတစ်ဖက်ကို ကပ်ပြီး တိုးတိုးလေးပြောလိုက်တဲ့ သန်းသန်းဌွေး၏ စကားလုံးက အသည်းနှလုံးကို တုန်ခါသွားအောင် ကျယ်လောင်ပြင်းပျသည်ဟု ခံစားလိုက်ရသည်။ ခဏငြိမ်သွားသည့် မကြည်လှိုင်ကို သန်းသန်းဌွေးက ‥‥

"ဟဲ့ ‥‥ ကြည်လှိုင်"


www.burmeseclassic.com

www.burmeseclassic.com


"ငါ ဝမ်းသာလို့ပါ၊ ကဲ ... ငါပြန်မယ်၊ မောင်တော့မယ်နော်"

"နင်ကလဲဟာ ညအိပ်ပါဆိုတာ"

"မဖြစ်လို့ပါ .. ငါတစ်ရက် သပ်သပ်လာအိပ်ပါ့မယ်၊ ငါ .. သွားမယ်"

"နေဦး ... ငါလိုက်ခဲ့မယ်ဟာ။ ရွာထိပ်ထိ ..."

သန်းသန်းဌေးနှင့် မကြည်လှိုင်တို့နှစ်ယောက် လယ်တဲကလေးမှ ထွက်လာကြသည်ကို မျက်လုံးနှစ်စုံလေးလုံးက ကြည့်နေကြသည်။ ပခုံးဖက်ခါးဖက်၍ သူငယ်ချင်းနှစ်ယောက် ရွာထဲမှဖြတ်၍ ညောင်ငုတ်တိုရွာကို သွားလမ်းအထိ လျှောက်လာကြသည်။

"ကဲ ... သန်းဌေး ပြန်တော့၊ တဲမှာ ဘယ်သူမှမရှိဘူး"

"ကြည်လှိုင် ... ငါမျှော်နေမယ်နော်၊ ကိုခိုင်လည်း စာမေးပွဲပြီးမှ လာမယ်တဲ့ ..."

"ကိုခိုင်ကိုလည်း မျှော်ပေါ့ဟာ၊ သွားပြီနော် ..."

"အေး ... အေး ..."

မကြည်လှိုင်က ညောင်ငုတ်တိုရွာကို သွားသည့်တာလမ်းအတိုင်း လျှောက်သွားသည်။ လမ်း၏တစ်ဖက်တစ်ချက်တွင် ဆူးချုံများက ရှိနေသည်။ သန်းသန်းဌေးက လှည့်မပြန်သေးဘဲ မကြည်လှိုင်ကို ရပ်ကြည့်နေမိသည်။ လမ်းဘေးချုံထဲမှ ထွက်လာသူနှစ်ယောက် မကြည်လှိုင်၏ နောက်ကပ်ပြီး လှုပ်ရှားမှုပြုလိုက်သည်။ ဒါကို မြင်လိုက်သော သန်းသန်းဌေးပြေး၍ ...

"ဟေ့ ... ဟေ့ ... ဘာလုပ်တာလဲ ... ဟင်"

"ဟာကွာ ... ရှုပ်လိုက်တာ"

"အား ..."

"ဟင် ... နင်"

"ဟာ ..."

"ပြေး ... ဟေ့ကောင် ... ပြေး"

အားဟု အသံထွက်ပြီး လဲသွားသော သန်းသန်းဌေး။ မကြည်လှိုင်က ဒူးထောက်ထိုင်ပြီး ပွေ့ယူလိုက်ရင်း အသံကုန်အော်ဟစ်လိုက်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

"ဟ . . . ဟ . . . ဘာလဲ"

နောက်ကို လှည့်ကြည့်ပြီး ပြောသာပြောလိုက်ရသည်။ နောက်တွင် ဘာမှရှိမနေ၍ . . .

"ဟာ . . . ငါ့ . . . ငါ့ကို . . . သ . . . သ . . ."

ဆုံးအောင်ပင် အသံမထွက်နိုင်၊ ထန်းပင်ရိပ်ကလေးများအောက်မှ ပြေးထွက်သွားသည်။ ဒီလိုအဖြစ်က ဒလနှင့် သပြေကုန်းရွာအကြား လမ်း၏ ဟိုဘက်ဒီဘက်တွင် မြင့်မြင့်မားမားနှင့် ရှိနေသော ထန်းပင်တန်းကလေးမှ ဖြတ်သွားဖြတ်လာသူတို့ ကြုံနေကြရခြင်းဖြစ်သည်။

"အေးကွာ . . . ဒီထန်းပင်တန်းက ဖြတ်ဖြတ်သွားတိုင်း ဒီလိုကြီးပဲဖြစ်ဖြစ်နေတယ်"

"ဟ . . . တစ်နေ့က ဦးမှုံကြီး နွားတွေမောင်းပြီးအပြန်၊ ထန်းပင်ရိပ်လဲကျရော နွားတွေက နှာမှုတ်ပြီး ရှေ့မတိုးတော့။ ဘာလဲလို့ ရှေ့ကိုကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com


တော့ ...လား ...လား ...ကောင်မလေးတစ်ယောက်တဲ့ ထန်းပင်ကိုမှီပြီး ရပ်နေတာကိုတွေ့လို့ ဦးမှုံကြီးကွာ နွားတွေကို အတင်းရိုက်သုတ်လာခဲ့ရတယ်လို့ ပြောတယ်"

"အေး ...ဟိုတစ်နေ့က အာဘောင်ကြမ်းတဲ့ မိအေး၊ မော်ကြီးကွာ ထဘီမနိုင် တောင်းမနိုင်နဲ့ ပြေးခဲ့ရတယ်တဲ့ကွ"

"ဟာ ...ဟုတ်လား၊ ပြော ...ပြောစမ်းပါဦး"

"မိအေး ...မော်ကြီးက ဒလမှာ ဈေးသွားရောင်းပြီး ပြန်လာတာ နည်းနည်းလေး မှောင်ရီသန်းမှ ထန်းပင်အုပ်ကိုရောက်တာ။ အဲဒီမှာ ကောင်မလေး တစ်ယောက်တဲ့ကွာ။ ထန်းပင်ကို မှီပြီးရပ်နေတာကိုတွေ့ပြီး သူက ကြက်သီးတွေ ထသွားတယ်တဲ့။ သိတယ်မို့လား အာဘောင်ကျယ်လေကွာ။ ဘာကောင်မလဲ၊ မိန်းမကောင်းလား၊ ဘာလားပေါ့ကွာ။ အဲဒီမှာ ထန်းပင်မှာ မှီနေတဲ့ ကောင်မလေး က ပျောက်သွားပြီး သူ့ရှေ့က ထန်းပင်မှာ မှီရက်ရောက်နေတယ်တဲ့။ အဲဒီတော့မှ ဘာလဲဆိုတာတွေးမိပြီး တစ်ချိုးထဲ ရွာထဲကို ပြေးလိုက်တာ၊ ထဘီကိုးရိုးကားရား နဲ့ဖြစ်ရောတဲ့"

ထိုအဖြစ်များဖြစ်နေရင်းမှ ဒလနှင့်သပြေကုန်းရွာကိုသွားသော မြေဖို့ တာလမ်းက ကတ္တရာလမ်းဖြစ်သွားပြီး ထန်းပင်တန်းနှင့် မနီးမဝေးတွင် လယ်ကွင်း တချို့ကို သုသာန်အဖြစ်ပြုလုပ်လိုက်သည်။ ရွာကို အစွဲပြုပြီး သပြေကုန်းသုသာန် (သပြေကုန်းသင်္ချိုင်း)ဟု ဒလနှင့် ရပ်ကွက်ပေါင်းစုံ၏ အသုဘသင်္ချိုင်းရာ ဖြစ်လာခဲ့ သည်။ သပြေကုန်းရွာနှင့် ဒလကလည်း ကားလမ်းပေါက်သွားသည်။

ဒါပေမဲ့ ထန်းပင်တန်းကလေးမှ အဖြစ်အပျက်များက ရပ်ဆိုင်းမသွား ဘဲ ဖြစ်နေသည်။ တစ်နေ့ ဒလမြို့ထဲမှ အသုဘတစ်လောင်းကို သပြေကုန်းသုသာန် ကိုပို့သော အသုဘပို့ကားပေါ်တွင် ပါလာသော ဌာနတစ်ခုမှ အငြိမ်းစားအရာရှိတစ်ဦး နှင့် အသိမိတ်ဆွေများ စကားပြောရင်းမှ ပါလာသော ထန်းပင်တန်းအကြောင်း က ...

သပြေကုန်းရွာသူ သန်းသန်းဌေးနှင့် ဒလသားခိုင်ဝင်းမောင်တို့က ကျောင်း နေစဉ်က သံယောဇဉ်နှင့် အရွယ်ရောက်ကြပြီး ချစ်သူများဖြစ်ခဲ့သည်။ ခိုင်ဝင်း မောင်က သန်းသန်းဌေးကို ဖွင့်မပြောခင် ညောင်ငုတ်တို ရွာသူ မကြည်လှိုင်ကို


www.burmeseclassic.com

www.burmeseclassic.com


အကူအညီတောင်းသည်။ မကြည်လှိုင်က သန်းသန်းဌေး မပြောရသေးမီမှာပင် ခိုင်ဝင်းမောင်က သန်းသန်းဌေးကို ဖွင့်ပြောပြီးဖြစ်သည်။ နောက်ဆုံးနှစ် တက္ကသိုလ်စာမေးပွဲဖြေပြီးလျှင် လူကြီးစုံရာနှင့်ပြော၍ တောင်းယူမည်ဟုပြောသည်တွင် သန်းသန်းဌေးက စောင့်မျှော်နေမည်ဟု ပြန်ပြောလိုက်သည်။

နောက်ရက်အတော်ကြာပြီး ညောင်ငုတ်တိုရွာမှ မကြည်လှိုင်က သန်းသန်းဌေးကို ခိုင်ဝင်းမောင်ပြောခိုင်းသည့်စကားကို လာပြောရာ မကြည်လှိုင်ကို တစ်ဖက်သတ်ကြိုက်နေသော တစ်ရွာထဲသား ကျောင်းနေဘက်အေးကျော်နှင့် လှမင်းတို့က လိုက်လာပြီး မကြည်လှိုင်အပြန်တွင် လမ်းမှစောင့်ပြီး ဆွဲလားလွဲလားလုပ်ကြရာ အပြန်ကိုရွာထိပ်အထိ လိုက်ပို့သောသန်းသန်းဌေးက အော်ဟစ်ပြေးလွှားတားမြစ်သည်ကို အေးကျော်က ရှပ်လိုက်တာဟုပြောပြီး ကိုင်လာသည့်ဓားရှည်နှင့် လက်ပြန်တွက်လိုက်ရာ သန်းသန်းဌေး၏ဗိုက်ကို ဖြတ်ခုတ်မိ၍ အူပါထွက်ပြီး ထိုနေရာမှာပင် သေဆုံးသွားသည်။

ထွက်ပြေးသွားသော အေးကျော်နှင့်လှမင်းကို တစ်လကျော်ကျော်အကြာတွင် ဖမ်းဆီးမိခဲ့သည်။ သန်းသန်းဌေးက ချစ်သူခိုင်ဝင်းမောင်ကို စောင့်မျှော်နေမည်ဟု ပြောလိုက်သောအစွဲကြောင့် ချစ်သူကိုစောင့်မျှော်၍ နေဆဲဖြစ်သည်ဟု ပြောပြသော လူကြီးကပင်ဆက်၍ ...

"ကျွန်တော်က ခိုင်ဝင်းမောင်နဲ့ရော သန်းသန်းဌေးနဲ့ပါ ငယ်ပေါင်း ကျောင်းနေဖက် မြင့်သော်ပါ မကြည်လှိုင်ကိုလည်း သိသလို အေးကျော်နဲ့လှမင်းကိုလည်း သိတယ်။ ကျွန်တော်နေတဲ့ သပြေကုန်းရွာက ညောင်ငုတ်တိုရွာနဲ့ နီးနီးလေး ကျွန်တော်က အခုမန္တလေးမှာပါ။ ဌာနက အငြိမ်းစားယူပြီး သားသမီးတွေ မြေးတွေနဲ့ နေတယ်။ ကျွန်တော် ဇနီးက ခင်မလေးပါ။ ဪ ... ကျွန်တော် မန္တလေး ပြန်ရောက်ရင် ခိုင်ဝင်းမောင်နဲ့ မကြည်လှိုင်တို့ကို ပြောလိုက်ပါ့မယ်။ သန်းသန်းဌေးက ထန်းပင်တန်း၊ ထန်းညိုရိပ်က မင်းကို စောင့်မျှော်နေတုန်းပဲ။ အဲဒါလေးကို အလှူဒါနလုပ်ပြီး အမျှဝေလိုက်ပါလို့ ပြောလိုက်ပါ့မယ်"

စိုးယဉ်ထွန်း

www.burmeseclassic.com